
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိထယ်

## ကိုကိုနားလည်ပေးပါ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၂၆၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၆၉၀၆၀၉

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၃)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာOFFSET
အမှတ်(၅၃)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ရှင်မိထယ်
ကိုကိုနားလည်ပေးပါ/ရှင်မိထယ်၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) ကိုကိုနားလည်ပေးပါ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- [illegible]

www.burmeseclassic.com

www.burmeseclassic.com







"ဒီမှာ … ဦးနေစွမ်းတည်သာ၊ ရှင် ကျွန်မကို လက်ထပ်ရဖို့ နောင်ဆယ်သက် ကူးသွားတောင် လုံးဝစိတ်ကူးမယဉ်တော့နဲ့၊ သာမန် ရိုးရိုးသားသား ကျွန်မရဲ့အချစ်ကို တောင်းမယ်ဆိုရင်တောင် ကျွန်မရဲ့နှလုံးသားလေးက နူးနူးညံ့ညံ့ကလေးပါ။ ရှင့်ကို ပြန်ပြီးသနားရင် သနားဦးမယ်။ အခုလို အမိန့်နဲ့ လက်ထပ်ဖို့စကားကတော့ ရှင် ခေါင်းဖြူစွယ်ကျိုးသာ ဖြစ်ချင်ဖြစ်သွားမယ်၊ ကျွန်မကို လက်ထပ်ရဖို့ကတော့ ဆောရီးပါပဲရှင်"

**ပန်းစတောလင်း**

**တောလေး**

❤ ✣ ❤

www.burmeseclassic.com

www.burmeseclassic.com







“စတာလေး _ မင်း _ မင်း _ ငါ့စေတနာ ငါ့မေတ္တာတွေကို မစော်ကားနဲ့၊ ငါ မင်းကို ငယ်ငယ်ကတည်းက. ဘယ်လောက် အလိုလိုက်ပြီး ချစ်ခဲ့ရတာ မင်း အသိဆုံး _

တစ်သက်လုံး ငါပွေ့ချီပြီး ကုပ်ပေါ်တင်ခဲ့ရတဲ့ မိန်းကလေးက အခုတော့ ဒီစကားတွေ ပြောထွက်ရက်တာ ငါ ရင်နာတယ် _

ရင်နာတယ်ကွ _ သိလား”

နေခွမ်းတည်ဂ

❤ ✣ ❤

www.burmeseclassic.com

www.burmeseclassic.com







မိန်းမက မဟုတ်မဟုတ်တွေ စွပ်စွဲပြောဆိုရန်လုပ်ပြီးတော့ အသက်ကွာတာကြီးကို ထောက်ပြကွာရှင်းခွင့်တောင်း။ ဟား _ ဒီဒုက္ခတွေက ပူလောင်ပါကယ်၊ အားလုံး အပူမီးတွေကြီးပဲ _

ငါ မခံစားနိုင်တော့ဘူးကွာ _

မခံစားချင်တော့ဘူး _

တကယ်ပါဗျာ၊ လောကကြီးမှာ ပိုက်ဆံ မိုးပျံအောင် ဘယ်လောက်ချမ်းသာ ချမ်းသာ _

လူတိုင်း လူတိုင်းဟာ ကိုယ့်အပူနဲ့ ကိုယ်ကြီးပါပဲ။

❤ ✢ ❤

www.burmeseclassic.com

www.burmeseclassic.com





## ၁

"ချောက်"

ဟား … ဒီခြေထောက်ကလည်း ခိုးဖြိုး ခပ်ဖော့ဖော့ကလေး နင်းပါတယ်ဆိုခါမှ ချောက်ခနဲ မြည်ရသေးသည်။

"အဟင်း … ဟင်း"

သူမ တစ်ယောက်တည်း ပခုံးကလေးနှစ်ဖက် ကျုံ့ပြီး ကျိတ်ရယ်လိုက်မိသည်။ ပါးစပ်ကလေးကိုလည်း ရှုံ့ရှုံ့မဲ့မဲ့လေးလုပ်ရင်း လျှာကလေးထုတ်ကာ လည်ပင်းကလေးရှည်ပြီး ခြေဖျားကလေးထောက်လျက် မီးရောင်ထိန်ထိန်လင်းနေသည့် ဦးတည် အခန်းကို လျှောက်လာခဲ့မိသည်။

အဟင်း …

သူ့ကိုယ်သူ ကုမ္ပဏီကြီးတွေကို ဦးဆောင်လုပ်ရတယ်ဆိုပြီး အထည်ကြီးကြီးနဲ့နေတာ သူမ တကယ်အမြင်ကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲကလည်း မနှစ်မြို့ချင်။

သူကတော့ ကုမ္ပဏီကြီးတွေကို ဦးဆောင်နေရတဲ့ လုပ်ငန်းရှင်ကြီးဆိုပြီး သူမကို အမိန့်ပေး ဆရာလုပ်လိုက်တာက လည်း နှစ်ယောက်မရှိ။

အဲဒီလို အမိန့်ပေး ဆရာလုပ်လို့ သူ့ကို သူမက ကြည့်မရခဲ့တာ။ သူမထက် အသက်ဆယ့်လေးနှစ် ကြီးတယ်ဆိုပြီး ဆရာကြီးအိုက်တင်ဖမ်းတာ သူမ ကြည့်မရ။

သူမက ဦးတည်ကို ကြည့်မရခဲ့ပေမဲ့ အန်တီကြီးက တော့ ဦးတည် မရှိရင် ထမင်းငတ်ပြီး သေမဲ့သူ တစ်ယောက်လို ကူရာကယ်ရာမဲ့ ဖြစ်နေလေသည်။

ဒီအိမ်ကြီးရဲ့ အကြီးဆုံး၊ အလေးစားရဆုံး အန်တီကြီးကတောင် ဦးတည်ကို အသည်းအသန် အထင်ကြီးနေတော့ ဦးတည် ဘဝင်မြင့်တာ အဆန်းတကြယ် မဟုတ်တော့။

တစ်သက်လုံး ဒက်ဒီ့လက်အောက်ခံ ရှယ်ယာဝင် တစ်ယောက် လုပ်လာခဲ့တဲ့ ဒက်ဒီ့လူယုံတပည့်ဟာ အခုချိန်မှာ ဒက်ဒီ လူ့လောကကို ကျောခိုင်းထွက်သွားတဲ့အချိန်မှာ ဒက်ဒီ့ နေရာကို နေရာရလာခဲ့ပြီးမှ ဆရာကြီးအိုက်တင် ဖြစ်လာတာကြီးကို သူမ ကြည့်မရခဲ့တာ လေးနှစ်တာကာလကို ရောက်ရှိခဲ့ပြီ ဖြစ်သည်။

သူမ ဆယ်တန်း စတက်တဲ့နှစ်မှာ ဒက်ဒီ ဆုံးသွား ခဲ့တာ၊ အခုဆိုရင် ဒက်ဒီဆုံးတာ လေးနှစ်ထဲသို့ ရောက်ခဲ့ပြီဖြစ်





ခဲ့ပေမဲ့ သူမကတော့ ဆယ်တန်းဆိုတဲ့ ကာလကို ကျော်ဖြတ်လို့ မရခဲ့သေးဘဲ အိမ်သားများဖြစ်တဲ့ အန်တီကြီးနဲ့ ဟိုလူကြီးတို့ရဲ့ အငြိုအငြင် ဆူပူကြိမ်းမောင်းမှုကို နားနဲ့မချိမဆန့် ကြားခဲ့ရပြီး စိတ်အညစ်ကြီး ညစ်ခဲ့ရသည်။

အန်တီကြီးကလည်း ဆရာကြီးပဲ။ ဦးတည် နည်းတူ သူမကို ဆရာလုပ်တဲ့နေရာမှာ သိပ်ပြောင်မြောက်သည်။

ဒီအိမ်ကြီးထဲမှာ သူမကတော့ မျက်နှာအငယ်ရဆုံး ပေါ့။ ဟင်း ... လူတွင်ကျယ်လုပ်ပြီး သူများအိမ်လည်း ရောက် လာသေးတယ်။ သူမကို ဘာမှမဆိုင်ဘဲနဲ့ ကြီးကြပ်အုပ်ချုပ်နေ တာ သူမ လုံးဝမခံချင်။

ဒါပေမဲ့ သူမသည် စိတ်ထဲကပဲ ဦးတည်ကို ခံပြော ပိုင်ခွင့်ရှိပြီး အပြင်မှာတော့ ကြောက်ချစ်ရိုသေခဲ့ရသည်။

အောင်မယ် ...

လူကြီးက အသည်းအသန် အလုပ်လုပ်နေတယ်ပေါ့။

ထိန်ထိန်လင်းနေတဲ့ မီးရောင်အောက်က မှန်စားပွဲ ရှည်ကြီးမှာ ဆုံလည်ဆိုဖာတစ်လုံးနှင့် ခပ်ငြိမ်ငြိမ်ထိုင်ပြီး ဘာတွေ ရေးချွတ်နေတယ်မသိ။

ညဆယ့်နှစ်နာရီထိုးနေပြီ။ သူ အလုပ်မပြီးမချင်း သူမကပဲ စာကျက်နေရဦးမယ်။ သူ့ဘာသာ မအိပ်ဘဲ အလုပ်လုပ် နေတာနဲ့ပဲ သူမက မအိပ်ဘဲ စာကျက်နေရဦးမှာလား။



www.burmeseclassic.com

www.burmeseclassic.com



မကျက်နိုင်ဘူး၊ လုံးဝမကျက်နိုင်ဘူး။ ဟင်း ... အဲဒီလို ဆရာကြီးလုပ်လို့ သိပ်မုန်းတာ။

စတာလေး တစ်ယောက် ဦးတည် မနားမနေ အလုပ်လုပ်နေတာကိုကြည့်ပြီး ဒေါသလေးဖြစ်ကာ ချာခနဲ လှည့်အထွက် နံရံမှာထောင်ထားတဲ့ ဖယောင်းပုဆိုးလိပ်ကြီးကို အရှိန်နဲ့ဝင်တိုက်လိုက်မိသွားပါသည်။

"ဘုတ်"

"အမေ့"

"ဟင်"

ကုမ္ပဏီစာရင်းတွေကို တကုပ်ကုပ် ရေးချွတ်စစ်ဆေးနေရာမှ အခန်းဝက "ဘုတ်"ခနဲ ပစ္စည်းပြိုလဲသံနှင့် "အမေ့"ဆိုတဲ့ စတာလေး အသံလေးကို ကြားလိုက်ရသောကြောင့် သူ မော့ကြည့်လိုက်မိသည်။

အဲဒီအချိန်မှာ အပြင်ကနေ ကုန်းကုန်းကွကွလေးနဲ့ သူ့အခန်းဆီသို့ အလန့်တကြား လှည့်ကြည့်လာတဲ့ စတာလေးကို တွေ့လိုက်ရသဖြင့် သူ စာရင်းတွေ ရေးချွတ်နေရာမှ ဆတ်ခနဲ ထရပ်ပြီး စတာလေးဆီ လျှောက်လာရင်းက မျက်မှောင်ကြီးကြုတ်လိုက်မိသည်။

"အခန်းဝမှာ ဘာလုပ်နေတာလဲကွ"

"အင် ... ဘာမှမလုပ်ပါဘူး"





"ဘာမှ မလုပ်ဘဲ မင်းက ငါ့အလုပ်ခန်းရှေ့ ဘာလို့ရောက်လာတာလဲ၊ ဒါ ငါ့ကို လာချောင်းတာပေါ့ ဟုတ်လား၊ မင်း စာကျက်ဖို့ မစဉ်းစားတော့ဘူးပေါ့၊ ဒါ ငါ့ကို လာချောင်းရင်းနဲ့ ထောင်ထားတဲ့ ဖယောင်းပုဆိုးလိပ်ကို မမြင်ဘဲ ဝင်တိုက်မိတာ မဟုတ်လား"

"ဟုတ် ... အို ... မဟုတ်ပါဘူး"

"ကျွတ် ... မင်း ... ငါ့ကို အူကြောင်ကြောင် လာမလုပ်နဲ့နော်၊ ငါ သိပ်စိတ်ရှည်နေတာ မဟုတ်ဘူး"

တည်သာ စိတ်မရှည်နိုင်တော့ဘဲ ခပ်တည်တည်ကြီး သူမကို ပိတ်ဟောက်ပစ်လိုက်သည်။

မဟောက်လို့လည်းမဖြစ်။ ဒီကောင်မလေးကို ဒီထက်အလိုလိုက်ထားလို့ မဖြစ်တော့။ ဒီနှစ် ဆယ်တန်းသာမအောင်ခဲ့ရင် လေးနှစ်မြောက်ပြီ။

သူမ စိတ်ထင်တိုင်း ကဲနေတာကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့။

သူမက ဒီလောက်အထိ သူ အမိန့်ပေး ချုပ်ကိုင်ထားတာတောင် တန်ရုံမကျ၊ လူလည်ကျချင်သည်။

အခုလည်းကြည့် ...

ဒါ ... သူ့ကို အိပ်မှာအိပ် လာချောင်းကြည့်ပြီး သူ သွားသစ်ရင် သူမက ဝင်အိပ်ဖို့ စိတ်ကူးတာ သူ မသိဘဲ နေမလား။



www.burmeseclassic.com

www.burmeseclassic.com



သူမ လည်တာလောက်ကတော့ သူက ပျင်းတောင် ပျင်းသေးသည်။

သူ အခုလို ခပ်တည်တည်ကြီး ပိတ်ဟောက်လိုက်တော့မှ သူမမျက်နှာကလေး မှင်သေသွားပြီး သူ့ကို မျက်လုံးဝိုင်းဝိုင်းကလေးတွေနဲ့ မဝံ့မရဲကလေး မော့ကြည့်လာလေသည်။ အတန်ကြာကြည့်နေပြီးမှ ခေါင်းကလေး ပြန်ငုံ့သွားတဲ့ စတာလေး မျက်နှာနုနုချောချောလေးကို သူ ရင်ခုန်စွာ ခပ်ငေးငေးကြီးစိုက်ကြည့်မိရင်းက သက်ပြင်းမောကြီး ချလိုက်မိသည်။

"ဦးတည်က စတာလေးကို အမြဲတမ်း အပြစ်မြင်ဖို့ပဲ ကြည့်နေတာ"

"ဟ … မင်းကရော၊ အပြစ်မလုပ်လို့လားကွ"

သူ ဆူပူကြိမ်းမောင်းလိုက်တော့ စတာလေးက ခြေလေးဆောင့်ပြီး မျက်ရည်လေးစမ်းစမ်း စမ်းစမ်းနဲ့ ဆောင့်ကြီးအောင့်ကြီး ပြောလာတော့သည်။

"ဒီမှာ သချ်ာမတွက်တတ်လို့ ဦးတည်ဆီ လာမေးတာ၊ ဦးတည် အလုပ်လုပ်နေတာတွေ့လို့ ပြန်လှည့်တာ၊ ဒီက ဖယောင်းပုဆိုးကြီးကလည်း သူများနဲ့ တိုက်မိပြန်ပြီ"

"ဩော် … ဖယောင်းပုဆိုးကပဲ မင်းကို ဝင်တိုက်မလား၊ စတာလေးကွာ၊ ကဲ … ဘာမှ ဆင်ခြေပေးမနေနဲ့၊ မင်း မတွက်တတ်တဲ့သချ်ာ ငါ့ကိုပြ၊ ဟုတ်ပြီလား"





"ပြလည်း မပြဘူး၊ တွက်လည်း မတွက်တော့ဘူး၊ အိပ်တော့မယ်"

"ဟ … အိပ်လို့ဖြစ်ဦးမလား၊ ဒီအချိန်က လူအိပ်တဲ့အချိန်မှ မဟုတ်တာ"

"ဟုတ်တယ်၊ လူအိပ်တဲ့ အချိန်မဟုတ်ရအောင် ဆယ့်နှစ်နာရီထိုးနေပြီ၊ အိပ်မှာပဲ"

"မအိပ်ရဘူးဆိုရင်၊ ကဲ … လာ၊ မင်း မတွက်တတ်တဲ့ သချ်ာ ငါ့ကိုပြ"

တည်သာ တော်တော်စိတ်ရှုပ်သွားခဲ့ရပါပြီ၊ စာကို ဟုတ်တိပတ်တိ မကျက်ချင်တဲ့ စတာလေးကို ဆယ်တန်းအောင်သွားဖို့ ဖိနှိပ်ချုပ်ကိုင်ရတာ သိပ်မလွယ်ကူလှ။ စိတ်လည်းညစ်ရသည်။ သူ့စကားလည်း နားထောင်ချင်စိတ်မရှိသည့် မိန်းကလေးမို့လို့ တည်သာ တကယ်စိတ်ပျက်မိသည်။

အခုလည်းကြည့် …

စာကျက်ရမှာစိုးပြီး ပေကပ်ရပ်နေတဲ့ စတာလေးကိုကြည့်ပြီး သူ စိတ်မရှည်နိုင်တော့ဘဲ စတာလေး လက်မောင်းသားလေးကို ဆတ်ခနဲဆွဲကိုင်ပြီး စတာလေး အခန်းဆီသို့ လျှောက်လာခဲ့မိတော့သည်။

စတာလေးက သူ ဆွဲကိုင်လာသည့် လက်ကလေးကို အတင်းရုန်းယူရင်း မကျေမနပ်ဖြင့် သူ ဆွဲခေါ်ရာနောက်သို့ ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက စတာလေး ကျေနပ်တာ မကျေနပ်တာကို ဘာမှဂရုမစိုက်တော့ဘဲ အခန်းတံခါးဆွဲဖွင့်ကာ စာကြည့်စားပွဲဆီ လျှောက်သွားလိုက်သည်။

ကြည့်စမ်း ... စတာလေးရဲ့ စာကြည့်စားပွဲပေါ်မှာ ဘာစာအုပ်မှမရှိ။

"ဟင် ... ဘယ်မှာလဲ စာအုပ်တွေ၊ မင်း စာကျက်နေတာ မဟုတ်ဘူးလား စတာလေး"

စတာလေး လုပ်ရပ်ကြီးကို သူ မကျေမချမ်း ဖြစ်သွားကာ စတာလေးကို ခပ်တည့်တည့်ကြီး စိုက်ကြည့်ပြီး အော်ဟစ်မေးပစ်လိုက်သည်။

ဖြစ်နိုင်ရင် စတာလေး ကုပ်ပိုးကလေးကို ဆွဲနှိမ်ပြီး ဆွဲလှဲပြီး ရိုက်ပစ်လိုက်ချင်တာ။

ရိုက်ပစ်လိုက်ရင်လည်း သူ့အပြစ် ဖြစ်လာဦးမှာမို့ ဒေါသကို ကျိတ်မှိုချလိုက်ရသည်။

"ကျက်နေတာပဲ၊ အိပ်တော့မလို့ သိမ်းလိုက်ပြီ"

စတာလေးက မကျေနပ်သံကလေးနှင့် ပြန်အော်လိုက်တာမို့ သူ ပိုပြီး ဒေါသထွက်သွားရသည်။

"မအိပ်ရဘူး၊ မင်း ဒီည လုံးဝကိုမအိပ်ရဘူး၊ လေးနာရီ ထိုးတဲ့အထိ စာကျက်ရမယ်၊ စာကျက်ချိန်မှ မရှိတာ၊ အခွေကို ကိုးနာရီအထိ ကြည့်တာ၊ သာမန်ကာလျှံကာ





စာအုပ်ကို ဟိုလှန် ဒီလှန် ဆွဲဖွင့်ပြီး အိပ်ဖို့ ငပျင်းကျဖို့ စိတ်ကူးလို့ မင်း သုံးနှစ်ကျတာ၊ ဒီနှစ် ထပ်ကျလိုကတော့ ကွာ၊ ဟား ... အရှက်ကွဲ"

"ကျတာ ဘာဖြစ်လဲ၊ ကျပစေ၊ ကျကျ၊ ဆယ်တန်းမအောင်လည်း စတားလေးက ဒူးနဲ့ပြီး ထမင်းစားလို့ရတယ်၊ ဒီ ဆယ်တန်းကျတာကြီးကိုပဲ ဖိပြီး ဦးတည်တို့ နှိမ်နေတာ မဟုတ်လား၊ ဒီနှစ် စာမေးပွဲကို ဝင်မဖြေဘူး၊ ကြည့်နေ"

"ဟာ ... စတာလေးနော် ... နင်"

တည်သာ စတာလေးရဲ့ ပေတိပေကပ် စတိုင်လေး ည့်ပြီး ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ ဒေါသတွေလွှတ် သွားရလေပြီ။

စတာလေး ပခုံးလေးကို ခပ်ကြမ်းကြမ်းကြီး ဆုပ် ယမ်းပစ်လိုက်ပြီး စာကြည့်စားပွဲက ဆိုဖာရှည်ကြီးမှာ ဝင် လိုက်ကာ သူပါ စတာလေးနဲ့အတူ ယှဉ်ထိုင်လိုက်ပါသည်။

အဲဒီလို သူမလေးနှင့် တူယှဉ်တွဲပြီး ထိုင်လိုက်တာကြီး မလေးက မနစ်သက်သလို မျက်နှာထားတင်းတင်းလေးဖြင့် ...

"ဦးတည်နော် ... စတာလေးကို အဲဒီလို အတင်းအကျပ် မခိုင်းနဲ့"

ကျုံးအော်ရင်း မျက်ရည်လည်ရွဲဖြင့် သူ တင်းကျပ် ဆိုင်းဖက်ထားတဲ့ လက်တွေကို အတင်းဖြေထုတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း လုံးဝအလျှော့မပေးဘဲ သူမ ကိုယ်

ကလေးကို တင်းကျပ်နေအောင် သိုင်းဖက်ထားလိုက်သည်။

"မင်းကို ငါ မေတ္တာထားပြီး ပြောနေတာနော် စတာ

မင်း အေးအေးဆေးဆေးနေ၊ ငါ့ကို ခံအော်စရာအကြော

လုံးဝမရှိဘူး"

"ဦးတည် လုပ်တာကရော ပုံစံကျလို့လား"

စတာလေးက ပြောလည်းပြော၊ စားပွဲပေါ်မျက်

အပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

ရင်ထဲမှာ မခံစားနိုင်တော့။

ကြည့်ပါလား၊ ထစ်ခနဲရှိ ဆရာကြီးလုပ်ပြီး သူ

နီမ့်ကွက်ကိုထောက်ပြီး နှိမ်ပြီ။

"တိတ်စမ်း စတာလေး၊ မင်း အချိန်မရှိကြီး အော်ကြီး

ကျယ် ငိုနေတာ၊ ကျက်သရေ မရှိဘူး၊ မင်းကို ငါ

လုပ်မိလို့လဲ၊ ကဲ ... ပြော"

"အဟင့် ... ဟင့် ... ဟီး ... ဒက်ဒီရေ၊ စတာလေ

ဘာလွတ်လပ်ပိုင်ခွင့်မှ မရှိအောင် စတာလေးကို ချုပ်

နေကြတယ်၊ စတာလေးကို လာကြည့်စမ်းပါဦး"

"ဟာကွာ ... အော်ကြီးဟစ်ကျယ်နဲ့ အန်တီကြီး နိုးသ

ဦးမယ်၊ စတာလေး ... မင်း တိတ်ဆိုရင်ကွာ၊ မင်းပါး

ပြကြီးနဲ့ လျှောက်အော်မနေနဲ့၊ အန်တီကြီး နိုးသွားမယ်





"နိုး ... နိုး ... အဲဒီအန်တီကြီးကိုလည်း မုန်းတာပဲ"

"စတာလေး ... မင်း ပါးစပ် ပိတ်ထားဆိုရင်နော်"

တည်သာ ဘယ်လိုမှ သည်းခံလို့မရအောင် စိတ်ပျက်

ကာ အော်ဟစ်ငိုရှိုက်နေတဲ့ စတာလေးရဲ့ပါးစပ်ကလေးကို

နှစ်ဖက်ဖြင့် အတင်းဖိချုပ်ထားလိုက်သည်။

စတာလေးက သူ ချုပ်ထားတဲ့ လက်တွေကို ဆွဲ

လို့မရလို့ စားပွဲကို ဒေါသတကြီး လက်သီးကျေးနဲ့ အဆက်

တ် ထုလိုက် ရိုက်လိုက် လုပ်လိုက်လေသည်။

"ဒုန်း"

"ဝုန်း"

"လုပ်စမ်း၊ ကြိုက်သလောက် ထုစမ်း ပန်စတာလင်း၊ မင်း

ဘာသာ ငိုရုံမကလို့ သေတဲ့အထိငိုစမ်း၊ မင်းကို ငါ ဒီ

တစ်ခါ အလျှော့ပေးမယ်လို့ ထင်သလား"

"ဦးတည်"

စတာလေး အော်ခေါ်လိုက်တဲ့ အသံကလေးက

သဘဲ ဝူးဝူးဝါးဝါး ဖြစ်နေသည်။ သူကလည်း စတာလေးကို

အလျှော့မပေးမိသေးဘဲ သူမ ပါးစပ်ကလေးကို ဒီအတိုင်းပဲ

ကိုင်ထားရင်းက သူမလေး မျက်နှာကလေးကို ငေးကြည့်မိ

သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားထူထဲသိပ်သည်းတဲ့ မျက်တောင်ရှည် စင်းကြီးတွေကို တအားဖိမှိတ်ပြီး မျက်ရည်ပေါက်ကြီးတွေ တ လိမ့် စီးကျနေတဲ့ မျက်နှာသွယ်သွယ် ချောချောကလေးကို ကြည့်ရင်း ရင်ထဲမှာ ရင်ခုန်သံလေးတွေ ထူးထူးခြားခြ မြန်ဆန်လာခဲ့တာကြီးကို သူ ရှက်ရွံ့ရင်ခုန်ခဲ့ရသည်။

နုနုနယ်နယ်ကလေးနဲ့ သိပ်လှတဲ့ မိန်းကလေ ကိုယ်နဲ့သွေးမတော် သားမစပ်ဘဲ သံယောဇဉ်ဖြင့် အတူနေ လာခဲ့တာ နှစ်တွေ အတော်ကြီး ကြာခဲ့ပြီဖြစ်သည်။

ဒီကောင်မလေးက ငယ်ငယ်လေးကတည်းက လက်ပေါ်မှာ ကြီးခဲ့တဲ့ကလေး။

ငယ်ငယ်တုန်းက သူ အမြဲတမ်း ပွေ့ချီခဲ့ရသ သူမလေး ကျီကျဆိုးနွဲ့ခဲ့တိုင်း ပခုံးပေါ်ထမ်း လမ်းလျှောက် နှစ်သိမ့်ချော့မော့ခဲ့ရတဲ့ ကလေးတစ်ယောက်။

အခုတော့ ...

သူမလေး သူ့အရှေ့မှာ ဝမ်းနည်းပမ်းနည်း ကလေးလေးတစ်ယောက်လို ရှိုက်ခါ ရှိုက်ခါ ငိုရှိုက်နေတာ ကို သူ ချော့မော့နှစ်သိမ့်လို့ မဖြစ်နိုင်တော့ဘဲ ဒီအတိုင်း ငေ ပိုက်ကြည့်ရတော့မည်။

သူက ကောင်မလေးကို ကြင်နာသနားစိတ် ဖြင့် ချော့မော့နှစ်သိမ့်လိုက်လျှင် ဒီကောင်မလေး သူ့ကိုကြော မှာမဟုတ်။





သူ့ကိုမကြောက်သလို အန်တီကြီးကိုဆိုရင် သူမက လည်း အချဉ်ပဲ။ ကြောက်တာမဟုတ်။ အလိုလိုက်ထားတဲ့ အန်တီ ကြီးကို စတာလေး အမြဲတမ်း အနိုင်ယူတတ်သည်။

အခုလို ဖိနိုင် ချုပ်နိုင်လွန်းလို့ စတာလေး သူ့ကို ကြောက်လန့်ရှိသေလာတာဖြစ်သည်။

အခုလည်းကြည့် စိတ်ရှိင်းတွေဝင်ပြီး သူ့ကို ဒေါသ တွေနဲ့ တုံ့ပြန်တာ ရင်ထဲမှာ တနုံ့နုံ့ ဖြစ်လှသည်။

ဒါပေမဲ့ ...

အခုလို ကလေးလေးလို ရှိုက်ကြီးတငင် ငိုနေတာ လေးကို မြင်ရပြန်တော့လည်း ရင်ထဲမှာ ကျင်ခနဲ ဖြစ်သွားတဲ့ အထိ သနားကြင်နာသွားရပြန်သည်။ စတာလေးကိုကြည့်ပြီး သူ ချော့မော့ နှစ်သိမ့်ချင်စိတ်တွေ ဖြစ်သွားရကာ ဒီတစ်ကြိမ်မှာလည်း စတာလေးကို အရှုံးပေးလိုက်ရပြန်ပြီဖြစ်သည်။

"စတာလေး ... တိတ်တော့ကွာ၊ အလကား ခေါင်းကိုက် နေဦးမယ်၊ မင်းက ကိုယ့်ကို ဘာလို့ခံအော်တာလဲ၊ ကဲ ... ကဲ ... မင်း စာမကျက်ရင်လည်း နေပါတော့၊ မယ် မင်းကြီးမရယ်၊ အော်တော့ မငိုလိုက်ပါနဲ့၊ ကဲ ... ကဲ ... အိပ်ချင်ရင်လည်း အိပ်တော့၊ လေးနာရီထိုးရင် ပြန်ထရ မယ်၊ ကိုယ် မင်းကို စောင့်ပေးမယ်၊ ကဲ ... အိပ်ချင်အိပ် တော့"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးထော်ပြီး သူ့ကို မကျေမချမ်း မျက်စောင်းခဲ့ရင်း မျက်ရည်တွေ စီးကျနေတဲ့ ကောင်မလေး ပါးပြင်ကလေးကို ခပ်ဖွဖွလေး ဆွဲဖျစ်ကာ မျက်ရည်လေးတွေကို ချစ်စနိုးနဲ့ ဖွဖွလေး ပွတ်သုတ်ပေးလိုက်မိပြန်သည်။

စတာလေးက သူမ မျက်ရည်လေးတွေကို သူချော့ချော့မော့မော့လေး ပွတ်သုတ်ပေးတာလေးကို မနှစ်သက်သလိုကလေးဖြင့် ခေါင်းလေးကို တအားခါယမ်းပစ်လိုက်ပြီး ရှုဆောင့်ကာ ဆိုဖာရှည်မှ ဝုန်းခနဲ ထရပ်ပစ်လိုက်သည်။

ပြီးတော့ ...

မျက်ရည်စလေးတွေကို လက်ကလေးဖြင့် ခပ်ကြမ်းကြမ်းပိတ်သုတ်ပစ်လိုက်ပြီး သူ့ကို မျက်ဝန်းကလေး စောင်းပြီးခဲလိုက်ရင်း ...

"အိပ်မယ်၊ ဦးတည် စောင့်ပေးစရာ မလိုဘူး၊ စတာလေးက မီးမှိတ်အိပ်မှာ"

ဆောင့်ကြီး အောင့်ကြီး ပြောပြီး အိပ်ရာခုတင်ဆီသို့ ခြေကလေးဆောင့်ကာ ထထွက်သွားတဲ့ စတာလေးကိုငေးကြည့်ရင်း သူ သက်ပြင်းမောကြီး ချလိုက်မိကာ သူလည်း မနေသာတော့ဘဲ ဆိုဖာရှည်ကြီးမှာ ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ရသည်။

အင်း ...





သူလည်းပဲ အိပ်ချင်လှပြီ။ လေးနာရီလောက် အိပ်ရင်တော့ အိပ်ရေးဝမှာပဲ။

လေးနာရီလောက်ပဲအိပ်ပြီး သူမလေးကိုနှိုးပြီး သူမ ...ကျွက်ချိန်တိုင်းကို သူ စောင့်ပေးမှ ဖြစ်တော့မည်။

ဒါမှ စတာလေး ဒီနှစ်ဆယ်တန်းစာမေးပွဲကိုအောင် ...နိုးမြင်မှာ။ အကောင်းဆုံး ဝိုင်းကျူရှင်နဲ့ သင်ခဲ့တာတောင် ...ယ်တိုင်ကြိုးစားအားထုတ်မှု မရှိတော့ မအောင်ဘဲ သုံးနှစ်တိတိ ...ရှုံးခဲ့တဲ့ စတာလေးကိုလည်း သူ တော်တော်အမြင်ကတ်မိသည်။

စတာလေးရယ် ... မင်းကို တစ်နှစ်ဆိုတဲ့ ကာလ ...ကြာရင် ငါ့ရဲ့ဇနီးကလေးအဖြစ် မြင်ယောင်ပြီး ငါ တိတ်တခိုး ...ခုန်ရင်း ရင်ထဲမှာ ကျိတ်ချစ်မြတ်နိုးနေခဲ့တယ် ဆိုတာကို မင်း ...သိမိတာလား။ ဒါမှမဟုတ် သိရက်သားနဲ့ မသိချင်ယောင်ဆောင် ...နေခဲ့တာလားကွာ။

တကယ်တော့ သူမလေးနှင့် အနေနီးခဲ့သည့် သံယော...ကြီးတွေက ဘယ်အချိန်ကများ သူ့ကိုယ်သူ ဘာမှန်းမသိအောင် ...ချစ်မြတ်နိုးသွားခဲ့တာကြီးကို ထုတ်ဖော်မပြောဝံ့အောင် ရှက်ရွံ့ရင် ...နင့်ခဲ့ရလေသည်။

ငယ်ငယ်ကတည်းက အတူတူ နေလာတဲ့ ကောင်မ...လေးကို သူ့ရင်ထဲက အကြင်နာ ချစ်ခြင်းတွေကို ဖွင့်ပြောရမှာ ...ဝံ့မရဲကြီး ဖြစ်မိသလို မျက်နှာပူကာ ရှက်လည်း ရှက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

သူ့ရင်ထဲက ဆန်းသစ်နွေးမြသည့် အချစ်တွေ
သူမလေး လက်မခံရင်လည်း ပိုပြီးအရှက်ကွဲဦးမည်။

ဘာပဲဖြစ်ဖြစ် ဒီနှစ် စတာလေး ဆယ်တန်းအောင်
မှ စတာလေးကို လက်ထပ်ရမဲ့ အချိန်မှာ စတာလေးရဲ့ ပညာရေး
ကို ဂုဏ်ပုဒ်တပ်ရမှာဖြစ်သည်။ ဒီနှစ် မဖြစ်,ဖြစ်တဲ့နည်းနဲ့ စတာ
လေးကို ဆယ်တန်းအောင်အောင် လုပ်ပေးရတော့မှာမို့ သူ
တစ်နှစ်လုံးလုံးကြီး ဆယ်တန်းကျောင်းသား လုပ်ပေးရတော့
ဘဝကြီးကိုတွေးပြီး ခေါင်းနားပန်း ကြီးသွားတော့သည်။

စတာလေးကတော့ ဘာအပူအပင်မှမရှိ။

သူ့ကို စူပုပ်တင်းမာနေတဲ့ မျက်နှာကလေးနဲ့ ခပ်
စောင်စောင်ကလေး ကြည့်ကာ ခြင်ထောင်ချပြီး မီးပိတ်ဖို့ပြင်ဆင်
နေတော့သည်။

သူမလေး အိပ်ချင်ပြီဆိုတော့လည်း သူကလည်း
အလိုက်သိတတ်စွာဖြင့်ပင် သူမ မျက်နှာလေးကို ခပ်ရီရီလေးစိုက်
ကြည့်ပြီး သူမအခန်းထဲက လေးလံနွေးထွေးတဲ့ ခြေလှမ်းတွေနှင့်
လှည့်ထွက်လာခဲ့ရတော့သည်။

❤ ✣ ❤





၂

တစ်နေ့တာလုံး ကုမ္ပဏီမှာ ပင်ပန်းလာခဲ့သမျှကို
အိမ်ရောက်တာနဲ့ အပန်းမဖြေရသေးဘဲ သူ့ တိတ်တဆိတ်ချစ်မြတ်
နိုးနေရတဲ့ ချစ်သူလေးအတွက် မမောနိုင် မပန်းနိုင် သူမလေး စာ
ကျက်ချိန်တိုင်းကို အနားကနေ အလုပ်တစ်ခုခုနှင့် မျက်ခြည်မပြတ်
စောင့်ကြည့်နေခဲ့ရသည်။

စတာလေးကလည်း သူ့ရဲ့ကြီးကြပ်မှုအောက်မှာ
ကလန်ကဆန် မလုပ်တော့ဘဲ စာကို စိတ်ပါလက်ပါ ဖိကျက်ခဲ့
တာမို့ သူ့မှာ ပင်ပန်းရကျိုး နပ်ခဲ့သည်။

အရင်နှစ်တွေကလို စတာလေး တစ်ယောက် သူငယ်
ချင်းတွေနဲ့ လမ်းမသလားတော့သလို ဖုန်းတစ်လုံးနဲ့ အီစီကလီ
အသံတွေလည်း မကြားရတော့ဘဲ ဣန္ဒြေကလေး ပိုရလာသဖြင့်
သူ့မှာ တစ်ယောက်တည်း ကျိတ်ပီတိဖြစ်ကာ ရင်ခုန်ခဲ့ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း စတာလေး ကျူရှင်က ပြန်လာတာနဲ့ စတာလေးကို နာရီဝက်ပဲ နားချိန်ပေးပြီး သူမလေး ဒီနေ့သင်လာတဲ့ Chapter တွေကို Check လုပ်ခဲ့တာ၊ အခုဆိုရင် စတာလေးသည် သူ့ရဲ့ကြီးကြပ်အုပ်ချုပ်မှုအောက်မှာ အသားကျကာ မညည်းညူ ရဲရှာတော့ချေ။

ဒါပေမဲ့ ...

တစ်ခါ တစ်ခါ စိတ်ကောက်ပြီး ခြေထောက်ထလေး ဆောင့်နင်း၊ ထမင်းမစားဘဲ နေပြတတ်တဲ့ အကျင့်ကလေးက တော့ ပျောက်မသွားသေးချေ။

အန်တီကြီးကတော့ စည်းကမ်းတကျ စတာလေးကို သွန်သင်ပေးတဲ့ သူ့ကို သဘောကျ ကျေနပ်မဆုံး ဖြစ်နေသည်။

စတာလေး ကွယ်တာနဲ့ သူ့ကို ချီးကျူးမဆုံးတော့ ချေ။

"မောင်တည်သာရယ်၊ မင်းကြောင့် တူမလေး လိမ္မာလာ တာ၊ အန်တီကြီး မင်းကို ဘယ်လိုကျေးဇူးတင်မှန်းမသိ ဘူး၊ မင်းလက်ထဲကို တူမလေးကို အပ်ရတာ အန်တီကြီး စိတ်ချမ်းသာလိုက်တာ၊ ဒီကောင်မလေး ဆယ်တန်းအောင် ပြီးလို့ ပထမနှစ်တက်ရင် အသက်နှစ်ဆယ် ပြည့်ပါပြီ၊ မင်းအန်ကယ် အမြော်အမြင်ကြီးကြီးနဲ့ စီမံခဲ့တာတွေကို အန်တီကြီးဖြင့် အံ့သြမဆုံးဘူးကွယ်"





တည်သာ တစ်ယောက် အန်တီကြီးစကားကြီးကို ကြားတာနဲ့တင် အန်တီကြီး မျက်နှာကြီးကို ရဲရဲမကြည့်ရဲတော့ ဘဲ ရှက်မျက်နှာရဲရဲကြီးနှင့် ခပ်မဆိတ် ငြိမ်နေလိုက်မိသည်။

အန်တီကြီး စကားလမ်းကြောင်းလိုက်တာနဲ့တင် သူ့ရင်ထဲမှာ ရှိန်းမြန်းထွေးသွားရကာ ရှက်သလိုကြီး ခံစားလိုက် ရသည်။

သူမလေးကတော့ သူ့ဒက်ဒီ စီစဉ်ခဲ့တာတွေကို ဘာတစ်ခုမှ မသိဘဲ သူ့ကို ရိုးသားစွာ ဆက်ဆံပြောဆိုပြီး အစ် ကိုကြီးတစ်ယောက်လိုများ သဘောထားသလား မသိ။

ဒီအကြောင်းတွေကို စတာလေး အသက်နှစ်ဆယ် ပြည့်လို့ ဖွင့်ပြောပြလိုက်ရင် စတာလေးကရော သူ့ကိုလက်ခံပြီး ချစ်မြတ်နိုးနိုင်ပါ့မလား။

ပြီးတော့ ...

စတာလေးမှာ ချစ်သူရည်းစား ရှိခဲ့မယ်ဆိုရင် ...

ဟား ... စတာလေးကို သူ ဘယ်လိုမှ စိတ်ချလို့ မရဘဲ အနီးကပ် စောင့်ကြည့်နေရမည်။ အခုထိ စတာလေးမှာ ချစ်သူရှိ၊မရှိ သူ သိခွင့်မရသေးချေ။

အမြဲတမ်း ဂျင်းရှော့ကလေးနဲ့ Step ကိုယ်ကျပ်လက် တိုကလေးတွေ အမြဲဝတ်ပြီး Honda Civic ကားကလေးမောင်း ကာ Shopping ထွက်တတ်တဲ့ စတာလေးမှာ ချစ်သူရည်းစားရှိ ဘူးလို့ ပြောလို့မရ။



www.burmeseclassic.com

www.burmeseclassic.com



သူမလေးမှာ အိစီကလီလေးတွေ ရှိနေတာကိုတော့ သူ သိထားပြီးဖြစ်သည်။

အင်း ...

ငယ်ငယ်လေးကို စောင့်ချစ်နေရတာလည်း မလွယ်၊ တကယ်မလွယ်။

ဒီအတွေးတွေနဲ့တင် သူ့ရင်ထဲ ထိတ်ခနဲ ပူပင်သွားရကာ မျက်စိမျက်နှာ ပျက်သွားရပါသည်။

"မောင်တည်သာကရော သမီးလေးအပေါ် မေတ္တာသက်ဝင်ရဲ့လား"

"ဟင် ... ဗျာ ... အန်တီကြီး"

ကိုယ့်စိတ်နဲ့ကိုယ် အာရုံမကပ်ဖြစ်ပြီး အန်တီကြီး ပြောတာကို မကြားလိုက်ဘဲ ပြန်မေးလိုက်မိတော့ အန်တီကြီးက သူ့ကို ခပ်ပြုံးပြုံးကြည့်ပြီး ...

"မောင်တည်သာ သမီးလေး အပေါ် အာရုံကျရဲ့လားလို့"

"ဟာဗျာ ... အန်တီကြီးကလည်း"

ဒီတစ်ခါတော့ သူ တကယ်ရှက်သွားရပါသည်။ မျက်နှာကြီးတစ်ခုလုံး ထူပူကျိန်းမြသွားရကာ မျက်လွှာကြီးချထားလိုက်မိသည်။ ရင်ထဲမှာလည်း ရင်ခုန်သံတွေ ဆူညံသွားသလို အန်တီကြီးကိုလည်း ဘာစကားမှ ပြန်မပြောမိဘဲ ရှက်ဝဲဝဲကြီး ငြိမ်နေလိုက်မိတော့သည်။





ငြိမ်သက်ခြင်းဟာ ဝန်ခံခြင်းပဲပေါ့ အန်တီကြီးရယ်၊ ကျွန်တော် စတာလေးကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာ ...ပ်က ဖွင့်ပြောစရာ မလိုလောက်အောင်ကို ကျွန်တော့်အမူအရာ ...မှာ ပေါ်လွင်နေတယ်ဆိုတာ အန်တီကြီး အသိပါပဲ။

သူ့ကို သိပ်ချစ်ပါတယ်လို့ အန်တီကြီးရှေ့မှာ ကျွန် ...တော် ဝန်မခံရဲဘူး၊ ကျွန်တော် သိပ်ရှက်တယ်ဗျာ၊ ပြောမယ်ဆို ...င် ဒီကလေးက ကျွန်တော်နဲ့ ငယ်ငယ်ကတည်းက လက်ပွန်း ...တီး နေလာခဲ့တဲ့ကလေး။

ဒီကောင်မလေးကို ကျွန်တော့်ပါးစပ်က ချစ်ပါတယ် ...ဝန်ခံပြောရမှာ၊ ကျွန်တော် လိပ်ပြာမလုံဘူးဗျာ။

"ဟောတော် ... လူပျိုကြီး ရှက်သွားပြီ၊ အင်း ... လူပျိုကြီး ရှက်နေလိုက်တာကွယ်၊ ဒါ ရှက်စရာ မဟုတ်ပါဘူး မောင်တည်သာရယ်၊ မောင်တည်သာ အခု အသက်သုံးဆယ့်သုံးပြည့်ပြီးပြီနော်၊ နောက်နှစ် သုံးဆယ့်လေးနှစ်၊ သမီးလေးက နောက်နှစ်ကို အသက်နှစ်ဆယ်နော်၊ အင်း ... သင့်တော်ပါတယ်ကွယ်၊ အန်တီကြီးလေ စတာလေးကို အသက်နှစ်ဆယ် မြန်မြန်ပြည့်ပြီး မောင်တည်သာနဲ့ မြန်မြန်လက်ထပ်ပြီးမှ စိတ်ချနိုင်မှာ"

အန်တီကြီးကို ငေးကြည့်ရင်း သူ ခဏတွေဝေသွား...သည်။ ဒီအကြောင်းတွေကို စတာလေးကို လောလော...ယ်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မပြောဖို့ အန်တီကြီးကို အစောကြီးကတည်းက သူ နှုတ်ပိတ်
ထားခဲ့သည်။ အန်တီကြီးကလည်း နှုတ်လုံစွာဖြင့် သူ့တူမကို
ပြောခဲ့လို့ စတာလေး ဒီအကြောင်းတွေကို ဘာတစ်ခုမှ မသိခဲ့

စတာလေးသာသိရင် ဘာတွေဖြစ်လာဦးမလဲ မသိ
စတာလေး သူ့ကို ချက်ချင်းကြီးတော့ လက်ခံမှာ မဟုတ်သေး
ဆိုတာ သူ စိတ်ထဲမှာ အလိုလို သိနေခဲ့သည်။

ရင်ထဲမှာလည်း အနာဂတ်ကို လန့်ချင်သလိုလို
စတာလေးကိုလည်း မျက်စိအောက်က အပျောက်မခံနိုင်လော
အောင် စိတ်မချ ဖြစ်နေခဲ့မိသည်။

ကြာရင် သူ ရူးများသွားမလား မသိ။

"အန်တီကြီး ... စတာလေး ဒီအကြောင်းတွေကို သိသွ
တဲ့ တစ်နေ့ကျ ကျွန်တော့်ကို သူ လက်ခံနိုင်ပါ့မလားဟင်"

သူ့ရင်ထဲမှာ မခံနိုင်တော့သည့်အဆုံး အန်တီကြ
ကို ဖွင့်မေးလိုက်မိတော့သည်။

"အင်း ... အန်တီကြီးလည်း အဲဒါပဲ တွေးပြီး စိတ်ပူနေရ
မောင်တည်သာရယ်၊ ဒါပေမဲ့ သူ မောင်လေးတို့ အန်တီကြ
တို့ စီစဉ်ထားတာတွေကို မပယ်ရှားနိုင်ပါဘူးကွယ်"

သူ ဘာစကားမှ ဆက်မပြောမိတော့ဘဲ ကော်ဖီ
တစ်ကျိုက်တည်း မော့သောက်ပစ်လိုက်ပြီး မတ်တတ်ထရပ်လို
သည်။





ပြီးတော့ ဗီရိုအံဆွဲထဲမှ ကားသော့တွေကို လှမ်းယူ
လိုက်ပါသည်။

အဲဒီအချိန်မှာ အံဆွဲထဲက သူ့ကားသော့အတွဲလိုက်
ကို မတွေ့တော့တာမို့ သူ မျက်လုံးပြူးသွားသည်အထိ အံ့ဩသွား
ပါသည်။

"ဟာ ... အန်တီကြီး၊ ကျွန်တော့်ကားသော့ အံဆွဲထဲမှာ
မတွေ့တော့ဘူး"

"ဟေ ... သေချာရှာကြည့်စမ်းပါဦး မောင်တည်သာရယ်"

"အသေအချာရှာတာ အန်တီကြီးရဲ့၊ ဟိုကောင်မလေးများ
သော့မှားပြီး ယူသွားသလား မသိဘူး"

"အင်း ... မနက်ကတော့ မင်းကားသော့ထားတဲ့ အံဆွဲထဲ
ကို သူ ဖွင့်ကြည့်သေးတယ်၊ သူ မယူလောက်ဘူးထင်တယ်၊
သူ့ကားသော့ထားတဲ့ အံဆွဲကိုလည်း ဖွင့်ကြည့်ပါဦး။
မင်း ကားကို သူစီးသွားတော့ သူ့ကားကိုတော့ ထားခဲ့
မှာပဲ၊ ဘယ်သွားလို့ ကားကောင်းကောင်းကြီးကို လစ်စီး
သွားမှန်းမှ မသိတာ"

သူက အန်တီကြီး စကားတွေကို နားထောင်နေရင်း
င်း သူမအံဆွဲကို ဆွဲဖွင့်ပြီး သော့တွဲကို ရှာကြည့်လိုက်သည်။

ဘာတစ်ခုမှ မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အံဆွဲထဲမှာလည်း သူ့ကားသော့ မတွေ့ဘူး အန်တီကြီး"

"ဟင် ... ဒီကောင်မလေး တစ်ယောက်ကတော့လေ၊ ကားနှစ်စီးစလုံးတော့ သူ မယူလောက်ပါဘူး၊ ဂိုဒေါင်ထဲကို သေချာအောင် သွားကြည့်လိုက်ပါဦး မောင်တည်သာရယ်"

အန်တီကြီး ပြောတဲ့အတိုင်း သူ အောက်ထပ်ကို ဆင်းခဲ့ပြီး တိုက်ခြေရင်းက ကားဂိုဒေါင်ထဲကို ကားဝင်ကြည့်လိုက်သည်။ သူမကားရော သူ့ကားပါ နှစ်ကားစလုံး မတွေ့ရဘဲ ဈေးတို့ ဘာတို့သွားသည့် ဆလွန်းကားဖြူကလေး တစ်စီးကိုပဲ တွေ့လိုက်ရတာမို့ သူ တော်တော် စိတ်ပျက်သွားပါသည်။

စိတ်ပျက်ပျက်နှင့် သူ ခေါင်းကြီးကို ခါယမ်းလိုက်ပြီး အိမ်ပေါ်ထပ်ကို ပြန်တက်လာခဲ့ရသည်။ ဒါ ဒီကောင်မလေး ကားနှစ်စင်းစလုံးယူပြီး ဘယ်ကို အပျော်ခရီးထွက်သွားပြီလည်း မသိ။

အခုလို လူကြီးတွေမသိအောင် ခိုးကြောင်ခိုးဝှက် လုပ်လိုက်သည့် စတာလေးရဲ့ လုပ်ရပ်ကြီးကို သူ ကျေနပ်လို့မရခဲ့ချေ။ ဒါဟာ ရိုးသားမှုမရှိတဲ့ လုပ်ရပ်ကြီးပဲ။ စတာလေး အပျော်ခရီးထွက်တယ်ဆိုရင်တော့ ရည်းစားနဲ့သွားတာပဲ ဖြစ်လိမ့်မည်။

ဒီအတွေးကြီးတွေနဲ့တင် သူ့ရင်ထဲမှာ ပူလောင်ကျိန်းရှသွားခဲ့ပါသည်။





ရင်ထဲက မကျေနပ်စိတ်တွေဖြင့် ဧည့်ခန်းထဲကို ...ခပ်ပျက်ပျက်နဲ့ သူ ပြန်ဝင်လာတော့ အန်တီကြီးက ...လာတကြီး ဆီးမေးလာလေသည်။

"ဘယ့်နှယ်လဲ၊ စတာလေးကား တွေ့ရဲ့လား"

"မတွေ့ပါဘူး အန်တီကြီးရယ်၊ သူ့ကားပါ ယူသွားတာ၊ ကားနှစ်စီးစလုံး ယူသွားတယ်ဆိုတော့ ကျူရှင်သွားတာ မဖြစ်လောက်ဘူး၊ အပျော်ခရီး ထွက်တာပဲ နေမယ်၊ ဒီလို အိမ်သားတွေကို မပြောဘဲ ခရီးထွက်တယ် ဆိုရင်တော့ ကျွန်တော် သူ့ကို ခွင့်မလွှတ်ဘူး"

"အေး ... သူ အပျော်ခရီးထွက်တယ် ဆိုရင်တော့ အန်တီကြီးလည်း ဆုံးမရမှာပဲ၊ မင်းလည်းဆုံးမ၊ စထာလေးက ငါ့ကိုဆို သိပ်ကြောက်ချင်တာ မဟုတ်ဘူး"

"ဘယ်ကြောက်မလဲ၊ အန်တီကြီးက ငယ်ငယ်ကတည်းက အလိုလိုက်ထားတာကိုး"

"ဟယ် ... ငါ ဘယ်မှာ ဒီလောက်အထိ အလိုလိုက်လို့လည်းတော်"

စိတ်ရှုပ်ထွေးစွာဖြင့် သူနှင့် အန်တီကြီး တစ်ယောက် ...ပြန် စကားများပြီးမှ စတာလေးတက်တဲ့ ဝိုင်းကျူရှင်ဆရာဆီ ...ဖုန်းဆက်ဖို့ သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေကိုလိမ်ပြီး တစ်နေရာရာကို သွားလို့က
တော့ ပြန်လာရင်တော့ မှတ်လောက် သားလောက် ဖြစ်သွားအောင်
ဆုံးမပစ်ရမည်။

အန်တီကြီးကတော့ သူ့တူမကို ကွယ်ရာမှာပဲအပြစ်
တင်ရဲသူ ဖြစ်သည်။

"အဲဒါကြောင့်မို့ ဒီကောင်မလေးကိုက မကောင်းပါဘူး
အဲဒီလို အပျော်အပါးမက်လို့ ဆယ်တန်းကို တဘုန်းဘုန်း
ကျနေတာ"

"အဲဒီလို သူ့ကိုကျတယ် ပြောတော့လည်း အန်တီကြီးတူမ
က ကြိုက်သေးတာ မဟုတ်သေးဘူး၊ အခုလည်း ဘယ်ကို
လျှောက်ပြီး ထင်တိုင်းကြဲသွားတယ် မသိဘူး၊ ကားနှစ်စီး
စလုံး ယူသွားတာ ကြည့်ပါဦး၊ ညကတော့ ကျွန်တော့်ကို
ဟုတ်ရိုးဟုတ်ဆီနဲ့ ကျူရှင်စာမေးပွဲဖြေရမှာမို့လို့ ကျူရှင်
ကို စောစောသွားရမယ်ဆိုပြီး ခွင့်တောင်းထားတာ။ ကျွန်
တော်ကလည်း သူ့ကို နေ့တိုင်းစောင့်ပေးနေရတော့ အိပ်
ပျော်သွားတယ်၊ သူ ဒါဟုတ်မဟုတ်ကို ဝိုင်းကျူရှင်ဆရာ
ဆီကို ကျွန်တော် ဖုန်းဆက်မေးလိုက်ဦးမယ်"

"အေး ... အေး ... ဟိုဘက်က စကားထွက်ကိုလည်း နား
ထောင်ပြီးမှ စကားပြောနော်၊ သမီးလေး သိက္ခာကျစရာ
ဖြစ်အောင်တော့ မပြောနဲ့နော် မောင်တည်သာ"





အန်တီကြီးကလည်း တစ်မျိုး၊ သူ့တူမကို သိဒ္ဓိတင်
စရာမရှိ ကြံဖန်တင်နေသေးသည်။

သူက စိတ်မကြည်လင်စွာဖြင့်ပင် ခါးကြားထဲက
Hand Phone ကိုထုတ်ပြီး ဝိုင်းကျူရှင်ဆရာဆီ ဖုန်းဆက်လိုက်
ပါသည်။

"ဟယ်လို ... (......)က ကျူရှင်ဆရာ ဦးအောင်ထိန်းရှိန်
လား ခင်ဗျာ၊ ဩော် ... ကျွန်တော် ပန်စတာလင်းရဲ့အုပ်
ထိန်းသူ နေစွမ်းတည်သာပါ ခင်ဗျာ၊ ပန်စတာလင်း ဒီနေ့
ကျူရှင်လာသလားလို့ မေးချင်လို့ပါခင်ဗျ၊ ဩော် ...
ဟုတ်ကဲ့၊ နေမကောင်းလို့ ခွင့်တိုင်တယ်၊ ဩော် ... ဟုတ်
ပါတယ်၊ နေမကောင်းတာပါ၊ ညကဖျားတာ၊ ဒါအခုမနက်
ဆေးခန်းသွားတယ်ထင်တယ်၊ ကျွန်တော်က ကျူရှင်ကို
များ နေမကောင်းနေတာကြီးနဲ့ တက်ရသလားလို့ စိတ်ပူ
ပြီး လှမ်းမေးတာပါ၊ ဘယ်လိုမှ မထင်ပါနဲ့ခင်ဗျာ၊ ဟုတ်
ကဲ့ ... ဟုတ်ကဲ့ ... ဒါပဲနော်"

စတာလေးရဲ့ လူလည်ကျပုံကြီးကို သူ ကြိတ်မနိုင်
ခဲရဖြစ်ကာ အံကိုတင်းတင်းဖိကြိတ်ပြီး ဖုန်းပိတ်ကာ ခါးကြားထဲ
ပြန်ထည့်လိုက်ပြီး အန်တီကြီးကို မော့ကြည့်လိုက်မိသည်။

"အလကား ငလိမ်မလေး၊ ကျူရှင်ဆရာကို နေမကောင်း
လို့ဆိုပြီး လိမ်တယ်၊ ဒါ သူတို့တစ်နေရာရာကို ထွက်တာ



www.burmeseclassic.com

www.burmeseclassic.com



နေမယ်၊ ကြည့်စမ်းပါဦးဗျာ၊ လူကြီးတွေကို မလိမ့်တစ်ပတ် လုပ်ရဲတာ ကျွန်တော် အံ့လို့မဆုံးဘူး”

သူက ဒေါသဖြစ်ဖြစ်နဲ့ ပြောလိုက်တော့ အန်တီ ကြီးက ခြေမကိုင်မိ လက်မကိုင်မိဖြင့် ကတုန်ကယင်သံကြီးနှင့်

“အမယ်လေးတော် ... ကျုပ်ရှင်ကိုလည်း လိမ်တယ်ဆို ထောက်ရင် သမီးလေး ခိုးရာများ လိုက်သွားပြီလား မောင်တည်သာရယ်၊ လုပ်ပါဦး၊ အန်တီကြီး တူမလေး ရည်းစားနဲ့များ လိုက်ပြေးသွားပြီလား မသိဘူး၊ မင်းမဟုတ် တဲ့ တခြားယောက်ျားနဲ့ တူမလေး ရရင် အန်တီကြီး ရှ ကျိုးပြီးသေမှာ”

“ဟာဗျာ ... အန်တီကြီးကလည်း မဦးမချွတ် မဟုတ်တာ တွေ လျှောက်မပြောစမ်းနဲ့ဗျာ၊ ခိုးရာလိုက်မဲ့သူက ကာ နှစ်စီးစလုံး ယူသွားမလား၊ ဇိတ်တိတ်ကလေး ခိုးထွက် မှာပေါ့၊ သူ့မှာ ဘယ်မှာရည်းစားရှိလို့လဲ၊ အန်တီကြီးက လည်း မစဉ်းမစား လျှောက်ပြောနေ၊ ဒါ ချောင်းသာတို့ ဘာတို့ကို သူငယ်ချင်းတွေနဲ့ ပျော်ပွဲစား ထွက်တာပဲနေ မယ်။ သိပ်လည်တဲ့ ကောင်မလေး”

“အေး ... အေး ... ဟုတ်မယ်၊ မော်တည်သာ ပြောတာ ဟုတ်မယ်၊ သူ့ hand phone ကို ဆက်ကြည့်ပါဦး မောင် တည်သာရယ်”





တူမအတွက် အစိုးရိမ်လွန်ပြီး အန်တီကြီး ကယောင် ချောက်ချား ဖြစ်နေတာကိုကြည့်ပြီး သူပါ ယောင်တောင်တောင် ကြီး ဖြစ်သွားရသည်။ အခုမှပဲ စတာလေးဆီ ဖုန်းဆက်ဖို့ သတိ ရလိုက်သည်။

ခါးကြားထဲက hand phone ကလေးကို ကပျာ ကယာ ဆွဲထုတ်ယူပြီး စတာလေးဖုန်းကို ဆက်လိုက်သည်။

စတာလေးဖုန်းကလေးကို နှိပ်ပြီးတာနှင့် သိပ်မကြာ လိုက်ပါ။ စတာလေးရဲ့ အသံကြည်ကြည်ကလေးကို ကြားလိုက် ရပါသည်။

သူမလေးအသံလေးကို ကြားလိုက်ရတာနဲ့တင် သူ့ ရင်တစ်ခုလုံး ဒိန်းခနဲ ပြေးဆောင့်ခုန်မြည်သွားရကာ ဘာပြောရ မှန်းမသိအောင် ကယောင်ကတမ်းကြီး ဖြစ်သွားကာ ...

“စတာလေး ... မင်း ... မင်း ...”

“အဟင်း ... ဦးတည်လား”

“အင်း”

သူ စတာလေးကို ဘာစကားမှ ဆက်မပြောနိုင်တော့ ဘဲ မျက်လုံးပြူးကြီးနှင့် အင်းချလိုက်မိသည်။

“ဟဲ ဟဲ ... ဦးတည့်ကားကြီးကို စတာလေးတို့ သူငယ် ချင်းတွေ ချောဆွဲချလာတာ၊ ဦးတည် စိတ်မဆိုးနဲ့နော်”



www.burmeseclassic.com

www.burmeseclassic.com



"နေ ... နေပါဦး၊ မင်းက အခု ဘယ်မှာလဲ"

"ချောင်းသာ သွားနေတာ၊ ကားပေါ်မှာလေ ဦးတည်ရဲ့၊ ဟိ ဟိ ... ဦးတည်တို့ အန်တီကြီးတို့ စိတ်ပူနေကြတဲ့မု ကြီးကို မြင်ယောင်ပြီး ရယ်ချင်လိုက်တာ"

"စတာလေး ... မင်း အခုပြန်လာခဲ့"

"အင်း ... မလာပါဘူး၊ ဦးတည်ကလည်း ချောင်းသာကို နေ့ချင်းပြန်သွားတာပါ၊ ညမအိပ်ပါဘူး၊ ပြန်လာတော့မှ ဆူကွာ"

"ညအိပ်လို့ရော ရမလားကွ၊ မင်း ဒီလို နေချင်တိုင်းနေရအောင် မင်းမှာ အုပ်ချုပ်သူ မရှိဘူးလို့ မင်း သတ်မှတ်နေသလားဟင် ပန်စတာလင်း"

"ဦးတည်ကလည်းနော်၊ ပြန်လာတော့မှပွမ်၊ အဲဒါကြောင့် သူ မိန်းမ,မရတာ၊ ယောက်ျားကြီးဖြစ်ပြီး ပွစိ ပွစိလုပ်တာ သိပ်စိတ်ညစ်ဖို့ ကောင်းတာဗ်"

"ဘာကွ၊ မင်း ငါ့ကို မခန့်လေးစား ပြောစရာလား"

"ဟာ ... ဦးတည်ရယ်၊ ဒုက္ခပဲ၊ စိတ်ညစ်တယ်၊ စတာလေး ဖုန်းပိတ်လိုက်တော့မယ်"

"မပိတ်နဲ့ဦး၊ မင်း လုပ်တာ ပုံစံ လုံးဝမကျဘူး၊ မနေ့က ညက ပြောတော့ ကျူရှင်စာမေးပွဲ ဖြေ ရမှာမို့ စောစော သွားရမှာဆိုပြီး ငါ့ကို လိမ်ပြောတယ်၊ မင်း ကျူရှင်ဆရာ





ဆီကျတော့ နေမကောင်းဘူးလို့ လိမ်ပြီးခွင့်စာတိုင်တယ်၊ မင်း ဘယ်လိုမိန်းကလေးလဲ"

"သူငယ်ချင်းတွေနဲ့ ဦးတည်ရယ်၊ ညကျမှ ဘယ်လောက်ဆူဆူ၊ ခုနစ်နာရီလောက် စတာလေးတို့ သူငယ်ချင်းတွေ ပြန်ရောက်မှာ၊ ဘိုင့်ဘိုင်နော် ဦးတည်၊ စတာလေး ဖုန်းပိတ်ပြီ"

စတာလေး ဖုန်းပိတ်သွားတာကို သူ မကျေမနပ်ကြီး ဖြစ်သွားရကာ ဖုန်းကို ဖျတ်ခနဲပိတ်ပစ်လိုက်ပြီး မျက်မှောင်ကြီးကြုတ်မိရင်း အန်တီကြီးကို မော့ကြည့်လိုက်မိသည်။

"ဘာပြောလဲ မောင်တည်သာ"

"ညခုနစ်နာရီလောက်မှ ပြန်လာမယ်တဲ့၊ သူငယ်ချင်းတွေနဲ့ ချောင်းသာကို သွားကြတာလေ အန်တီကြီးရဲ့"

"ခြော် ... တော်ပါသေးရဲ့၊ အခုမှပဲ အန်တီကြီး ရင်ပူ သက်သာတော့တယ်"

"အန်တီကြီး ... ကျွန်တော် ကုမ္ပဏီသွားတော့မယ်"

"အေး ... အေး ... အိမ်ကရှိတဲ့ကားပဲ စီးသွားတော့ မောင်တည်သာ"

သူ ဘာစကားမှ ဆက်ပြောချင်စိတ် မရှိတော့သဖြင့် အန်တီကြီးကို ခေါင်းညိတ်ပြလိုက်ကာ အန်တီကြီးအရှေ့မှ လှည့်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ စတာလေးရဲ့ လိမ်လည်မှုကြီးကို မကျေနပ်သေးချေ။ ပြီးတော့ သူမလေး ပြန်လာရင် ဘာနဲ့အပြစ်ပေးရမလဲ ဆိုတာကိုပဲ လမ်းတစ်လျှောက်လုံး စဉ်းစားနေခဲ့သည်။

❤ ✣ ❤





## ၃

ညခုနစ်နာရီကို ပြန်လာမယ်ဆိုတဲ့ စတာလေးစကားနဲ့တင် သူ အလုပ်ကို ဖြောင့်ဖြောင့်မလုပ်နိုင်ဘဲ ရုံးဆင်းချိန်ကို စိတ်စောနေခဲ့သည်။ ရုံးဆင်းချိန်ရောက်တာနှင့် ဘယ်ကိုမှမဝင်တော့ဘဲ အိမ်ကို တန်းပြန်လာခဲ့ကာ ရေတန်းချိုး အဝတ်အစားလဲပြီး ထမင်းစားကာ အောက်ထပ်ဧည့်ခန်းမှာပဲ စတာလေး ပြန်အလာကို နာရီတကြည့်ကြည့်နဲ့ စောင့်နေမိသည်။

သူ အချိန်အတော်အကြာ စောင့်နေပြီးမှပဲ ခြံကြီးထဲကို ကားနှစ်စီး ဝေါခနဲ ဝင်လာတဲ့အသံကို ကြားလိုက်ရသဖြင့် သူ ဣန္ဒြေမဆည်နိုင်ဘဲ ခေါင်းကြီး ထောင်မတ် ကြည့်လိုက်မိသည်။

အင်း … ရှေ့ဆုံးက ဘောင်းဘီရှည်အဖြူကလေးနဲ့ ဆင်းလာတာ သူ့ရဲ့ငလိမ်မလေး။

www.burmeseclassic.com



ငလိမ်မလေးအနောက်က သူမ သူငယ်ချင်းတွေဖြစ် ဟန်တူတဲ့ ကောင်မလေးသုံးယောက်နဲ့ ကောင်လေး လေးယောက်။

ကြည့်လိုက်တာနဲ့ အဖွဲ့ကတော့ ရည်းစားအတွဲတွေ ဖြစ်ပုံရသည်။ ကောင်လေး လေးယောက်နဲ့ ကောင်မလေး လေး ယောက်ဆိုတော့ မဟုတ်မှလွဲရော ရည်းစားတွေလို့ပဲ သူ တစ်ထစ် ချ သတ်မှတ်လိုက်မိသည်။

စတာလေးတို့အုပ်စု ကားပေါ်ကနေ ခပ်သွက်သွက် ကလေးဆင်းပြီး အိမ်ထဲကို ဝင်လာတာကို ကြည့်နေရင်းမှ သူ့ ရင်ထဲက ဒေါသတွေကို ကျိတ်မျိုချထားရကာ လက်သီးနှစ်ဖက် ကို တင်းတင်းဆုပ်ပြီး အံကိုဖိကြိတ်ထားလိုက်သည်။

တောက် ... လူလည်ကျလိုက်တဲ့ မိန်းကလေး တွေ့ကြသေးတာပေါ့ကွာ။

အင်း ... ဒီပုံအတိုင်းဆို သူမကို ပြင်းပြင်းထန်ထန် အပြစ်ပေး ဆုံးမမှ မှတ်လောက်သားလောက် နာကျင်သွားမှာ။

အဲဒီအချိန်မှာပဲ ဧည့်ခန်းထဲကို သူ့သူငယ်ချင်းတွေ နှင့်အတူ ပြုံးစိစိ မျက်နှာပေးကလေးနှင့် ဝင်လာတဲ့ စတာလေး မျက်နှာလေးကို သူ မခံချိမခံသာ ခပ်တည်တည်ကြီး စိုက်ကြည့် လိုက်ပြီး ဆိုဖာကြီးမှာ မှီထိုင်နေရာမှ ဆတ်ခနဲ မတ်တတ်ထရပ် လိုက်သည်။ အဲဒီနောက် သူ ဧည့်ခန်းထဲမှ လှည့်ထွက်ပြီး စတာ လေးကို အမိန့်သံဖြင့် အပေါ်ထပ်ကို ခေါ်လိုက်ပါသည်။





"ပန်းစတာလင်း ပြီးတော့ အပေါ်ထပ်ကို တက်လာခဲ့"

စတာလေး မျက်နှာလေးကို ရှုတည်တည်ကြီး စိုက် ကြည့်ပြီး သူငယ်ချင်းတွေကို အားမနာ ပါးမနာ ချာခနဲ လှည့် ထွက်သွားတဲ့ ဦးတည်ကို စိတ်ပျက်စွာ ကြည့်လိုက်မိသည်။ ပြီးတော့ သူမ ခေါင်းကလေးကို လက်ညှိုးကလေးဖြင့် ဖွဖွလေး ယောက်ပြီး တယမ်းယမ်း ခါယမ်းလိုက်ရင်း သူငယ်ချင်းတွေကို ပြုံဖြဲ မျက်နှာလေးနှင့် အားနာစွာ ကြည့်လိုက်မိသည်။

"သူငယ်ချင်းတို့ရေ ... အားတော့ နာတယ်ကွာ၊ ဦးတည်က လူပျိုကြီးဆိုတော့ သိပ်ခွကျတာပဲ၊ ဟဲ ဟဲ ... ကိုယ့်ဘက် က အမှားဖြစ်နေတော့လည်း အဆူခံရဦးမယ်ပေါ့ကွာ"

"လင်း ... အဲဒီလူကြီးက ဘယ်သူလဲ"

"တူ"

"ဟာ ... ဘာတူလဲ၊ သံရိုက်တဲ့တူလား"

"အဟင်း ဟင်း ဟင်း"

"ဟာကွာ ... ရယ်မနေစမ်းနဲ့ ကောင်းကောင်းဖြေစမ်းကွာ လင်း"

"အဟင်း ... ဒက်ဒီ့တူလို့ ပြောတာ၊ သူငယ်ချင်းတို့ရေ ပျော်လို့လည်း ဝပြီ၊ အဆူခံဖို့လည်း အချိန်ပေးပါဦး"

"အေးပါကွာ၊ တို့ ပြန်ပါတော့မယ်၊ လင်းတို့နှစ်ယောက် ချောင်းသာ Beach မှာ I am you (ငါဟာ မင်းပဲ)ဖြစ် သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



စတာလေးက ခွဲအပြောလေးကို အပြုံးလှလှလေးနှင့် ပြုံးပြလိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။

ရင်ထဲမှာတော့ ဖွဲ့ရဲ့အကြည့်ရွှန်းရွှန်းကလေးတွေ နွေးထွေးတဲ့အချိန်မှာ စတာလေးက တစ်ယောက်တည်း ငေါင်စင်းစင်းကြီး ရည်းစားမရှိလို့ အပျင်းဖြေဖို့ ဖွဲ့ရဲ့အချစ်တွေကို "ချစ်တယ်၊ မြတ်နိုးတယ်" မခံစားမိဘဲ လက်ခံလိုက်တာပဲဖြစ်သည်။

ဒီအကြောင်းတွေကို ဦးတည်နဲ့ အန်တီကြီးသာ သိလိုက်ရင် စတာလေး တွေးရင်းနဲ့တောင် တစ်ကိုယ်လုံး ကြက်သီးတဖျန်းဖျန်း ထသွားရသည်။

ပြီးတော့ အခုလေးတင်ပဲ မျက်နှာတည် မျက်နှာထားကြီးဖြင့် စတာလေးကို အပေါ်ထပ် တက်လာခဲ့လို့ အမိန့်ပေးပြောလာတဲ့ ဦးတည် မျက်နှာထားကြီးက ကြောက်စရာကောင်းလိုက်တာ။

ဟင့်အင်း ... စတာလေး အပေါ်ထပ်ကို တက်လိုက်မသွားရဲပါဘူး။

အန်တီကြီးကရော အခုချိန်ကြီး ဘယ်ရောက်နေလို့ တစ်အိမ်လုံး တိတ်ဆိတ်နေရတာလဲ။

အန်တီကြီးရှိရင် စတာလေးအတွက် အကာအကွယ်ရသေးသည်။ အန်တီကြီးကလည်း အရေးထဲ ဘယ်တွေ လျှောက်သွားနေသလဲ မသိ။





ရင်တထိတ်ထိတ်ဖြင့် စတာလေး အပေါ်ထပ်ကို
လာခဲ့ရပြီး မျက်လုံးကလေး အဝိုင်းသားဖြင့် ကားသော့နှစ်
ကိုင်ကာ ရင်ခုန်စိတ်လှုပ်ရှားလာသည်။

အင်း ... ဟိုလူကြီးက စိတ်တိုရင် သူမကို အပြစ်
ကြီးပေးမှာပဲ။

ငယ်ငယ်တုန်းကတော့ သူမကို တစ်နာရီလောက်
တတ်ရပ် လက်မြှောက် အပြစ်ပေးခဲ့သည်။

အခုလည်း အဲဒီလိုမျိုး အပြစ်ပေးဦးမလား မသိ။

"ပန်းစတာလင်း မလာသေးဘူးလားဟေ့"

အပေါ်ထပ်ကနေ ခပ်ကျယ်ကျယ် လှမ်းအော်ခေါ်
တဲ့ ဦးတည် အသံကြီးက သူမတစ်ကိုယ်လုံး အသားတွေ
ဆတ်ဆတ် တုန်ယင်သွားသည်အထိ ကြောက်လန့်တုန်လှုပ်
ရကာ စတာလေး ဘာမှစဉ်းစားမနေနိုင်တော့ဘဲ အပေါ်ထပ်
အပြေးတက်လိုက်ရပါတော့သည်။

အပေါ်ထပ် ဧည့်ခန်းထဲကို လှမ်းဝင်လိုက်သည်နှင့်
လေးကို ခပ်ထန်ထန်ကြီး စိုက်ကြည့်ကာ ဆိုဖာရှည်ကြီးမှာ
င့်တောင့်မတ်မတ်ကြီး ထိုင်နေတဲ့ ဦးတည်ကို မဝံ့မရဲကလေး
ကြည့်ရင်း စတာလေး ရင်ထဲ အေးခနဲ ကျင်မြသွားရသည်။

ဦးတည် မျက်နှာချောချောကြီးမှာ မကျေနပ်စိတ်
ရောပြွန်းနေပြီး နီရဲတင်းမာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဦးတည် မျက်နှာချောချောကြီးကို မဝံ့မရဲကလေး လှမ်းကြည့်ရင်း ခပ်တိုးတိုးကလေး ဦးတည်ကို တောင်းပန်ကြည့်ဖို့ ကြိုးစားလိုက်သည်။

"ဦးတည်"

"မထိုင်နဲ့ ပန်းစတာလင်း၊ မင်း ဒီလို စည်းမရှိ ကမ်းမရှိနဲ့ အိမ်မှာရှိတဲ့ အုပ်ထိန်းသူတွေကို မလေးစားတာ ငါ ခွင့်မလွှတ်နိုင်ဘူး၊ မင်းကို ငါ အပြစ်ပေးဖို့ ဆုံးဖြတ်လိုက်ပြီ"

စတာလေး ရင်ထဲ လှိုက်ခနဲ ဝမ်းနည်းဆို့နင့်သွားရကာ ဦးတည်ရဲ့ မျက်နှာကြီးကို ငေးငေးလေး စိုက်ကြည့်လိုက်မိသည်။

သူမနှင့် သူဟာ သွေးမတော် သားမစပ်ဘဲ ဘာဖြစ်လို့များ သူ့မှာ ဒီလောက်အထိ သူမနဲ့ ပတ်သက်ပြီး ဩဇာကြီးကြီးနဲ့ အုပ်ချုပ်သူဖြစ်ခဲ့တာကိုလည်း စဉ်းစားလို့မရ။

ဦးတည် သူမအပေါ် ချုပ်ကိုင်ကြီးစိုးခဲ့တာတွေကို မသိစိတ်က လက်ခံနေရတာ သူမကိုယ်သူမ မယုံနိုင်အောင် အံ့ဩခဲ့ရသည်။

စတာလေးသည် ဦးတည်ရဲ့ ခပ်ထန်ထန် မျက်နှာကြီးကိုကြည့်ပြီး ဝမ်းနည်းဆို့တက်လာကာ မျက်ရည်ကလေးတွေ ဝိုင်းတက်လာခဲ့သည်။

"စတာလေး ဦးတည်တို့ကို ပြောမသွားမိတာက ..."





"ဟော့ ... ဘာဆင်ခြေမှ မကြားချင်ဘူး၊ မင်းကို ငယ်ငယ်က လက်မြှောက်မတ်တတ်ရပ်ပြီး အပြစ်ပေးခဲ့ပေမဲ့ အခုတော့ လက်ပိုက်ပြီး မတ်တတ်တစ်နာရီတိတိ ငါ့ရှေ့မှာ ရပ်နေရမယ်၊ အခုကစပြီးရပ်တော့ စတာလေး"

စတာလေး ရှက်လည်းရှက် ဝမ်းလည်း ဝမ်းနည်းသွားရကာ တအင့်အင့် ငိုရှိုက်လိုက်ပါတော့သည်။

"ဟော့ ... ငါ့ရှေ့မှာ လာငိုပြမနေနဲ့၊ ငါ မသနားဘူး"

"ဒါ စတာလေးကို ဦးတည် တမင်အနိုင်ကျင့်တာ"

"အေး ... အနိုင်ကျင့်တာ ထင်ရင်လည်းထင်၊ ဒီအိမ်မှာ ငါ အုပ်ချုပ်နေတာ၊ ငါ့ကိုကျော်ပြီး ကိုယ့်သဘောနဲ့ကိုယ်သွားတာ ငါ လုံးဝလက်မခံနိုင်ဘူး၊ ကဲ ... ပန်းစတာလင်း လက်ပိုက်တော့၊ ခုနစ်နာရီခွဲပြီ"

"စတာလေး ရေချိုးပြီး ထမင်းစားဦးမယ်၊ တစ်လမ်းလုံး ဘာမှမစားရသေးဘူး"

"မစားရသေးလည်း မစားရဘူးကွာ ပန်းစတာလင်း"

စတာလေး ဦးတည်ကို ကြည့်ပြီး အံ့ဩတွေဝေသွားသည်။ ဦးတည်ရဲ့ မျက်ဝန်းညိုညိုကြီးတွေက စူးရှတောက်ပြောင်ဟာ စတာလေးကိုကြည့်တာ သာမန်ထက် ထူးကဲနေသလိုကြီး ားရသည်။

www.burmeseclassic.com



ဦးတည် ကြည့်တဲ့ မျက်ဝန်းထဲမှာ ပြာလက်တောက်ေ တဲ့ အကြည့်ရှန်းရှန်းတွေက ရိုးသားတဲ့ ယောကျ်ားတစ်ယောက် ရဲ့မျက်လုံးတွေ မဟုတ်ခဲ့။

ဦးတည်ရဲ့ အကြည့်ရဲရဲတွေကို စတာလေး ခပ်တွေ တွေလေး စိုက်ကြည့်ပြီး ရင်ကလေးတွေ တသိမ့်သိမ့် ခုန်မြည် သွားရသလို မျက်နှာလေး တစ်ခုလုံး နွေးခနဲ ပူမြသွားရသည်။

ဦးတည်ရဲ့ အကြည့်ကြီးတွေကို ရင်မဆိုင်ရဲတော့ သလို ခေါင်းကလေးကို အလိုလို ငုံ့ချလိုက်မိပြီး မျက်ရည်ကလေး တွေနှင့် လက်ကလေးပိုက်ပြီး မတ်တတ်ရပ်လိုက်ရပါတော့သည်။

အန်တီကြီးကတော့ ကြိုတင်စီမံချက်တွေနှင့် တမင် ရှောင်ထွက်သွားတာ။ သူမဘက်မှာ တစ်ခါမှ ရပ်တည်မပေးသည့် အန်တီကြီးကို စတာလေး မုန်းချင်လာရပြီ။

ဘာပဲဖြစ်ဖြစ် ဦးတည် သဘော၊ ဦးတည် ဆန္ဒ၊ ဦးတည်က အခု သူမကို လက်ထပ်ချင်ပါတယ်လို့ တောင်းဆို ရင်လည်း အန်တီကြီးက ခွင့်ပြုဦးမှာပဲ။

စတာလေး စိတ်ထဲကနေ ဦးတည်ကို မကျေမနပ် ဖြစ်ကာ လက်စားချေဖို့ ဆုံးဖြတ်ခဲ့ပေမဲ့ တကယ်တမ်းတွင် ဦးတည်ရှေ့မှာ အပြစ်ပေးခံခဲ့ရသည့် ကျောင်းသူလေး ဖြစ်ခဲ့ရသည်။

အဲဒါကို စတာလေး တွေးရင်းနှင့် အသည်းယားတာ ဝမ်းလည်း ဝမ်းနည်းမိသည်။





ဒက်ဒီသာရှိရင် သူမကို ဒီလိုအပြစ်ပေးပြီး ဆူလိုက် အမိန့်ပေးလိုက် အပြောခံရမှာ မဟုတ်။

အခုတော့ ...

စတာလေး ဝမ်းနည်းကြေကွဲစွာဖြင့် တအင့်အင့် ရှိုက်ငိုနေရာမှ ရှိုက်ကြီးတငင် ငိုချလိုက်မိပါတော့သည်။

"အင့် ... ဟင့် ဟင့် ... ဟီး ... ဒက်ဒီရေ၊ စတာလေး အဖြစ်ကို လာကြည့်ပါဦး၊ စတာလေး အဖြစ်ကို လာကြည့်ပါ ဦး၊ စတာလေးဘဝက အချုပ်ချယ်ခံနေရတဲ့အပြင် စတာ လေးကို တစ်နေ့မှ မပျော်နိုင်အောင် သူတို့တွေ ဖန်တီးနေ ကြတာ ... အီး ဟီး ဟီး"

"ဟား ... စတာလေး၊ မင်း တိတ်စမ်း၊ အခု ပါးစပ်ပိတ် စမ်း၊ ဘာ အခုမှလာပြီး ပလီစီချောက်ချက် လုပ်တာလဲ၊ မင်းအကြောင်း မင်းအသိဆုံး၊ တစ်နေ့လုံး မြူးလာပြီးမှ အပြစ်ခံယူဖို့ကျ ကြောက်လို့မရဘူးမှတ်"

"စတာလေး ဘယ်မှာမြူးလို့လဲ"

"ဟော့ ... ထပ်ပြီး စကားရှည်မနေနဲ့၊ ရပ်ဆိုရင် ရပ်တော့ ကွာ"

စတာလေးရှေ့က ဆိုဖာရှည်ကြီးမှာ စိမ်ပြေနပြေ ထိုင်ချလိုက်ပြီး မျက်လုံးကြီးကို ခပ်ဖြည်းဖြည်းမှိတ်ရင်း ခြေချိတ်ထိုင် နေတဲ့ ဦးတည် မျက်နှာချောချောကြီးကို ကြည့်ပြီး စတာလေး



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး မခံချင်ဖြစ်သွားကာ မျက်ရည်တွေ အတောမသတ်ကျလာခဲ့တော့သည်။

အင်း ... သူ မျက်စိမှိတ်ထားတုန်း ဒီအခန်းထဲက ပြေးထွက်ရ ကောင်းမလား။

အခုနေတုန်း အခန်းထဲပြေးဝင်သွားရင်လည်း လွတ်လမ်းမမြင်။

စတာလေး ကြံရာမရ ဖြစ်သွားကာ တစ်ခုခုညာဏ်ဆင်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒီအချိန်မှာ စတာလေး မူးလဲသွားတဲ့ဟန်ဆောင်လိုက်ရင်တော့ ဒီလူကြီး နေသာတော့မှာ မဟုတ်တော့။

အခုမှပဲ စတာလေး အကြံတစ်ခုရသွားကာ ဦးတည်နဲ့ အနီးဆုံးဖြစ်အောင် ပိတ်ရပ်လိုက်သည်။ ပြီးတော့ မူးလဲသွားသလိုကလေး ဆိုဖာရှည်ကြီးပေါ်ကို ပျော့ညွတ်ကာ ကိုယ်လုံးကလေးကို အလိုက်သင့်ကလေး လှဲချပစ်လိုက်ပါတော့သည်။

"ဟာ ... စတာလေး"

တည်သာသည် မျက်လုံးတွေကို ခပ်ဖြည်းဖြည်းမှိတ်ထားရာမှ စတာလေး အသံကလေးကို မကြားရတော့သဖြင့် မျက်ဝန်းအစုံကို ဖြည်းဖြည်းချင်း ဖွင့်အကြည့် ရုတ်တရက်ကြီး သူ့အရှေ့သို့ ပျော့ညွတ်ကျလာသည့် စတာလေး ကိုယ်လုံးကလေးကို အံ့သြတကြီး ပွေ့ဖက်ထိန်းချုပ်လိုက်ရတော့သည်။ သူမလေး





ကိုယ်လုံးကလေးကို သူ ကမန်းကတမ်း ပွေ့ချီလိုက်တဲ့ တစ်ခဏအတွင်း ရင်ထဲက ရင်ခုန်သံတွေက ကြောက်ခမန်းလိလိ တဒိန်းဒိန်း မြည်ဟည်းသွားပါတော့သည်။

ကြည့်စမ်းပါဦး၊ ဒါ သူ ဆူလိုက်လို့ ဝမ်းနည်းပြီး သတိလစ်သွားတဲ့အထိ နူးညံ့နွေးထွေးသည့် စတာလေး ကိုယ်လုံးသွယ်သွယ်လေးကို ရင်ခွင်ကျယ်ကြီးထဲမှာ ခပ်တင်းတင်းကြီးပွေ့ဖက်ထားရင်းက သူ့ရင်ထဲမှာ မောလျသွားသလို စိတ်မကောင်းဖြစ်သွားရသည်။

သူ့ကြောင့် စတာလေး အခုလို ဖြစ်သွားရတာ သူ့စိတ်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်တော့။

စိတ်ထဲမှာ မကောင်းတာ အမှန်ဖြစ်ခဲ့ပေမဲ့ ...

အင်း ... ဒီကောင်မလေး ချက်ချင်းကြီး သတိလစ်သွားတာကြီးကို သူ ယုံကြည်လက်ခံလို့မရ ဖြစ်သွားရသည်။

ပြီးတော့ ဒီကောင်မလေးက ညာဏ်များတတ်သည်။

သူမလေး ညာဏ်များတာလား၊ တကယ်ဟားဆိုတာ သိရအောင် သူ စတာလေးမျက်နှာလေးကို ငေးခနဲ စိုက်ကြည့်လိုက်မိပါသည်။ အဲဒီအချိန်မှာ မျက်တောင်ရှည်ကြီးတွေ စင်းကျပြီး မျက်ဝန်းကလေးမှိတ်ကာ အသက်ကလေးကို မျှဉ်းမျှဉ်းကလေးခိုးရှူနေတဲ့ စတာလေး မျက်ဝန်းလှလှလေးတွေကို သူ ဘယ်လိုချစ်မြတ်နိုးသွားမှန်း မသိအောင် ခံစားလိုက်ရကာ တစိုက်မက်



www.burmeseclassic.com

www.burmeseclassic.com



မက် ငုံ့နမ်းလိုက်မိသည်အထိ စိတ်တွေ လွတ်ထွက်သွားတော့သည်။

"ဟင် ... ဘာလုပ်တာလဲ၊ ဒါ ... ဒါ ဘာလုပ်တာလဲ ဦးတည်"

သူမလေး မျက်ဝန်းလုလုကလေးတွေကို သူ မြတ်နိုးစွာ ငုံ့နမ်းလိုက်တော့မှ သူမလေးရဲ့ ဟန်ဆောင်ပန်ဆောင် မျက်ဝန်းတွေက ကြောက်လန့်သလိုကလေး ပွင့်လာတော့သည်။ အဲဒီနောက် သူ့ကို ဒေါသသံ တုန်ယင်ယင်လေးဖြင့် ရန်တွေ့လာသည့် စတာလေးကို ရင်ခုန်နွေးဖျစွာ ညှို့ရီရီကြီး စိုက်ကြည့်ရင်း သူ ရယ်ချင်သွားရကာ ခပ်ဟက်ဟက်ကလေး ရယ်ပစ်လိုက်ပါတော့သည်။

"အဟတ် ... ဟား ဟား ... ဘယ့်နှယ်လဲ၊ မင်း သတိလစ်တာ သတိရသွားပြီလား၊ ဆက်ပြီး သတိလစ်နေပါဦးလား"

စတာလေး ဦးတည်ကို ဘာပြန်ပြောရမှန်းမသိအောင် စိတ်တွေ တအားလှုပ်ရှားသွားကာ မျက်နှာလေးတစ်ခုလုံး ထူထူအမ်းအမ်းကြီး ဖြစ်သွားရသည်။ သူ့မျက်နှာကြီးကိုလည်း လုံးဝလှည့်မကြည့်ရဲတော့ဘဲ ကြောင်အမ်းအမ်းလေး ဖြစ်သွားရလေသည်။

ပြီးတော့ သူ့ရင်ခွင်ထဲမှာ ရောက်နေတဲ့ ကိုယ်လုံးလေးကိုလည်း ရုန်းထွက်ပစ်လိုက်မိသည်။





ဦးတည်ကလည်း သူ ပြုမူလိုက်တဲ့ အပြုအမူကြီးကို ရက်စွဲ့သွားသလို စိတ်တွေ အရမ်းလှုပ်ရှားနေသလားမသိ။ သူမ မျက်နှာလေးကို လုံးဝငုံ့မကြည့်တော့ဘဲ မျက်နှာကြီးကိုပင့်မော့ကာ သူ့ရင်ခွင်ထဲမှ သူမကိုယ်လုံးလေးကို ဆွဲခွာပေးလာခဲ့လေသည်။

စတာလေးကလည်း ဦးတည် ရင်ခွင်ထဲမှ လွတ်မြောက်သွားလျှင် သွားချင်း အခန်းထဲကို စွတ်ခနဲ ပြေးဝင်သွားကာ အခန်းတံခါးကို လော့ခ်ချပစ်လိုက်သည်။ အဲဒီနောက် ကုတင်လေးပေါ် တုံးလုံးကလေး လှဲချလိုက်ပြီး အသည်းထဲမှာ သိမ့်သိမ့် စီးဝင်သွားခဲ့သည့် ခံစားမှု နွေးနွေးလေးကို အသည်းသားကာ ပြန်တွေးရင်းဖြင့် ရက်စွဲ့ရင်ခုန်သွားရကာ ခေါင်းအုံးကလေးပေါ် မျက်နှာလေး အပ်ချလျက် တအိအိ ငိုရှိုက်လိုက်ပါတော့သည်။

အို ...

သူနမ်းလိုက်တဲ့ အငွေ့အသက်ကြီးက သူမရဲ့အစိမ်းသက်သက် နှလုံးသားနုနုကလေးကို ညှို့ယူသိမ်းပိုက်လိုက်သလိုကြီး ခံစားရသည်။

ဒီလူကြီး သူမကို လစ်ပြီထင်ပြီး အခုလို ခပ်ကြမ်းကြမ်းကြီး နမ်းရှိုက်လိုက်တာဟာ သူမအပေါ် နဂိုကတည်းက စေတနာမှ မရှိခဲ့လို့ပဲ ဆိုတာကို သူမနှလုံးသားက ထိတ်လန့်စွာ သိရှိလိုက်ရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အို ... ဦးတည်ရယ်၊ ဒီလောက် အသက်ကြာနေခဲ့တာတောင် ဘာဖြစ်လို့များ စတာလေးအပေါ် မရိုးသားစိတ်မွေးချင်ရတာလဲဟင်။

တစ်သက်လုံး အတူနေလာခဲ့တဲ့ လူတစ်ယောက်ရဲ့ အထိအတွေ့ ကြမ်းကြမ်းအောက်မှာ သူမ ရင်ခုန်ပျော်ဝင် ယစ်မူးသွားခဲ့မိပြီလား။

အို ... ဟင့်အင်း၊ စတာလေး ဦးတည်ကို ဦးလေးတစ်ယောက်လို ရိုးရိုးသားသား ခင်မင်ခဲ့တာကလွဲပြီး နှလုံးသားထဲက ချစ်ခင်ဖို့ဆိုတာ စဉ်းစားလို့မရခဲ့။

ဦးတည်ကတော့ ယောကျ်ားပီပီ အခွင့်အရေးတစ်ခုကို အသုံးချသွားခဲ့သလို သူမကိုများ တစ်ချိန်ချိန်မှာ လက်ထပ်ဖို့တောင်းဆိုလာဦးမှာလားမသိ။

အခုလို မထင်မှတ်ဘဲ သူမကို မရိုးသားစိတ်တရားဝင်ပေးလာခဲ့တော့မှ သူမအပေါ် ဦးတည် မရိုးသားခဲ့ဘူးဆိုတာကို လက်တွေ့သိမြင် ခံစားလိုက်ရပြီဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူ ရုတ်တရက်ကြီး နမ်းလိုက်တဲ့ အပြုအမူကြမ်းကြီးက သူမနှလုံးသားလေးကို ရှက်ရွံ့ရင်း ရင်ခုန်ခဲ့ရပြီမို့ သူနှင့် မျက်နှာချင်း မဆိုင်မိအောင်ကိုပဲ ဝေးဝေးကွင်းရှောင်နေဖို့ ဆုံးဖြတ်လိုက်မိပါတော့သည်။

❤ ✣ ❤





၄

ညက ထမင်းမစားဖြစ်တော့ဘဲ အခန်းထဲမှာပဲ မုန့်ဘူးတစ်ဘူးကုန်အောင် စားပစ်ပြီး ရေသောက်ကာ အိပ်ပစ်လိုက်သည်။ ဦးတည်ကလည်း ညက အဖြစ်အပျက်ကလေးကို မျက်နှာပူကာ ရှက်ရွံ့သွားသည်ထင်သည်။

ညက သူလည်း စတာလေး စာကျက်တာကို လာဆောင့်ကြည့်မပေးတော့တာမို့ စတာလေး ဒီည တစ်ညလုံး လွတ်လွတ်လပ်လပ်ကြီး အိပ်ပစ်လိုက်ပြီး နံနက်မိုးလင်းတော့မှ ကပျာကသီ ရေချိုးပစ်လိုက်ကာ ကျူရှင်မှာ စာပြန်ဖို့ အလေ့တကြီး စာတွေကို ဖတ်လိုက်ပါတော့သည်။

အင်း ...

ဒီနှစ် ဆယ်တန်းဝင်ကြီး ကျွတ်မှဖြစ်မည်။ မကျွတ်ရင် ဦးတည်ရဲ့ အုပ်ချုပ်မှုအောက်က လွတ်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



စတာလေး ဘယ်သူ့အုပ်ချုပ်မှုကိုမှ မလိုချင်တော့ ငြီးငွေ့လှသည်။

စတာလေး ဆယ်တန်းအောင်သွားရင် ဒက်ဒီ ဦးဆောင်ခဲ့တဲ့ ကုမ္ပဏီကြီးမှာ မန်နေဂျင်းဒါရိုက်တာ(MD)မဖြစ် နိုင်တောင် ဒါရိုက်တာအဖွဲ့ဝင်လောက်တော့ ဖြစ်ချင်သည်။

ဦးတည်ကတော့ အစစအရာရာ ကုမ္ပဏီလုပ်ငန်း ကြီးကို ကျွမ်းကျင်သွားခဲ့ပြီး ငွေအင်အားက နိုင်သွားပြီမို့ ဒက်ဒီ ကုမ္ပဏီမှာ MD ဖြစ်နေပြီဖြစ်သည်။

ဒက်ဒီနဲ့ ပူးပေါင်းတုန်းက ဒက်ဒီ့လက်အောက်ခံ ရှယ်ယာဝင် ဒါရိုက်တာလုပ်ပြီး ဒက်ဒီရဲ့လူယုံတစ်ယောက်။

အခုတော့ သူက ဒက်ဒီ့ကုမ္ပဏီကို အုပ်ချုပ်ရသည့် အပြင် နောက်ထပ်ကုမ္ပဏီကြီးတစ်ခုကို သူ့ကိုယ်ပိုင် ထူထောင် သွားနိုင်ခဲ့သလို၊ စင်ကာပူမှာတောင် ကုမ္ပဏီတစ်ခု ထောင်ထား နိုင်ခဲ့တာမို့ သူ စီးပွားရှာနိုင်ခဲ့တာကြီးကို စတာလေးတို့ အန်တီ ကြီးတို့ အံ့သြမဆုံး ဖြစ်ခဲ့ရသည်။

ဦးတည် Brain ပြေးတာကြီးကို အန်တီကြီးက တဖွဖွ ချီးကျူးတော့ လူကြီးက ဘဝင်လေဟပ်ပြီး မြောက်ကြွကြွ ဖြစ်နေတာ။ ပြီးတော့ သူ့မှာ ဘာအကြံအစည်တွေများရှိလို့ စတာလေးကို ဒီလောက်ကြီးအထိ သဲကြီးမဲကြီး ချုပ်ချယ်နေတာ လည်းမသိ။





မဟုတ်မှလွဲရော စတာလေးကို စတာလေး အလို ရှာတဲ့ လက်ထပ်ဖို့ ကြိုးစားလို့ကတော့ စတာလေး အကြောင်း ကောင်းကောင်းသိသွားအောင် လုပ်ပစ်လိုက်မည်။

ဟွန်း ... လူကြီးကိုက ရုပ်ကတ်သလို ကြည့်သလို ကြောင်သူတော် ကြွက်သူခိုးရုပ်ကြီး။ အန်တီကြီးရှေ့မှာ ဆက် တော့ သူမအပေါ် အစ်ကိုယောင်ယောင် ဦးလေးယောင်ယောင်၊ ယ်ရာမှာကျ သူမလက်ကလေးကို အမြဲတမ်း ငယ်ငယ်ကတည်း ဖွဖွကလေး ဆုပ်ကိုင်တတ်တဲ့ သူ့အကျင့်ကြီးကို အခုမှ သူမ န်းတီးစိတ်တွေ ဖြစ်သွားရသည်။

ညက အဖြစ်အပျက်ကြီးကို စတာလေး ပြန်ပြီး တွေးရဲလောက်အောင် မျက်နှာလေးတစ်ခုလုံး ထူအမ်းရှက်ရွံ့နေ သလို စိတ်တွေထဲမှာလည်း အရမ်းလှုပ်ရှားကာ စာတွေလည်း ကျက်လို့မရတော့။

"ကျွီ"

"ဟင်"

ကျက်လက်စ စာအုပ်ကလေးကို စတာလေး ကျော ပိုးအိတ်ကလေးထဲ သိမ်းလိုက်တဲ့အချိန်မှာပဲ "ကျွီ"ခနဲ တံခါးဖွင့် သံကြောင့် တံခါးဝကို အလန့်တကြား လှည့်ကြည့်လိုက်မိ တော့ ထင်တဲ့အတိုင်း ဦးတည် ဖြစ်နေတာမို့ သူမစိတ်ထဲ ကျင် ရှုပ်ရှုပ်တွေးသွားရသည်။

www.burmeseclassic.com



ကုမ္ပဏီသွားဖို့ အဆင်သင့် ပြင်ဆင်ထားသည့် Lacoste ရှပ်ကာဗီရောင် ကွက်စိပ်လက်ရှည်နှင့် ဂျင်းဘောင်း ရှည်ကို တွဲဝတ်ထားပြီး ရှင်းသန့်တည်ကြည်သည့် ဦးတည်ရဲ့ မျ နှာချောချောကြီးကို အခန်းဝမှာ ဘွားခနဲ ရုတ်တရက်ကြီး တွေ့ လိုက်ရသဖြင့် စတာလေး ကြောက်လန့်ရင်ခုန်သွားရကာ သူ့မျ နှာချောချောကြီးကို သတိလက်လွတ် ငေးခနဲ စိုက်ကြည့်လိုက် ပြီးမှ ညက အဖြစ်အဖြစ်အပျက်ကြီးကို သတိရသွားပြီး မျက် လေး တစ်ခုလုံး နွေးခနဲနီသွားကာ ဆတ်ခနဲ မျက်နှာကလေး လှည့်ပစ်လိုက်မိသည်။

"စတာလေး ... မင်း ကျူရှင်သွားရင် ကိုယ့်ဘာသာ ကား မောင်းမသွားရတော့ဘူး၊ ကိုယ် လိုက်ပို့မယ်၊ ညနေပြန်ရ လည်း ကိုယ်ပဲ လာကြိုမယ်"

စတာလေး စိတ်ထဲ ခံပြင်းသွားရသည်။

ကြည့်စမ်း ... စတာလေးကို အိမ်မှာ ချုပ်ချယ် မက ကျူရှင်အထိပါ လွတ်လပ်ခွင့် မပေးတော့၊ ဒီလိုမျိုးကိုတော စတာလေး လုံးဝလက်မခံနိုင်ခဲ့ချေ။

သူ့လုပ်ရပ်တွေကို မုန်းတီးလွန်းလို့ စတာလေး မျက်လုံးကလေး ဒေါသအရောင် လက်ထသွားရကာ သူ့ကို မုန် တီးစွာ ခပ်စူးစူးလေး စိုက်ကြည့်ပစ်လိုက်သည်။





"ကိုယ့်ဘာသာပဲ ကားမောင်းမှာပေါ့၊ ဆယ့်ငါးမိနစ်လောက်ပဲ ကားမောင်းရတာ၊ ဦးတည် လျှောက်ကန့်သတ်စရာမလိုပါဘူး"

"လိုတယ်၊ မင်းကို ဒီအတိုင်း လွှတ်ထားလို့ မဖြစ်တော့ဘူး"

"ဦးတည် ... စတာလေး သိက္ခာကို မချပါနဲ့"

"အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောမနေနဲ့၊ အဝတ်အစားလဲတော့၊ ကိုယ် လိုက်ပို့ပေးမယ်၊ နံနက်စာရော စားပြီးပြီလား၊ မစားရသေးရင်လည်း သွက်သွက်သွားစား၊ သွားရအောင်"

"မသွားဘူး၊ ဦးတည် စတာလေးကို ခြေချုပ်မိအောင် လိုက်ချုပ်ချယ်စရာ မလိုဘူး၊ စတာလေး အသက်ဆယ့်ကိုးနှစ်ရှိပြီ၊ ကိုယ့်ဘာသာ မှန်တာ မှားတာ ဝေဖန်နိုင်ပြီ"

"မင်းဘာသာ မှန်တာ မှားတာ ဝေဖန်နိုင်နိုင် မနိုင်နိုင် မင်း ကိုယ်ပိုင်ကားမောင်းပြီးတော့ကို မသွားရတော့ဘူး၊ ဒါ ငါ့အမိန့်ပဲ၊ အန်တီကြီးကလည်း မင်းကို ကားမမောင်းရတော့ဘူးတဲ့၊ ကဲ ... အဝတ်အစားလဲပြီး သွားမယ်"

စတာလေး ရင်ထဲ စူးခနဲ ဖြစ်သွားကာ ဒေါသလေး ရင်ထဲဆို့တက်သွားရသည်။ စတာလေးကို ဒီလူကြီး ချုပ်တာ လွန်လွန်းသည်။ သူနှင့် သက်ဆိုင်ထားသူလို ဘာမှလုပ်လို့မရအောင် လိုက်ပြီး ချုပ်ချယ်နေခဲ့တာကြီးကို သူမ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



နည်းစွာ ငိုကြွေးလိုက်ချင်ပေမဲ့ သူ့အရှေ့မှာ ငိုဖို့ စိတ်ကူးတောင် မထည့်မိခဲ့။

သူ့ရှေ့မှာငိုရင် သူ့ကို အရှုံးပေးရာ ရောက်မည်။ မငိုဘူး … ငါ လုံးဝမငိုဘူး။

စတာလေး စိတ်ကို တင်းထားပြီး အံကလေးကို ဖိကြိတ်ပစ်လိုက်ကာ သူမ မျက်နှာကို မှုမှုမင့်မင့်ကြီး စိုက်ကြည့်နေသည့် လူကြီးကို မုန်းတီးလွန်းစွာဖြင့် ခပ်စိမ်းစိမ်းလေးပြန်စိုက်ကြည့်လိုက်သည်။

"ကဲ … အဝတ်အစားလဲတော့လေ၊ ပြောရတာ နားအေးလိုက်တာ"

"မလဲဘူး၊ ကျူရှင်လည်း ဆက်မတက်တော့ဘူး၊ ဒီအိမ်မှာလည်း မနေချင်တော့ဘူး"

"ဘာကွ"

သူ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ စတာလေးကို ဒေါသတကြီး အော်ဟစ်ပစ်လိုက်ပြီး စတာလေး ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းကြီး လှုပ်ကိုင်ခါယမ်းလိုက်သည်။

ပြီးတော့ … သူ့ကို မျက်ရည်လေးတွေနှင့် ခပ်စိမ်းစိမ်း စိုက်ကြည့်လာသည့် စတာလေးရဲ့ မျက်နှာချောချောလေးကို ခပ်ထန်ထန်ကြီး စိုက်ကြည့်ပစ်လိုက်ကာ ဒေါသတွေကို ကြိတ်မှိတ်ချလိုက်ရသည်။





စိတ်ရှိတိုင်း လုပ်ပစ်ရရင် သက်သက်ပြဿနာဖြစ်ဦးမည်။

ငိုစမ်း … ကြိုက်သလောက် ငိုစမ်း၊ မင်းကို ဒီတစ်ခါတော့ အလျှော့မပေးတော့ဘူး စတာလေး။

စတာလေး တိတ်တိတ်ကလေး ကျိတ်ငိုနေတာလေးကို ကြည့်ပြီး အသည်းယားကာ စိတ်ထဲကပဲ ကျိတ်ကြိမ်းဝါးလိုက်ရင်း စတာလေး ကိုယ်လုံးလေးကို သူ့ဘက်ကို ဆွဲလှည့်ပစ်လိုက်ကာ …

"အဝတ်အစားလဲ၊ ငါ အပြင်က စောင့်နေမယ်၊ ငါးမိနစ်အတွင်း ရောက်အောင်လာခဲ့"

"စတာလေးကို အဲဒီလို အမိန့်မပေးနဲ့၊ စတာလေး လုံးဝ မကြိုက်ဘူး … အဟင့် … ဟင့်"

ဦးတည် အရှေ့မှာ သူမ မရှက်နိုင်တော့ဘဲ ရှိုက်ငိုလိုက်ပါတော့သည်။

ပြီးတော့ သူ့ရင်ခွင်ထဲကို ရောက်နေသည့် ကိုယ်လုံးလေးကိုလည်း တအားရုန်းထွက်ယူလိုက်ပြီး သူ့ကိုကျောခိုင်းကာ မှန်တင်ခုံက မိတ်ကပ်ဘူးတွေ၊ ရေမွှေးဘူးတွေ၊ ပေါင်ဒါဘူးတွေကို နံရံနဲ့ ပစ်ခွဲပစ်လိုက်သည်။

ဖြစ်နိုင်ရင် အမိန့်ပေးနိုင်လွန်းသည့် ဒီလူကြီးကို ခေါင်းတစ်ခုခုနှင့် ပစ်ပေါက်လိုက်ချင်တာ။ ဒီလူကြီးကို မုန်းတယ်၊ အရမ်းမုန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



စတာလေး တစ်ယောက်တည်း စိတ်ထင်တိုင်း လျှောက်လွှင့်ပစ်လိုက်သည်။

"ခလွမ်း"

"ဒုန်း"

"ဝုန်း"

စတာလေး လျှောက်ပြီး လွှင့်ပစ်နေတာကို လုံးဝ ဂရုမစိုက်ဘဲ ချာခနဲ လှည့်ထွက်သွားသည့် ထိုလူကြီးနောက်ကျော ပြင်ကြီးကို တစ်ခုခုနှင့် လှမ်းပစ်ချင်စိတ်တွေကို မနည်းထိန်းချုပ်ထားရသည်။

အဲဒီနောက် စတာလေးတစ်ယောက် စိတ်မထိန်းနိုင်တော့ဘဲ ခုတင်ပေါ်မှာ မျက်နှာလေး မှောက်ချကာ ဝမ်းနည်းကြေကွဲစွာ ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

ဒီအိမ်က အန်တီကြီးဆိုတဲ့ အမျိုးသမီးကြီးကလည်း ဦးတည်သာဆိုတဲ့ လူကြီးရဲ့ အမိန့်အောက်ကများ မလွတ်နိုင်လို့လား။

မဟုတ်မှလွဲရော စတာလေးတို့ရဲ့ စည်းစိမ်တွေကိုများ ဒီလူကြီး အပိုင်စီးသွားပြီလား။ ဒီလောက် ကိုယ့်တူမလေး တစ်ယောက်လုံးကို ဩဇာအာဏာပြနေတာတောင် ဘာချိုသည် ခါးသည် စကားတစ်ခွန်းမှ ဝင်မပြောတဲ့ အန်တီကြီးကိုလည်း စိတ်နာသည်။





အန်တီကြီးဖြစ်ပြီး သူမဘက်က ဘာမှကူညီပြီး စကားပြောပေးတာမရှိ။ ဒါကြောင့် ဒီလူကြီးက သူမဘဝကို သူ့လက်ခုပ်ထဲကရေလို သဘောထားနေခဲ့တာ။

ဒီအတွေးလေးက ရင်ထဲက ဒေါသတွေကို ဆူပွက်စေကာ မျက်လုံးအိမ်ကလေးတွေ အစ်ကျလာတဲ့အထိ စိတ်လွတ်ကိုယ်လွတ်ငိုပြီးမှ အကျီအဝတ်အစား လဲလိုက်ရသည်။

ဘယ်လိုပဲဖြစ်ဖြစ် စတာလေးမှာ သူတို့ကို အာခံနိုင်တဲ့စွမ်းအား မရှိတော့။

သူတို့ရဲ့ အုပ်ချုပ်မှုအောက်မှာပဲ သူမက အမြဲတမ်း ရှင်သန်နေရမည်ဖြစ်သည်။

အဝတ်အစားလဲပြီးလို့ အခန်းအပြင်ကို စိတ်မကြည်စွာဖြင့် ထွက်လာတော့ သူမ အခန်းဝမှာ ခါးကြီးနှစ်ဖက်ထောက်ပြီး အခန်းဝကနေ စောင့်နေတဲ့ ဦးတည်ကို တွေ့လိုက်ရသဖြင့် ငိုချင်သွားရသည်။

ကိုယ့်ကိုယ်ကိုယ် သူ့ကို ကြောက်ရွံ့နေရတဲ့ မိန်းအလေးအဖြစ် ရှက်လည်းရှက်မိသည်။

"နံနက်စာရော စားပြီးပြီလား"

ဩဇာပေးနိုင်လွန်းသည့် ဒီအသံကြီးကို စတာလေး သိပ်မုန်းသည်။ ဒီအသံကြီးကို လုံးဝမကြားရအောင် နားနှစ်ဖက်ကို ခါးခါးသီးသီးကို ပိတ်ပစ်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နံနက်စာ စားပြီးပြီလားလို့ မေးနေတယ်လေ"

"မစားဘူး၊ မစားဘူး"

"မစားရင် ငတ်မှာပေါ့ကွ"

"ငတ် ... ငတ်"

စတာလေး ကြုံးအော်ပစ်လိုက်သည်။

စတာလေး အော်လိုက်တာကို သူက သဘောကျသွားပြီး ရယ်လိုက်သေးသည်။

"အဟွန်း ... ဟွန်း ... အသက်ကဖြင့် ဖင်ဆောင့်နေပြီ၊ အခုထိ ကလေးဆန်တုန်း"

"အသက်ဖင်ဆောင့်တာက ဦးတည်၊ အသက်ဖင်ဆောင့်လို့ မိန်းမတောင် မရတော့ဘူး၊ ဘယ်မိန်းမကမှလဲ ယူမှာ မဟုတ်ပါဘူး"

"အဟုတ် ... ဟား ဟား ... ထင်သေးလို့လား"

"ထင်တာမဟုတ်ဘူး၊ မြင်နေတာ မြင်နေတာ"

"ဟုတ် ... ဟား ဟား ဟား ... ဒီမှာ ငါယူရင် နှစ်ပွဲ့ဖူးလု နေတဲ့ မိန်းမချောလေးတောင် အခုယူ အခုရတယ်မှတ်"

"အိုး ... ရမလား၊ ဦးတည်လို သက်ကြားအို ဆံဖြူသွားကျိုးကို ဘယ်သူမှ မယူတော့ဘူး၊ အခုခေတ် ချားတစ်ကလေးတွေက New Moed Small လေးတွေမှ"

"ဟာကွာ ... စတာလေးနော်"





စတာလေး စကားကို သူ ဘယ်လိုမှ စိတ်ရှည်သည်း ဆို့ မရတော့သည့်အဆုံး စတာလေး ခေါင်းလေးကိုထုဖို့ လက် ကြီးကို ရွယ်လိုက်မိသည်။

သူ လက်ရွယ်လိုက်ချိန်မှာပဲ သူ့ကို ကြောက်အား နဲ့အားနှင့် ခေါင်းကလေးငုံ့ မျက်လုံးကလေးကို တအားမှိတ်ချ ပြီး ကြောက်ရွံ့သွားသည့် စတာလေးကို ကြည့်ရင်း သူ့ရင်ထဲ နှင့်မှုံ့ခြိမ့်ကြီး ခံစားလိုက်ရကာ သူမလေးခေါင်းပေါ် ရောက် တော့မဲ့ဆဲဆဲ လက်ကလေးလည်း ပြေကျသွားတော့သည်။

အင်း ... အဲဒီလိုလေး ကြောက်ရွံ့တတ်တဲ့ ...

သူမလေးကိုလည်း သူ ကျိတ်ပြီး အသည်းယား မြတ်နိုးသွားရကာ ခေါင်းကလေးကို ခပ်ဖွဖွကလေး နှစ်သိမ့် လိုကလေး ပွတ်ပေးလိုက်မိတော့သည်။

ဒီအချိန်မှာ အန်တီကြီးက သူတို့နှစ်ယောက်ကို မြင်သွားခဲ့သဖြင့် သူ နည်းနည်းရှက်ရွံ့မိသေးသည်။

"ဟယ် ... ဒီနှစ်ယောက် အခုထိ မသွားကြသေးဘူးလား၊ မောင်တည်သာ ... မင်း ကုမ္ပဏီသွားရဦးမယ်လေ၊ စတာလေးကို ဝင်ပို့ရဦးမှာနဲ့ ကုမ္ပဏီကို တန်းသွားရမှာ မဟုတ်ဘူး၊ သွားကြတော့လေ၊ သမီးကရော နံနက်စာစားပြီးပြီလား၊ မစားရသေးရင် အန်တီကြီး မုန့်ထည့်ပေးလိုက်မယ်"

"ထည့်ပေးစရာ မလိုပါဘူး၊ စတာလေးမှာ လက်ပါသေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



စတာလေးက ခပ်ဆတ်ဆတ်ကလေး ပြန်ပြောလိုက်တော့ အန်တီကြီးက ဆတ်ဆတ်ခါ နာသွားလေသည်။

"ဟဲ့ ... လူကြီးကို ဒီလို မချေမငံ ပြန်ပြောစရာလား စတာလေးရဲ့၊ ညည်းကို အလိုလိုက်ထားတာ၊ သိပ်ဆိုးမယ် မပြင်နဲ့၊ ဒီထက်ဆိုးလာရင်တော့ ငါ ညည်းကို ယောက်ျားပေးစားပစ်လိုက်မယ်မှတ်"

"အန်တီကြီးတို့ ပေးစားတိုင်း စတာလေးက ယူရမှာလား အန်တီကြီးက ဒီလူနဲ့သဘောတူလို့ လက်ထပ်စေချင်ရင် စတာလေးက ဟိုလူကို လက်ထပ်ပြမယ်"

"ဟင် ... ညည်း ... ညည်း ... ပြောရင်း ဆိုရင်း စကားကို မချေမငံ ပြန်ပြောနေတာ၊ ငါ့ကို သတ်ပစ်လိုက်တော့ စတာလေး"

"အန်တီကြီးတို့ ချုပ်ကိုင်တာ လွန်လွန်းနေပြီပဲ"

"တော်တော့ စတာလေး၊ မင်း စကားတစ်ခွန်းမှ ထပ်မပြောတော့နဲ့"

စတာလေး အံကလေးဖိကြိတ်ပြီး ဦးထုပ်ကို ခပ်စိမ်းစိမ်း ကြည့်လိုက်သည်။ အကြံတူ ဉာဏ်တူသမားနှစ်ယောက်၊ မျက်နှာကြီး အပျက်ကြီး ပျက်နေတာကိုပဲကြည့်။

ဟင်း ... စတာလေးကို အပိုင်တွက်ပြီး ချုပ်ချယ်လို့ကတော့ စတာလေးတို့က ဖွဲ့အပြင် ရည်းစားတွေ လျှောက်ထားပစ်လိုက်ဦးမည်။





အထူးသဖြင့် သူနဲ့အနီးစပ်ဆုံးလူကိုမှ သူ့ရှေ့မှာ ရွေးပြီး တွဲပြလိုက်ဦးမည်။ သူမကိုများ သူတို့လှော်တိုင်း ရမယ် အောက်မေ့နေတာ။

စတာလေး ...

အန်တီကြီးနှင့် ဦးတည်ကို လုံးဝဂရုမစိုက်တော့ဘဲ သူတို့အရှေ့မှ ခြေသံပြင်းပြင်းနှင့် နင်းထွက်လာကာ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

ဟွန့် ...

အနောက်က Body Guard ကြီးက ကျေးနွားရှင်ကြီးလိုလို ဘာလိုလိုနှင့် ကပ်ပါလာခဲ့ပြီ။

ပြီးတော့ စတာလေးကို ချုပ်ကိုင်တော့မည်။

ဒီထက်တိုးပြီး စတာလေးကို ချုပ်ကိုင်လာလို့ကတော့ စတာလေးက သူ့ရဲ့အတွင်းလူနဲ့ကို ချစ်သူဖြစ်ပြလိုက်ဦးမည်။

ဒါ စတာလေးရဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်သည်။

စတာလေးနဲ့ ပတ်သက်ပြီး သူ့ရင်ထဲမှာ ဆတ်ဆတ်နာကျင်သွားခဲ့မယ်ဆိုရင် စတာလေး ကျေနပ်ပါသည်။

❤ ✣ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၅

တည်သာ တစ်ယောက်တည်း ရုံးခန်းစားပွဲမှာ ငုတ်တုတ်ကြီးထိုင်ပြီး စိတ်ထဲမှာ တနုံ့နုံ့ဖြစ်ကာ အခံရခက်နေ ကြီး ဖြစ်နေသည်။

မနက်က စတာလေးတို့ ဝိုင်းကျူရှင်ကို ကား လိုက်ပို့ပေးပြီးကတည်းက သူ့စိတ်ထဲမှာ ကြည်လင်ကျေနပ်မှုမရှိ

စတာလေး လုပ်ရပ်တွေကို သူ လုံးဝမနှစ်သက်

သူမကို သူမတို့တက်ရတဲ့ တိုက်ရှေ့သို့ ကား လိုက်ပို့လိုက်တဲ့ အချိန်မှာပဲ သူမရဲ့ဆတ်စလူးခါတဲ့ စရိုက် ကို တွေ့မြင်လိုက်ရသဖြင့် သူ ရှက်လည်းရှက်၊ ဝမ်းလည်းဝ နည်းသွားပါသည်။

သူ့ကားကြီး တိုက်ရှေ့သို့ ထိုးရပ်လိုက်တာနဲ့ ကား တံခါးကို ဝုန်းခနဲ ဆွဲဖွင့်လျက် သူမ မျက်နှာလေးကို ရှုန်းရှု





ဘားစား စိုက်ကြည့်ပြီး အခစား ဝင်ရောက်လာတဲ့ ကောင်လေးဆီ အပြေးအလွှား လျှောက်သွားကာ သူမလက်ထဲက စာအုပ်ကလေး တွေကို ကောင်ကလေးလက်ထဲ ထိုးပေးလိုက်ရင်းက ကောင်က လေးလက်တစ်ဖက်ကို ဟီးလေးခိုတွဲသွားသည့် စတာလေးရဲ့ ရဲတင်းမှုကြီးကို မျက်စိတွေ ပြာဝေမူးမိုက်သွားမတတ် ဒေါသဖြစ် သွားရကာ ကျူရှင်မှာဆိုတဲ့ အသိစိတ်ဖြင့် စိတ်ကို အနားသတ် လိုက်ရပြီး နှုတ်ခမ်းသားကို တင်းတင်းစေ့ကြိတ်ရင်း ကုမ္ပဏီကို ကားနဲ့ထွက်လာခဲ့ရသည်။

ရင်ထဲမှာတော့ ဖျပ်ဖျပ်လူး နာကျင်အောင် ဖြစ်သွား ရကာ စတာလေးကို တစ်ခုခု လုပ်ပစ်ချင်စိတ်တွေ ကြွတက်နေ ခဲ့သည်။

နေနှင့်ဦးပေါ့ စတာလေးရယ်၊ ညနေကျမှ မင်းနဲ့ ငါ ဘာပြဿနာဖြစ်ဖြစ် တွေ့ကြတာပေါ့ကွာ၊ မင်းကို ငါ ဒီ အတိုင်း လက်ပိုက်ကြည့်လို့ မနေနိုင်တော့ဘူး၊ မင်းလို ဆတ်စလူး ဆတဲ့ မိန်းကလေးမျိုးကို ငါ ကောင်းကောင်းကြီး ဆုံးမပြ ယ်မှတ်။

မင်း နောင်တရသွားစေရမယ် စတာလေး။

"ဘော့စ် ... ဒီမှာ အခုတစ်ပတ် စင်ကာပူက တင်သွင်း လိုက်တဲ့ အလှကုန်စာရင်းတွေ"

ဆိုဖာကြီးကိုမှီပြီး တစ်ယောက်တည်း ဒေါသကျိတ် နေချိန်မှာပဲ သူ့ရဲ့ Secretary မလေး ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



စာရွက်စာတမ်းတွေကို သူ့ရှေ့က မှန်စားပွဲမှာ တင်ချလိုက်ပါသည်။

"ဪ ... ဟုတ်ပြီ၊ ဟုတ်ပြီ၊ ထားခဲ့"

သူက ပျက်ယွင်းနေတဲ့ မျက်နှာကို အတတ်နိုင်ဆုံး ပြင်ဆင်လိုက်ပြီး ပြောလိုက်ရသည်။

အိမ်ရောက်မှပဲ စိတ်ထဲရှိသမျှ အစွမ်းကုန်ပေါက်ကွဲရတော့မည်။

အလုပ်ထဲမှာ သူမအကြောင်း တွေးလို့မဖြစ်။ သူမအကြောင်းတွေးရင် စိတ်ထဲမှာ ဒေါသတကြီး ရှူးရှူးဒိုင်းဒိုင်း ပေါက်ကွဲပစ်လိုက်ချင်သည်။

သူ စိတ်မထင်တိုင်း ပေါက်ကွဲပြီး မဲရရင်လည်း ကုမ္ပဏီက ဝန်ထမ်းတွေကို အလိုလို ဟောက်မိဦးမည်။ ကိုယ့်ကြောင့် သူတစ်ပါး စိတ်ဆင်းရဲမှာကို သူ မလိုချင်။

သူ တစ်နှစ်ကမှ တည်ထောင်လိုက်တဲ့ ကုမ္ပဏီကလည်း အောင်မြင်မှု ရခဲ့တာမို့ သူ့မှာ ကုမ္ပဏီနှစ်ခုကို ရုံးထိုင်ရတာ အချိန်ခြားပြီး ထိုင်နေရတာမို့ သူ့မှာ တစ်နေ့လုံးလိုလို နားချိန်မရှိ။

ဒီလို စီးပွားရေးတွေကို ဦးနှောက်ချာလပတ်လည်အောင် လုပ်နေခဲ့ရပေမဲ့ စတာလေးကတော့ သူ့ကို နည်းနည်းမှ နားမလည်။





မနက်က စတာလေးကြည့်တဲ့ မျက်လုံးစိမ်းတွေက သူ့ရင်ထဲမှာ အခုထိ နာသာခံခက်ကြီး ဖြစ်နေခဲ့သေးသည်။

ပိုပြီးဆိုးတာက မနက်က သူ့ရှေ့မှာ မခန့်လေးစား ဒီကောင်လေးလက်ကို သွားတွဲလိုက်တဲ့ အကဲပိုလွန်းသည့် သူမ အမူအရာတွေကို သူ မနည်းသည်းခံပြီး ပြန်ခဲ့ရတာ။

ပြန်သွားရင်တော့ မှတ်လောက် သားလောက် နောင်ကြည့်သွားအောင် ကောင်းကောင်းကြီး ဆုံးမပစ်ဖို့ သူ့စိတ်ထဲက ကြိတ်ငြိုးတေးလိုက်သည်။

"ဟင်း"

"ဟို ... ဘော့စ်၊ ကျွန်မလုပ်တာ ဘာအဆင်မပြေတာပါလို့လဲဟင်"

"ဪ ... ဪ ... ဘာမှမပါပါဘူးကွာ"

ရိုစီ ထွက်သွားပြီမှတ်လို့ သတိလက်လွတ် သက်ပြင်းကြီး ချလိုက်မိတာ၊ သူ့အမှား ဖြစ်သွားရသည်။

"ရိုစီ ဘာလုပ်စရာ ရှိသေးလဲ၊ လုပ်စရာရှိတာ သွားလုပ်လိုက်လေ၊ ကိုယ် စာရင်းတွေကို Check လုပ်ထားလိုက်မယ်"

"ဟုတ်ကဲ့၊ ကျွန်မကို ခွင့်ပြုပါဦး ဘော့စ်"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ပြလိုက်တော့ ရိစီက သူ့ကိုအကြည်ရွှန်းရွှန်းကလေးတွေနှင့် စိုက်ကြည့်ပြီး နွဲ့နွဲ့လေး အခန်းထဲမှ လှည့်ထွက်သွားလေသည်။

အင်း ...

အများတကာ မိန်းကလေးတွေကို ကြည့်လိုက်ရင် စကားပြော ယဉ်ကျေးသိမ်မွေ့ပြီး လမ်းကလေး လျှောက်တာက အစ ညင်ညင်သာသာ နွဲ့နွဲ့ပျောင်းပျောင်းကလေး။

စတာလေးကတော့ ဒီလိုမဟုတ်။

ကိုယ်ခန္ဓာ သွယ်လျပြီး အချိုးအစားကျကျလှပ အရပ်ရှည်ပေမဲ့ သူများလို နွဲ့နွဲ့ကလေးလည်း လမ်းမလျှောက်တတ်။

စိတ်ဆိုးရင် ပိုတောင်ဆိုးသေးသည်။

ပါးကေးကြမ်းခင်းတွေကို တဒုန်းဒုန်းမြည်အောင် ဖနောင့်ပေါက်နင်းပြီး စကားပြောရင်လည်း အသံဖြိုကြီးနှင့် စိတ်မထင်ရင် မထင်သလို အော်ကြီးဟစ်ကျယ်ပြောတာ။

အဲဒါကို သူ မကြိုက်တာ။

သူများတကာ မိန်းကလေးတွေလို နူးညံ့သည့်စကားလေးတွေနဲ့ နူးညံ့တဲ့ အပြုံးကလေးတွေဆင်ပြီး ညင်ညင်သာသာကလေးသာ လမ်းလျှောက်တတ်မယ်ဆိုရင် ဘာမှအပြစ်ပြောစရာမလိုအောင် စတာလေးက စင်းလုံးချော ချောတာ။





ဟာကွာ ...

တောက် ...

ဒီကောင်မစုတ်ကလေးအကြောင်းပဲ သူ တွေးလိုက်မိပြန်သည်။

အင်း ... ညနေကျ ကားနဲ့သွားကြိုရင်နဲ့ သူမလေးကို ဘယ်လိုပြဿနာလုပ်ရမလဲ ဆိုတာကိုပဲ စဉ်းစားထားလိုက်ပြီး ကုမ္ပဏီက အလုပ်ကိစ္စထဲမှာပဲ အာရုံစိုက်လိုက်ရပါတော့သည်။

❤ ✣ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၆

ညနေ ရုံးဆင်းချိန်မှာ စတာလေးကို သူ သွားကြိုတော့ စတာလေး မရှိတော့။ ကျူရှင် နေ့ဝက်ဖျက်ပြီး ပြန်သွားပြီဆိုတာကို သိလိုက်ရသဖြင့် သူ ပိုပြီး ဒေါသဖောင်းသွားရသည်။

ဒါ ... ဟိုကောင်လေးနဲ့ ပါသွားပြီဆိုတာကို သူ တစ်ထစ်ချ သိလိုက်ရသည်။

"တောက် ... အကြောပြောင်တဲ့ ကောင်မလေး၊ တွေ့မယ်"

အသံထွက်ပြီး ကြိမ်းဝါးလိုက်မိတဲ့အထိ သူ ဒေါသတွေ ပေါက်ကွဲသွားရလေသည်။

သူ့ရင်ထဲမှာ အခံရခက်ခက်ကြီးဖြစ်ကာ မေးကြောကြီးတွေ ထောင်ထတဲ့အထိ အံကို တင်းတင်းဖိကြိတ်ပြီး ကျူရှင်တိုက်ရှေ့မှကားကို ခပ်ကြမ်းကြမ်း မောင်းထွက်လာခဲ့မိသည်။

လမ်းတစ်လျှောက်လုံး ဒေါသကြောင့် အသားတွေတောင် တုန်လာရသည်။





ခြံထဲကို သူ့ရဲ့ LAND CRUISER ကားကြီး မောင်းဝင်ခဲ့ပြီး ကားကို ဂိုဒေါင်ထဲတောင် မသွင်းမိသေးဘဲ တိုက်ပေါ်ဆီကိုရှေ့မှာရပ်ကာ အိမ်ထဲသို့ ခြေလှမ်းကျဲတွေနှင့် လှမ်းဝင်ပြီး အပေါ်ထပ်ကို တန်းတက်လာခဲ့သည်။

အပေါ်ထပ်မှာ အန်တီကြီးနဲ့အတူ သူမကိုပါ တွေ့လိုက်ရသဖြင့် ရင်ထဲက ဒေါသတွေကို ကျိတ်မျိုချလိုက်ရပြီး အန်တီကြီးရှေ့မှာ သူမ ရည်းစားထားတဲ့ ကိစ္စကြီးနဲ့ စကားများရမှာ ရှက်စွံ့အားနာသွားရပါသည်။

ပြီးတော့ ...

ဒီကိစ္စကြီးကို အန်တီကြီးရှေ့မှာ ပြောပြီး ပေါက်ကွဲရမှာ သူလိုလူကြီးတစ်ယောက်အနေနဲ့ အင်မတန် ရှက်စရာလည်းကောင်းသလို နာကျင်ဖို့လည်း ကောင်းပါသည်။

ဧည့်ခန်းထဲကို သူ ဝင်လာတာ သိသိကြီးနှင့် မသိဟန်ဆောင်ပြီး ခေါင်းကလေးတောင် တစ်ချက်မော့ကြည့်ခြင်းမရသည့် စတာလေးကို နားရင်းပြေးအုပ်လိုက်ချင်တာ လက်ယားနေသည်။

"အန်တီကြီး ... ဒီကောင်မလေး ဘယ်အချိန်က ပြန်ရောက်တာလဲ"

စတာလေးကို တိုက်ရိုက်စကားမပြောဘဲ အန်တီကြီးကို မေးလိုက်တော့ စတာလေး ကိုယ်လုံးကလေး ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



တောင့်မတ်သွားပြီး သူ့ကို မကျေနပ်သည့် မျက်လုံးဝိုင်းကလေးနှင့် ခပ်စောင်စောင်ကလေး မော့ကြည့်လာခဲ့သည်။

သူက စတာလေး မျက်လုံးတွေကို အခဲမကျေစွာ စိုက်ကြည့်လိုက်ပြီး အန်တီကြီးဘက် မျက်နှာလွှဲလိုက်ရသည်။

ဒီကောင်မလေး မျက်နှာကို ဆက်ကြည့်နေမယ်ဆိုရင် ရင်ထဲက ဒေါသက တလှိုက်လှိုက် ဆူဝေလာတော့မည်။

"စောစောကတင် ရောက်တာ၊ နာရီဝက်လောက် ရှိသေးတယ်၊ နေမကောင်းဖြစ်ချင်တာနဲ့ ကျူရှင်တစ်ချိန် ဖျက်တယ်တဲ့"

"အဲဒါ သူ အန်တီကြီးကို ပတ်တာ၊ အိမ်သားတွေကို မလိမ့်တစ်ပတ် လုပ်ရဲတာ၊ ဒီလောက် လူကြီးတွေကို လိမ်ပတ်ပြောတတ်နေပုံ ရရင်တော့ ..."

သူ့စကားကို စတာလေး ဆတ်ဆတ်ခါ နာသွားပုံရလေသည်။

"ဦးတည် စကားပြောတာ ကြည့်ပြောပါ"

"ကြည့်ပြောတာပဲကွ၊ မင်းကိုယ်မင်း လည်လှပြီထင်ပြီး ထမင်းစားချိန်တည်းက ကျူရှင်ဖျက်သွားတာ၊ ဒါကို မင်းက ငါတို့ကို ညာလို့ပတ်လို့ ရမယ်ထင်ပြီး လိမ်နေတာ မဟုတ်လား၊ မင်း နေ့ခင်းက အချိန်တွေကို မင်းကောင်နဲ့ ဘယ်တွေလျှောက်သွားနေလဲ၊ ပြော ... ပြောစမ်း"





အန်တီကြီးရှေ့မှာ သူ မရှက်နိုင်တော့ဘဲ အသားတဆတ်ဆတ် တုန်လာတဲ့အထိ ဒေါသတကြီး ပေါက်ကွဲရလေသည်။

စတာလေးကို တစ်ခုခုလုပ်ပစ်ချင်စိတ်တွေဖြင့် သူမမျက်နှာလေးကို အခဲမကျေစွာ စိုက်ကြည့်ပြီး လက်သီးနှစ်ဖက် တင်းတင်းဆုပ်ပစ်လိုက်သည်။

အန်တီကြီးကတော့ သူ့တူမလည်တာကို ရင်ဘတ်အုံ့သြမဆုံး ဖြစ်နေသည်။

"အမယ်လေး ... စတာလေး၊ ညည်း ... ညည်း လည်လှချည်လား၊ ခုနကမှ ပြန်ရောက်တာ။ ကြည့်စမ်း ... လူကြီးတွေကို အရူးလုပ်နေတာ"

"အန်တီကြီးနော်၊ ဟိုလူကြီးဘက်ကနေပြီး စတာလေးကို မီးလောင်ရာလေပင့် လျှောက်ပြောမနေနဲ့"

"ဘာ ... မီးလောင်ရာလေပင့်လဲ စတာလေးရဲ့ ညည်း"

"အို ... ဘာမှ မကြားချင်ဘူး။ စတာလေးမှာ ကိုယ်ပိုင် free ရှိတယ်၊ စတာလေးဘာသာ ဘာလုပ်လုပ် ဘယ်သူ့အကြောင်းမှ မပါဘူး"

"ဘယ်သူ့အကြောင်းမှ မပါဘူးလို့ပြောရအောင် မင်းစကားက ဘယ်သူ့ကို ပြောတာလဲ၊ ပန်စတာလင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက ချုပ်ထိန်းထားသည့် ဒေါသတွေ ပေါ
ကွဲသွားရကာ စတာလေး ရှေ့သို့ ဝုန်းခနဲ ရောက်သွားပြီး စတာ
လေး ပခုံးနှစ်ဖက်ကို ဆွဲကိုင်ခါယမ်း မေးလိုက်သည်။

စတာလေးက အံကိုတင်းတင်းဖိကြိတ်ပြီး နာကျ
အခံရခက်နေသည့် အသံစူးစူးလေးဖြင့် ...

"ဦးတည် ... စတာလေးကို ဘာမှမဲစရာမလိုဘူး၊ စတာ
လေး စာကျက်နေတာပဲ"

"ဘာစာကျက်နေတာလဲ၊ မင်း အာရုံထဲမှာ ဘာစာမှမ
ဘူး၊ မင်းကို မနက်ကတည်းက ငါသည်းခံခဲ့တာ၊ မင်းအာ
ထဲမှာ ရည်းစားကောင်လေးပဲ ရှိတယ် မဟုတ်လား"

"ဟုတ်တယ်၊ ဘာဖြစ်လဲ၊ အရွယ်ရှိတုန်း ရည်းစားထားထာ
ဘာဖြစ်လဲ၊ သူများလို အရွယ်လွန်ပြီး ဘယ်သူမှမကြိ
လို့ ငေါင်းစင်းစင်းကြီး အထီးကျန်နေတာ မဟုတ်ဘူ
ရည်းစားဆိုတာ သူ့အရွယ်နဲ့သူ ထားမှရတာ၊ ဆံဖြူသွာ
ကျိုးအရွယ် ထားလို့ မရတော့ဘူး"

"ဟာကွာ ... တောက်၊ အန်တီကြီး ... အန်တီကြီးတူ
ကို ကျွန်တော် ရိုက်မိတော့မယ်နော်"

သူက စတာလေးကို ကြည့်ပြီး ကြိတ်မနိုင်ခဲ
ပြောလိုက်သည်။ စတာလေးက သူ့စကားကို ဆတ်ဆတ်ခါ
သွားပုံဖြင့် တစ်ခွန်းမခံ ပြန်ပက်လာသည်။





"ရိုက်စရာမလိုပါဘူး၊ ဦးတည်က စတာလေးကို ရိုက်ရ
အောင် ဦးတည်နဲ့ စတာလေးက ဘာဆိုင်လို့လဲ"

"အေး ... ဘာမှတော့ မဆိုင်ဘူး၊ ဒါပေမဲ့ မင်းကို ငါရိုက်
ပိုင်ခွင့်ရှိလို့ ငါရိုက်တယ်၊ မှတ်ထား"

"ဖြန်း"

"ဖြန်း"

"အား"

"ဦးတည် သူများကို နိုင်တိုင်းကျင့်ပြီး ချုပ်ချယ်တဲ့ လူ
စုတ်ကြီး"

"ဟင် ... မင်း မိုက်ရိုင်းတာ၊ ငါ့ကို လူစုတ်ကြီးလို့ ပြော
တယ်၊ ဟုတ်လား"

ရင်ထဲက ဒေါသတွေ မီးကုန်ယမ်းကုန် ပေါက်ကွဲ
သွားရလေပြီ။ ဆတ်ခနဲ စတာလေး ကုပ်ပိုးကလေးကို ဆွဲကိုင်
ဆွဲနှိမ်ပြီး တဖြန်းဖြန်း အဆက်မပြတ် ရိုက်ပစ်လိုက်ပြီး မိုက်ရိုင်း
လွန်းတဲ့ စတာလေး ပါးစပ်ကလေးကို လက်နှစ်ဖက်ဖြင့် ချုပ်ကိုင်
ကာ နှစ်ယောက်စလုံး လုံးလားထွေးလားဖြစ်ရင်း ဒေါသတွေ
ထင်တိုင်း ပေါက်ကွဲသွားကြလေတော့သည်။

စတာလေးကလည်း စိတ်လွတ် ကိုယ်လွတ် ပေါက်
ကွဲသွားကာ သူ့ရင်ဘတ်ကြီးကို တအားကျုံးကိုက်ဆွဲပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လွှတ် ... အား ... လွှတ်၊ လူစုတ်ကြီး နိုင်တိုင်းကျင့်တာ မုန်းတယ်၊ မာင့် ... သိပ်မုန်းတယ်"

သူက စတာလေး ကိုက်ဆွဲလိုက်တာကို မနည်းဖမ်းချုပ်ထားလိုက်ရင်းက လက်နှစ်ဖက်နှင့် ပါးစပ်ကို အတင်းဖိချုပ်ပစ်လိုက်သည်။

"အမယ်လေးလေး ... ဟဲ့ ... အို ... နှစ်ယောက်စလုံး နပန်းလုံးနေကြတာ မြင်မကောင်းပါဘူး၊ အမယ်လေး ... ဒုက္ခပါပဲ၊ တော်ပါတော့၊ တော်ကြပါတော့။ ငါ နင်တို့နှစ်ယောက်ကို ထိုင်ရှိခိုးရမှာလား၊ စတာလေး ... ညည်းတော်တော့၊ မောင်တည်သာ ဒေါသတွေကိုလျှော့၊ အန်တီတောင်းပန်ပါတယ်ကွယ်"

"ကျွန်တော့် အလွန်လား အန်တီကြီးရဲ့၊ သူ လူကြီးရှေ့မှာ ရည်းစားထားပြီး အကြောပြောင်တာကို ပြောင်စိန်ခေါ်ပြောရဲတာ နည်းနည်းမှ အရှက်မရှိတဲ့ မိန်းကလေး၊ သိက္ခာပျက်တဲ့ မိန်းကလေး၊ ဒီလောက် စည်းကမ်းနဲ့ ကြပ်မတ်တာတောင် ပျံလန့်ထွက်နေတဲ့ မိန်းကလေး"

"ဦးတည် ... သေချင်းဆိုးကြီး ... အီး ... ဟီး ... ဟီး ... လွှတ်"

"အမယ်လေး ... ငါ သေချင်တယ်၊ မောင်တည်သာ သူ့ကို လွှတ်ပေးလိုက်ပါတော့၊ တော်ပါတော့၊ နှလုံးရောဂါသည် ငါ့ကို နင်တို့ သေအောင်လုပ်နေကြတာလား"





အန်တီကြီးက သူနဲ့ စတာလေးကြားကို ကိုယ်လုံးအကားကားကြီးဖြင့် ဝင်ရောက်ဖျန်ဖြေခဲ့ပေမဲ့ စတာလေးက စိတ်မလျှော့ဘဲ သူ့ရင်ဘတ်ကြီးကို ကုန်းကိုက်ဆွဲဖို့ အပြင်းအထန်ကြိုးစားနေရသလို သူကလည်း စတာလေး ကိုယ်လုံးကလေးကို အစ်သားတည်းကပ်အောင် ဖိချုပ်ထားရာမှ လွှတ်ပေးဖို့ စိတ်မကူးဘဲ သူမကိုယ်လုံးကလေးကို ကိုင်ပေါက်ပစ်ဖို့အထိ ဒေါသတွေကြွတက်သွားရသည်။

"မင်းကို ငါ ကိုင်ပေါက်ပစ်ချင်တာ"

"ကျွန်မကလည်း ခင်ဗျားကြီးကို ကိုက်စားပစ်ချင်တာ"

ပြောလည်းပြော စတားလေးက သူ ချုပ်နှောင်ထားတဲ့ ညာဘက်လက်ဖျံကြီးဆီ ရှန်းရင်းကန်ရင်းနှင့် မျက်နှာကလေး ရောက်သွားကာ သူ့လက်ဖျံကြီးကို အားနဲ့ တအားကုန် ကိုက်ဆွဲပစ်လိုက်တော့သည်။

"အား"

"မှတ်ထား"

"မင်း ... မင်း ... ငါ့ကို ကိုက်ဆွဲတယ်"

"ကိုက်ဆွဲတယ်၊ ကိုက်ဆွဲတယ်"

မျက်လုံးလေး ဝိုင်းဝိုင်းကြီးက ကြောက်စရာကောင်းလောက်အောင် ပြူးထွက်နေသည့် စတာလေးကို ကြည့်ပြီး သူ ဆော်တော်လန့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ စတာလေး၊ ညည်း တော်တော့၊ ငါ ညည်းတို့ကို ရှိခိုးပါတယ်၊ တော်ကြပါတော့"

ပြောပြောဆိုဆို အန်တီကြီးက ကြမ်းပြင်ပေါ် ကျုံ့ကျုံ့ကြီးထိုင်ချကာ သူနှင့် စတာလေးကို ထိုင်ရှိခိုးနေတာမို့ သူ အလန့်တကြား ဖြစ်သွားကာ စတာလေးကို ပွေ့ချုပ်ထားရာမှ ကြုံးရုန်းထပစ်လိုက်ပြီး အန်တီကြီးကို ဆွဲထူလိုက်ရပါသည်။

"ဟာ ... ဟာဗျာ အန်တီကြီး၊ ကျွန်တော့်ကိုတော့ ငရဲ မပေးပါနဲ့ဗျာ၊ အန်တီကြီး အဲဒီလိုလုပ်တာ ကျွန်တော် စိတ်ထဲ မကောင်းဘူး"

"မင်းတို့ကမှ ငါ့စကားကို နားမထောင်ကြတာ"

အန်တီကြီးက အသံတုန်တုန်ကြီးဖြင့်ပြောပြီး မျက်ရည်တွေ စီးကျလာသည်။ စတာလေးကတော့ နှုတ်ခမ်းသားလေးကို ဖိကိုက်ပြီး မျက်ရည်တွေနှင့် သူ့ကို အခဲမကျေစွာ စိုက်ကြည့်နေသည်။

စတာလေးရဲ့ အကြည့်စိမ်းလေးတွေက သူ့နှလုံးသားကို ဓားချွန်ချွန်နဲ့ ဆွဲထိုးလိုက်သလို စူးကျိန်းနာကျင်သွားရလေသည်။ စတာလေးနဲ့ သူဟာ ပြန်ပြီးပြေလည်နိုင်ဖို့ မဖြစ်နိုင်တော့ချေ။

စတာလေး သူ့ကို အမုန်းကြီး မုန်းသွားခဲ့ပြီဖြစ်သည်။





သူလည်းပဲ စတာလေးနဲ့ အနီးဆုံး အရိပ်တစ်ခုထဲမှာ မျက်နှာချင်းဆိုင်နေရမယ့် အနေအထားကြီးကို ဘယ်လိုမှစဉ်းစားလို့ မရတော့။

စတာလေးနဲ့ သူ စိတ်ခတ်ချင်း တခြားစီ အကန့်ကန့်သွားခဲ့ပြီဖြစ်သည်။

သူက စတာလေးမျက်နှာလေးကို ရီဝေညှိုးဖျော့စွာဖြင့် ငေးငေးကြီး စိုက်ကြည့်နေမိရာမှ အံကို တင်းတင်းဖိကြိတ်ပစ်လိုက်သည်။

သူ ဆုံးဖြတ်လိုက်ပါပြီ။

သူ့ကို လုံးဝအရေးမထားတဲ့ စတာလေး အိမ်မှာလည်း သူ ဆက်နေလို့ မဖြစ်တော့။ သူသာ ဆက်နေဦးမယ်ဆိုရင် စတာလေးနဲ့ သူဟာ ကမ္ဘာ့အကြီးမားဆုံး ရန်သူကြီးတွေ ဖြစ်သွားဖို့ပဲ ရှိတော့သည်။

ဒီလောက် အသက်အရွယ် အကွာကြီး ကွာနေတာတောင် သူ့ကို မလေးမစား ပြန်ပြောရက်သည့် စတာလေးကိုလည်း မကြည့်ချင်လောက်အောင် မုန်းတီးခဲ့မိသည်။

သူက ဆုံးဖြတ်ချက်တစ်ခုကို ခေါင်းတညိတ်ညိတ်နှင့် သေချာပိုင်နိုင်စွာ ချလိုက်ပြီး အန်တီကြီးကို ဝမ်းနည်းကြေကွဲစွာ ငေးငေးကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီကြီး ... ကျွန်တော် ဒီအိမ်မှာ ဆက်နေလို့မဖြစ်တော့ဘူး၊ ကျွန်တော် ... ကျွန်တော့်တိုက်ခန်းမှာပဲ ပြန်ဆင်းနေတော့မယ်"

"မဟုတ်တာတွေ မပြောစမ်းပါနဲ့ မောင်တည်သာရယ် ငါ့ကို မင်းတို့ စိတ်ဆင်းရဲအောင် လုပ်နေကြတာ၊ ငါ... အသက်ခြောက်ဆယ်ကျော် နှလုံးရောဂါသည် အဘွားကြီးဖြစ်နေပြီ၊ ငါ့မှာ ဘာစွမ်းဆောင်မှုမှ မရှိတော့ဘူး၊ မင်း...ပဲ အားကိုးနေရတာ၊ မောင်တည်သာရယ်၊ မင်းက အန်...ကြီးတို့ကို သူစိမ်းလို ပစ်ထားမယ်ဆိုရင် အန်တီကြီး စိတ်ဆင်းရဲပြီးသေမှာ၊ အန်တီကြီးကို မင်း သတ်လိုက်တာ... အတူတူပါပဲ"

"ကျွန်တော် မရှိမှ သူလွတ်လွတ်လပ်လပ် နေလို့ရမှာ... ကျွန်တော် ရှိနေတော့ ကျွန်တော်က အမြင်မတော်... ပြောတာကို သူ လက်မခံဘူး၊ ကိုယ့်ထက် အသက်အများကြီးကြီးတဲ့ လူတစ်ယောက်ကို ရှိသေလေးစားရမှန်းမသ...ဘူး၊ အဲဒီတော့ ရှေ့လျှောက် ဒီပြဿနာနဲ့ပဲ သူနဲ့ကျွန်တော် ရန်သူဖြစ်သွားမှာ၊ အခုတည်းက ရန်ရှောင်တာ ကောင်းပါတယ်၊ ကျွန်တော် တိုက်ခန်းမှာပဲ ဆင်းနေတော့မယ် အန်တီကြီး"





စတာလေး ရင်ထဲမှာ ဦးတည် အပြောတွေကို ဝမ်းနည်းကြေကွဲသလိုကြီး ခံစားလိုက်ရသည်။ ဒီလူကြီးကို အိမ်ပေါ်...နေ ဆင်းပြေးရမဲ့ အဆင့်အထိတော့ သူမ မပြောလို။

ဒါပေမဲ့ ...

သူ့ရဲ့ချုပ်ချယ်ကန့်သတ်မှုတွေက သူမအပေါ် များပြားလွန်းသဖြင့် အရွဲ့တိုက်စိတ်ဖြင့် မနက်က ဖွဲနဲ့ ဘုရားတွေလျှောက်ဖူးခဲ့တာ သူမအများ ဖြစ်သွားခဲ့သည်။

ပြီးတော့ သူ့ကို မရှိသေ မလေးစားလို့မဟုတ်၊ သူ့ရဲ့ဆင်ခြင်မှုမရှိသည့် စကားတွေကြောင့် သူမ အခုလိုပေါက်ကွဲသွားတာဖြစ်သည်။

အခုတော့ ...

သူက စတာလေးနဲ့ အန်တီကြီးတို့ကို ပစ်သွားပြီး အိမ်ပေါ်က ဆင်းသွားမယ်ဆိုတော့ သူမ ဖြေမဆည်နိုင်အောင် ဝမ်းနည်းသွားရသည်။

ရင်ထဲက အလိပ်လိုက် ဆို့တက်လာတဲ့ ဝမ်းနည်းကြေကွဲမှုတွေကို အံကြိတ်ထိန်းချုပ်လိုက်ပြီး သူတို့အရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့မိသည်။

အိပ်ခန်းထဲရောက်တာနဲ့ သူမ အခန်းတံခါးလော့ခ်ချပြီး ခေါင်းအုံးကလေးပေါ်မှာ မျက်နှာလေးအပ်ချကာ တိုးတိတ်ကလေး ငိုကြွေးလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ အခန်းအပြင်က အန်တီကြီးရဲ့တားမြစ်သံ ဝေါင်းပန်သံတွေက ငိုရှိုက်နေတဲ့ စတာလေး နှလုံးအိမ်ထဲသို့ တိုးဝင်လာခဲ့ပြီး စတာလေး စိတ်မထိန်းနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိပါတော့သည်။

"အဟင့် ... ဟင့်"

"မောင်တည်သာရယ်၊ အန်တီကြီးတို့ တူဝရီးနှစ်ယောက်ကို ဒီလိုတော့ ပစ်မထားပါနဲ့၊ တောင်းပန်ပါတယ်ကွယ်၊ သား စိတ်ဆိုးရင် ခဏဖြစ်ဖြစ် အပြင်ကို ထွက်သွားပါကွယ်၊ ညကျရင် ပြန်လာခဲ့ပါနော် မောင်တည်သာ"

အန်တီကြီးရဲ့ တောင်းပန်တိုးလျှိုးသံကိုသာ အတိုင်းသား ကြားနေရပြီး သူ့အသံကိုတော့ မကြားရ။

အင်း ... သူ အသံတိတ်များ ကြေကွဲနေတာများလား။

သူ ဘာဖြစ်လို့များ သူမကို ဒီလောက်ကြီးအထိ ချုပ်ကိုင်ပြီး အနိုင်ယူချင်ရတယ် ဆိုတာကို သူမ နားမလည်ချင်။

ငယ်ငယ်တုန်းက သူမကို အရမ်း အလိုလိုက်ကာ အကြိုက်ဆောင်ပြီး အမြဲ ပွေ့ချီတတ်သည့် လူကြီးတစ်ယောက်က အခု သူမ အရွယ်ကလေးရောက်လာခါမှ သူမကို တင်းကျပ်တဲ့ စည်းစနစ်တွေဖြင့် ချုပ်ကိုင်ခဲ့တာ သဝန်တိုစိတ်ကြောင့်များလား။

ဦးတည် သူမကို မနက်က ဖွဲ့နဲ့တွဲသွားလိုက်တာကို တွေ့မြင်သွားလို့ သဝန်တိုပြီး ပေါက်ကွဲသွားတာများလား။





ဒါဆို ဦးတည်က သူမကို ချစ်နေခဲ့ပြီပေါ့။

အို ... ဘာပဲဖြစ်ဖြစ် သူ ချုပ်ချယ်တာကြီးက တင်းကျပ်လွန်းပြီး စည်းဘောင်ကျော်နေခဲ့တာမို့ သူမ သူ့ကို မုန်းတီးများခဲ့ရသည်။

ဘာပဲဖြစ်ဖြစ် ဒီလူကြီး သူမနှင့် အန်တီကြီးကိုပစ်ပြီး အိမ်ပေါက်နေ အကြာကြီး ဆင်းသွားမှာ မဟုတ်ဘူးဆိုတာကို စတာလေး တစ်ထစ်ချ ယုံကြည်ထားသည်။

ပြီးတော့ သူ ညကျရင် ပြန်လာမှာပဲ ဆိုတာကိုပဲ မျှော်လင့်နေမိသည်။

ဒီမျှော်လင့်ချက်တွေနဲ့ပဲ သူ့ကို တားမြစ်ဖို့ စိတ်မကူးမိတော့ဘဲ မာန်မာနကလေးနှင့် မျက်ရည်စလေးတွေကို သုတ်ပစ်ပြီး ခုတင်ကလေးပေါ်မှာပဲ အသာကလေး ငြိမ်နေလိုက်ပါတော့သည်။

❤ ✣ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၇

ညကျရင် သူ ပြန်လာမှာပဲဆိုတဲ့ မျှော်လင့်ချက်က လေးနဲ့ အိပ်ရာထဲမှာပဲ တိတ်တိတ်ကလေး လဲလျောင်းနေလိုက် သည်။ အန်တီကြီးကတော့ အပြင်ကနေ သူမကို ဆူပူကြိမ်းမောင်း လိုက်၊ ဘုရားစင်ရှေ့မှာ ဂနာမငြိမ်နဲ့ ပုတီးစိပ်လိုက်နှင့် ဦးတည် ပြန်လာဖို့အရေး ဘုရားမှာများ ဆုတောင်းနေသလား မသိ။

စတာလေးကတော့ တစ်ထစ်ချ ယုံကြည်သည်။

သိပ်မကြာခင် အချိန်မှာပဲ ဒီလူကြီး အိမ်ကိုပြန်လာ မှာပဲလို့။

အန်တီကြီးကတော့ ညဥ့်နက်လာသည်နှင့် ပိုပြီး ဂနာမငြိမ် ဖြစ်လာကာ စတာလေးနှင့် ရန်ဖြစ်ဖို့ တာစူလာပါ တော့သည်။

"စတာလေး တံခါးဖွင့်ဦး"



အန်တီကြီး အသံကြီးက တကယ့်ကို အူလှိုက်သည်း လှိုက် တုန်တုန်ယင်ယင်ကြီး ဖြစ်နေသည်။

စတာလေးက အန်တီကြီး အသံကြီးကို ကြားတာ နဲ့တင် မျက်နှာချောချောကလေး တွန့်လိမ်ရှုံ့မဲ့ပစ်လိုက်မိသည်။

ဟွန့် ... သိပ်ပိုလွန်းတယ်၊ တူမအရင်းထက်ပဲ ဟို ဘာ ဘာမှမတော်တဲ့ သူစိမ်းကို ပိုချစ်ရသေးသည်။

အန်တီကြီးက အဲဒီလို အသည်းပိုလေ သူမကပိုပြီး အမြင်ကတ်လေဖြစ်သည်။

ဟွန်း ... ဒါကြောင့် ဟိုက ရောင့်တက်နေတာ။

စတာလေး နှုတ်ခမ်းလိပ်လိပ်ကလေးတွေ စုထော် သွားသည်အထိ စုထော်ပစ်လိုက်ပြီး ...

"ဘာလုပ်မလို့လဲ အန်တီကြီးရဲ့၊ ဒီမှာ အခုမှ စာကျက် ပြီးလို့ အိပ်မယ်ကြံတုန်း ရှိသေးတာ"

"အပိုတွေ မပြောစမ်းပါနဲ့အေ၊ ညည်းလား မောင်တည်သာ မရှိဘဲနဲ့ စာကျက်မှာ၊ စာမကျက်လို့ ပညာတတ်မဖြစ် လည်း ညည်းအကြောင်းပဲ၊ တံခါးဖွင့်ပေးဦး ဒီမှာပြော စရာရှိလို့"

"ဘာပြောမလို့လဲ အန်တီကြီးရဲ့၊ မနက်ကျမှပြော"

"စတာလေး ... ညည်း သိပ်တစ်ကိုယ်ကောင်းဆန်တယ်၊ မောင်တည်သာ အခုချိန်အထိ ပြန်မလာသေးတာကို ညည်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်မပူဘူးပေါ့၊ အေးပေါ့လေ၊ ညည်းက မောင်တည်သာ အိမ်မှာမရှိရင် ဒီအဘွားကြီးကို ငါ ဂရုစိုက်စရာ မလိုဘူး ဆိုပြီး ထင်တိုင်းကြဲတော့မှာပေါ့"

"အန်တီကြီးနော် ... ညကြီး အချိန်မတော် စတာလေးကို လာပြီး ရန်စမနေနဲ့၊ သူ့ဘာသာ အိမ်ပေါ်က ဆင်းသွားတာပဲ၊ စတာလေး နှင်ချတာမှ မဟုတ်တာ၊ စတာလေး နှင်ချတာ မဟုတ်ရင် စတာလေး ဘယ်တော့မှ ပြန်မခေါ်ဘူး၊ သူ့သဘောနဲ့သူ အိမ်ပေါ်က ဆင်းသွားတာ၊ သူ့ဘာသာသူ ပြန်လာလိမ့်မှာပဲ"

စတာလေး စကားဖြတ်ပြီး အန်တီကြီး နောက်ထပ်ပြောလာမဲ့ စကားတွေကို မကြားရအောင် ခေါင်းအုံးလေးပေါ် နားနှစ်ဖက် ဖိအိပ်ပစ်လိုက်သည်။

အင်း ... အပျိုကြီးပီပီ အန်တီကြီးကတော့ အခန်းအပြင်ကနေ ဘာတွေဆူပူနေသည်မသိ။

တကယ်ညစ်ပေါ့။

ဟင်း ... ဒီလူကြီး တစ်ညမရှိတာနဲ့ပဲ အိပ်လို့မပျော်တော့ပုံပင်။

အခန်းအပြင်မှာ အတန်ကြာတဲ့အထိ ဆူသံပူသံကြားလိုက်ရပြီး စိတ်ဆိုးမာန်ဆိုးနှင့် လှည့်ထွက်သွားသည့် အန်တီကြီးအသံကို ကြားလိုက်ရတော့မှ စတာလေး နားနှစ်ဖက်ကို





ခေါင်းအုံးကလေးနှင့် ဖိဖွက်ထားရာမှ မျက်နှာကလေးကို ဆတ်ခနဲ အောပစ်လိုက်ပြီး လေကိုတစ်ဝကြီး ရှူရှိုက်ပစ်လိုက်သည်။

ဟွန်း ... သူ့တူအရင်းကြီး ကျနေတာပဲ။

တူမလေး တစ်ယောက်တည်းကျတော့ ဟိုလူကြီး အသံနဲ့ နှိမ်တတ်လိုက်တာ၊ ဟိုလူကြီးကလည်း သူမက သူ့ကို ကြောက်မှန်းသိလို့ ဖြဲခြောက်နေတာ။ အခုတော့ အတော်လေး အစလန်ဝေသွားခဲ့လေပြီ။

မှတ်ထား၊ ပန်စတာလင်း အကြောင်း ကောင်းကောင်းသိသွားပြီပေါ့။

ဒီလူကြီး အသည်းဖြောင်းဆန်သွားတာကြီးကို စိတ်ထဲက ကျိတ်ကျေနပ်သွားခဲ့မိပေမဲ့ စတာလေး ရင်ထဲမှာ ဘာမှန်းသိတဲ့ ခံစားမှု အသစ်အဆန်းကလေးဖြင့် ဦးတည် သူမအပေါ် သဝန်တိုပြီး ပေါက်ကွဲခဲ့သည့် မျက်နှာကြီးကို မြင်ယောင်ကြည့်ရင်း ရင်ထဲမှာ အမည်ဖော်လို့မရသည့် ခံစားမှု ချွေးရှိန်းရှိန်းကြီးဖြင့် ကျေနပ်ကြည်နူး ရင်ခုန်ခဲ့မိတာကိုတော့ ဝန်ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၈

ညက တစ်ညလုံး မအိပ်ရသဖြင့် ရင်ထဲမှာ နုံးချိချိကြီး ဖြစ်နေပြီး မျက်စိတွေ ကျိန်းစပ်စပ်ကြီး ဖြစ်နေသည်။

ညကအဖြစ်အပျက်တွေကို တွေးမိတိုင်း သူ့ရင်ထဲမှာ တနုံ့နုံ့ဖြစ်ခဲ့ရသည်။ မနေ့က စတာလေးရဲ့ လုပ်ရပ်တွေကို သူ ဘယ်လိုမှ ကျေနပ်ခွင့်လွှတ်ပေးလို့ မရနိုင်။

ဒါကြောင့် အန်တီကြီး အတန်တန် တားတဲ့ကြားက သူ အိမ်ပေါ်က ဆင်းလာခဲ့တာဖြစ်သည်။

သူမကတော့ သူ အခုလို ဆင်းလာတာကို အရမ်း ကျေနပ်သွားမှာပဲ။ သူ့ကွယ်ရာမှာ free styel နေလို့ရသွားပြီပေါ့။

စိတ်ချပါ စတာလေးရယ်၊ မင်း ငါ့ကို မင်းအိမ်မှာ မနေစေချင်ဘူးဆိုတာ ငါ သိပါတယ်။ ငါရှိတော့ မင်း လွတ်လွတ်လပ်လပ် မနေရလို့ ငါ့ကို ငြိုငြင်နေတာ ငါသိတယ်။





မင်း မနေစေချင်တဲ့ အိမ်ကိုလည်း ငါ ပြန်မလာပါဘူးကွာ။

တကယ်တော့ ...

သူ့ရင်ထဲမှာ စတာလေးကို တစ်နေ့မတွေ့ရရင်မနေနိုင်လောက်အောင် စွဲလှမ်းခဲ့ရပြီမို့ သူ့မှာ စတာလေးရဲ့စကားလေးတွေကို ကြားယောင်ရင်း အတွေးတွေနှင့် ရူးခဲ့ရသည်။

"ဟား ... စတာလေးရယ်၊ မင်းကို ငါသိပ်ချစ်တဲ့ စိတ်တွေနဲ့ မင်းနဲ့ပတ်သက်ပြီး အမှားတစ်ခုခု လုပ်မိတော့မယ်၊ မင်း ... မင်း ... ဘာဖြစ်လို့ ကိုယ့်ရင်ထဲက ခံစားချက်တွေကို နားမလည်ရတာလဲ ချစ်ရယ်"

သူ တစ်ယောက်တည်း အရူးတစ်ပိုင်းဖြစ်ကာ ညထိုင်ခဲ့တဲ့ ဆိုဖာရှည်ကြီးမှာပဲ မျက်နှာမသစ်ရသေးဘဲ ဝေါင်ဝင်းကြီးထိုင်ကာ ခံစားချက်အပြည့် ရင်ဖွင့်နေလိုက်သည်။

အတွေးထဲမှာ စတာလေးရဲ့ ရုန့်တွေ့သံကလေးကို ကြားနေရသလိုလိုနှင့် သူ ဖျားနေရသည်။

"တူ ... တူ ... တူ"

ဟော ...

အတွေးတွေနဲ့ တစ်ယောက်တည်း ကြံရာမရဖြစ်နေ အချိန်မှာပဲ၊ သူ့ကျောပိုးအိတ်ထဲက hand phone က မြည်လာတာမို့ သူ ဣန္ဒြေမဆယ်နိုင်အောင် ပျာယာခတ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



hand phone ကလေးကို ကပျာကယာ ဆွဲထုတ်လိုက်သည်။ ပြီးတော့ ပေဂျာမှာ ပေါ်နေသည့် နံပါတ်ကလေးကို ကြည့်လိုက်တော့ စတာလေး ဖုန်းနံပါတ်ကလေး ဖြစ်နေသဖြင့် သူ့မျက်နှာကြီး ကြည်မွေ့စွာ ပြုံးမြမြကြီး ဖြစ်သွားရကာ ရင်တွေလည်း တဒိန်းဒိန်း ဆောင့်ခုန်သွားရပါသည်။

ပြီးတော့ စတာလေးရဲ့ အသံကလေးကို မျက်လုံးကလေး မှေးမှိတ်ကာ ဖိမ်ယူပြီး ရင်ခုန်မြူးဖျစွာ နားထောင်လိုက်မိသည်။

"ဟယ်လို"

"ဦးတည်"

ဟွန်း ... အသံကိုက မုန်းစရာ။ ချွဲသလိုလို၊ ...သလိုလိုနှင့် ရင်ခုန်ရတာ မောလိုက်တာကွာ။

ဟူး ...။

"ဦးတည် ... အခု ဘယ်မှာလဲလို့"

စတာလေးရဲ့ ခပ်ဆတ်ဆတ် မေးသံလေးကြောင့် သူ့မျက်နှာကြီး ပြုံးယောင်သမ်းသွားပါသည်။

စတာလေးကိုလည်း အပြစ်မမြင်ရက်တော့ဘဲ မနေ့က ဖြစ်ခဲ့သည့် ပြဿနာကိုလည်း လုံးလုံးကြီး မေ့လျော့သွားသည်။

ဒါပေမဲ့ ...





ဟန်ဆောင် ပန်ဆောင်နဲ့ သူမစိတ်ကလေး ကလိကလိဖြစ်သွားအောင် ခပ်ထန်ထန်ကြီး လှမ်းဟောက်ပစ်လိုက်သည်။

"ဘာကိစ္စ မင်းက ဖုန်းဆက်တာလဲ"

"ဆက်ချင်လို့ ဆက်တာပေါ့၊ ဦးတည် အခုဘယ်မှာလဲ"

"မင်းမေးတိုင်း ငါက ဖြေရအောင် မင်းနဲ့ငါက ဘာဆိုင်လို့လဲ"

"ဦးတည်နော် ... ကုတ်ဆွဲပစ်လိုက်မှာ"

ဖုန်းကိုင်ထားရင်းကနေ သူ့မျက်နှာကြီး ရှုံ့မဲ့သွားကာ ပခုံးကြီးနှမ်ဖက် တွန့်ကျုံ့သွားရသည်။

အဟား ... တော်တော်လာတဲ့ ဟာမလေး။

သူနှင့် မျက်နှာချင်းဆိုင် မဟုတ်တာတောင် စွာကျယ်စွာကျယ် လုပ်နိုင်သေးသည်။

"ဦးတည်"

"... ... ..."

"ခေါ်နေတာ မထူးဘူးလားလို့၊ စတာလေးကို စကားပြန်ပြော၊ စကားပြန်မပြောရင် စတာလေးက ငိုပစ်လိုက်မှာနော်"

စတာလေးက ငိုသံတစ်ဝက်ကလေးနှင့် သူ့ကိုခပ်ချွဲချွဲကလေး ဆိုလာပြန်တော့လည်း သူ့ရင်ထဲမှာ စတာလေးကို သနားကြင်နာသွားသလိုလိုကြီး ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူမလေးကို မထောက်ခံမိဘဲ အသာက
လေး ငြိမ်နေလိုက်မိသည်။

သူမလေး သူ့အပေါ် မနေ့က ဆိုးခဲ့တာတွေက သူ့အတွက် တကယ့်ကို အခံရခက်ခက်ကြီးဖြစ်လျက် နာကျင်စရာကောင်းလှသည်။

ကိုယ် ငယ်ငယ်ကတည်းက အရိပ်တကြည့်ကြည့်နေလာခဲ့တဲ့ ကောင်မလေးကို ကိုယ်က ချစ်မြတ်နိုးစိတ်ဖြင့် အခန်
ကြောင်မိတဲ့ အချိန်မှာ ကောင်မလေးက သူ့ကို လုံးဝဂရုမစိုက်ဘဲ တခြားကောင်လေးနဲ့ ရည်းစားထားတဲ့အကြောင်းကို သူ့အရှေ့မှာ ဂရုမစိုက်ဘဲ ပြောင်စိန်ဖွင့်ပြောခဲ့တာကြီးကို သူ အသည်းနာသည်။

ရင်ထဲမှာ ဆတ်ဆတ်ခါအောင် နာကျင်ခဲ့မိသလို သူမကိုလည်း တစ်ခုခု လုပ်ပစ်လိုက်ချင်သည်။

"ဦးတည် အခု ဘယ်မှာလဲ၊ တိုက်ခန်းမှာလား၊ ညက တိုက်ခန်းကို ပြန်အိပ်တာမှ ဟုတ်ရဲ့လား"

"ဘာ"

စတာလေးရဲ့စကားတွေက သူ့သိက္ခာကို ထိပါးပုတ်ခတ်လိုက်တာမို့ ဒေါသတကြီး ထအော်လိုက်မိပြီးမှ တစ်စုံတစ်ခုကို သတိရသွားကာ ပခုံးကြီးတွန့်ပြီး ခပ်ကျိတ်ကျိတ်ကြီး ပြုံးလိုက်မိသည်။





"ဟုတ်တယ်၊ ငါ ညက တိုက်ခန်းမှာ ပြန်မအိပ်ဘူး၊ အဲဒီတော့ ဘာဖြစ်လဲ"

"ဟင် ... ဒါ ... ဒါဆို ညက ခင်ဗျားကြီး ဘယ်မှာအိပ်လဲ ... ပြော"

"ငါ့ဘာသာ ဘယ်မှာ အိပ်အိပ်ပေါ့ကွ၊ ငါကယောကျ်ားပဲ၊ ဆန်းသလား"

"ဦးတည် ... ခင်ဗျားကြီးကို 'အထူး'မုန်းတယ်"

ကောင်းတယ်၊ သင်းကလေး အဲဒီလို နာသာခံခက်
ဖြစ်ပေးဦးမှ။

သူ့အတွက်နဲ့ ကောင်မလေး အသည်းဆတ်ဆတ်ခါ
သွားပုံလေးကို မြင်ယောင်ရင်း သူ မိန့်မိန့်ကြီး ပြုံးလိုက်မိသလို
န်းကလေးကို ဖျတ်ခနဲပိတ်ကာ စားပွဲပေါ် ပစ်တင်လိုက်တော့
သည်။

အဟွန်း ... ကောင်မလေး၊ သူ့ကို ဒေါသတကြီး
ါက်ကွဲသွားပြန်ပြီ။ ဒါ မင်း ကိုယ့်ကို နာကစ်တာပေါ့။

ကောင်းတယ်၊ မင်း စိုးရိမ်ရတဲ့အလှည့်လေးလည်း
ီးမှပေါ့။ မင်းလေး ကိုယ့်အပေါ်ကို စိုးရိမ်စိတ်ကလေး ရှိခဲ့တာ
းကို ကြားရတာနဲ့တင် ကိုယ် ကျေနပ်ပါတယ် ကလေးရယ်။

ကိုယ် မင်းကို အဲဒီလောက်အထိ ချစ်ခဲ့တာပါကွာ။

❤ ✣ ❤



www.burmeseclassic.com

www.burmeseclassic.com



၉

စတာလေး hand phone ကလေးကို လည်ပင်းမှာ ချိတ်ဆွဲလိုက်ပြီး ဦးတည် ရုံးခန်းကို လိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။ ဒီလူကြီး ဘယ်အချိုး ချိုးတယ်ဆိုတာကို အတိအကျ သိရတော့မှ စတာလေး စိတ်ထဲမှာ ကျေနပ်နိုင်မှာ ဖြစ်သည်။

စတာလေး ဘာမှစဉ်းစားမနေတော့ဘဲ ဆွယ်တာ ခေါင်းစွပ်လေးကို ထပ်ဝတ်လိုက်ပြီး ညကဝတ်ထားတဲ့ ဂျင်းဘောင်းဘီရှည်နှင့်ပင် ကျူရှင်ကိုသွားသလိုနှင့် ဦးတည် ရုံးခန်းကို ကားနှင့်ထွက်လာခဲ့သည်။

စတာလေး ကုမ္ပဏီကို ရောက်သွားတော့ ဦးတည် မရောက်သေးချေ။

စတာလေးက ရုံးလုပ်သားကလေးကို ဦးတည် ရုံးခန်းတံခါးကို အဖွင့်ခိုင်းပြီး သူ့အခန်းထဲမှာ သူ အလာကို ခပ်မင့်မင့်ကလေး ထိုင်စောင့်နေလိုက်သည်။





ဘာကြောင့်မှန်းမသိ စတာလေး ရင်ထဲမှာ ဦးတည် စကားကြီးကို အစာမကျေ ဖြစ်နေခဲ့မိသည်။

ဘာတဲ့ ...

“ငါဘာသာ ဘယ်မှာအိပ်အိပ်ပေါ့ကွ၊ ငါက ယောက်ျားပဲ ဆန်းသလား”

တဲ့ ...။

ဒီစကားကြီး သူ ပြောစရာလား။

ဒီလူကြီး ရိုးတောင် ရိုးရဲ့လား။

ညက ဒီလူကြီး တိုက်ခန်းကို ပြန်မအိပ်ရင် ဘယ်မှာ အိပ်သလဲဆိုသည့် အတွေးကြီးက စတာလေး နှလုံးသားလေး ကို ပူပြင်းလောင်မြိုက်စေခဲ့သည်။

ကျွတ် ... ငါ ဘာဖြစ်လို့ ဒီခံစားချက်ကြီး ခံစား ရတာလဲ၊ ငါ ဦးတည်ကိုများ ချစ်နေခဲ့ပြီလား။ အို ... မဟုတ်နိုင် ဘူး၊ ဦးတည်ကို ငါ ဦးလေးတစ်ယောက်လို အစ်ကိုကြီးတစ် ယောက်လို ချစ်ခင်ယုံကြည်ပြီး စိတ်မချ ဖြစ်နေခဲ့တာပါ။

တစ်ယောက်တည်း အစာမကြေ အတွေးကလေး ဖြင့် ဦးတည် ထိုင်သည့် ဆုံလည်ဆိုဖာကြီးမှာ ခပ်ငြိမ့်ငြိမ့်စီးရင်း ဦးတည်ရဲ့ ရုပ်ပုံတည် မျက်နှာချောချောကြီးကို မြင်ယောင်ရင်း မျက်နှာကလေး ပြုံးယောင်သမ်းသွားပါသည်။

“ကျွီ”

www.burmeseclassic.com



ဟော ... ပြောရင်း ဆိုရင်း ...

ရုံးခန်းမှန်တံခါးကြီး "ကျွီ"ခနဲ လှုပ်ခတ်သွားသဖြင့် သူ လာပြီဆိုတာကို သိလိုက်ရပြီး စတာလေး ရင်ခုန်သံလေးတွေ ဆူညံမြန်ဆန်သွားရကာ ဆိုဖာကြီးကို နောက်မှီချလိုက်ရင်း မျက်လုံးကလေးတွေကို ရှက်အားပိုစွာဖြင့် ခပ်တင်းတင်းကြီး မှိတ်ချ ပစ်လိုက်သည်။

"ဟင်"

အခန်းအပြင်မှ တည်သာသည့်လည်း ရုံးခန်းမှန်တံခါးကိုဖွင့်ပြီး အခန်းထဲသို့ ခပ်သွက်သွက်ကြီး လှမ်းဝင်လိုက်သည့် အချိန်မှာပဲ သူထိုင်သည့် ဆုံလည်ဆိုဖာကြီးမှာ ခပ်ငြိမ်ငြိမ်လေးထိုင်လျက် မျက်ဝန်းကလေးတွေကို တင်းတင်းဖိမှိတ်ထားသည့် စတာလေးကို ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့သြဝမ်းသာသလိုကြီး ဖြစ်သွားကာ ရင်ဖိုလှုပ်ရှားသွားရပါသည်။

မျက်နှာကြီးတစ်ခုလုံးလည်း ကျေနပ်ပီတိဖြင့် ပြုံးမြမြကြီး ဖြစ်သွားကာ စတာလေးဆီသို့ ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်သွားခဲ့ပြီး မှုမှုမင့်မင့်ကလေးနှင့် သူ့ကို အိုက်တင်ပေးနေသည့် ကောင်မလေး မျက်နှာနုနုချောချောလေးကို နမ်းမွှေးပစ်လိုက်ချင်တာ။

ဟား ...





ရင်ခုန်လှုပ်ရှားနေတဲ့ ခံစားချက်ကြီးကို မနည်းထိန်းချုပ်လိုက်ရပြီး သူမ ပခုံးသားကလေးကိုပဲ ခပ်ကြမ်းကြမ်းကြီး ဆုပ်ခါယမ်းပစ်လိုက်မိသည်။

"အို ... ဦးတည်နော်"

"ထစမ်း ... ထစမ်း၊ မင်း ငါ့ဆိုဖာမှာ လုံးဝထိုင်စရာ အကြောင်းမရှိဘူး"

စတာလေး မျက်နှာကလေး ပြုံးစိစိကလေး ဖြစ်သွားရကာ စတာလေးကို အလိုမရှိသလို စူပုပ်ပုပ် မျက်နှာထားကြီးနှင့် စိုက်ကြည့်လာသည့် ဦးတည် မျက်နှာကြီးကို မော့ကြည့်ပြီး ခပ်မှုမှုကလေး ခြေဆောင့်ပစ်လိုက်မိသည်။

"ဘာလဲ ... ဟမ် ... ဦးတည်နော်၊ စတာလေးကို ဒီလိုပုံစံလာမဖွဲ့နဲ့၊ ပြော ... ညက ဘယ်မှာအိပ်တာလဲ၊ အဲဒါသိရမှ စတာလေး ကျေနပ်မှာ"

"မင်း ကျေနပ်အောင် ငါက ဖြေရမလား၊ မဖြေဘူးကွာ၊ မင်းကို အရေးစိုက်လို့"

"ဦးတည်နော် ... ပြော ... အခုပြော"

"ဂျီမကျနဲ့၊ ဒါ အိမ်မဟုတ်ဘူးနော်"

"အဲဒါဆို စတာလေး မေးတာ ဖြေပေါ့လို့"

"ဖြာကွာ ... မင်းက ဘာမေးတာလဲ၊ ကဲ ... ပြော"

"ညက ဘယ်မှာအိပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကြီးကို မကျေမနပ် မျက်လုံးစိမ်းလေးတွေနှင့် ရိဖျော့ဖျော့လေး စိုက်ကြည့်ပြီး ကလေးဆန်ဆန်လေး မေးလာတဲ့ စတာလေးကို ကြည့်ရင်း ရင်ခုန်အသည်းယားသွားရကာ သူ ဟန်မဆောင်နိုင်တော့ဘဲ စတာလေး လက်မောင်းလေးကို ချစ်မြတ်နိုးစွာဖြင့် ခပ်တင်းတင်းကြီး ထွေးဖျစ်လိုက်ရင်းက မျက်နှာကြီးလည်း ပြုံးပျော်ကျေနပ်သွားခဲ့ရသည်။

"ငါ ညက အိပ်တဲ့နေရာအတွက် မင်း စိတ်သောကရောက်နေတယ်ပေါ့"

သူက စတာလေးကို အသည်းယားသလို မျက်ခုံးနှစ်ဖက်ပင့်ပြီး မျက်စနဲ့မေးလိုက်တော့ စတာလေးက ခပ်တည်တည်လေး ဖြစ်သွားကာ မျက်လုံးအကြည့်လေးတွေကို ခပ်ရှုန်းရှုန်းလေး လွှဲပစ်လိုက်သည်။

"စိတ်သောကတော့ မရောက်ပါဘူး"

"ဒါဆို စိတ်ပူတာပေါ့"

"အင်း"

"ရော် ... အဲဒီလို စိတ်ပူတတ်ရင်လည်း ဘာဖြစ်လို့ ငါ အိပ်မှာနေလို့မရအောင် ဆိုးခဲ့သလဲ၊ ကဲ ... ပြော"

"ဘာဆိုင်လဲ၊ ဦးတည် ဘာသာ ဆင်းသွားတာ၊ ဦးတည်ကို စတာလေး နှင်ချတာမှ မဟုတ်တာ၊ စတာလေး ဝန်ခံတယ်နော်၊ ညက ဦးတည် ပြန်လာမှာပဲဆိုပြီး စတာလေး တစ်ညလုံး မအိပ်ရဘူး၊ ဦးတည်ကို ထိုင်စောင့်နေတာ"





"ဝမ်းသာလိုက်တာကွာ၊ ညက ကိုယ်ကတော့ အေးဆေးပဲ၊ တိုက်ခန်းမှာ တစ်ယောက်တည်းငြိမ့်လို့၊ အိပ်ပျော်သွားတာ မနက်မိုးလင်းတော့မှ တစ်ရေးပဲ"

စတာလေးကို သူ အမြင်ကတ်ကတ်နှင့် လက်ဝါးဖက်ကို "ဖြောင်း"ခနဲရိုက်ပြီး ပြောလိုက်တော့ စတာလေးက ကျေမနပ် ဖြစ်သွားကာ မျက်ခုံးကလေးနှစ်ဖက် တွန့်ကျုံ့ပြီး ငြိမ်သက်သွားလေသည်။

ကြည့်စမ်းပါဦး ...။

မလိုတမာ စူပုပ်ပုပ် မျက်နှာလေးနှင့် အမူပိုပိုကလေး နေ့ပြီး မျက်လွှာကြီးချထားတဲ့ စတာလေးကိုကြည့်ပြီး အသည်းယားယား ဖြစ်သွားကာ သူမ မျက်နှာလေးကို လက်ဖဝါးကြီးဖြင့် ဖွဖွကလေး ပွတ်သပ်ပေးမလို့ စဉ်းစားပြီးခါမှ မနေ့က နက်က စတာလေးနှင့် ကောင်လေးတစ်ယောက် တွဲသွားတဲ့ ိုပ်ကြီးကို မျက်ဝန်းကြီးထဲမှာ ထင်းခနဲ မြင်ယောင်လိုက်မိပြီး သူ့ရင်ထဲ နင်ဆို့ဆို့ကြီး ဖြစ်သွားကာ စတာလေးကို မျက်နှာတည်ကြီးဖြင့် စိုက်ကြည့်လိုက်မိသည်။

"ကဲ ... ကဲ ... ထ၊ ငါ့နေရာ ငါထိုင်ရဦးမယ်၊ မင်းလည်းသွားတော့၊ ငါ မင်းနဲ့ဆက်ပြီး စကားမပြောချင်တော့ဘူး"

စိတ်ထဲမှာ ချက်ချင်း အလိုမကျ ဖြစ်သွားကာ သူ အတက်ချိုကော့စ်ကို မှန်စားပွဲပေါ် ဖြောင်းခနဲမြည်အောင် ဆောင့်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စတာလေးက သူ့ကို မျက်နက်ဝန်းလေးတွေနှင့် ခပ်တည်တည်လေး စိုက်ကြည့်ပြီး နှုတ်ခမ်းသားကလေးကို ဖိကိုက်ထားလေသည်။

စတာလေးရဲ့ ယေတီပေကပ်ရုပ်ကလေးကို ကြည့်ပြီး သူ စိတ်တွေ ဖတ်ဖတ်မောသွားရသည်။

"ဖယ် ... ဖယ်စမ်း"

သူက လက်ယပ်ပြီး တဖတ်ဖတ်လုပ်ကာ ဖယ်ခိုင်းနေတာတောင် ဂရုမစိုက်ဘဲ ပေကပ်ထိုင်နေတာ။ ဟွန်း ... စိတ်ရှုပ်ရှုပ်နဲ့ ဆိုဖာကနေ ဆွဲထုတ်ပစ်လိုက်ရင်လည်း ရုံးခန်းထဲမှာ သူမက ဒီအတိုင်း အသာတကြည် လက်ခံမှာမဟုတ်။

သူ့ကိုခံပြီး ပြန်ပက်မှာ သေချာသည်။

သူမကို ဒီရုံးခန်းထဲမှာ ဒီအတိုင်းထားပြီး သူ့ဝန်ထမ်းတွေဆီက check လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒီကောင်မလေးနှင့် ဆက်စကားပြောနေရင် ပြဿနာဖြစ်မှာ သေချာတာမို့ သူ အောက်ထပ်ကို ဆင်းလာခဲ့တော့သည်။

အနောက်မှာ သူမလေး ဘယ်လိုကျန်ခဲ့မယ် ဆိုတာကို သူ လုံးဝဂရုမစိုက်တော့ဘဲ Computer ခန်းမထဲမှ ဝန်ထမ်းတွေကို တစ်ယောက်ပြီးတစ်ယောက် လျှောက်စစ်ဆေးနေလိုက်သည်။





စိတ်ထဲမှာတော့ သိပ်ပြီး ကြည်လင်မှုမရှိ။ စတာလေးများ သူ့ရုံးခန်းထဲမှာ ဘာတွေ သောင်းကျန်းနေမလဲဆိုသည့် အတွေးအာရုံက နောက်ကျိဖိစီးနှိပ်စက်နေသည်။

ပြီးတော့ ...

သိပ်မကြာခင်မှာ ရောက်လာတော့မဲ့ သူ့ရဲ့အတွင်းရေးမှူးမလေး ရှိစီကို သူမ ဘာစကားတွေများ လျှောက်ပြောဦးမည်မသိ။

ဒီကောင်မလေး ကုမ္ပဏီကနေ မြန်မြန်ပြန်သွားတာပဲကောင်းမည်။

ဒီကောင်မလေး ကုမ္ပဏီက အမြန်ပြန်သွားဖို့ သူ ဘာလုပ်ရမလဲ။ သူမကို သူ ဘယ်လိုစကားလုံးမျိုးပြောပြီး ကုမ္ပဏီက ထွက်သွားအောင် ပြောရပါ့မလဲဆိုတဲ့ အတွေးတွေနှင့် သူ့ဦးနှောက်တစ်ခုလုံး ထူပူမူးနှောက်လာရသည်။

"ဟား ... ဘာလုပ်ရမလဲ"

မလွယ် ... မလွယ်။ ဒီဟာမလေးကို ထွက်သွားအောင် ဘယ်လိုမှ ပြောဖို့မလွယ်။

"သော့စ် ... ဖုန်းမြည်နေတယ်ရှင့်"

အတွေးအာရုံထဲမှာ စတာလေး မျက်နှာလေးကို မြင်ယောင်ပြီး အီလည်လည်ကြီး ဖြစ်နေသည့် အချိန်မှာပဲ Computer ဝန်ထမ်းကောင်မလေးရဲ့ ခေါ်လိုက်သံကြောင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကြီး ဆတ်ခနဲ တောင့်မတ်သွားသည်အထိ ထိတ်လန့်သွားရသည်။

"ဟော ... ဩော် ... အေး"

ကိုယ့်အတွေးနဲ့ကိုယ် စိတ်ညစ်နေရတာကြီးကို ဝန်ထမ်းကောင်မလေးတွေများ ရိပ်မိသွားရင်ဆိုတဲ့ အတွေးကြီးက သူ့မျက်နှာတစ်ခုလုံး ထူထူထုံထုံကြီး ခံစားလိုက်ရကာ ခြေလှမ်းကျဲတွေနှင့် ကောင်မလေးနဲ့ ဝေးတဲ့နေရာကို သွက်သွက်ကြီး လျှောက်သွားလိုက်ပြီး ဖုန်းဖွင့်နားထောင်လိုက်ပါသည်။

"ဟယ်လို"

"ဦးတည်"

"ဟ ... မင်း ဘာကိစ္စ ဖုန်းဆက်တာလဲ၊ ပြန်တော့ကွာ ဒီမှာ စိတ်ရှုပ်ရတဲ့ကြားထဲ"

"ဟွန့် ... ဘာဖြစ်နေတာလဲ ပြန်မှာပါ၊ ဒီလောက်လည်း နှင်ထုတ်စရာ မလိုပါဘူး၊ ဒီမှာ ဦးတည်၊ စတာလေးကို တကယ်ပြတ်နိုင်တယ်ဆိုရင်တော့ ဒီနေ့ အိမ်ကိုပြန်မလာတော့နဲ့ပေါ့၊ စတာလေးကတော့ ဦးတည် ပြန်မလာဘူးဆိုရင် အိမ်ကိုလည်း မပြန်တော့ဘူး၊ အန်တီကြီး မျက်ရည်ကျတာကို ဦးတည် ကြည့်ရက်ရင် ပြီးရောလေ၊ ပြီးတော့ စတာလေး အိမ်ပြန်မအိပ်မဲ့ အဖြစ်ကို မြင်ချင်ရင်တော့ စိန်လိုက်လေ"



"ကျွတ် ... ခက်ပြီ၊ မင်း ပြန်တော့ဆိုရင်နော် စတာလေး၊ သက်သက်ကုမ္ပဏီမှာ ပြဿနာတက်ချင်နေတာလား"

"အဟင်း ... ဘာလဲ၊ ဦးတည်က ဘယ်သူ့သိမှာစိုးလို့ ဒီလောက်အထိ ဖုံးဖုံးဖိဖိ လုပ်နေရတာလဲ"

"ဟာကွာ၊ သက်သက်ကို ရန်စနေတာ၊ ကျွတ် ... စတာလေး၊ မင်း ဘာဖြစ်လို့ ပြဿနာ လုပ်ချင်တာလဲ၊ အေးအေးဆေးဆေး ပြန်ပါတော့ကွာ။ ကိုယ် သက်သက် အရှက်မရချင်ဘူး၊ ကိုယ့်ဒေါသကိုလည်း မင်း သိတယ်နော်၊ ကိုယ် မင်းနဲ့ဖက်ပြီး ရန်မဖြစ်ချင်လို့ ရှောင်ထွက်သွားတာကွ၊ မင်းကို ကြောက်လို့ မဟုတ်ဘူးဆိုတာ မင်း နားလည်"

"နားမလည်နိုင်ပါဘူး၊ ဦးတည် ရှောင်ထွက်သွားတာ စတာလေးကြောင့်မှ မဟုတ်တာ၊ ဦးတည် ရှက်တာက တစ်ယောက်"

စတာလေးရဲ့စကားကြီးကို သူ မျက်လုံးပြူးကြီးနှင့် နားထောင်နေမိသည်။ မဟုတ်မှလွဲရော စတာလေး ရိစ္စိကို တွေ့သွားပြီဖြစ်သည်။

ဒီကောင်မလေး ရိစ္စိကို ဘာတွေများ လျှောက်ပြောသွားပြီလဲ။

ဟာကွာ ... ကျွတ်၊ ဒီကောင်မလေး ဂြိုဟ်မွှေချက်မပေါ့။

www.burmeseclassic.com



"စတာလေး ... မင်း ပြန်တော့ဆိုရင်နော်၊ ငါ ထပ်ပြီး မပြောတော့ဘူး"

"ကောင်းပြီနော်၊ ပြန်မလာရင် စတာလေး အဆိုးမဆိုနဲ့ သိလား"

ပြောပြီးတာနဲ့ ချက်ချင်းကြီး ဖုန်းပိတ်သွားသည့် စတာလေးကို သူ ဒေါကြီးမောကြီးပြောဖို့ စကားလုံးလည်းမရှိ တော့။

ဖြစ်နိုင်ရင် စတာလေးဆီ ချက်ချင်းထသွားပြီး နားရင်းသာ ဆွဲအုပ်လိုက်ချင်သည်။

ဒါပေမဲ့ ...

ကုမ္ပဏီမှာ ပြဿနာဖြစ်သွားရင် အားလုံး အကျယ် တဝင့် ဖြစ်သွားမယ်ဆိုတဲ့ အသိစိတ်ဖြင့် ထိန်းချုပ်ပစ်လိုက်ရကာ ရင်ထဲက ဒေါသတွေကိုပဲ ကြိတ်မှိတ်မျိုချလိုက်ရပါသည်။





## ၁၀

ဒီနေ့တစ်နေ့လုံး ကုမ္ပဏီမှာ စိတ်ပါဝင်စားမှုမရှိ ...တဲ့ မအီမလည်ကြီးဖြစ်လျက် စတာလေးဆီပဲ စိတ်ကရောက် ...သည်။

သူ့ကို အမျိုးမျိုးခြိမ်းခြောက်ပြီး နွဲ့ဆိုးဆိုးကာ ...လေးဆန်လွန်းသည့် စတာလေးကိုလည်း သူ အတော်ကလေး ...ဖျက်မိသည်။

မနက်က ပုံပြောသွားသည့် စတာလေး စကားလေး ...ကြောင့် သူ့မှာ တစ်နေ့လုံး အလုပ်ထဲတောင် အာရုံမရောက် ...တော့ဘဲ ငြီးစီစီကြီးဖြစ်ကာ ရုံးဆင်းချိန် ရောက်တာနှင့် မရှက် ...တော့ဘဲ အိမ်ကိုပဲ တန်းပြန်လာခဲ့တော့သည်။

ခြံထဲကို သူ့ရဲ့ LAND CRUISER ကြီး ထိုးဝင်လိုက် ...နဲ့တစ်ပြိုင်နက် အန်တီကြီးက ပေါ်တီကိုရှေ့သို့ အပြေးထွက်

www.burmeseclassic.com



လာခဲ့ပြီး သူ့ကို အပြုံးချိုချို မျက်နှာကြီးဖြင့် ဆီးကြိုလာခဲ့သော သည်။

အခုလို သူ ပြန်လာတာကို ဝမ်းသာအားရ ထွက် ကြိုနေသည့် အန်တီကြီးကိုကြည့်ပြီး သူ ခေါင်းကြီးငိုက်စိုက်ချ အိမ်ထဲကိုပဲ တန်းဝင်လာခဲ့သည်။

"မောင်တည်သာ … မင်း ပြန်လာတာ အန်တီကြီး ဝမ်း သာလိုက်တာကွယ်၊ နောက် စတာလေး မင်းကို ခံမပြော ရဲအောင် အန်တီကြီး ဆုံးမမယ်၊ မင်းလည်း ဆုံးမ"

အင်း …

ဒီထက် ဆုံးမရရင်ဖြင့် သူမကပဲ သူ့ကိုလည်ပင် ထညှစ်သွားမှာ သေချာသည်။

သူက အန်တီကြီးကို ဘာစကားမှ ပြန်မပြောမိတော့ ဘဲ ခပ်ရက်ရက်ကြီး ဖြစ်သွားကာ မျက်နှာကြီးကို လက်ဖဝါးနှင့် ဖိပွတ်လိုက်ပြီး လေပူကြီးကို "ဟား"ခနဲ ထုတ်ပစ်လိုက်သည်။

မနက်က ကုမ္ပဏီအထိ ဂြိုဟ်လာမွှေတဲ့ဟာမလေး ကရော အခုထိ ကျူရှင်က မပြန်သေးဘူးလား။

အင်း … ဒီကောင်မလေး ပြန်ရောက်လာပြီလား မေးရမှာလည်း သူ ရှက်နေမိသည်။

ခြေလှမ်းကျဲကြီးတွေနှင့် အပေါ်ထပ် ဧည့်ခန်းထဲ လှမ်းဝင်လိုက်တာနှင့် သူ့မျက်ဝန်းညိုကြီးတွေက ဂနာမငြိမ်စွာ





ခန်းထဲကို ဝေ့ခနဲ ဝဲခနဲ အကဲခတ်ကြည့်လိုက်တော့ သူမလေး ရိပ်အယောင်ကိုတောင် မတွေ့ရသဖြင့် သူ နည်းနည်းစိတ်ပူ ရကာ ဆိုဖာကြီးမှာ ဝင်ထိုင်ပြီးတာနှင့် ဟန်မဆောင်နိုင်တော့ ဘဲ အန်တီကြီးကို မေးလိုက်မိတော့သည်။

"ဟိုကောင်မလေးရော၊ ပြန်မလာသေးဘူးလား အန်တီကြီး"

"ဟေ … ပြန်လာပါပြီတော်၊ စောစောက မောင်တည်သာ ကား ခြံထဲဝင်လာတော့ . လက်သီးလက်မောင်းတန်းပြီး ရေချိုးခန်းထဲ ပြေးဝင်သွားလေရဲ့"

"ဟော်"

သူ့ရင်ထဲ "လှပ်"ခနဲ နွေးမြဖွာ ခံစားလိုက်ရပြီး အန်တီကြီး အရှေ့မှာ ထိုင်နေရတာ မျက်နှာပူသလိုကြီး ဖြစ်သွား သမို့ သူ အန်တီကြီးကို နှုတ်ဆက်ပြီး အခန်းထဲဝင်ဖို့ ဆိုဖာမှ ထရပ်လိုက်ပါသည်။

"အန်တီကြီး ကျွန်တော်လည်း အနားယူလိုက်ဦးမယ်ဗျာ"

"အေး … အေး၊ မောင်တည်သာလည်း ညက စိတ်ထဲမ ကောင်းဖြစ်ပြီး အိပ်ရမှာ မဟုတ်ဘူး၊ ရေချိုး ထမင်းစား ပြီး စောစောအိပ်ရာဝင်ပေါ့ကွယ်"

"ဟုတ်ကဲ့"

အန်တီကြီးအရှေ့မှ သူ မျက်နှာပူပူနဲ့ပဲ လှည့်ထွက် လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သဘောနဲ့ကိုယ် အိမ်ပေါ်ကဆင်းသွားပြီး အခု တစ်ညပဲ အိပ်ရသေးတယ်၊ ချက်ချင်းကြီး အိမ်ပေါ်ပြန်ရောက်လာခဲ့ရသည့် ကိုယ့်အဖြစ်ကိုယ် တွေးမိပြီး ရှက်ဖတ်ကြီး ဖြူးလိုက်မိသည်။

သူ အဲဒီလို အသည်းပို အချစ်ပိုလို့လားမသိ၊ စတာလေး ဂျီစတားဖြစ်ပြီး သူ့ကို ဗိုလ်ကျနေခဲ့တာ။

ဆန်းသစ်သည့် အတွေးကလေးတွေဖြင့် အခန်းဆီသို့ ဖြူးမြမြမျက်နှာကြီးနှင့် လျှောက်လာသည့် အချိန်မှာပဲ ရေချိုးပြီး ပြန်တက်လာသည့် စတာလေးနှင့် အခန်းဝမှာ မျက်နှာချင်းဆိုင်ကြီး တိုးသွားရလေသည်။ ကိုယ့်အတွေးနဲ့ကိုယ် ဖြူးမြမြဖြစ်နေသည့် သူ့မျက်နှာကြီး ရှက်အမ်းအမ်းကြီး ဖြစ်သွားရကာ မျက်ဝန်းအကြည့်ကြီးတွေကို လုပ်ခနဲ လွှဲပစ်လိုက်မိပြီးမှ မျက်မှောင်ကြီးကြုတ်ကာ စတာလေးကို မကျေမချမ်း ကြည့်လိုက်တော့ စတာလေးက ခြုံထည်တဘက်ကြီးကို လက်ကလေးနှင့် စုကိုင်ပြီး သူ့ကို "လျှာ"ကလေးထုတ်ကာ ပြောင်ပြလာခဲ့သည်။

"အဟမ်း ... သနားလိုက်တာကွယ်၊ သူများပြောတာ တကယ်ယုံတယ် ...

"ဩော် ... ဟော် ... သိပြီ၊ သိပြီ၊ အဟင်း ... ဟင်း ရေတော်တုန်း ရေတွင်းထဲကျသွားတာနဲ့ အဖော်ပဲ ဆိုသလို ပဲ ကြားဖူးခဲ့တာ၊ အခုတော့ Right ကြုံဖူးသွားပြီကွယ်၊ ပြောတိုင်း ယုံယုံ ... အဟင်း"





"စတားလေးနော် ... မင်း ငါ့ကို မခန့်လေးစား လုပ်တာလား"

သူ ရှက်ရှက်နဲ့ ဖိဟောက်လိုက်တော့ စတာလေးက မျက်နှာလေးတွေမှာ တင်နေတဲ့ ရေစက်ကလေးတွေကို လက်ကလေးနဲ့ ဖိသုတ်ပြီး မျက်နှာပိုးသတ်သွားကာ ခေါင်းကလေးငုံ့ငြိမ်သက်သွားလေသည်။

မျက်နှာဝင်းဝင်းကလေးမှာ ရေစက်ကလေးတွေ အသီးလိုက် ခိုတွဲနေတာလေးရယ်၊ မျက်တောင်ရှည်ရှည်စင်းစင်းကြီးတွေပေါ်မှာ ရေစိုထားတာကြောင့် ထူသိပ်ပြီး အောက်သို့ မျက်တောင်များ စင်းကျနေတာကြီးကိုကြည့်ပြီး သူ့ရင်ခုန်သံတွေ မြန်ဆန်သွားရကာ ခေါင်းကလေးငုံ့ ငြိမ်သက်သွားတဲ့ စတာလေး မျက်နှာချောလေးကို စက္ကန့်ကြာကြာကြီး စိုက်ကြည့်လိုက်မိရင်း ဘာစကားမှ မပြောမိတော့ဘဲ ရင်ထဲက နွေးမြလှိုက်ဖိုနေသည့် ခံစားမှုဆန်းကြီးကို မျက်ဝန်းညိုကြီးတွေ မှေးအိခံစားရင်း ငြိမ်သက်နေမိတော့သည်။

ဟား ... တကယ်ပါကွာ။

မန်းနုရောင်သမ်းနေတဲ့ မင်းမျက်နှာလှလှလေးက ... ငါ့အတွက် ကဗျာပဲကွာ။

စတာလေးကတော့ သူ့အကြည့်ရဲရဲတွေအောက်မှာ မျက်နှာကလေး ပန်းသွေးရောင် ပြေးသွားသည်အထိ ရှက်စွဲသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

သူ့ကို မျက်လွှာကလေး သိမ်းမော့ကြည့်လာတော့ သူ့အကြည့်ရဲတွေနှင့် တန်းဆုံသွားပြီး မျက်နှာကလေး ငိုမဲ့မဲ့ကလေး ဖြစ်သွားကာ မျက်နှာကလေးကို ချာခနဲ လွှဲပစ်လိုက်ပြီး သူမအခန်းဆီ လှမ်းဝင်ဖို့ ခြေလှမ်းပြင်လိုက်လေသည်။

"နေဦး"

စတာလေးကို ဖျတ်ခနဲ လက်ကာပြီး တားလိုက်တော့ စတာလေးက ပိုပြီးစိတ်ရှုပ်သွားသလိုကလေး မျက်နှာလေး အိုစ သွားလေသည်။

"ဘာလုပ်မလို့လဲ၊ ဦးတည် အရှေ့က အရင်သွားတော့လေ"

"နေပါဦး၊ မင်း စောစောက ငါ့ကို ဘာပြောတာလဲ"

"ဘာပြောလို့လဲ၊ ဦးတည်နော် ... စတာလေးကို အဲဒီလို အကျပ်ကိုင်ပြီး မမေးနဲ့"

"ဟွန်း ... ရုပ်ကိုက ကလေးလိုလို ခွေးလိုလိုနဲ့ ရည်းစား ထားဖို့ကျ သိတယ်၊ မင်းကို ငါ ကျေနပ်နေတယ်လို့များ ထင်နေသလား"

"ဘယ်မှာ ရည်းစားလဲ၊ အဲဒါ Close friend ဦးတည်က တမင် အမြင်ကတ်လို့ ပြောတာ၊ ဖွဲက စတာလေး သူငယ်ချင်း၊ လျှောက်ပြီး ဘာမှမသိဘဲနဲ့ စွပ်စွဲနေ"





"ထားလိုက်စမ်းပါ၊ ရည်းစားမကလို့ ဘာကြီးဖြစ်နေနေ မင်းကို ဂရုမစိုက်ဘူး"

အခုမှပဲ သူ့ရင်ထဲက "အပူလုံး"ကြီး "ဝုန်း"ခနဲ ပြုတ်ကျသွားရကာ သူက ဟန်ဆောင် ပန်ဆောင်ဖြင့် စတာလေးကို ပြောလိုက်သေးသည်။

စတာလေးက သူ့အထာကို သဘောပေါက်တယ် ဆိုသည့် အိုက်တင်လေးဖြင့် ပခုံးကလေးတွန့်ပြီး နှုတ်ခမ်းကလေး ...လိုက်ကာ မျက်စောင်းကလေးထိုးပြီး သူ မခံချင်အောင်ပြော ...ခဲ့သေးသည်။

"ဂရုမစိုက်ရင်လည်း ဘာလို့ စကားပြောနေသေးလဲ၊ အရှေ့က ဖယ်ပါတော့၊ ဒီမှာ အအေးပတ်ပြီး သေတော့မယ်"

ရှုံ့ရှုံ့မဲ့မဲ့လေး ပြောလာသည့် စတာလေးကိုကြည့်... သူ့မျက်နှာကြီးတစ်ခုလုံး ထူထုံသွားသည်အထိ ရှက်အမ်းအမ်း ... ဖြစ်သွားရလေသည်။

ဟား ... သေတော့မှာပဲ၊ ငါ ဘာဖြစ်လို့ ဒီလောက် ... အဖြစ်သည်းရတာလဲ။ ကိုယ့်အသက်အရွယ်ကြီးနှင့် ဒီလောက် ...အထိ စိတ်လှုပ်ရှားစရာ မလိုတော့။

ဒါနဲ့တော့ ...

ဟား ... ကလေးရယ်၊ ငါတော့ မင်းကို ချစ်ရလွန်း... ရင်ထဲမှာ ဘာတွေဖြစ်နေမှန်းကို မသိတော့ပါဘူးကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ရှက်ရွံ့ရင်ခုန်သွားရသလို စတာလေးရဲ့ ညစ်ညစ်ညူးညူး ပြုံးစုပုံလေးကို အသည်းတယားယားဖြင့် မချင့် မရဲကြီး မျက်စချီ စိုက်ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် ရှက်မိသလို ကြီး ဖြစ်သွားရကာ ပြုံးစစ မျက်နှာကြီးဖြင့် သူမလေးအရှေ့ လှည့်ထွက်လာခဲ့မိတော့သည်။

ဟွန်း ... ကောင်မလေးကတော့ သူ့ကို ဘယ်လို ထင်မလဲ မသိ။

နှာဘူးကြီးလို့များ သတ်မှတ်မလား။

ကျွတ် ... ငါ့နှယ်ကွာ၊ ဒီကောင်မလေးနဲ့ မျက်နှာ ချင်းဆိုင်တိုင်း ဘာဖြစ်လို့ အရာရာ ထိန်းချုပ်မှု ကင်းမဲ့သွား မှန်းမသိ။

မင်းလေးကို ငါ အဲဒီလောက်အထိ ချစ်ခဲ့တာ စတာလေးရယ်။ ငါ့ရဲ့အချစ်တွေကို မင်းရဲ့နှလုံးသားနုနုလေး ညှို့ယူစားသုံးလိုက်ရမ်းပါ ကလေးရယ်။

❤ ✣ ❤





၁၁

သူ အိမ်ကနေ တစ်ညတာလေး ဆင်းသွားပြီးက တည်းက စတာလေးတစ်ယောက် နဂိုလို သူ့အပေါ် ဂျစ်မကျတော့ ဘဲ လူကြီးလေးတစ်ယောက်လို ကြွေခြံလေး ရသွားသလို သူ့စကား ကိုလည်း အလေးထား လိုက်နာ နာခံခဲ့တာမို့ သူ့စိတ်ထဲမှာ ကျေနပ်ကြည်နူးခဲ့ရသည်။

သူမလေး အခုလို လိမ္မာလာတာလေးကိုကြည့်ပြီး အန်တီကြီးကလည်း ကျေနပ်မဆုံး ဖြစ်ခဲ့သည်။

စတာလေး ကွယ်တာနှင့် စတာလေး ဆယ်တန်း အောင်ပြီးလို့ သီတင်းကျွတ်ရင် လက်ထပ်ဖို့ အစီအစဉ်ကို သူနှင့် တိုင်ပင်လာခဲ့သည်။

"မောင်တည်သာ ... စတာလေးတော့ ဒီနှစ် ဆယ်တန်း အောင်လောက်မယ်လို့အန်တီကြီး ထင်တာပဲ၊ သီတင်းကျွတ်

www.burmeseclassic.com



ရင်တော့ သမီးကို ဒီအကြောင်းတွေ ဖွင့်ပြောရတော့မှာပဲ။ ဒီပုံအတိုင်းဆို သမီးလေး မင်းကို ငြင်းမှာမဟုတ်ဘူးဆိုတာ အန်တီကြီး ယုံတယ်၊ မင်းဘက်ကလည်း သူ့ကို အရိပ်အမြွက်လောက်ကလေး ရိပ်မိအောင် ပြောထားပေါ့၊ မောင်တည်သာရယ် ... မင်းကလည်း သိပ်ပြီး ရှိုးတုံးဖြစ်နေနဲ့ပေါ့”

အန်တီကြီး စကားကြီးက သူ့မျက်နှာကို ဘယ်လိုထားရမှန်းမသိအောင် စပ်ဖျင်းဖျင်းကြီး ဖြစ်သွားရကာ ...

ရှက်ကိုးရှက်ကန်းကြီးဖြင့် ဆံပင်တွေကို ကုတ်ဖွလိုက်ရင်း ...

“ဟွန်း ... အန်တီကြီးကလည်းဗျာ၊ ကျွန်တော်ကလည်း သူ ဆယ်တန်းအောင်ဖို့ကို ခက်ခက်ခဲခဲ ကြိုးစားပြီး တွန်းအားပေးနေတဲ့ကြားက သူ့ကိုဖွင့်ပြောရမှာ တော်တော်ခက်တယ်၊ ပြီးတော့ သူက ကျွန်တော့်ကို ဘယ်လိုသဘောထားမှန်းလဲ မသိသေးဘူး၊ ကျွန်တော်ရှေ့ရေးကိုတွေးပြီး ရင်ထဲမှာ ပူတယ် အန်တီကြီးရယ်၊ သူသာ ကျွန်တော့်ကို လက်မခံရင် ...”

ဒီအတွေးကို တွေးမိတာနှင့်တင် သူ့ရင်ထဲမှာ နုံးခွေပျော့ကျသွားခဲ့သည်။

အင်း ... ဘယ်လိုပြောရမလဲ အန်တီကြီးရယ်။





စတာ့လေး မျက်လုံးကလေးတွေက သူ့ကို ရိုးသားဖြူစင်ခဲ့တာလည်း သူ့နှလုံးသားက သိရှိခဲ့သည်။

တစ်ခါ တစ်ခါ ညဘက်မှာ စာကျက်ရင်းနဲ့ အိပ်ပျော်သွားတဲ့ စတာလေး ပါးပြင်နုနုလေးကို ခိုးပြီးနမ်းမွှေးခဲ့တုန်း သူမကလေး လန့်နိုးပြီး သူ ချစ်နေတာတွေကို ရိပ်မိသွားခဲ့ရင်လည်း သူ့မှာ ဖွင့်ပြောစရာ မလိုတော့အောင် ရင်ထဲက ချစ်ခြင်းတွေကို သူမလေး ခံစားသိရှိသွားမှာဖြစ်သည်။

အခုတော့ သူ့မှာ စာသင်ရင်းနဲ့ စိတ်လွတ် ကိုယ်လွတ် အိပ်ပျော်သွားတဲ့ ကောင်မလေးရဲ့ လက်ကလေးကို ဖွဖွကလေးဆုပ်ကိုင်ပြီး ပါးပြင်ကလေးကို မထိတထိကလေး ငုံ့နမ်းရင်း ကြိတ်မှိတ်မျိုသိပ်ကာ ကိုယ့်အခန်းကိုယ် ပြန်အိပ်ခဲ့ရတဲ့ ညပေါင်းများစွာ ကျော်ဖြတ်ရင်းဖြင့် သူ့ရင်ထဲက တအုံနွေးနွေးချစ်ခဲ့ရသည့် အချစ်တွေကို စတာလေး မရိပ်မိခဲ့တာပဲလား။ ဒါမှမဟုတ် နွေးထွေးတဲ့ သူ့မျက်ဝန်းက အချစ်တွေကို မသိချင်ယောင်များ ဆောင်ခဲ့တာလားမသိ။

စတာလေးကို သူ့ရင်ထဲက အချစ်တွေကို ဖွင့်ပြောဖို့ဆိုတာက သူ့အနေအထားကြီးနှင့် တော်တော်ခက်ပါသည်။

စတာလေးက သူ့ကို ဆွေမျိုးသားချင်း ဦးလေးတစ်ယောက်လို အားကိုးတွယ်တာခဲ့တာ သူ အသိဆုံး။



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီး ပြောလာတော့မှ သူလည်း ရင်ထဲမှာ နွမ်းလျလျကြီး ဖြစ်သွားကာ မျက်နှာချောချောကြီးလည်း အလိုမကျ ဖြစ်သွားကာ လက်ရှိ အသက်သုံးဆယ့်သုံးဆိုတာကြီးကို ပေါ်လွင် သွားစေခဲ့သည်။

“မင်း ချစ်နေတာကို စတာလေးရော ရိပ်မိရဲ့လား မောင် တည်သာ”

အန်တီကြီး စကားကြီးကို သူ ရှက်ဝဲဝဲကြီး ပြုံးလိုက် မိကာ ခေါင်းကြီးကို ငုံ့ချလိုက်မိသည်။

“အဟွန်း ... ရိပ်မိချင်လည်း ရိပ်မိမယ်၊ ရိပ်မိပြီး မသိချင် ယောင် ဆောင်ချင်လည်း ဆောင်နေမှာပေါ့ အန်တီကြီး ရယ်”

“သြော် ... ဒါနဲ့ မောင်တည်သာ၊ သမီးလေးနဲ့ မင်း ... အရင်တစ်ခါပြောတဲ့ ကောင့်လေးကရော တကယ့်ရည်းစား ဖြစ်ခဲ့ကြသေးလား”

သူ့မျက်နှာကြီး ခဏတည်သွားပြီးမှ စိတ်ကိုလျှော့ ချလိုက်ရပါသည်။

“သူ ပြောတာတော့ သူငယ်ချင်းလို့ ပြောတာပဲ၊ ပြောင် ရတာ မဟုတ်ဘူး၊ သူ့စကားက ယုံလို့ရတာ မဟုတ်ဘူး အန်တီကြီးရဲ့၊ ဒီကောင်မလေးက လိမ်စဉ်များတယ်





“မင်းကလည်း အသေအချာ ကြပ်မတ်ထားပေါ့ မောင်တည် သာရယ်၊ ဒီအရွယ်က ကိုယ်ပုံစံချသလို ဖြစ်တာပဲ၊ ကိုယ့် ဘက်ကတော့ နောက်ဆုတ်အရှုံးပေးဖို့တော့ မင်း မစဉ်းစား နဲ့နော်၊ အန်တီကြီး `ပြောထားမယ်၊ စတာလေးနဲ့ အဲဒီ ကောင်လေးနဲ့ ချစ်သူရည်းစား ဖြစ်ခဲ့လည်း မင်းဘက်က ဘာမှလျှော့ပေးစရာ မလိုဘူးနော်”

“ကျွန်တော် သူ့ကိုချစ်တာပဲ အန်တီကြီးရယ်၊ ကျွန်တော် လည်း နားလည်ပါတယ်၊ ဒီအကြောင်းတွေကို သူ စာမေးပွဲ ဖြေပြီးရင်တော့ ဖွင့်ပြောဖို့ ဆုံးဖြတ်ထားပါတယ်၊ ကျွန်တော် သူ့ကို စာမေးပွဲမပြီးခင် အကြမ်းကိုင်လို့ မရဘူး၊ တကယ် လို့ အဲဒီကောင်လေးနဲ့ သူသာ ရည်းစားဆိုရင် မိုးရာလိုက် ပြေးသွားတော့ ဘယ့်နှယ်လုပ်မလဲ၊ အဲဒါမှ ကျွန်တော်တို့ ရင်ကွဲပက်လက် ဖြစ်ကျန်ခဲ့မှာ၊ သူ့ကို အချိုသတ်ရမယ် အန်တီကြီးရဲ့”

“အေး ... အေး ... မင်းပြောတာ ဟုတ်တယ်၊ အန်တီ ကြီးလည်း သမီးလေး စာမေးပွဲဖြေပြီးမှ အရိပ်အမြွက်ဖွင့် ပြောတာပေါ့”

အင်း ...

အန်တီကြီး သူ့တူမချောလေးကို စိတ်ပူခဲ့သလို သူကလည်း သူမလေးကို ပိုင်ဆိုင်ရယူဖို့ မျှော်လင့်ရင်းဖြင့် စတာ



www.burmeseclassic.com

www.burmeseclassic.com



လေး နှလုံးသားလေးကို အကဲခတ်ခဲ့တာ၊ အခြေအနေက သူ့ဘက်ကို မဲသာခဲ့ပြီမို့ သူ့မှာ စိတ်အေးအေး ထားနိုင်ခဲ့ပြီးရင် အခြောပြေကာ ကုမ္ပဏီလုပ်ငန်းတွေကို အေးအေးဆေးဆေး လုပ်နိုင်ခဲ့သည်။

ဒီလိုနှင့် တဖြည်းဖြည်း စတာလေး ဆယ်တန်းစာမေးပွဲ ဖြေမဲ့ရက်ကို ရောက်လာခဲ့ပြီး စတာလေး တစ်ယောက် သူထင်ထားတာထက် စာမေးပွဲကို လွတ်လွတ်ကျွတ်ကျွတ် ဖြေနိုင်သွားခဲ့တာမို့ သူမလေး ဝမ်းသာကြည်နူးနေတာလေးကို ကြည့်ပြီး သူ ပီတိဖြင့် ပြုံးပျော်ကျေနပ်သွားခဲ့ရလေသည်။

"ဦးတည် ... စတာလေး ဒီနှစ်အောင်မှာ သေချာသွားပြီ၊ စတာလေး စာမေးပွဲကို ဘာသာစုံ ဖြေနိုင်တယ်၊ စတာလေးကို ဘာဆုချမှာလဲ ပြော"

ညှို့ခန်းထဲ လှမ်းဝင်ဝင်ချင်း သူ့ကို မျက်ဝန်းကြည်ကြည်ကလေးတွေနှင့် ခပ်ပြုံးပြုံးကလေးကြည့်ပြီး ပတ်ချွဲနပ်ချွဲ ပြောလာခဲ့တဲ့ စတာလေးကို သူ ရင်ခုန်မြတ်နိုးစွာဖြင့် စိုက်ကြည့်လိုက်ပြီး ရင်ထဲက ချစ်ခြင်းတွေကို ဘယ်လိုမှ ထိန်းချုပ်လို့မရအောင် လွတ်ထွက်သွားခဲ့ရတော့သည်။

ချွေးကလေးတွေ စို့တက်နေတဲ့ စတာလေးရဲ့နှင်းဆီဖူးဖူးနှုတ်ခမ်းလေးအပေါ်ကို ပြုံးမြမြကြီး စိုက်ကြည့်ပြီး ချွေးကလေးတွေကို ကြင်နာစွာ လက်ဖဝါးကြီးဖြင့် ခပ်ဖွဖွကလေး တို့





သုတ်ပေးရင်းက စတာလေး ခေါင်းကလေးကို ချစ်စနိုးနှင့် ဖိအုပ်ကိုင်လိုက်သည်။

"ဟင်"

စတာလေး ရုတ်တရက်ကြီး သူ ချွေးသုတ်ပေးလိုက်တာကြီးကို ရှက်ကိုးရှက်ကန်းလေး ဖြစ်သွားကာ မျက်နှာအမ်းအမ်းလေးနှင့် သူ့ကို မော့ကြည့်လာလေသည်။

"ချွေးတွေတောင် ပြန်လို့ပါလား၊ ဒီနှစ်တော့ လွတ်ပြီကျွတ်ပြီဆိုတော့ ပျော်နေတယ်ပေါ့"

"အိုး ... ပျော်တာပေါ့"

"အပွန်း ပွန်း ... ပျော်ပါဗျာ၊ ပိုပြီးပျော်ဖို့ ကောင်းမှာက ယောကျ်ားယူရင် အမြီးတပ်လို့ ရသွားတာပေါ့"

"အမယ် ... စတာလေးက ငယ်ငယ်လေး ရှိသေးတာပဲ၊ ဘာကိစ္စ ယောကျ်ားယူရမှာလဲ၊ မယူနိုင်ပါဘူး"

"ဖူးစာပါရင်တော့ မင်းဘာသာ ငယ်ငယ်ကြီးကြီး ပြေးမလွတ်ပါဘူးကွာ"

သူက စတာလေး မျက်လုံးကလေးကို မေးအီပြီး စိုက်ကြည့်လိုက်တော့ စတာလေး မျက်လုံးကလေးတွေ ခပ်တည်တည်လေး ဖြစ်သွားပြီးမှ ခေါင်းကလေး ငုံ့ချလိုက်ကာ ကိုယ်လုံးသွယ်သွယ်လေး တသိမ့်သိမ့်တုန်အောင် လက်ခုပ်ကလေး "ဖြောင်း" ခနဲတီးရင်း ဟက်ဟက်ပက်ပက်လေး ရယ်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက စတာလေး အူလိုက်သည်းလိုက် ရယ်နေတာလေးကို ချစ်လို့မဝဖြစ်ကာ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ စတာလေး မျက်နှာကလေးအနားသို့ တိုးကပ်လိုက်ရင်း မျက်နှာချင်း ပူးယှက်သလိုကြီး လုပ်လိုက်ပြီး သူမ ဆံပင်ကလေးတွေကို နွေးထွေးစွာ သပ်တင်ပေးလိုက်မိသည်။

"ဟင်"

စတာလေးက သူ့ကို မျက်လုံးဝိုင်းဝိုင်းလေးတွေနှင့် အံ့ဩသလိုကလေး မော့ကြည့်လာတော့ သူက ဘာမှမဟုတ်သလို အော်ရယ်ပစ်လိုက်သည်။

"အဟား ... ဟား ... ဟား"

"အမယ်တော် ... ဒီနစ်ယောက် ဘာတွေပြောပြီး သဘောကျနေတာလဲ မသိဘူး၊ တကတဲတော်၊ စတာလေးကလည်း ဒီနစ်ဆယ်တင့်းစာမေးပွဲကြီးကို ကျွတ်ကျွတ်လွတ်လွတ်ဖြေနိုင်သွားပြီဆိုတော့ ရယ်နိုင်မောနိုင်သွားပြီပေါ့"

"အဟင်း ဟင်း ... အရမ်းရယ်ရတာပဲ သိလား အန်တီကြီးရဲ့၊ ဒီမှာလေ ဦးတည် စတာလေးကို ဘာတွေလျှောက်ပြောနေမှန်း မသိဘူး"

"ငါ ဘာပြောလို့လဲကွ"

အန်တီကြီးရှေ့မှာ ဒီကောင်မလေး ဟိုစကားကြီးကိုပြောမှာ အစိုးရိမ်လွန်ပြီး လှမ်းဟန့်လိုက်ပေမဲ့ စတာလေးက သူ့ကို မျက်စောင်းကလေးခဲပြီး ခပ်ရွဲ့ရွဲ့လေး စိုက်ကြည့်လာလေသည်။





"စတာလေး ဆယ်တန်းအောင်လို့ ယောကျ်ားယူရင် နောက်က အမြီးတပ်လို့ ရပြီဆိုတာ ဘာစကားကြီးလဲ၊ ဟွန့် ... ယောကျ်ားဖြစ်ပြီး ဗလောင်းဗလဲ လုပ်ဦးမလို့လား၊ ပြီးတော့ ပြောသေးတယ်၊ စတာလေးကို ဖူးစာပါရင် ငယ်ငယ်ကြီးကြီး ပြေးမလွတ်ပါဘူးတဲ့၊ အဟင်း ဟင်း ... ရယ်စရာပဲ၊ စတာလေးတို့က ငယ်ငယ်ရွယ်ရွယ်နဲ့ ယောကျ်ားယူဖို့ကတော့ Sorry ပါရှင်၊ နဂိုကတည်းက လက်မထပ်ချင်သေးလို့ (I am you) မခံစားရသေးတာပေါ့။ စတာလေးက ယူရင်လည်း နုရွနေတဲ့ တီး(န်)အေ့ချ် သူဌေးသား အချောစားလေးမှ ယူမှာ၊ စိတ်ကြိုက်မြန်မာပဲ"

စတာလေး စကားကြီးက သူ့ကို တည့်တည့်ကြီးအောင်းပြောလိုက်တာမို့ သူ့မှာ ဘာစကား ပြန်ပြောရမှန်းမသိအောင် စွံ့အအကြီး ဖြစ်သွားကာ ပြုံးစိစိ မျက်နှာပေးနှင့် သူ့ကို ထိတထိကလေး စိုက်ကြည့်နေတဲ့ စတာလေး မျက်နှာလေးကို ခပ်ရှိရှိကြီး စိုက်ကြည့်လိုက်မိသည်။ ရင်ထဲမှာလည်း ဘယ်လိုမှ ခံစားနိုင်တော့ဘဲ မျက်နှာကြီးကို ချာခနဲ လွှဲပစ်လိုက်မိသည်။

အန်တီကြီးအရှေ့မှာ အခုလို အပြောခံလိုက်ရသဖြင့် ရှက်လည်းရှက် ဝမ်းလည်း ဝမ်းနည်းသွားရကာ ဘာစကားမှမပြောနိုင်လောက်အောင် ဆို့နင်ကြေကွဲသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီးကလည်း သူ့ စိတ်ထိခိုက် ကြေကွဲသွားတာကြီးကို ရိပ်မိစွာဖြင့် ငြိမ်သက်စွာ သူ့မျက်နှာကြီးကို ငေးကြည့်နေလေသည်။

ဖြစ်ရလေ ... အစမှပဲ သူက အသနားခံ လူတစ်ယောက် ဖြစ်ခဲ့ရလေတော့သည်။

ဒါ သူ ပြောလိုက်တဲ့ စကားတွေကို ပါးရည်နပ်ရည်နဲ့ပြန်ပြီး လက်စားချေလိုက်တာပဲဖြစ်သည်။

အသက်ကြီးတဲ့ လူကြီးကို လက်မထပ်နိုင်ဘူးဆိုတဲ့ အကြောင်းကို အန်တီကြီးရော သူပါ တစ်ပါတည်း သိသွားအောင် ပညာသားဖြင့် သူမ ရင်ထဲက ခံစားချက်တွေကို ထုတ်ဖော်ပြောလိုက်တဲ့ စကားလေးကို သူ တော်တော်နာကြည်းသွားခဲ့မိသည်။

သူ့မှာတော့ သူမဘဝလေး ဒီထက်ဖြောင့်ဖြူးသွားအောင် မေတ္တာထားပြီး ချစ်လိုက်ရတာ။

သူမကတော့ ...။ ဟင်း ...။

ပြောရက်လိုက်တာ စတာလေးရယ်၊ မင်း ငါ့အပေါ် ဒီလောက်အထိ ပြောရက်နိုင်လိမ့်မယ်လို့ ကိုယ် ထင်မထားခဲ့ဘူး။ မင်း ဘာဖြစ်လို့ ကိုယ့်အကြင်နာတွေကို ရင်မခုန်ခဲ့ရတာလဲဟင်။

သူ ဒီလောက်အထိ အသည်းနှလုံးထဲက အရူးလိုက် သည်းတုန်ချစ်နေခဲ့တာတောင် ငြိုငြင်နိုင်လွန်းသည့် စတာလေးရဲ့ စကားသံလေးတွေကို ကြေကွဲတိတ်ဆိတ်စွာ ခေါင်းကြီးငုံ့ ခံစား





သည့် အချိန်မှာပဲ အန်တီကြီးရဲ့ မကျေနပ်သံကြီးကို ကြားလိုက်ရပါသည်။

"ဒီမှာ စတာလေးရဲ့ ညည်းအသက်ကလေးက ငယ်ငယ်လေးနဲ့ လူတွင်ကျယ်မလုပ်နဲ့၊ ညည်း စိတ်ကြိုက်မြန်မာစာလည်း လုပ်လို့မရဘူး၊ သမီးမှာ မိဘတွေကလည်းရှိတော့တာ မဟုတ်ဘူး၊ အန်တီကြီးနဲ့ မောင်တည်သာတို့ကပဲ ငယ်ငယ်လေးကတည်းက အုပ်ချုပ်လာတာ၊ ညည်း စိတ်ကြိုက်ထက် ကျုပ်တို့စိတ်ကြိုက်ဖြစ်ဖို့ လိုတာပဲ၊ လောကမှာ အိမ်ထောင်ပြု မှားသွားပြီဆိုရင် ပြင်လို့မရဘူး စတာလေး"

"အန်တီကြီးက အပျိုကြီးဖြစ်ပြီး ဒါတွေလည်း နားလည်တာပဲလား"

"နားလည်တာပေါ့အေ့၊ ကျုပ်က အပျိုကြီးဖြစ်တာ အသုံးမကျလို့ မဟုတ်ဘူး၊ ယောက်ျားတွေကို အသုံးမချချင်လို့ မယူဘဲ အပျိုကြီးလုပ်တာ"

"ဟိ ... ဟိ၊ ဒါဆို စတာလေးလည်း ယောကျ်ားတွေကို အသုံးမချချင်ဘူး၊ အပျိုကြီး တစ်ကိုယ်တည်းပဲ လုပ်တော့မယ်"

"မိစတာလေးနော်၊ စကားကို ပျက်တီးပျက်ချော် မပြောစမ်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီး ထအော်လိုက်တော့မှ စတာလေး တစ်ယောက် မျက်နှာပိုးသတ်သွားပြီး သူ့မျက်နှာကြီးကို အပြုံးမပျယ်သေးတဲ့ မျက်လုံးကလေးတွေနှင့် မော့ကြည့်ကာ ...

"ဦးတည်လည်း လူပျိုကြီး ဖြစ်ပြီနော်၊ သက်တူရွယ်တူကြီး မဟုတ်တောင် ဦးတည်ထက် နှစ်နှစ် သုံးနှစ်လောက်ငယ်မဲ့ ဟိုအတွင်းရေးမှူးမလေး ရို့ ဆိုလား၊ သူလေးကချစ်စရာလေးနော်၊ သူ့ကို လက်ထပ်လိုက်ပါလား၊ ဦးတည်နဲ့ဆို နေနဲ့လ ရွှေနဲ့မြ၊ အိုခေ ... ဆေးပဲ"

"စတာလေး ... မင်း တော်တော့နော်၊ ငါ အန်တီကြီးရှေ့မှာမို့လို့ ဒီလောက် သည်းခံနေတာ၊ တော်ပြီကွာ၊ မင်းကို တစ်နှစ်လုံးလုံး သင်လာရတဲ့ ပင်ပန်းတဲ့ဒဏ်တွေ မင်းစာမေးပွဲ ဖြေနိုင်တယ်ဆိုတာနဲ့တင် ကျေနပ်သွားပြီ၊ မင်းဆယ်တန်းအောင်စာရင်းထွက်လို့ အောင်ရင်တော့ မင်းကို ငါ အထိုက်တန်ဆုံး Present ပေးဖို့ ဆုံးဖြတ်ထားတယ် ဒါကလည်း မင်း ငါ့စကားကို နားထောင်ပြီး ငါ့စိတ်ကြိုက်လိမ္မာမှပေးမှာ"

"ဟင် ... ဦးတည်က ဘာ present ပေးမှာမို့လို့ ကြီးကျယ်နေရတာလဲ"

"ဒါကတော့ အောင်စာရင်းထွက်မှ ကြည့်ပေါ့"





"အိုခေ ... စတာလေး အကြိုက်ဆုံး present ဖြစ်ရင်တော့ စတာလေး ဦးတည်ကို ဆုတောင်းပေးလိုက်မယ်၊ ဦးတည်မိန်းမချောချောလေး ရပါစေလို့"

"ကောင်းပါပြီကွာ၊ မင်းပေးတဲ့ဆု ပြည့်မှာပါ"

အန်တီကြီးရှေ့မှာ ...

သူ ဒီစကားကြီးကို မျက်စိစုံလုံးမှိတ်ပြီး ပြောလိုက်ပေမဲ့ သူ့ရင်ထဲမှာ လိပ်ပြာမလုံသလိုလို ရှက်ရွှေးရွှေးကြီး ခံစားခဲ့ရသည်။

အင်း ... ဒီစကားကြီးက ဘယ်လောက်အထိ တာသွားတယ်ဆိုတာကို စတာလေးက မသိဘဲ မိန့်မိန့်ကလေး ပြုံးနေပေမဲ့ အန်တီကြီးကတော့ မျက်နှာကြီးတစ်ဖက်လှည့်ပြီး တူမချောလေးအစား ရှက်နေသည် ထင်ပါရဲ့။

ကျွန်တော့်ကို ခွင့်လွှတ်ပါ အန်တီကြီးရယ်၊ ကျွန်တော်အန်တီကြီးတူမ အပြောတွေကို မခံနိုင်လွန်းလို့ပါဗျာ။

❤ ✣ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ရက်တွေ လတွေ တဖြည်းဖြည်း ကုန်ဆုံးလာခဲ့ပြီး စတာလေး အောင်စာရင်းထွက်တဲ့အချိန်ကို ရောက်လာခဲ့ရလေပြီ။ စတာလေး တစ်ယောက် ဆယ်တန်းစာမေးပွဲကြီး အောင်မြင်သွားပြီဆိုတာကို သိလိုက်ရတဲ့အချိန်မှာ ကြည်နူးပီတိဖြင့် ပြုံးမော်သွားတဲ့ မျက်နှာလှလှ အသည်းလေးကို သူ မြတ်နိုးစွာစိုက်ကြည့်ရင်း ရင်ခုန်သံကြီးတွေကို ထိန်းရှင်း သိမ်းရင်းဖြင့် မျိုချလိုက်ရကာ သူမလေးကို အထိုက်တန်ဆုံး Present ပေးဖို့ ဆုံးဖြတ်လိုက်မိသည်။

အင်း … သူမလေးက ဒါကို စိတ်မဝင်စားဘဲ အန်တီကြီးကို သူငယ်ချင်းတွေကြားက ဝမ်းသာအားရ ပြေးဖက်လိုက်သလို သူ့လက်မောင်းကြီးကို ဟီးလေးခိုတွဲ ပျော်ရွှင်နေတဲ့ ကလေးလေးတစ်ယောက်လို အပြစ်ကင်းစင်သည့် သူလေးကို ဘယ်လို ချစ်မြတ်နိုးမှန်း မသိအောင် ဖြစ်သွားရသည်။





"အန်တီကြီး … ဦးတည် … စတာလေး အောင်သွားပြီနော်၊ စတာလေးကို ဘာဆုချမှာလဲ၊ ဦးတည် Promise အတိုင်း အဖိုးအတန်ဆုံး Present နော်"

"အေးပါကွာ၊ မင်းတို့ သူငယ်ချင်းတွေ အိမ်မှာပျော်ပျော်ပါးပါး တစ်ခုခုလုပ်စားကြပါလား၊ ဒါမှမဟုတ် ဂိမ်းကစားကြရင် ကစားကြပါလား"

သူက စတာလေးကို အပြင်ထွက်မသွားဖို့ လှမ်းပိတ်ပင်လိုက်ပေမဲ့ စတာလေးရဲ့ Close friend ဆိုတဲ့ ကောင်လေးက သူ့ကို မကြည်လင်တဲ့ အကြည့်တွေနှင့် စိုက်ကြည့်ကာ စတာလေးကို ခပ်တည်တည် မျက်ဝန်းတွေနှင့် စိုက်ကြည့်ပြီး အကြာကြီး ငြိမ်သက်နေပြီးမှ …

"လင်း … တို့တွေ ရုပ်ရှင်ကြည့်ကြမယ်၊ တို့ လေးယောက်စလုံးအောင်ကြတဲ့ အောင်မြင်ပွဲကိုတော့ ရုပ်ရှင်လေးတော့ ကြည့်သင့်တာပေါ့"

"ဟုတ်တယ် လင်း၊ ငါတို့ ရုပ်ရှင်ကြည့်ချင်တယ်၊ အန်တီကြီးနဲ့ ဦးက လင်းကို မီးတို့နဲ့ ရုပ်ရှင်ကြည့်ခွင့်ပြုလိုက်ပါနော်"

စတာလေးတို့ သူငယ်ချင်းအုပ်စုထဲက ခပ်သွက်သွက်ကောင်မလေးက သူ့ကို "ဦး"လို့ တပ်ခေါ်လိုက်သဖြင့် သူ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲ မခံချိမခံသာကြီး ဖြစ်သွားကာ မျက်နှာကြီး အလိုလိုအိုး
သွားရသည်။

ဖွဲ့ဆိုတဲ့ ကောင်လေးကတော့ တစ်ချိန်လုံး သူ့မျက်နှာ
ကို အကဲခတ်နေတာမို့ သူ ပိုပြီး စနိုးစနောင့် ဖြစ်သွားရသော
မျက်နှာငယ်ငယ်လေးနှင့် သူ့ခွင့်ပြုချက်ကို ငံ့လင့်နေတဲ့ စတာလေး
ကိုလည်း ခပ်တည်တည်ကြီး စိုက်ကြည့်ပစ်လိုက်သည်။

"ဦးတည် ... စတာလေး သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွား
ကြည့်ချင်တယ်၊ စတာလေးကို မုန့်ဖိုးပေး၊ ပြီးတော့
စတာလေး Shopping ထွက်ဦးမှာနော်၊ ပိုက်ဆံများများ
ပေးရမယ်"

လက်ဝါးကလေးဖြန့်ပြီး ပတ်ချွဲနပ်ချွဲ ပိုက်ဆံတောင်း
လာသည့် စတာလေးကို သူ မကြည်ကြည့် ကြည့်လိုက်သည်။

"တစ်နေ့လုံး မထွက်ရဘူးနော်၊ ရုပ်ရှင်ကြည့်ပြီး မှာကာ
ထွက်ပြီး ပြန်လာခဲ့။ တစ်နေ့လုံးတော့ ခွင့်မပြုနိုင်ဘူး
မင်းအတွက် အကောင်းဆုံးလက်ဆောင် လိုချင်တယ်ဆိုရင်
တော့ တစ်နေ့လုံး အချိန်မကုန်စေနဲ့ပေါ့"

"ဟာ... ဦးတည်ကလည်း present ပေးမှာတောင် အကျ
ကိုင်တယ်"

"တန်ဖိုးရှိတာ မယူချင်ရင်လည်း နေလေ"





"လင်း ... လုပ်ကွာ၊ Shopping ထွက်ဦးမှာနဲ့"

သူနှင့် စတာလေး အခြေအတင် စကားပြောနေကြ
တာကို ကောင်လေးက နားကြားပြင်း ကတ်သလိုနှင့် စကားဖြတ်
ပြောလိုက်သဖြင့် သူ့စိတ်ထဲ အင်တင်တင်ကြီး ဖြစ်သွားရသည်။

အင်း ... ဒီကောင်လေးနဲ့ စတာလေးက ရိုးသားတဲ့
သူငယ်ချင်းတော့ မဖြစ်နိုင်။

ကောင်လေးက စတာလေးကို သက်ဆိုင်သူလို
အမိန့်ပေး ဦးဆောင်နေပုံထောက်တော့ စတာလေး သူ့ကို သက်
သက်ညာလိုက်ပြီ ဆိုတာကို သူ သိရှိလိုက်ရပြီး စတာလေးနှင့်
ကောင်လေးမျက်နှာလေးကို ခပ်တည်တည်ကြီး စိုက်ကြည့်မိသည်။
ထို့နောက် ဒေါသစိတ်ကို အနားသတ်ပြီး သူတို့အရှေ့မှ ကျော
ခင်းဝစ်လိုက်ကာ အံဆွဲကို ဆွဲဖွင့်လိုက်ရင်း အံဆွဲထဲမှ တစ်သိန်း
အုပ် သုံးအုပ်ကို စတာလေးရှေ့ ပစ်ချပေးလိုက်သည်။

"ဟင် ... သုံးသိန်းတည်းရယ်၊ စတာလေးက သူငယ်ချင်း
တွေကို Present ကောင်းကောင်းလေး ဝယ်ပေးချင်တာ၊
ဒီပိုက်ဆံလေးနဲ့ ဘယ်လိုလုပ် လောက်မှာလဲ"

"ပိုက်ဆံရှိတိုင်း မိုးပေါလအော သုံးလို့ဖြစ်မလားကွ၊
ထိုက်သင့်သလောက်ပဲ သုံးပေါ့၊ သုံးသိန်းဆိုတာ နည်းတဲ့
ပိုက်ဆံမှ မဟုတ်တာ၊ တော်ပြီ ... ထပ်မပြောတော့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကို ခပ်ချဉ်ချဉ်ရှိတာနဲ့ သူ စတာလေး

ဖိပြောလိုက်ပြီး ချာခနဲ အခန်းထဲက လှည့်ထွက်လာခဲ့သည်။

အနောက်မှာ စတာလေး ဘယ်လိုမျက်နှာမျိုးနဲ့

ခဲ့မယ်ဆိုတာကို သူ မစဉ်းစားချင်တော့။

အန်တီကြီးကတော့ သူ ဘာပြောပြော ဘာလုပ်

လက်ခံကျေနပ်နေသူမို့ သူနှင့် စတာလေးတို့ စကားဝိုင်းထဲ

တစ်ခွန်းမှ ဝင်မပါဘဲ အသာပင် ကြည့်နေခဲ့လေသည်။

အဲဒီအတွက် အပြန်ကျ ဘာပြဿနာရှာဦးမည်

မသိ။

စတာလေး ရင်ထဲမှာတော့ ဘာမှ လှုပ်ရှားနေ

လည်သည့် ဦးတည်လုပ်ရပ်ကြီးကို ရှက်လည်းရှက် ခံလည်းခံပြ

သွားရကာ သူ ပစ်ချပေးလာခဲ့သည့် ပိုက်ဆံသုံးအုပ်ကိုကြည့်

နှုတ်ခမ်းသားကလေးကို မကျေမနပ်ဖိကိုက်ကာ အန်တီကြီး

စိုက်ကြည့်လိုက်သည်။

ဟင်း ... အလကား အန်တီကြီး။

သူငယ်ချင်းတွေရှေ့မှာမို့ ဘာစကားမှ မပြော

ဘဲ ကျိတ်မျိုချကာ ပိုက်ဆံသုံးသိန်းကိုပဲ ကျောပိုးအိတ်ထဲ ဆောင်

ကြီးအောင့်ကြီး ထည့်လိုက်ပြီး ကားသော့ကလေးကို ဆတ်ခနဲ

ကောက်ယူကာ သူငယ်ချင်းတွေနှင့် ထွက်လာခဲ့တော့သည်။





ဖွန်း ... ဟို အလကားလူကြီးကလည်း အမြဲတမ်း

သူ့ကို ဖိနှိပ်ဖို့ ကြည့်နေတာ။

ဘာတစ်ခုမှ လွတ်လပ်ခွင့်မပေးခဲ့။

အမြဲတမ်း အဖိနှိပ်ခံဘဝကြီးကို နာကြည်းမိကာ

တစ်လမ်းလုံး ခပ်ငြိမ်ငြိမ်ကလေး လိုက်လာခဲ့တာကို ဖွဲ့က စကား

စထိုးလာခဲ့သေးသည်။

"ဘယ်လိုလဲ လင်းရဲ့၊ ငြိမ်ချက်သား ကောင်းလှချည်လား၊ မင်း 'ဦးလေး'ဆိုတဲ့ လူကြီးက ဘာကြီးမှန်းလဲ မသိဘူး နော်၊ ပိုက်ဆံချမ်းသာတယ်ဆိုပြီး စွတ်ဘဝင်မြင့်နေတာ၊ ပြီးတော့ မင်းကိုကြည့်တဲ့ အကြည့်ကြီးက (ဘိုးတော်ကြွေ) ကြည့်ကြီး၊ တကယ် ဦးလေးတော်တာမှ ဟုတ်ရဲ့လားကွာ"

"ဟာကွာ၊ ဖွဲ့ကလည်း၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီမှာ ဆယ်တန်းအောင်တဲ့နေ့ကို စိတ်မချမ်းသာရဘဲ စိတ်ဆင်းရဲရတယ်၊ ဘာမှမပြောတော့နဲ့ကွာ၊ ရုပ်ရှင်ကြည့်မယ်၊ Shopping ထွက်မယ်၊ သူငယ်ချင်းတွေကို တစ်ယောက် တစ်ပြန် present ဖလှယ်မယ်၊ ဒါပဲ မဟုတ်လား"

"အင်းပါကွာ၊ သဘောတော်အတိုင်းပါပဲ၊ သူ့ဦးလေး ဦးကပ်စီးကြီးကိုထိလို့ နာသွားပြီ"

သူ့"ဦးလေး"ဆိုတဲ့ စကားကြီးကို စတာလေး

နားထဲမှာ ရှက်သလိုလိုကြီး ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဦးတည်နဲ့ သူမဟာ ဘယ်လိုမှမတော်ဘူးဆိုတာကို အတွင်းကျကျ သိထားတဲ့သူတွေပဲ သိထားတာမို့ အပြင်မှာတော့ စတာလေးဟာ ဦးလေးရဲ့ အုပ်ချုပ်မှုအောက်မှာ ပြားပြားဝပ် ကြောက်ရတဲ့ မိန်းကလေးအဖြစ် နာမည်ကြီးခဲ့ရတဲ့ ကိုယ့်အဖြစ်ကိုယ် ရှက်လည်းရှက် ဝမ်းလည်းဝမ်းနည်းသွားရပါသည်။

ကိုယ့်ပိုက်ဆံနဲ့ကိုယ်တောင် သူ့ ပေးသလောက်ပဲ သုံးခဲ့ရတဲ့ ဘဝကြီးကိုလည်း စိတ်နာမိသည်။

သူမမှာတော့ လေးနှစ်မြောက်အောင်သည့် ဆယ်တန်းအောင်မြင်ပွဲအတွက် ပျော်ရွှင်ကြည်နူးမှုလေးတွေ မရှိခဲ့ဘဲ သူငယ်ချင်းတွေနှင့် ရုပ်ရှင်ကြည့်နေတာတောင် စိတ်လက်မပါဖြစ်ကာ သူမအပေါ်မှာ အမြဲတမ်း ဖိနှိပ်အုပ်ချုပ်ပြီး အကြောကြီးနှင့် ဆက်ဆံသည့် ဦးတည်ရဲ့ အပြုအမူတိုင်းကိုပဲ အခဲမကျေဖြစ်နေခဲ့မိသည်။

❤ ✣ ❤





၁၃

အိမ်ပြန်ရောက်တာနှင့် စတာလေး ရင်ထဲက မကျေနပ်မှုတွေ ပေါက်ကွဲသွားပါတော့သည်။

စတာလေး ဝင်လာတာကို ပြုံးစိစိ မျက်နှာပေးနှင့် ကြည့်နေသည့် ဦးတည် ရှေ့တည့်တည့်သို့ ခပ်သွက်သွက်လေး လျှောက်သွားလိုက်ပြီး တားသော့တွဲကို ဆောင့်ကြီးအောင့်ကြီးပစ်ချလိုက်ကာ ဖြူတုံတုံ မျက်နှာကြီးဖြင့် သူမကို စိုက်ကြည့်နေသည့် ဦးတည် မျက်နှာကြီးကို အခဲမကျေစွာ စိုက်ကြည့်ပစ်လိုက်သည်။

"ဒါက ဘယ်လိုဖြစ်လာတာလဲ စတာလေး"

ဟွန်း ... ကြည့်၊ ချက်ချင်း လူကြီးက အိုက်တင်ခံမ်းပြီး ခပ်တည်တည် မျက်နှာထားကြီးနှင့် စတာလေးကို ဆီးဟောက်လိုက်တာမို့ ဒီတစ်ခါတော့ စတာလေး ခေါင်းငုံ့ငြိမ်မခံနိုင်တော့ဘဲ ဦးတည်ကို ပြန်အော်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ဖြစ်ရမှာလဲ၊ ဦးတည် သိပ်ရိုင်းတာပဲ၊ စတာ လေး သူငယ်ချင်းတွေကို ဂရုမစိုက်တာ စတာလေး လုံး မကျေနပ်ဘူး"

"ဟ ... ဘာဖြစ်တာလဲကွ၊ မင်းဟာ အရူးကျနေတာ အပြစ်မရှိ အပြစ်လာလုပ်နေတာ ဘာသဘောလဲ"

"ဟင်း ... သူ့ကိုယ်သူ အိမ်မှာ ကြီးကြပ်အုပ်ချုပ်သူဆိုပြီး သူများကို ပိုက်ဆံတောင်းသုံးခွင့် မပေးရအောင် စတာလေး က ငယ်ငယ်ရွယ်ရွယ်လေး မဟုတ်ဘူး"

"သိပါတယ်၊ မင်း မငယ်တော့ဘူး၊ လင်ယူလို့ရတဲ့အရွယ် ရောက်ပြီဆိုတာ သိတယ်"

"ဦးတည် ... စကားကို ဆင်ခြင်ပြော"

"ဟ ... ငါ့ကို ခံမအော်နဲ့နော် မင်း"

"ခံမအော်စေချင်ရင် လူကြီးသူကြီးလို ပြောပါလား၊ စကားပြောဖို့ ချောင်းနေတာ"

"ဟ ... ဒုက္ခပဲ။ ပတ်ပြီကွာ"

သူ့ကိုယ်သူ အသက်ကြီးကာမှ ကိုရီးယားမင်းသား စတိုင်ဖမ်းပြီး ကိုယ့်နဖူးကိုယ် "ဖတ်"ခနဲ ရိုက်ပြောရင်း ခေါင်း မော့ကာ လေကို"ဟား"ခနဲထုတ်ပြီး သူမကို မျက်ဝန်းကထောင့် တစ်ချက် မေးကြည့်လာသည့် ဦးတည်ကို စတာလေး ဘယ်လို မနှစ်မြို့ချင်အောင် အော့ကြောလန်သွားရသည်။





"အဲဒီလို စကားကို ဆင်ခြင်မပြောလို့ သူငယ်ချင်းတွေ ရှေ့မှာ စတာလေး ကွဲတာပဲ"

"ဘာကွဲတာလဲ"

"ကုမ္ပဏီပိုင်ရှင် သူဌေးသမီးက ပိုက်ဆံလေး မတောက် တစ်ခေါက်ကိုင်ပြီး နောက်လှို့နေရတာကိုပြောတာ၊ ရှင်း ပြီလား ကြီးအကြီးရဲ့"

"နေပါဦး၊ မင်းက ပိုက်ဆံသုံးသိန်းကို မတောက်တစ် ခေါက်လို့ ပြောရအောင် ပိုက်ဆံရှာရတာ လွယ်ကူတယ်လို့ များ အောက်မေ့နေသလား"

"လွယ်တယ် ... လွယ်တယ်၊ လွယ်လို့ကို သူငယ်ချင်းသုံး ယောက်ကို စာမေးပွဲအောင်တဲ့ အထိမ်းအမှတ်နဲ့ သူတို့ကို ဟန်းချိန်းတစ်ကျပ်ခွဲသား ဆုချလိုက်တယ်၊ ဦးတည်နဲ့သိတဲ့ ရွှေဆိုင်မှာ စတာလေး ရွှေတစ်ကျပ်ခွဲသား အကြွေးလုပ်လာ တယ်၊ ပိုက်ဆံသုံးသိန်းကတော့ Shopping ထွက်တာ ကုန်သွားပြီ"

"ဟာ ... မင်း ... မင်း ... ကြည့်စမ်း၊ ပိုက်ဆံကို သူများ အလကား ပေးသုံးလိုက်ရအောင်၊ မင်း ရူးနေသလား စတာလေး"



www.burmeseclassic.com

www.burmeseclassic.com



"မရှူးဘူး၊ ပိုက်ဆံချမ်းသာလို့ကို တစ်နေ့တည်းနဲ့ ဆယ် သိန်းကျော် ဆယ့်တစ်သိန်းကုန်အောင် သုံးပစ်တာ၊ ပိုက်ဆံ အခုမှပဲ အောလောဖော်လော သုံးရတော့တာပဲ၊ စတာလေး ပျော်တယ်"

"အေး ... ပျော် ... ပျော် မင်းတော့ကွာ၊ အေး ... မင်း အတွက် ဘာမှ မပေးတော့ဘူး"

စတာလေး အရူးကျပုံကြီးကို သူ ယုံလို့မရအောင် အံ့သြသွားမိကာ ဒေါ်သတွေ စိမ့်တက်လာရသည်။

အန်တီကြီးကတော့ သူ့တူမကို ဘာမှမပြော သူတို့နှစ်ယောက် တစ်ယောက်တစ်ပြန် ချဲနေတာကို အသာ လေး ပြုံးကြည့်ရင်း ကျေနပ်ပီတိ ဖြစ်နေပုံရသည်။

"မပေးနေပေါ့၊ ဘယ်သူ့ကိုမှ ချော့လည်းမတောင်း ချေ လည်းမတောင်း၊ သူများလုပ်စာကို ထိုင်စားနေရတယ် တော့ သူများပေးသရွေ့ ပိုက်ဆံကို ချွေတာသုံးနေရတာ စတာလေး ဆယ်တန်းအောင်သွားပြီဆိုတော့ ကုမ္ပဏီနေ ကောင်းကောင်းမှာ ထိုင်မှာပဲ"

စတာလေး စကားကြီးကို သူ မခံမရပ်နိုင် ဖြစ်သွား ရကာ စတာလေးကို ဒေါ်သမျက်လုံးတွေနှင့် စူးခနဲ စိုက်ကြည့် ပစ်လိုက်သည်။





"ဘာလဲ ... မင်းက မင်းပိုင်ကုမ္ပဏီကို ငါ ကြီးကြပ်အုပ် ချုပ်နေတာ မကြိုက်ဘူးတဲ့လား၊ ဟုတ်လား စတာလေး၊ မင်းစကားက ဘယ်အတိုင်းအတာအထိ လွန်သွားပြီဆိုတာ မင်း သိရဲ့လား"

ရင်ထဲက ဒေါ်သစိတ်ကို ထိန်းချုပ်လို့မရ ဖြစ်သွား ကာ သူ ထိုင်နေရာမှ "ဝုန်း"ခနဲ ထရပ်လိုက်ပြီး စတာလေး ပခုံး က်ကို ခပ်ကြမ်းကြမ်း လှုပ်ခါယမ်းလိုက်တော့သည်။

ပြောတာကြည့်ဦး ...

သူ့ကို တမင်ဖွဲ့ပြောလိုက်တာ။

ဒါကို သူ သည်းခံလိုက်မယ်ဆိုရင် ရှေ့လျှောက် တာလေး သူ့အပေါ် ရောင့်တက် အနိုင်ယူသွားတော့မည်ဖြစ် ည်။

"အို ... မောင်တည်သာရယ်၊ သမီးလေးက ဒီသဘောမျိုး ပြောတာ မဟုတ်ပါဘူး၊ သူ စကားမပြောတတ်လို့ပါ၊ သူ့မှာ ပိုက်ဆံအရမ်းချမ်းသာပြီး သားပေးတဲ့ပိုက်ဆံကို တောင် နည်းတယ် ထင်နေတာ၊ သူ့ငယ်သေးလို့ စီးပွား ရေးကို မသိတတ်သေးလို့ ဒီစကားပြောတာ။ အထွေအထူး စိတ်မဆိုးစမ်းပါနဲ့ကွယ်၊ ကလေး ဆယ်တန်းအောင်တာ ပျော်လို့တောင် မဝသေးဘူး၊ မင်းတို့နှစ်ယောက်က ရန်ဖြစ် ကြပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီးက သူ့ ဒေါကြီးမောကြီး ပေါက်ကွဲတာကို မြင်တော့မှ ဝင်ဖျန်ဖြေဖော် ရလာတော့သည်။

"မဟုတ်ဘူး အန်တီကြီးရဲ့၊ အလကားဗျာ ပိုက်ဆံကို ထင်တိုင်းသုံးရအောင် ပိုက်ဆံရှာတဲ့လူကို ဘာများအောက်မေ့နေလဲ မသိဘူး၊ သူများအတွက်နဲ့များ ဆယ့်တစ်သိန်းလောက် အကုန်ခံရတယ်လို့ကွာ၊ ကျွတ် ... ငါ တကယ် စိတ်ပျက်တယ်"

"ကဲပါ ... မောင်တည်သာရယ်၊ ပြောမနေပါတော့နဲ့၊ သမီးကလည်း ဒီတစ်ခါပဲ ဒါမျိုးအလုပ်ကို လုပ်မိတာဖြစ်ပါစေနော်၊ နောက် အဲဒီလိုမျိုး ကိုယ့်ပစ္စည်းကို အလွယ်ငွေ့ကယ် သူများပေးချင် ကမ်းချင်စိတ် မမွေးနဲ့၊ အန်တီကြီးလည်း မကြိုက်ဘူး၊ ကဲ ... မောင်တည်သာ၊ သားက သမီးကိုပေးမဲ့ လက်ဆောင်လေး ပြလိုက်ဦး၊ ကလေးလေး စိတ်ချမ်းသာသွားအောင်"

စတာလေးက အန်တီကြီးပြောတဲ့ လက်ဆောင်က လေးကို အရမ်းစိတ်ဝင်စားပုံလေးဖြင့် မျက်ဝန်းလေးတွေ အရည်လက်စိုသွားရကာ သူ့ကို မျက်နက်ဝန်းကလေးချီပြီး ငဲ့သလို မငဲ့သလိုကလေးကြည့်ရင်း နှုတ်ခမ်းကလေးကို ရွဲ့ပြလိုက်သေးသည်။

သူက စတာလေးရဲ့ ရွဲ့တဲ့တဲ့ အမူအရာကလေးကို အရမ်း အသည်းခိုက်မတတ် ကြွေကျသွားရကာ သူမ မျက်နှာ





ကို အချစ်ရည်တွေ ပြည့်လျှံနေသည့် မျက်ဝန်းကြီးဖြင့် န်ကြာ စိုက်ကြည့်လိုက်မိပြီးမှ ...

အန်တီကြီးအရှေ့မှာ အားနာမျက်နှာပူသွားရကာ လဲ မျက်လုံးကြီးဖြင့် အန်တီကြီးကို လှပ်ခနဲ မော့ကြည့်လိုက် ရှက်ဝဲဝဲကြီး ခေါင်းငုံ့ပြုံးလိုက်မိတော့သည်။

"အဟွန်း"

ရှက်ဝဲဝဲကြီး ပြုံးလိုက်မိပြီးမှ စတာလေး မျက်နှာလေး အကဲခတ်သလိုကလေး ကြည့်လိုက်တော့ သူ့ကို တဖျပ်ဖျပ် နေသည့် မျက်နက်ဝန်းကလေးတွေ ဝိုင်းဝိုင်းလည်သွားသည် စိုက်ကြည့်လာတဲ့ စတာလေးကို သူ စချင်နောက်ချင်စိတ် ဖြစ်သွားရသည်။

အင်း ... တစ်ခဏအတွင်းပေါ်လာတဲ့ အကြံကလေးနဲ့ လေးကို ချစ်မိသည့် ဂုဏ်သရေရှိ လူကြီးတစ်ယောက်အဖြစ် ကိုယ့်ကိုယ် မသတ်မှတ်မိတော့ဘဲ စတာလေးကို ကလေး တစ်ယောက် စတိုင်မျိုး ဂိုက်ဖမ်းပြီး လက်စွပ်ကလေးကို တိုင်ဝတ်ပေးဖို့ ဆုံးဖြတ်လိုက်တော့သည်။

အန်တီကြီးက ရှက်ဝဲဝဲကြီး ကျိတ်သဘောကျနေ သူ့ကိုကြည့်ပြီး ဘာကိုသဘောပေါက်သွားသည် မသိဘဲ ကြောင်းပြချက်ကလေးနှင့် သူမကြီး အခန်းဆီသို့ လှည့်ဝင်သွား တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးအတွက် အန်တီကြီးလည်း ဆုချ
သွားယူလိုက်ဦးမယ်"

"အန်တီကြီးနော် ... ဒေါ်ကပ်စီးကြီးလုပ်ပြီးတော့
အသေးအမွှား တန်ဖိုးမရှိတာပေးဖို့ စိတ်မကူးနဲ့နော်၊
လေးက ဦးကပ်စီးတို့ ဒေါ်ကပ်စီးတို့ကို သိပ်မုန်းတာ"

"အေးပါတော် ... ညည်းလေး စိတ်ကြိုက် တန်ဖိုးအ
ဆုံး လက်ဆောင်ကို အန်တီကြီးကပေးမှာပါတော်"

ဧည့်ခန်းထဲမှ အန်တီကြီး လှုပ်စိ လှုပ်စိ ထွက်သွ
တာကို သူ ရယ်ဟဟကြီး ကြည့်မိရင်း ကိုယ့်လိပ်ပြာ ကိုယ်
ဖြစ်သွားကာ ပခုံးကြီးတွန့်ပြီး ရယ်လိုက်မိတော့သည်။

"အဟွန်း ... ဟွန်း"

"အိုး ... ဘာရယ်တာလဲ၊ present ပေးတော့လေ
သူများက သိချင်လို့ စောင့်နေရတာ ရင်တွေတောင်ထိ
တယ်"

"ဟုတ်လား၊ ရင်ခုန်နေတယ်ပေါ့၊ မှန်း ... ကိုယ်စမ်းကြ
စမ်းမယ်"

"ဟာ ... ဟင့်အင်း ... ဟင့်အင်း ... မလုပ်နဲ့"

"ကိုယ် ဘာလုပ်သေးလို့လဲ၊ ဟား ... ဒုက္ခပဲ"

ကြောက်အားလန့်အား မျက်နှာလေးဖြင့်
တယမ်းယမ်း ငြင်းဆန်လိုက်သည့် စတာလေးကို ကြည့်ပြီး





နှင့်အသည်းယားသွားရကာ သူမလေး ပါးပြင်နုနုဖောင်းဖောင်း
ကို ချစ်သည်းတုန်စွာ ဆွဲဖျစ်လိုက်တော့သည်။

ဟား ... ချစ်တယ် ကလေးရယ်။ ကိုယ် မင်းကို
ချစ်တယ်ကွာ၊ မျိုသိပ်ရတာတွေများလို့ ကြာရင် ကိုယ် ရူး
သွားမလားပဲ။

ရင်ထဲက ခံစားချက်တွေကို ဘယ်လိုမှ မမျိုသိပ်နိုင်
သည့်အဆုံး မျက်ဝန်းညိုကြီးတွေဖြင့် သူမလေးမျက်နှာလေးကို
အိကြီးစိုက်ကြည့်လိုက်တော့ စတာလေးက မျက်လွှာကလေး
သွားကာ ခပ်ရှုန်းရှုန်းလေး မျက်နှာလေးကို လွှဲသွားခဲ့လေသည်။

စတာလေးခမျာ သူ့အကြည့်အီအီတွေကို အရှက်
ရှက်သွားပြီး ငိုချတော့မယ့်မျက်နှာလေးဖြင့် နှုတ်ခမ်းသားလေး
ပြွပြွလေးဖိကိုက်ထားတာလေးကိုကြည့်ပြီး သနားကြင်နာသွား
ကာ သူမလေးလက်ဖဝါးလေးကို ထွေးဖျစ်ဆုပ်ကိုင်ရင်း ချော့
နှစ်သိမ့်လိုက်ရပါသည်။

"ဟော့ ... ညီမ ဘာဖြစ်လို့ငြိမ်သွားပြန်ပြီလဲ၊ ဘာလက်
ဆောင်ပေးမှာလဲဆိုတာကို စဉ်းစားနေတယ်ပေါ့"

"ဘာမှ မစဉ်းစားဘူး"

"ဟွန်း ဟွန်း ... ကြောက်သွားတယ်ပေါ့"

"ဘာဖြစ်နေတာလဲ၊ အင့် ဟင့် ဟင့် ... စတာလေး ငိုပ
လိုက်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



စတာလေးက သူ့လက်ထဲက လက်ဖဝါးကလေး…
အတင်းရုန်းယူပြီး ရှက်ရမ်းရမ်းပါတော့သည်။

"အား ... ဟော့ ... တော်ပြီနော်၊ ထပ်မံဒိုတော့နဲ့၊ မင်း
အတွက် တန်ဖိုးကြီးကြီး Present မရဘဲ ဖြစ်သွားမယ်"

"အဲဒါပဲ ခြိမ်းခြောက်နေတာ မယူဘူး၊ မယူဘူး၊ ခင်ဗျား
ကြီးပစ္စည်းကို မယူတော့ဘူး"

"ဘာ ... ဘာ ... ကိုယ့်ပစ္စည်း"

"ဘာလဲ မသိဘူး သွား ... သွား"

စတာလေး မျက်နှာလေး ရဲပတောင်းခတ် နီရဲ…
ပုံလေးကို သူ စိမ်ပြေနပြေစိုက်ကြည့်ရင်း ရင်ခုန်သံနွေးနွေး…
ကို ခပ်မြှောမြှောလေး ငြိမ်ပြီးအသက်ဝင်ခံစားနေလိုက်သည်။

"တော်ပြီ ... တော်ပြီ သွားမယ်"

"ဟာ ... ဟော့ ... သက်သက်ချစ်လို့စတာကိုကွာ၊ ကလေး
လေးက မင်းလေး ဆယ်တန်းအောင်ပြီးတာကြီးကို ဝမ်းသာ
လွန်းလို့ပါကွ"

စတာလေး စိတ်ဆိုးမာန်ဆိုးလေး ထရပ်တော့မည်
လုပ်လိုက်တာကို သူက အားနဲ့ ဖမ်းဆွဲလိုက်သဖြင့် သူမကိုယ်
လုံးကလေး ယိုင်နဲ့ကာ သူ့ပေါင်ပေါ်သို့ ပစ်ထိုင်မိရက်သား ဖြစ်
သွားရတော့သည်။





သူက အဲဒါကြီးကိုပဲ သဘောကျသွားရကာ မိန့်မိန့်
ကြီး ရင်ခုန်သံကြမ်းကြမ်းကို အသိတရားလေးဖြင့် ဆင်ခြင်လိုက်
သည်။

"ဟာ ... ဖယ် ... ဖယ်"

"ရတယ် ထိုင်၊ မင်း ငယ်ငယ်ကတည်းက ကိုယ့်ပေါင်ပေါ်
မှာထိုင်နေကျ၊ ထိုင် ထိုင် ဘာမှ မဖြစ်ဘူး"

"ဟင့်အင်း ... ဟင့်အင်း မထိုင်ဘူး ဘာဖြစ်နေမှန်းကိုမသိ
ဘူး၊ ငယ်မူပြန်နေတယ်"

စိတ်လှုပ်ရှားနေသည့် စတာလေး အသံတုန်တုန်လေး
…သူ အသည်းခိုက်မတတ် ချစ်မြတ်နိုးသွားရသည်။

"အင်း ... ဒါပေါ့ ငယ်ငယ်လေးကို အသည်းအသန်ချစ်နေမိ
တော့လည်း ငယ်မူပြန်ရတာပေါ့"

"ဟင်"

"ကဲ ကဲ ... စိတ်တွေ တအားလှုပ်ရှားမနေနဲ့ မျက်စိမှိတ်
ကလေး၊ ကိုယ် မင်းရဲ့အောင်မြင်မှုအတွက် Present ပေး
တော့မယ်"

သူ့ကို မကျေမချမ်းမျက်စောင်းကလေးဖြင့် ရွဲ့တဲ့တဲ့
…ကြည့်ပြီး နှုတ်ခမ်းကလေးစူသွားသည့် စတာလေးနှုတ်ခမ်း
…ကလေးကို သူ ရင်ခုန်အသည်းယားစွာ စိုက်ကြည့်နေလိုက်
…သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... သူမလေး သူ ချစ်နေခဲ့တာတွေကို သိ
ကြီးနှင့် ဘာမှ မသိသလိုလေးနှင့် မသိဟန်ဆောင်နိုင်လွန်း
Power ပြနိုင်တာကို အသည်းယားလွန်းလို့ ခွဲလွဲပွေ့ဖက်
အနမ်းမိုးတွေ ရွာသွန်းလိုက်ချင်ပါသည်။

တကယ်ပါ။

အဲဒီလောက်အထိ ရင်ခုန်ရူးနှမ်းသွားတာ။

"ဟင် ... ဘာလုပ်နေတာလဲ၊ ဒီမှာ မျက်စိမှိတ်ထား
ညောင်းတောင်လာပြီ၊ ဘာမှလဲ မပေးသေးဘူး"

"ဩော် ... ဩော် ... အေး ... ပေးမှာပေါ့ကွ"

စတာလေးရဲ့ မူနွဲ့နွဲ့အသံကလေးကို ကြား
သူ့အသိစိတ်တွေက နှလုံးသားထဲကို နွေးရှိန်းရှိန်းကြီး ဝင်
သွားရကာ မျက်ဝန်းလှလှလေးတွေ မှေးမှိတ်ထားတဲ့ စတာလေး
နှာလေးကို သတိလက်လွတ် တပ်မက်မြတ်နိုးစွာ နမ်းရှိုက်မိ
ဖြစ်သွားတဲ့ ကိုယ့်စိတ်ကို ခပ်တင်းတင်းကြီး ကျိတ်တင်းပစ်
တော့သည်။

ပြီးတော့ စတာလေးရဲ့ ဘယ်ဘက်လက်သန်း
သွယ်သွယ်လေးကို သူ့ရဲ့ အဖိုးအတန်ဆုံး သိန်းနှစ်ရာစိန်လ
ကလေးကို လက်ထပ်အကြို စေ့စပ်လက်စွပ်ကလေးအဖြစ်
ပေးလိုက်ပါတော့သည်။





ကြွကြွရွရွကလေး မွေးညှင်းစိမ်းလေးတွေနှင့် နုဖပ်
သည့် လက်ကလေးကို စတာလေး မရိပ်မိအောင် ခပ်ခွာခွာ
အသည်းစူးအောင် နမ်းရှိုက်လိုက်ပြီးမှ စတာလေးမျက်နှာ
ဝင့်မော့ပစ်လိုက်ပြီး ဖြည်းဖြည်းကလေး မျက်လုံးကလေးကို
ခိုင်းလိုက်ပါတော့သည်။

"ကဲ ... ဖြည်းဖြည်းချင်း မျက်လုံးကလေးဖွင့်ကြည့်လိုက်
တော့"

အခုမှပဲ စတာလေး အသက်ဝဝရှူနိုင်သွားပြီး
မျက်နှာလေးကို အနောက်ကို ခပ်ယို့ယို့ကလေးဆုတ်ရင်း မျက်
ကလေးကို ဖျတ်ခနဲဖွင့်လိုက်သည်။

အဲဒီခဏအတွင်း ပလက်တီနမ်အသည်းခွဲကလေး
မှာ တစ်လုံးစိန်တောက်တောက်ကလေး မြှုပ်ထားသည့် စိန်
လက်စွပ်လှလှလေးကို မြင်လိုက်တော့ အံ့သြဝမ်းသာလွန်းလို့
အော်ကြီးထအော်ပစ်လိုက်လေသည်။

"ဟာ ... ကြည့်စမ်း ... စိန်လက်စွပ်ကလေး၊ ပလက်တီနမ်နဲ့
လုပ်ထားတာ၊ လှလိုက်တာလေး အခွံလေးက အသည်းပုံ
ကလေးဆိုတော့ ပိုပြီးလှတယ်၊ အသစ်အဆန်းကလေး၊
ဦးဟည်ကြီး အရမ်းတော်တယ်ကွာ၊ ဒီလက်စွပ်ကလေး
ဘယ်လောက်ပေးရသလဲဟင်"

"နှစ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်စိချီပြီး စတာလေးကို ချစ်ပြုံး
လုပ်ခနဲပြုံးပြလိုက်ပါသည်။

"ဟင် ... ပိုက်ဆံနှစ်ရာတည်းရယ်၊ စိန်အစစ်မဟုတ်
ပေ့ါ"

"ထပ်သရီး အရူးမလေးရဲ့ နဲ့လှချည်လား၊ သိန်းနှစ်ရာ
စိန်က အရည်ကောင်းလွန်းလို့ တစ်လုံးတည်းနဲ့ တန်
အရမ်းကြီးသွားတာကွ"

သူ ပြောနေတာတွေကို မျက်လုံးဝိုင်းဝိုင်းက
ကလယ်လယ်နှင့် နားထောင်နေသည့် စတာလေးကိုကြည့်
သူ့ရင်ထဲမှာ ဘယ်လိုကြီး ခံစားလိုက်ရမှန်းမသိအောင် စိတ်
ထိန်းမနိုင်သိမ်းမရဖြစ်သွားရကာ ကိုယ်သင်းရနံ့လေး မွှေးမြနေသည့်
စတာလေးကိုယ်လုံးအိအိကလေးကို ရင်ခွင်ထဲ ခပ်တည်တည်
ခွဲဖက်ပစ်လိုက်ပါတော့သည်။

တကယ်ပါ ကလေးရယ် ...

ကိုယ် မင်းကို အရမ်းချစ်တယ်။

ကိုယ် သိပ်ချစ်လွန်းလို့ မင်းကို အကြာကြီးပွေ့
ထားပါရစေ။

မင်းရင်ခွင်နွေးနွေးလေးကို ကိုယ့်ရင်ခွင်ကျယ်ကြီး
မှာ တအားပွေ့ဖက်ထားချင်တယ်။ ချစ်လေးရယ်။

သူ အချစ်ရူး ရူးသွားရပါပြီ။





စတာလေးရဲ့ အထိအတွေ့အာရုံကြားမှာ ဘယ်လိုမှ
ရုန်းမထွက်ချင်လောက်အောင် ချစ်ဆိပ်တွေ တရစ်ရစ်တက်သွားခဲ့
ရလေပြီ။

"ဟင့်အင်း ... ဟင်းအင်း ... ရှင်ကြီး သိန်းနှစ်ရာတန်
စိန်လက်စွပ်ကိုပေးပြီး နိုင်တိုင်းကျင့်တာ အကျင့်ယုတ်တဲ့
လူကြီး၊ ရှင့်စိန်ကို လွှင့်ပစ် ..."

"အာ ... ဒီရန်တွေ့ကောင်းတဲ့ နှုတ်သီးလေးတော့လား"

"အား ... ရှင်ကြီး ... ရှင်ကြီး"

ရန်တွေ့နိုင်လွန်းသည့် သူမလေးခမျာ သူ့ရဲ့အနမ်း
မိုးမိုးတွေကြားမှာ ခေါင်းမဖော်ဝံ့အောင် ငြိမ်သက်မှောလျသွား
တော့သည်။

ပြီးတော့ ဘာစကားမှမဆိုနိုင်တော့သလို သူ့အနမ်း
တွေကိုလည်း ရှောင်တိမ်းငြင်းဆန်နိုင်သည့်အင်အား မရှိတော့ဘဲ
သူ့ရင်ခွင်ထဲမှာ ငိုသံအိအိကလေးနှင့် သူ့ကို အရှုံးပေးလိုက်ရ
တော့သည်။

သူကတော့ တစ်သက်လုံးမျိုသိပ်ခဲ့ရသည့် အချစ်
တွေကို မနားတမ်းဖွင့်ချလိုက်မိပြီး အချစ်ဆိတ်တွေ တရစ်ရစ်တက်
စွာဖြင့် သူမလေးမျက်နှာလေးဆီမှ မျက်နှာကြီးကို မခွာမိတော့သည်
အချစ်မူး မူးသွားခဲ့ရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါတော့ ကလေးရယ်။

ကိုယ် မင်းရဲ့ခွင့်ပြုချက်ကလေးကိုမယူဘဲ မင်းရဲ့ နှုတ်အတင်းချစ်လိုက်မိပြီကွာ။

ကိုယ့်ကို ခွင့်လွှတ်ပါနော် ချစ်လေး။

❤ ✣ ❤





## ၁၄

"ဟင်"

သူ ရုံးသွားပြီထင်ပြီး အောက်ထပ်ညှော်ခန်းကို ဆင်းလာမိပြီးခါမှ သူမကို ညှော်ခန်းဆိုဖာရှည်ကြီးကနေ မင့်မင့်ကြီး စိုက်ကြည့်ပြီး ပြုံးပြုလာသည့် ဦးတည်ကို တွေ့လိုက်ရသဖြင့် သူမရင်ကလေးတွေ တဖျပ်ဖျပ်ခါလူး ရင်ခုန်သွားရကာ ညှော်ခန်းဆီသို့သွားမယ့် ခြေလှမ်းတွေကို အပေါ်ထပ်လှေကားဆီသို့ ပြန်ဦးတည်လိုက်တော့သည်။

ဟွန့် ... ဒီမျက်နှာကြီးကို လုံးဝ မမြင်ချင်။

မမြင်ချင်လို့ကို သူ ရုံးသွားပြီးချိန်ကို ဆင်းလာပြီး နံနက်စာစားမလို့လာခဲ့ကာမှ တည့်တည့်တိုးခဲ့ရသည့်အဖြစ်။

ဒါ ဒီလူကြီး ကုမ္ပဏီကို တမင်မသွားသေးဘဲ လုလည်ကျပြီး သူမကို စောင့်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



"စတာလေး လာလေ၊ ကိုယ် မင်းကို ပြောစရာရှိ
ကုမ္ပဏီကိုမသွားသေးဘဲစောင့်နေတာ"

အနောက်ကနေ ခပ်ကျယ်ကျယ်လေး လှမ်းခေါ်လို
သည့် ဦးတည်အသံကြီးက သူမ လှမ်းလက်စခြေလှမ်းလေး
ကို ရပ်တန့်သွားခဲ့သည်အထိ ဩဇာကြီးကာ လွှမ်းမိုးထားနိုင်
သည်။

သူမ အဲဒါကိုပဲ မကျေနပ်တာ။

ဟွန့် ... သူများအိမ်လည်း တက်နေသေးတယ်
ဩဇာအာဏာပြနေလွန်းတာ မျက်မုန်းကျိုးလိုက်တာ။

ပြီးတော့ မနေ့က သူ့အပြုအမူရိုင်းတွေကို သူမက
ဘယ်လိုမျက်နှာထားမျိုးနှင့် သူနှင့် မျက်နှာချင်းဆိုင်ရမလဲ။

"ဟော့ ... ပြောနေတာ မကြားဘူးလားကွ"

စတာလေး နှုတ်ခမ်းသားလေးတွေ မဲ့ခနဲရွဲ့ကျ
သွားပြီး ခြေထောက်ကလေးကို ဆောင့်ပေါက်ပစ်လိုက်သည်။

"ဘာပြောမှာလဲ"

"ဟာ ... ဆွဲအခေါ်ခံချင်လို့လား၊ လာဆို လာလေ"

ဟွန်း ... မုန်းလိုက်တာ။

ဒီလို အမိန့်ပေးချုပ်ကိုင်ပြီး အကွက်ကျကျ သူမ
ဘဝလေးကို သူ့ဘဝကြီးထဲ ဆွဲသွင်းလို့ကတော့ စတာလေးက
တော့ ခေါင်းငုံ့ငြိမ်ခံနေလိမ့်မည်မဟုတ်။





ဒီတစ်ခါတော့ စတာလေး အကြောင်း ကောင်း
ကောင်းသိသွားရအောင် ပညာပေးရမည်ဖြစ်သည်။

ဒါပေမဲ့ ...

အခုချိန်မှာတော့ ဦးတည် ဆိုဖာကြီးအရှေ့မှာ ဆောင့်
ကောင့်အောင့်အောင့်လေးဝင်ထိုင်ပြီး အရှုံးပေးလိုက်ရသည့် မိန်း
ကလေးဖြစ်သွားရလေသည်။

"ကော်ဖီသောက် မုန့်စား"

သူမ မျက်နှာလေးကို ရှုတည်တည်ကြီး စိုက်ကြည့်ပြီး
အမိန့်ပေးလာသည့် လူကြီးမျက်နှာကို ကုတ်ဆွဲပစ်လိုက်ချင်သည်။

ဟွန်း ... အခုကျတော့ လူကြီးလူကောင်းအရေခြုံ
ထားလို့။

တည်ငြိမ်သည့်အကြည့်တွေနှင့် စတာလေးကို ခပ်
တည်တည်ကြီးစိုက်ကြည့်နေသည့် လူကြီးကို စတာလေး အခဲမကြေ
စွာ စိုက်ကြည့်လိုက်မိသည်။

"မုန့်စားလေ"

သူပြောလိုက်တာကို မကျေမနပ် ရှုပုပ်ပုပ်မျက်နှာ
လေးဖြင့် သူ ထိုးပေးလာသည့် လင်ဗန်းထဲက ကိတ်မုန့်တစ်လုံး
ကို စိတ်မပါသလိုကြီး ပိတ်ကိုက်စားလိုက်တော့ မုန့်ဖတ်ကလေး
တွေ နှုတ်ခမ်းကလေးမှာ ပေကျံသွားတာလေးကို သူ အသည်း
ယားစွာစိုက်ကြည့်ရင်း ဆတ်ခနဲ မတ်တတ်ထရပ်လိုက်ကာ စတာ



www.burmeseclassic.com

www.burmeseclassic.com



လေးအရှေ့သို့ ခပ်သွက်သွက်ကြီးလျှောက်သွားလိုက်ပြီး သူမလေး ပါးစပ်ကလေးမှာ ပေကျံနေသည့် မုန့်ဖတ်ကလေးတွေကို လက်ဖဝါးကြီးဖြင့် ဖိသုတ်ပေးလိုက်မိလေသည်။

စတာလေးက လျှင်မြန်လွန်းသည့် သူ့အပြုအမူကြီးကို ဘာမှမပြောသာတော့ဘဲ မျက်လုံးပြူးကြီးဖြင့် ကြောက်လန့်သလိုကလေး မော့ကြည့်ကာ အနောက်ကို မျက်နှာလေး ခပ်ယို့ယို့လေးဆုတ်လိုက်လေသည်။

"ကြည့် ... ကလေးမဟုတ်ဘာမဟုတ်နဲ့ စားတာ ပါးစပ်မှာပေလိုက်တာ၊ အေးအေးဆေးဆေးစားစမ်းပါ၊ ကျားလိုက်သလို ဘာလို့စားရတာလဲ၊ ကော်ဖီလည်းသောက်ဦး"

တကယ့်ဆရာကြီးအိုက်တင်နဲ့ ဟွန်း ... အခုကျတော့ လူကြီးလူကောင်း။

ကျွတ် ... စိတ်ထဲက မခံချင်တိုင်း ပြန်ပြောရင်လည်း သူမပဲ နာတာ။

မပြောဘူး။ ဘာစကားမှမပြောဘူး။

သူ့ဘာသာရှုးပြီး တစ်ယောက်တည်းပြောနေစမ်းပါစေ။

"ဟောဗျာ ... ဘာလဲ မကျေနပ်ဘူးလား၊ မနေ့ကကိစ္စကိုညည်း မကျေနပ်ဘူးပေါ့"

ပြောစမ်း ကြိုက်သလောက်ပြောစမ်း။





စတာလေးကိုက နားမရှိဘူးဘဲ သတ်မှတ်လိုက်တော့မယ်။

"ဟာကွာ ... ငါပြောတာ အရေးမစိုက်ဘူးပေါ့၊ ဟင်း ... အလေးမထားဘူးပေါ့ ဟုတ်လား"

သူက စိတ်ပေါက်ပေါက်ဖြင့် စတာလေး ပခုံးလေးကို ခပ်တင်းတင်းကြီး လှုပ်ခါလိုက်တော့ မျက်ရည်လေးတွေက စီမ့်ခနဲ အိုင်ကျလာတော့သည်။

တောက် ... ပြောလိုက်ရင် ငိုဖို့ပဲတတ်တယ်။

"ပြောလေကွာ ပြောလိုက်ရင် ငိုဖို့ပဲတတ်တယ်"

"မကျေနပ်ဘူး၊ မကျေနပ်ဘူး"

"အဟွန်း ... မကျေနပ်ရင် ကိုယ့်ကို ပြန်နမ်း"

"သေလိုက်၊ ကားတိုက်ပြီးသေလိုက်"

နှုတ်ခမ်းလုံးလုံးအိအိကလေးကို စုချွန်ပြီး မကျေမနပ်မျက်စောင်းတခဲခဲဖြင့် သူ့ကို ပြောလာတော့ သူ ဘယ်လိုအသည်းယားသွားမှန်းမသိဖြစ်သွားကာ ကိုယ့်ကိုယ်ကိုယ် မရှက်နိုင်တော့ဘဲ သူမ ပခုံးသားလေးကို ဆွဲဖက်ကာ ရင်ချင်းအပ်ချလိုက်ပြီး စတာလေးမျက်နှာလေးကို သူ့မျက်နှာကြီးနှင့် အနီးဆုံးဖြစ်အောင် ဆွဲလှည့်ရင်း အချစ်မျက်ဝန်းအိအိကြီးဖြင့် ပြုံးစိစိကြီး စိုက်ကြည့်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလေးက သူ့အကြည့်နွေးအိအိတွေကို မနှစ်မြို့သလိုကလေး မျက်လုံးကလေးမှိတ်ပြီး ခေါင်းကလေးတယမ်းယမ်းဖြင့် ငြင်းဆန်နေတာမို့ ကဲကဲဆတ်ဆတ်အမူပိုလွန်းနေသူလေးကို သူချစ်အသည်းယားသွားရကာ "စတာလေးကို ကိုယ် သိပ်ချစ်နေတာ"လို့ ရင်ထဲက ချစ်ခြင်းအသံကြီးဖြင့် လှိုက်လှဲနွေးဖျွှစွာ ပြောမလို့ပါးစပ်ကြီးအဟ စတာလေးလည်ပင်းကလေးက Hand Phone ကလေးက တူတူတူနဲ့ မြည်လာပါတော့သည်။

အခုမှ စတာလေးက ပိုပြီး ဆတ်စလူးခါသွားကာ သူမလည်ပင်းမှ မြည်လာသည့်ဖုန်းကလေးကို ဆွဲယူရင်း သူ့ရင်ခွင်ထဲမှ တအားရုန်းထွက်လိုက်တော့ သူလည်း မနေသာတော့ဘဲ သူမကိုယ်လုံးလေးကို ပွေ့ဖက်ထားရာမှ မဖြေချင်ဖြေချင်နှင့် ဖြေလွှတ်ပေးလိုက်ရလေသည်။

"တူ ... တူ ... တူ"

အင်း ... ဖုန်းစုတ်ကလေးကလည်း မြည်နေလိုက်တာ။

စတာလေးက Hand Phone ကလေးကို ယူကြည့်လိုက်ပြီး မျက်နှာကလေး အလိုမကျသလိုကလေး မဲ့ကျသွားလေသည်။

ပြီးတော့ ဖုန်းကိုလည်း ဖျတ်ခနဲ စက်ပိတ်ပစ်လိုက်သည်။





"ဟင် ... ဘာဖြစ်လို့ စက်ပိတ်ပစ်တာလဲ"

"ဘာမှမဖြစ်ဘူး"

"ဘယ်သူဆက်လို့ ဖုန်းပိတ်ပစ်တာလဲ"

"ဟာ ... ဘယ်သူဖြစ်ဖြစ်"

"စကားကို ချေချေငံငံပြောနော် စတာလေး"

သူ ဟောက်သလိုဟိန်းသလို အသံကြီးလုပ်လိုက်တော့မှ စတာလေး ငြိမ်ကျသွားလေသည်။

"စတာလေးကို လိုက်နေတဲ့ ကောင်လေးဆက်တာ"

"အေး ... အဲဒါဆိုလည်း ပြီးရော"

စတာလေး စကားတွေကို သူ ယုံကြည်လို့မရအောင် စိတ်ထဲမှာ သံသယစိတ်ဖြင့် လေးလံသွားရလေသည်။

အင်း ...

မင်း ငါ့ကိုပတ်လိုက်တော့ မင်း ချာလည် လည်သွားမယ်မှတ်။

စိတ်ထဲက ကြိမ်းဝါးရင်း စတာလေးမျက်နှာလေးကို သံသယစိတ်ဖြင့် ခပ်ငေးငေးကြီးစိုက်ကြည့်နေရင်းမှ ရင်ထဲမှာ သဝန်တိုစိတ်တွေ ကြီးစိုးသွားရကာ စတာလေးကို အခုပဲ လက်ဆပ်လိုက်ချင်တဲ့စိတ်တွေဖြင့် ရင်ထဲမှာ လိပ်ခဲတင်းတင်းကြီးဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စတာလေး မျက်လုံးလေးတွေကို သူ ခင်တည်တည်ကြီးစိုက်ကြည့်လိုက်တော့ စတာလေးရဲ့ မလုံမလဲမျက်လုံးလေးတွေက သူ့နှလုံးသားထဲကို မီးစနဲ့ထိုးလိုက်သလို ပူလောင်လောင်ကြီးခံစားလိုက်ရသည်။

မဟုတ်မှလွဲရော စတာလေး ကောင်လေးရဲ့ဖုန်းပဲဆိုတာကို သူ အတပ်သိလိုက်ရပြီး ဒီကောင်လေးနဲ့ စတာလေး ပတ်သက်မှုရှိမရှိကို ဖွင့်မေးလိုက်ပါတော့သည်။

"အင်း ... အခုခေတ် ကောင်တွေက ဘာကောင်တွေမှန်းမသိ၊ မိဘပိုက်ဆံကို ထိုင်ဖြုန်း၊ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက်တွဲ၊ အီစကလီရိုက်၊ စတာလေးတို့အုပ်စုထဲက ကောင်လေးကလည်း ခပ်ရှုပ်ရှုပ်ကလေးပဲ၊ မျက်နှာသွယ်သွယ် အရုပ်ရှည်ရှည်ကောင်လေးလေ၊ အဲဒီကောင်လေးမင်းကိုကြည့်တဲ့အကြည့်တွေက မရိုးသားဘူး၊ အဲဒီကောင်လေးကို ကိုယ် လုံးဝကြည့်မရဘူး၊ မင်းနဲ့ အဲဒီကောင်လေးက သူငယ်ချင်းလား၊ ရည်းစားလား၊ ကိုယ် အတိအကျသိချင်တယ် စတာလေး"

"သူငယ်ချင်း"

"ကောင်းကောင်းဖြေ"

"ဖြေတာပဲ၊ သူငယ်ချင်းလို့ပြောနေတာပဲ"

"အေး ... ပြီးရော"





သူ့ကို မှုမှုမင့်မင့်လေးဖြင့် စောင်းတခဲခဲပြောနေသည့် စတာလေး မျက်နှာလေးကို ကြည့်ကတည်းက သူ့စိတ်ထဲမှာ နည်းနည်းမှ ယုံကြည်ချက်မရှိခဲ့။

အခုလို သူမက သူ့ရှေ့မှာ ဖုန်းမပြောချင်လို့ ဖုန်းစက်ကိုပိတ်ပစ်လိုက်တယ်ဆိုကတည်းက သူ စတာလေးရဲ့ဇာတ်ရှုပ်ကြီးကို ရင်ထဲမှာ အီလည်လည်ကြီးနှင့် ငြိမ်ခံလိုက်ရလေသည်။

ဒီကောင်လေးဆက်တယ်ဆိုရင်တော့ သိပ်မကြာတဲ့အချိန်မှာ တခြားဖုန်းကို ပြောင်းဆက်မှာပဲလို့ သူ စဉ်းစားနေတုန်းမှာပဲ ညေ့ခန်းထဲကို ခပ်သွက်သွက်ဝင်လာတဲ့ ထမင်းချက်ဒေါ်ကြီးက စတာလေးကို လှမ်းကြည့်ပြီး ...

"သမီး စတာလေး အောက်ထပ်မှာ သမီးသူငယ်ချင်း ခွဲ ဖုန်းဆက်တယ်၊ သွားပြောလိုက်ပါဦးကွယ်"

"ဟင်"

သူ့ကို မလုံမလဲ မျက်လုံးဝိုင်းကလေးတွေနှင့် မော့ကြည့်လာတဲ့ စတာလေးမျက်လုံးတွေကို မထိတထိ စိုက်ကြည့်လိုက်တော့ စတာလေးက ခေါင်းကလေးငုံ့ မျက်နှာလေးလွှဲပစ်လိုက်ကာ နှုတ်ခမ်းကလေးကို မသိမသာကလေး စုထော်ပစ်လိုက်ပြီး ခြေထောက်ကလေးဆောင့်ကာ ဆိုဖာမှာ ထိုင်နေရာမှ ထရပ်လိုက်သည်။

"စတာလေး သွားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... ကိုယ်လည်း ကုမ္ပဏီမသွားခင် စာရင်းတွေ စစ်စရာရှိတာ စစ်လိုက်ဦးမယ်"

တမင်သက်သက်ကို စတာလေးကို သူ့မှာ အလုပ်ရှိတယ်ဆိုပြီး အကြောင်းပြကာ လိုက်ချောင်းဖို့ဆုံးဖြတ်လိုက်သည်။ သူ့မှာ စာရင်းစစ်စရာရှိတယ်လို့ပြောလိုက်မှ စတာလေးက သူ့ကောင်လေးနဲ့သူ စိတ်ချလက်ချ ဖုန်းစကားပြောတော့မှာဖြစ်သည်။

စတာလေးကတော့ သူ့ကို ဘာမှထပ်မပြောတော့ဘဲ ခပ်တွေတွေ မျက်ဝန်းလေးတွေနှင့် စိုက်ကြည့်ရင်း အံကိုဖိကြိတ်ပစ်လိုက်ကာ စတာလေးအနောက်မှ တိတ်တိတ်ကလေး လိုက်လာခဲ့တော့သည်။

ဟွန်း ... မင်း လည်တယ် ဆိုတာလောက်ကတော့ ငါက မှောက်အိပ်လိုက်ဦးမယ်။

ကြည့်ပါဦး။

သူ့ကောင်ဆီကဆိုလို့ ခြေလှမ်းတွေ သွက်နေလိုက်တာ။

စတာလေးတစ်ယောက် ...

ဧည့်ခန်းထဲကို ခပ်သွက်သွက်ကလေး လှမ်းဝင်ပြီး ဖုန်းကလေးကို ကောက်ကိုင်လိုက်တာကို သူက နံရံအကွယ်ကနေ ခပ်မေးမေးစိုက်ကြည့်ရင်း စတာလေး သူ့ကို မမြင်သာအောင် မတ်တတ်ရပ်နေရာမှ ဆတ်ခနဲထိုင်ချပစ်လိုက်ကာ စတာလေး အသံကလေးကို နားစွင့်ထားလိုက်သည်။





"ဟယ်လို ... ဖွဲ့"

အင်း ... ညပါတော့မယ်။

ခရာပါတော့မယ်။

တောက် ... သောက်မြင်ကတ်လိုက်တာကွာ။

ဧည့်ခန်းအဝင်ဘက်ကို မျက်နှာကလေးမူပြီး မျက်လုံးလေး ကလယ်ကလယ်ဖြင့် ဟိုကြည့်ဒီကြည့်နဲ့ သူ့ကို လိုက်ရှာနေတာကို သူ အသည်းယားစွာ မျက်လုံးကြီးမှေးအိကြည့်လိုက်သည်။

"နင်ကလည်းဟာ"

ကျွတ် ... အသံကိုက ပတ်ချွဲနပ်ချွဲ ပြောတာ သူ တော်တော်ခံပြင်းပါသည်။

သူ့ကိုပဲ ဒီလို ပတ်ချွဲနပ်ချွဲ ပြောတာပဲလို့ သူ ယုံကြည်ထားတာ။

အခုတော့ ... တောက်။

"မနေ့ကမှ တွေ့ထားတယ်၊ ဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ၊ ဒီမှာ ဟိုလူကြီးနဲ့ စကားပြောနေတာ၊ သူက ကောင်လေးတွေနဲ့ အရောဝင်တာ ကြိုက်တာမဟုတ်ဘူး"

"ဟာ ... အဲဒီလိုပြောလို့ ဘယ်ဖြစ်မလဲ၊ ဖွဲ့နော် ... နင် လျှောက်ပြီးပြဿနာမလုပ်နဲ့၊ ငါ ဦးတည်ကို အနိုင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထက်ကြောက်ရတာလည်း နင်တို့အသိ၊ ဟာ ... ဘာဆိုင်လဲ သူက ငါ့ဦးလေးပါဆိုနေမှ၊ ဟာ ... နင်နဲ့ငါ ချစ်နေတာကို ဘာလို့ လူကြီးတွေကို ဖွင့်ပြောရမှာလဲ၊ ခွဲနော် ငါစိတ်ဆိုးမှာ၊ ဟင့်အင်း ... ဟင့်အင်း ... မဖြစ် ...”

“ဟာ ... ဦးတည်”

စတာလေးအရှေ့မှာ သူ မတ်မတ်ကြီးရပ်ပြီး စတာလေးရဲ့ ဖုန်းခွက်ကလေးကို ဖမ်းယူလိုက်တဲ့အချိန်မှာ စတာလေးရဲ့ အံ့ဩထိတ်လန့်သွားတဲ့ မျက်လုံးလေးတွေကို သူ နှာကျင်စွာ စိုက်ကြည့်ပြီး အံကို တင်းတင်းဖိကြိတ်ပစ်လိုက်သည်။

ဖြစ်နိုင်ရင် စတာလေးပါးပြင်ကို သူ့လက်ဝါးကြီးဖြင့် ဖြန်းခနဲ ပိတ်ရိုက်ပစ်လိုက်ချင်တာ။

စတာလေး သူ့ကို လက်တစ်လုံးခြားပြီး လိမ်လည်ရက်တာ သူ အတော်ကလေး အခံရခက်သည်။

အခုလောလောဆယ်တော့ ရင်ထဲက ကြိတ်မနိုင်ခဲမရဖြစ်နေတဲ့ ဒေါသတွေကို ခပ်ကျိတ်ကျိတ် တင်းပစ်လိုက်ပြီး စတာလေး ပြောနေတဲ့ဖုန်းခွက်ကလေးကို ခပ်ကြမ်းကြမ်း ဆွဲယူကာ နားထောင်လိုက်တော့ စတာလေးက သူ့လက်ထဲကဖုန်းခွက်ကလေးကို အတင်းပြန်လုယူလိုက်သဖြင့် သူက စတာလေးလက်ကလေးကို တအားဖျစ်ဆုပ်ကိုင်ပစ်လိုက်လေသည်။





“အား”

စတာလေးက သူ့လက်ထဲက လက်ကလေးကို နာကျင်စွာရုန်းယူရင်း မျက်ရည်တွေစီးကျလာခဲ့သည်။

“အဟင့် ... ဟင့် ... ဦးတည်”

“မင်း စကားတစ်ခွန်းမှ ထပ်မပြောတော့နဲ့၊ ငါ ဒီကောင်နဲ့ အပြတ်ပြောရမယ်”

“ဟင့်အင်း ... ဟင့်အင်း ... မဖြစ်ဘူး ဦးတည်၊ သူ့ကို ဘာမှ မပြောပါနဲ့ စတာလေး မှားတာ၊ စတာလေးကိုပဲပြော၊ စတာလေးကို ဘယ်လိုပဲလုပ်လုပ် စတာလေး ကျေနပ်ပါတယ်၊ တောင်းပန်ပါတယ် ဦးတည်ရယ်၊ သူ့ကိုတော့ ဘာမှမပြောပါနဲ့၊ ပြဿနာတွေဖြစ်မှာစိုးလို့ပါနော်”

စတာလေးက သူ့လက်မောင်းကြီးကို ဖက်တွယ်ပြီး ဘယ်လောက်တောင်းပန် တောင်းပန် သူကတော့ လုံးဝအလျှော့မပေးနိုင်။

ရင်ထဲမှာ ချစ်တဲ့သူကလေးကို သူများဦးသွားမှာ အရှမ်းစိုးရိမ်စွာဖြင့် အသည်းတကျစ်ကျစ် နာသာခံခက်ဖြစ်ကာ ဝုန်းဒိုင်းကြဲ ဒေါက်ကွဲပစ်လိုက်ချင်သည်။

ကောင်လေးက သူနဲ့ မျက်နှာချင်းဆိုင်မှာ ရှိနေရင် ကောင်လေးမျက်နှာကို ခိုးခွပ် ထိုးပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အတော်ပဲကွ၊ ဒီလူကို ငါ အပြတ်ချဲချင်နေတာ ဒီလူက မင်းနဲ့ ဘာမှမတော်ဘဲ သူတော်ကောင်းယောင် ဆောင်နေတာ၊ ကြောင်သူတော်ကြွက်သူခိုး၊ ဆော်ဒိုး ... ဆော်ကြာ သူတစ်သက်လုံး တသသဝှက်ထားတဲ့ အိုးထဲက ကြွက်ဖလောင်းကလေးကို ခိုးပြီး တုတ်တော့မှာကွ သိလား လင်း"

တစ်ဖက်မှ ...

သူ အမုန်းဆုံးကောင်လေးရဲ့ စကားတွေက သူ့ကို ပက်ပက်စက်စက်ကြီး တိုက်ခိုက်လာခဲ့ပြီမို့ သူကလည်း အစွမ်း ကုန်ပြန်တိုက်ဖို့ မျက်နှာကြီးကို အစွမ်းကုန်ပင့်မော့ချလိုက်သည်၊ အဲဒီနောက် ဖုန်းကလေးကို ခပ်တင်းတင်းကြီးဆုပ်ကိုင်ပစ်လိုက် ပြီး ဒီကောင်လေးနှလုံးသားထဲကို အရှိန်ပြင်းပြင်း 'ထွင်း'ဝင်သွား မယ့်စကားတွေကို တစ်လုံးချင်း ရွေးပြောချလိုက်တော့သည်။

"ဒီမှာ ဟိတ်ကောင် ... မင်း အရူးတစ်ပိုင်းဖြစ်ပြီး တောင် ပြောမြောက်ပြော လျှောက်ပြောမနေနဲ့၊ မင်းနဲ့ စတာလေး ရည်းစားဖြစ်ခဲ့ပေမယ့် မင်း စတာလေးကို အပိုင်လက်ထပ် ခွင့်မရပါဘူးကွာ ... ဟင်း ဟင်း"

ကောင်လေး နှလုံးသားတစ်ခုလုံး ဖိန့်ဖိန့်တုန်ကျ သွားအောင် သူ ကလိသလို ရိသလိုကြီးပြောကာ ဩဇာအရှိန်ဖြင့် ရယ်မောလိုက်သည်။



BURMESE CLASSIC



"ဘာဗျ ... ခင်ဗျား ဘာစကားပြောတယ်"

"ဗမာစကားပြောလိုက်တာ နားမလည်ဘူးလား ကောင် လေး၊ ဒီမှာ ကောင်လေး မသိရင်မှတ်ထားလိုက်ဦး၊ မင်း ရည်းစား စတာလေးကို အပိုင်လက်ထပ်ခွင့်ရမှာက ငါပါကွ၊ နေစွမ်းတည်သာဆိုတဲ့ ကောင်ကို ဘယ်သူမှ ကျော်လို့မရ ဘူး၊ ညှော်သွားမယ်၊ ငါတို့အသိုင်းအဝိုင်း ငါတို့မိသားစု အားလုံးထဲမှာ စတာလေးဟာ ငါ့ဇနီးလောင်းဆိုတာ အား လုံးသိပြီးသားကွ၊ ဝါသနာပါရင် မင်း မှတ်ထားလိုက်၊ ငါနဲ့ စတာလေး နောက်တစ်ပတ်ကြာရင် လက်ထပ်တော့ မယ်"

"ဟင်"

"အို"

ဟင့်အင်း ... မယုံဘူး။ ဒီစကားတွေ မဟုတ်ဘူး။

ကြားလိုက်ရသည့် စကားတွေက စတာလေးအတွက် အသည်းကြေပျက်မတတ် မှုးမှူးနောက်နောက်ကြီး ဖြစ်သွားကာ ...ဩ မယုံကြည်နိုင်လွန်းသည့် မျက်လုံးအဝိုင်းသားဖြင့် ဦးတည် မျက်နှာကြီးကို စွန့်အ,ကြောင်ငေး ကြည့်နေလိုက်သည်။

အဲဒီအချိန်မှာ ဦးတည်က အောင်မြင်မှုရလိုက်သည့် မျက်နှာကြီးဖြင့် စတာလေးမျက်နှာလေးကို ခပ်အင့်အင့်ကြီး ...က်ကြည့်ကာ ဖုန်းခွက်ကြီးကို ခွပ်ခနဲမြည်အောင်ချလိုက်ပြီး●



www.burmeseclassic.com

www.burmeseclassic.com



စတာလေးနှင့် မျက်နှာချင်းဆိုင်လိုက်သည့်အချိန်မှာတော့ စတာလေ
ရင်ထဲက ကြေကွဲမှုခံစားချက်ကြီးက ဘယ်အရာနဲ့မှ အစားထိုးလ
မရအောင် မှောင်မည်းပိတ်ကျ ဆို့နင့်ထိခိုက်သွားရကာ စတာလေ
သည် ဦးတည်ရဲ့ မျက်နှာကြီးကို အံ့သြနာကျင်ခါးသီးစွာ စိုက
ကြည့်နေရင်းမှ ဘာစကားမှ မပြောနိုင်တော့ဘဲ နေရာမှာတ
ခွေခနဲ လဲကျသွားရပါတော့သည်။

❤ ✣ ❤





## ၁၅

စတာလေး သတိရရချင်း မြင်တွေ့လိုက်ရသည့် မျက်နှာတွေက စတာလေး အမုန်းဆုံးမျက်နှာတွေ ဖြစ်နေခဲ့သည်။

ဒီမျက်နှာတွေကို သူမ မမြင်ချင်။

မုန်းတီးစက်ဆုပ်သည်။

တစ်သက်လုံး သူတော်ကောင်းယောင်ဆောင်ပြီး သူမ အလိုဆန္ဒတွေကို မဖြစ်မနေလိုက်လျောပေးနေခဲ့သည့် ဒီလူကြီးရဲ့အကြံအစည်တွေကို ရွံရှာစက်ဆုပ်သွားရသည်။ အခုလို သူမလက်ကလေးကို ကြင်နာသလို ဖွဖွကလေးဆုပ်ကိုင်ထားတဲ့ ဦးတည်သာရဲ့ လုပ်ရပ်ကြီးကို ရွံရှာမုန်းတီးစွာဖြင့် စတာလေး ခုတင်ကြီးပေါ်ကနေ ဝုန်းခနဲ ထထိုင်ပစ်လိုက်ပြီး ဦးတည်သာရဲ့ အရှက်မရှိတဲ့မျက်နှာကြီးကို ခပ်စိမ်းစိမ်းစိုက်ကြည့်လိုက်ရင်း ရင်ထဲကမျိုသိပ်ခဲ့ရသည့် ဒေါသတွေ ပေါက်ကွဲသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရုက်မရှိတဲ့မျက်နှာနဲ့ ကျွန်မရှေ့မှာ ရပ်မနေတော့နဲ့ ဦးတည်သာ၊ ရှင် ... ကျွန်မအိမ်ပေါ်ကို ဘာကြောင့်ရောက်လာရတယ်ဆိုတဲ့အဖြေကို ကောင်းကောင်းနားလည်သွားပြီ ရှင်က ကျွန်မတို့ရဲ့ပစ္စည်းကိုပါမက လူကိုပါ အပိုင်သိမ်းပိုက်ဖို့ ချောင်းနေခဲ့တာပဲ၊ ဒါကြောင့် ရှင့်လောက် စီးနဲ့တဲ့လူက ကျွန်မကို သိန်းနှစ်ရာတန် စိန်လက်စွပ်ကို ရက်ရက်ရောရောပေးနိုင်တာပေါ့၊ ဒီပစ္စည်းက ရှင်ပဲ ပြန်ပိုင်ရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ရှင် အကြံကြီးကြီးပေးခဲ့တဲ့ ရှင့်ပစ္စည်းကို ကျွန်မ လုံးဝ တန်ဖိုးမထားဘူး ...

မုန်းတယ် ...

ရှင့်ကို သိပ်မုန်းတယ် ...

ရှင် ကျွန်မအိမ်ပေါ်ကထွက်သွား၊ အခုထွက်သွား

သေချင်းဆိုး နှာဘူးကောင်ကြီး၊ ရှင့်လက်စွပ်ကို လုံးဝမယူဘူး၊ မုန်းတယ်၊ ဒီလက်စွပ်ပေးပြီး လူကို ဖြားယောင်းတာ ... ကဲ"

"ဒေါက်"

စတာလေးက ဒေါကြီးမောကြီး လက်စွပ်ကလေးကို ဆွဲဖြုတ်ပြီး သူ့ရင်ဘတ်ကြီးကို လှမ်းပစ်ပေါက်လိုက်တော့ စိန်လက်စွပ်ကလေးခမျာ သူ့ရင်ဘတ်ကြီးပေါ်မှ ကဆုန်ပေါက်ပြီး ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲ ပြုတ်ကျသွားခဲ့ရလေသည်။





ပစ်စလက်ခတ်ကြီး ကျသွားသည့် စိန်လက်စွပ်ကလေးကို စိတ်မကောင်းသည့်မျက်ဝန်းညိုကြီးတွေနှင့် စိုက်ကြည့်ရင်း အရမ်းသွေးဆူပေါက်ကွဲနေသည့် စတာလေး မျက်နှာရဲရဲလေးကို သူ ရင်နာစွာ ခဏလေးငေးကြည့်ပြီး ဘာစကားမှမပြောနိုင်တော့ဘဲ ငုံ့နံပစ်ကြီး ခေါင်းကြီးငုံ့ တိတ်ဆိတ်ကြေကွဲသွားခဲ့သည်။

အဲဒီလို သူ ခေါင်းကြီးငုံ့ပြီး တိတ်ဆိတ်ကြေကွဲနေသာကြီးကို စတာလေးက ပိုပြီး အခံခက်သွားသည်ထင်သည်။

သူ့အရှေ့သို့ အပြေးရောက်လာပြီး သူ့ကို လက်ညှိုးထောက်ငေါက်ထိုးကာ ရန်တွေ့လာပါတော့သည်။

"အဟင်း ဟင်း ... ဦးနေစွမ်းတည်သာ ရှင့်ဘက်က ပိုင်ပြီဆိုပြီး တွက်ထားတဲ့ပစ္စည်းကလေး ကျကွဲသွားလို့ ရှင် ယူကျုံးမရကြေကွဲပြီး ဘာစကားမှ မပြောနိုင်လောက်အောင်ကို စွန့်အ,သွားပြီလား"

"စတာလေး ညည်း ... ညည်းစကားတွေ သိပ်အစွန်းရောက်နေပြီ၊ ညည်း တော်တော့"

အန်တီကြီးက သရဲမရဲစီး ပြောနေသည့် စတာလေးအရှေ့ကနေ ကွယ်ရပ်ပြီး အကာအကွယ်ပေးလိုက်သဖြင့် စတာလေးရင်ထဲ ဗုံးတစ်လုံးပေါက်ပွဲသွားသလို ဗရပွနာကျင်ကြေပျက်သွားရကာ အန်တီကြီး မျက်နှာကြီးကို မုန်းတီးစွာ ခပ်စိမ်းစိမ်းကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ …

အန်တီကြီးကို ခါးခါးတူးတူးကို မုန်းတီးသွားရပါ သည်။

ဒီလူကြီးဘက်က အမြဲတမ်းဘက်လိုက်အားပေး နေခဲ့သည့် အန်တီကြီးကိုလည်း ဒီလူကြီးကို မုန်းတီးနာကြည်းခဲ့မိ သလို မုန်းတီးနာကြည်းမိသည်။

"အန်တီကြီးက ဦးနေစွမ်းတည်သာကို ဘာမျက်နှာနဲ့ ဒီလောက်ကာကွယ်ပေးရတာလဲ၊ ဘာလဲ သူမရှိဘူးဆိုရင် စတာလေးတို့ရှိတဲ့ပစ္စည်းတွေ နိမ့်ကျသွားမယ်လို့သတ်မှတ် ပြီး သူ့ကို ကျေးဇူးရှင်ကြီးသတ်မှတ်နေတာလား၊ အဲဒီလို သင်ႉမှတ်လို့ အခုတော့ စတာလေးတို့ပစ္စည်းတွေကို အပိုင် စီးထားခဲ့သလို စတာလေးကိုပါ အပိုင်စီးဖို့ ကြံနေတာ ကဒါ ချိုင်သလိုကြီးဖြစ်နေပြီ၊ သူ့နေရာမှာသာဆိုရင် စတာလေး ရှက်လွန်းလို့ လဲသေပစ်လိုက်ပြီ"

စတာလေး ပြောရင်းနှင့် ဘယ်လိုမှ စိတ်မထိန်းနိုင် တော့တာမို့ မျက်ရည်တွေစီးကျလာခဲ့သည်။

သူက စတာလေးရဲ့စကားတွေကို အခုမှ ဆတ်ဆတ် ခါနာတတ်သွားပုံဖြင့် မျက်ဝန်းကြီးတွေ ညှိုးမှုတုန်ယင်သွား စတာလေးကိုကြည့်လိုက်သည့် မျက်လုံးတွေက စတာလေးတ ကိုယ်လုံးကို ထွင်းဖောက်ဝင်ရောက်သွားသလို နက်ရှိုင်းခဲ့တ





စတာလေးကလည်း သူ့အကြည့်တွေကို အတုပြီး ခမ်းစိမ်းစိမ်းပြန် စိုက်ကြည့်လိုက်ရင်း ဘယ်သူ့ကိုမှ အရေးမစိုက်သည့်မျက်နှာထား နှင့် တင်းခံထားခဲ့သည်။

ဟင်း ဟင်း … ဒီတစ်ခါတော့ စတာလေးတို့က တော့ မြွေပွေးပဲ။

လာမထိနဲ့ ထိလို့ကတော့ ပြန်တွက်ပြီးသားပဲ။

တစ်သက်လုံး သူ့ကိုကြောက်ပြီး ခေါင်းငုံ့လာရသည့် မိန်းမသားဝကို ကိုယ့်ကိုယ်ကိုယ် နာကြည်းမိကာ ဦးခေါင်းလေးကို ဘက်မဝက်တောင် ငုံ့၍မထားဘဲ အဝင့်ကြွားဆုံး မော့တင်းထား လိုက်သည်။

ပြီးတော့ သူ့ကိုလည်း မထိတရိမျက်လုံးတွေနှင့် မုန်းခနဲ စင်းကြည့်လိုက်သည်။ အဲဒါကို သူက အတော်ကလေး အခံရခက်သွားပုံဖြင့် စတာလေး ပခုံးလေးကို ခပ်တင်းတင်းကြီး ဆွဲခါယမ်းပြီး သူနှင့် မျက်နှာချင်းဆိုင် ရင်ချင်းအပ်သွားအောင် ခပ်ကြမ်းကြမ်းဆွဲလှည့်လိုက်သဖြင့် သူမက ခါးသီးစွာ သူ့လက် ကြီးကို ပုတ်ထုတ်လိုက်ရင်း သူ့ရင်ခွင်ထဲမှ ရုန်းထွက်ပစ်လိုက်သည်။

သို့သော် သူက သူ့ရင်ခွင်ထဲမှ စတာလေးကို ရုန်း ထွက်ခွင့်မပေးဘဲ ခပ်တင်းတင်းကြီး ဆွဲဖက်ထားရာကနေ စတာ လေးမျက်နှာအနားသို့ နမ်းတော့မတတ် သူ့မျက်နှာကြီး ပွေ့အပ် လိုက်ပြီး …

www.burmeseclassic.com



"ဒီမှာ မင်း စကားပြောတာ သိပ်မရှင့်သီးနဲ့ စတာလေး။ မင်း ငါတို့ကိစ္စကို ဘာမှနားမလည်ဘဲနဲ့ လျှောက်စွပ်စွဲစရာမလိုဘူး၊ ဒီကိစ္စကို ဘယ်သူ စီစဉ်ခဲ့တယ်ဆိုတာကိုရော မင်း သိရဲ့လား"

"သေသွားတဲ့လူကို ဆွဲထည့်မလို့မဟုတ်လား၊ ရှင့်အကြံတွေကို ကျွန်မ မသိဘူးအောက်မေ့နေသလား"

"မင်း ... မင်း ... စတာလေး ... မင်းနော် ... မင်း ငါ့ကို ရှင်တွေ ကျွန်မတွေနဲ့ပြောရအောင် မင်းကို ငါ တစ်ခုခုလုပ်မိတော့မယ်"

"အား ... ဟား ဟား ... ဦးနေစွမ်းတည်သာ၊ ဦးနေစွမ်းတည်သာ ... ရှင်က အခုထိ ရှင့်ကိုယ်ရှင် အထင်ကြီးပြီး ကျွန်မကို ကြွက်ကလေးထင်ပြီး ခြိမ်းခြောက်တုန်းပါလား၊ ရှင့်ကို ကျွန်မ လုံးဝ အရေးမစိုက်လို့ပြောနေတဲ့ စကားတွေကို ရှင်က ကျွန်မ စိတ်ဆိုးနေတယ်များအောက်မေ့နေတယ်လား"

ရက်စက်လွန်းသည့် စတာလေး စကားတွေက သူ့ရင်ကို ကျွက်ကျွက်ညံနေရပါပြီ။

"ဒီမှာ ဦးနေစွမ်းတည်သာ ... ရှင် ကျွန်မကိုလက်ထပ်ရဖို့ နောင်ဆယ်သက်ကူးသွားတောင် လုံးဝ စိတ်ကူးမယဉ်ေတော့နဲ့၊ သာမန်ရိုးရိုးသားသား ကျွန်မရဲ့အချစ်ကိုတောင်းမယ်





ဆိုရင်တောင် ကျွန်မရဲ့နှလုံးသားလေးက နူးနူးညံ့ညံ့ကလေးပါ။ ရှင့်ကို ပြန်ပြီး သနားရင်သနားဦးမယ်၊ အခုလို အမိန့်နဲ့ လက်ထပ်ဖို့စကားကတော့ ရှင် ခေါင်းဖြူ စွယ်ကျိုးသာဖြစ်ချင်ဖြစ်သွားမယ် ကျွန်မကို လက်ထပ်ရဖို့ကတော့ ဆောရီးပါပဲရှင်"

ခေါင်းကလေးမော့ပြီး သူ့ကို ထီမထင်မျက်နှာထားလေးနှင့် "တဟားဟား" လှောင်ရယ် ရယ်ပြီး အရေးမစိုက်ဘဲ ပြောနေခဲ့တာကို သူ ရင်နာမဆုံး ဖြစ်သွားရကာ စတာလေးကို ဘာပြန်ပြောရမှန်းမသိအောင် စိတ်ထဲမှာ ခံပြင်းဒေါသဖြင့် မှုန်နောက်ပြာဝေသွားပါတော့သည်။

နောက်ဆုံးမှာတော့ ...

သူ့ရင်ထဲက ခံစားကြေကွဲခဲ့ရတာတွေကို မျိုသိပ်ထိန်းချုပ်လို့မရတော့ဘဲ စတာလေးကိုယ်လုံးလေးကို အနံတီကြီးရှေ့မှာ မရှောင်နိုင်မိတော့ဘဲ လွတ်ထွက်မည့်အလား ခပ်တင်းတင်းကြီးဆွဲဖက်ပစ်လိုက်ပြီး ငိုသံပါကြီးဖြင့် ရင်ပွင့်မတတ်အော်ပြောလိုက်မိပါရတော့သည်။

"စတာလေး ... မင်း ... မင်း ငါ့စေတနာ ငါ့မေတ္တာတွေကို မစော်ကားနဲ့၊ ငါ မင်းကို ငယ်ငယ်ကတည်းက ဘယ်လောက်အလိုလိုက်ပြီးချစ်ခဲ့ရတာ မင်းအသိဆုံး၊ တစ်သက်လုံး ငါ ပွေ့ချီပြီး ကုပ်ပေါ်တင်ခဲ့ရတဲ့ မိန်းကလေးက

www.burmeseclassic.com



အခုတော့ ဒီစကားတွေပြောထွက်ရက်တာ ငါ ရင်နာတယ်၊ ရင်နာတယ်ကွ သိလား"

သူ့မျက်လုံးထဲမှာ ဘာမှ မမြင်ရတော့သလို အမှောင်ထုကြီးတွေ ဖုံးလွှမ်းသွားပြီး စတာလေးကိုယ်လုံးလေးကို တအားကြီးဖျစ်ညှစ်ဆုပ်ကိုင်ခါယမ်းကာ သူ့ရင်ခွင်ထဲမှ ပြေးထွက်သွားမှာကို အစိုးရိမ်ကြီးစွာဖြင့် အရှူးအမူး ပွေ့ဖက်ထားလိုက်ပါတော့သည်။

အန်တီကြီးကိုလည်း သူ သတိမရတော့။

မျက်စိထဲမှာ မြင်မြင်သမျှ အရာအားလုံးသည် အမှောင်ထုကြီးတစ်ခု ဖြစ်သွားခဲ့လေပြီဖြစ်သည်။

မျှော်လင့်ထားခဲ့သည့် မျှော်လင့်ချက်တွေ ရည်ရွယ်ချက်တွေကို သူ ဘယ်တော့မှ ပျက်စီးဆုံးရှုံးမှုမပေးနိုင်ခဲ့ချေ။

စတာလေးကို သူ အမိအရကို လက်ထပ်ရမည်။

"အား ... သေပါပြီ"

"သေပါပြီ၊ အား ... ဒီလူကြီး စတာလေးကို သတ်နေပြီ၊ စတာလေး အသက်ရှူလို့မရတော့ဘူး၊ အန်တီကြီးရေ ကယ်ပါဦး၊ စတာလေးကို ကယ်ပါဦး၊ ဒီလူကြီး စတာလေးကို မရမှန်းသိလို့ သတ်ဖို့ကြံတာ ... အီး ဟီး ဟီး"

"အမယ်လေး ... မောင်တည်သာ၊ ငါ ... ငါ ဒုက္ခရောက်တော့မယ်၊ သမီးလေးကို လွှတ်ပေးလိုက်ပါတော့၊ အမယ်





လေး ... ငါ့မှာနှလုံးရောဂါရှိတာကို မင်းတို့ .. မင်းတို့ မေ့နေကြပြီလား မောင်တည်သာရဲ့"

အန်တီကြီးက ပြောရင်းနှင့် ရင်ဘတ်ကြီးကို ဘုန်းဘုန်းထုပြီး ရှိုက်ငင်ငိုကြွေးလိုက်သဖြင့် သူ အန်တီကြီး ကြည့်ပြီး စိုးရိမ်သွားရကာ စတာလေးကိုယ်လုံးလေးကို ခပ်င်းတင်းကြီး သိုင်းဖက်ထားရာမှ ဖြည်းဖြည်းချင်းဖြေလွှတ်ပေးကာရင်း အန်တီကြီးကို သတိလက်လွှတ် အကူအညီတောင်းကမိပါတော့သည်။

"ဒီကောင်မလေးကို ကျွန်တော် လုံးဝ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး အန်တီကြီးရယ်၊ သူထင်သလို ကျွန်တော် မဟုတ်ခဲ့ဘူးဆိုတာကို အန်တီကြီး သူ့ကို နားလည်အောင် ရှင်းပေးပါနော်"

အို ... ဒီပါးစပ်ပေါက်ကြီးက ...

အခုထိ မပိတ်နိုင်သေးဘဲ နိုင်လိုမင်းထက် ထွက်လာင်သေးတာ။

စတာလေး ရင်ထဲမှာ ဘယ်လို မုန်းသွားမှန်းမသိအောင် မျက်လုံးတွေ ပြာခနဲဖြစ်သွားကာ သူ့ကို တစ်ခုခုလုပ်ပစ် ဆုံးဖြတ်ချက်ဖြင့် သူ့ရင်ခွင်ထဲမှ တအားရုန်းထွက်လိုက်ပြီး တင်ခုံဆီသို့ လှစ်ခနဲ ပြေးသွားလိုက်သည်။

ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံပေါ်မှာတင်ထားသည့် အန်တီကြီး မ
မှဝယ်ပေးထားသည့် အသစ်စက်စက် တစ်တောင်လောက်ရှိသ
သနပ်ခါးတုံးကြီးကို ဆွဲယူပြီး ဦးတည်ရဲ့ခေါင်းကြီးကို လက်
တည့်တည့်ရိုက်ချပစ်လိုက်ပါတော့သည်။

"ကဲ ... အဲဒါ ကျွန်မကို လုံးဝ လက်လွှတ်ဆုံးရှုံးမ
ဦး၊ ကျွန်မကို အမိန့်ပေးချုပ်ချယ်ပြီး အပိုင်စီးဖို့ကြိုး

"အား"ခနဲအော်လိုက်တဲ့ ဦးတည်သာရဲ့ အသံ
ကြီးနဲ့အတူ ဦးတည်သာ ခေါင်းပေါ်မှ သွေးတွေ ရဲခနဲစီးကျလာ
ကို တွေ့လိုက်ရတဲ့တစ်ခဏအတွင်း သူမ တဒင်္ဂ ငေးကြောင်သွား
သည့်အချိန်မှာပဲ အန်တီကြီးရဲ့ ကြောက်စရာ အော်သံကြီးကို ကြား
လိုက်ရပါတော့သည်။

"စတာလေး ... ညည်း မောင်တည်သာကို သတ်လိုက်
ပြီ"

ပြောပြီး ခေါက်ခနဲလဲကျသွားသည့် အန်တီကြီးအ
သို့ သူမ ဘယ်လိုရောက်သွားမှန်းမသိတော့သည့်အချိန်မှာပဲ အန်
ကြီးကိုယ်လုံးကြီးက ကြမ်းပြင်ပေါ်သို့ ပုံခနဲ လဲကျသွားလေ
သည်။

"အို ... အန်တီကြီး"

"စတာလေး"

"အို"





အန်တီကြီး ငါ့ကိုခေါ်နေတယ်၊ ငါ လိုက်သွားတော့
ယ်။

အန်တီကြီးရေ ... စတာလေးကို စောင့်ခေါ်ပါဦး။
တာလေး အန်တီကြီးနောက်ကို လိုက်လာခဲ့ပါပြီ အန်တီကြီး
ယ်။

❤ ✣ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

"အန်တီကြီး"

ဖြစ်မှဖြစ်ရလေ အန်တီကြီးရယ်။

အန်တီကြီး အခုလိုဖြစ်ရတာ စတာလေးကို မလွှတ်ပါနဲ့။

စတာလေးကြောင့် အန်တီကြီး အခုလိုဖြစ်ရတာ စတာလေး ဖြေမဆည်နိုင်တော့ဘူး။

အထူးခန်းမှာ အန်တီကြီးကို အောက်စီဂျင်ပေးထား ခဲ့ပေမယ့် အန်တီကြီးတစ်ယောက် တစ်ညလုံးလုံး သတိပြန်လည် မလာတော့တာမို့ အထူးကုဆရာဝန်ကြီးတွေက အန်တီကြီးအတွက် စိတ်ချယုံကြည်ချက်မပေးနိုင်ခဲ့တော့တဲ့ အဖြစ်ကြီးကို ကြားသိလိုက် ရသည့် စတာလေး ရင်ထဲမှာ အရူးမီးဝိုင်းဖြစ်သွားရကာ အန်တီကြီး ကို ပွေ့ဖက်ပြီး စိတ်လွှတ်ကိုယ်လွှတ် ငိုချလိုက်ချင်ပေမယ့် အ စိတ်ဖြင့် ငိုချင်စိတ်တွေကို ထိန်းထားခဲ့ရသည်။





အန်တီကြီး အခုလိုဖြစ်ရတာ သူမကြောင့်ဖြစ်သလို ဟိုလူကြီး ဒေါသတကြီး သွေးဆူပေါက်ကွဲခဲ့လို့။

အမိကတရားခံကတော့ ...

စတာလေး ရိုက်ချက်ပြင်းပြင်းကြောင့် ခေါင်းကွဲ သတိလစ်သွားတဲ့ ဟိုလူကြီးကိုမြင်ပြီး အန်တီကြီး ဆို့တက်သွား ခဲ့ရတာ။

အန်တီကြီး တစ်ခုခုဖြစ်ရင် စတာလေးကြောင့်လို့ ဟိုလူက စွပ်စွဲဦးမှလား။

"အန်တီကြီး ... အန်တီကြီး အခုလိုဖြစ်ရတာ စတာလေး မကောင်းလို့၊ စတာလေးကြောင့် အန်တီကြီး အခုလိုဖြစ် ရတာ၊ စတာလေးကို ဆူပူပစ်လိုက်စမ်းပါ၊ အန်တီကြီး အမြန်သတိရပါတော့ အန်တီကြီးရယ်"

စတာလေး ရင်ထဲမှာ ...

ဖြေမဆည်နိုင်အောင် ဝမ်းနည်းဆို့နင်သွားရကာ အန်တီကြီး ရင်ခွင်ထဲမှာ ခေါင်းကလေးအပ်ပြီး တတွတ်တွတ် တောင်းပန်လိုက်မိသည်။

ရှူးရပါပြီ အန်တီကြီးရယ်။

"စတာလေး တော်ကြာ ဆရာဝန်ကြီးငေ့ လာတော့မှာ၊ အန်တီကြီး အခြေအနေ သိပ်မကောင်းဘူးလို့ ကိုယ်ထင် တယ်၊ အန်တီကြီး မြောနေတဲ့အချိန်မှာ အေးအေးချမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



နေပါစေတော့ကွာ၊ ဆူဆူညံညံအသံတွေကို မကြားပါစေနဲ့တော့”

“ဟင်”

စတာလေး ပခုံးလေးကို ဆုပ်ကိုင်ပြီး ဝမ်းနည်းကြေကွဲလိုက်ဆို့နေသည့် အသံကြီးဖြင့်ပြောလာသည့် ဦးတည်ကို စတာလေး ခပ်စိမ်းစိမ်းကြည့်လိုက်သည့်အချိန်မှာတော့ ...

ခေါင်းမှာ ပတ်တီးအဖြူကြီး စည်းပတ်ထားတာတွေ့လိုက်ရသဖြင့် စတာလေး နှုတ်ခမ်းလေး မျဉ်းတစ်ပြေးတည်းတင်းခနဲဖြစ်သွားတော့သည်။

အန်တီကြီး အခုလိုဖြစ်ရတာ သူ ဂြိုဟ်မွှေလို့။

စတာလေး သူ့ကို မကြည့်ချင်လောက်အောင်မုန်းတီးခဲ့မိပေမယ့် ဒီအချိန်မှာ စတာလေးမှာ အားကိုးစရာဆိုလို့ သူတစ်ယောက်တည်းပဲ အနီးကပ်ရှိခဲ့တာမို့ စတာလေး ကိုယ့်ဘာဝကိုယ် ဝမ်းနည်းအားငယ်သွားရကာ မျက်ရည်တွေဘာတွေ တဖြိုင်ဖြိုင် စီးကျလာခဲ့တော့သည်။

ပြီးတော့ ...

သူ ဆုပ်ကိုင်ထားတဲ့ ပခုံးသားတွေကိုလည်း ရုန်းမယူဖြစ်တော့ဘဲ ဝမ်းနည်းကြေကွဲစွာဖြင့် တရှိုက်ရှိုက် ငိုရှိုက်နေမိပါတော့သည်။

“ငိုနေလို့လဲ ဘာထူးမှာမို့လဲ စတာလေးရယ်”





“အဲဒါ ရှင်ကြီးမကောင်းလို့ အန်တီကြီး အခုလိုဖြစ်ရတာ”

“အပြစ်တွေဖြစ်ခဲ့မယ်ဆိုရင် ကိုယ့်ကိုပဲ ပုံချပြီး အပြစ်တင်လိုက်စမ်းပါ၊ ဒါပေမဲ့ ကိုယ် ကိုယ့်ကြောင့်လို့တော့ မစွပ်စွဲပါနဲ့ကွာ၊ အန်တီကြီးက ကိုယ်တို့ အခုလို မပြေမလည်ဖြစ်ရမယ့်ဘဝကို မျှော်မှန်းထားတာမဟုတ်ဘူး၊ အန်တီကြီး မျှော်မှန်းထားတာက ...”

“တော်စမ်းပါ ဦးနေစွမ်းတည်သာရယ်။ ရှင့်မျက်နှာကို ကျွန်မ ကြည့်ချင်လို့ကြည့်နေတယ်လို့များ ထင်နေသလား”

စတာလေး အသံကလေးတွေ ကြေကွဲဆို့နင်စွာ ...က်ငင်သွားသလို မျက်ရည်ကလေးတွေ စီးကျနေတာလေးကို သူ အသက်မဲ့စွာဖြင့် ငေးစိုက်ကြည့်လိုက်မိတော့သည်။

သူ့ရင်ထဲမှာလည်း ဆောက်တည်ရာမရ ကြေကွဲ...ဘ ငိုရှိုက်နေခဲ့မိသည်။

တကယ်တော့ ကံကြမ္မာက ကြိုမမြင်နိုင်တဲ့အရာတွေ...ဖြစ်သည်။

အန်တီကြီး ရုတ်တရက်ကြီး အခုလိုအဖြစ်ဆိုးမျိုး...နဲ့ ကြုံခဲ့ရလိမ့်မယ်လို့ သူ ဘယ်တုန်းကမှ ထင်မထားခဲ့။

စတာလေးနဲ့ သူတို့ ပြဿနာကြားမှာ အန်တီကြီး...က အသက်သေဆုံးလောက်တဲ့အထိ ဖြစ်သွားခဲ့ရတဲ့ ကံကြမ္မာကြီး...ကို သူ မယုံကြည်နိုင်ခဲ့သလို ဒါတွေဟာ အိပ်မက်တွေပဲလို့ သူ...ထင်မှတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်အပျက်တွေက အိပ်မက်တွေသာဖြစ်ခဲ့ေ ဆိုရင် ဘယ်လောက်ကောင်းမလဲ။

"အင်း ... အင်း ... စတာလေး ... မောင်တည်"

"ဟင်"

ကြားလိုက်ရတဲ့ စကားသံတိုးတိုးလေးက အန် ကြီးဆီက ကြားလိုက်ရတာမို့ သူရော စတာလေးပါ ပြိုင်တူလို ဝမ်းသာအားရ အန်တီကြီး လက်တွေကို အားရပါးရ ဆုပ် လိုက်ပြီး ...

"အန်တီကြီး သတိရပြီ၊ သတိရပြီနော်၊ အန်တီကြီး သ ရလာပြီဗျ၊ ဆရာဝန်ကြီးတွေကို သွားခေါ်လိုက်ပါဦး"

သူက အနားမှာစောင့်နေသည့် နာ့စ်ကို ပြောလို တော့ နာ့စ်က အပြေးကလေး ထွက်သွားလေတော့သည်။

အန်တီကြီး သတိရလာတာကို ဝမ်းသာလွန်း သူ ကတုန်ကယင်ကြီးဖြစ်ကာ အန်တီကြီးမျက်နှာကြီး ငုံ့ကြ လိုက်ပြီး စတာလေးကို အားပေးနှစ်သိမ့်သည့် မျက်ဝန်းညို တွေနှင့် စိုက်ကြည့်လိုက်တော့ စတာလေးက ခေါင်းကလေးငုံ့ပြ နှုတ်ခမ်းကလေးကို ဖိကိုက်ကာ အန်တီကြီးလက်ကလေး ကိုင်လျက် အသက်ကလေးအောင့်ကာ ကျိတ်ငိုနေတာမို့ သူ့ရ ထဲမှာ နင့်ခနဲ ခံစားလိုက်ရလေသည်။

အဲဒီအချိန်မှာပဲ ...





အခန်းထဲသို့ ဆရာဝန်ကြီး ဝင်လာခဲ့တာမို့ သူက စတာလေး လက်ကလေးကို ဆုပ်ကိုင်ပြီး သတိပေးလိုက်ရသည်။

"ဆရာဝန်ကြီး လာပြီ စတာလေး၊ စိတ်ကိုထိန်းမှပေါ့ကွာ"

စတာလေးက သူ့ သတိပေးလိုက်တော့မှ ခေါင်းကလေးမော့ကာ အခန်းအဝင်ဘက်ကို မျက်ရည်တွေဖြင့် လှည့်ကြည့်လိုက်သည်။

ငိုလွန်းအားကြီးလို့ မျက်လုံးကလေးတွေ အစ်ကျနေတဲ့ စတာလေးကို ငေးကြည့်ရင်း သူ ရင်နင့်မချိအောင် ခံစားလိုက်ရသည်။

အန်တီကြီးသာ တစ်ခုခုဖြစ်သွားရင်ဆိုသည့်အတွေးက သူ့နှလုံးသားထဲကို နာကျင်အောင့်မျက်စွာ ဝင်ရောက်သွားတော့သည်။

ဖြစ်မှဖြစ်ရလေ အန်တီကြီးရယ်။

သူက အန်တီကြီးမျက်နှာကြီးကို ဖြေမဆည်နိုင်ဖြစ်ကာ ငေးကြည့်နေသည့်အချိန်မှာပဲ ဆရာဝန်ကြီးက အောက်စီဂျင်ရိုက်ထားသည့် အန်တီကြီးအနားသို့ မျက်နှာကြီး တိုးကပ်ပြီး အန်တီကြီးကို စမ်းသပ်ပြီး မျက်နှာတစ်ချက် ပျက်သွားလျက် သူတို့ဘက်သို့ လေသံကလေးနိမ့်ချကာ ...

"အင်း... လူနာအခြေအနေ သိပ်မကောင်းတော့ဘူး၊ သူ့မှာ နောက်ဆုံးငင်စရာရှိလို့ သတိပြန်လည်လာတာပါ၊ သူပြောတဲ့ စကားကိုသာ အသေအချာ နားထောင်လိုက်ကြပေါ့ဗျာ"

www.burmeseclassic.com



"အင်း ... စတာလေး"

အန်တီကြီးက တိုးညင်းညင်းသံကြီးဖြင့် ခေါ်ညည်းလိုက်တော့ စတာလေးက အန်တီကြီးမျက်နှာနား တိုးကပ်သွားကာ နှုတ်ခမ်းသားလေးကို ဖိကိုက်ပြီး ငိုရှိုက်သံကလေးမပါအောင် အန်တီကြီးကို ပြန်ခေါ်လိုက်မိသည်။

"အန်တီကြီး"

"သမီး မောင်တည်သာကို လက်ထပ်ဖို့ အန်တီကြီးကို ကတိပေးပါ၊ အန်တီကြီး စိတ်ချမ်းသာအောင် လက်ထပ်လိုက်ကြပါ၊ အန်တီကြီးရှေ့မှာ လက် ... မှတ် ... ထိုး"

"အန်တီကြီး ဟင့် ဟင့် ... အန်တီကြီး ဘာမှ မဖြစ်ပါဘူး၊ အန်တီကြီး ဘာမှမဖြစ်ဘူး၊ ဆရာဝန်ကြီးတွေက အန်တီကြီးကို အကောင်းဆုံးကုသပေးမှာပါ၊ ဆရာ အန်တီကြီးကို ကယ်ပါဦး"

စတာလေးတစ်ယောက် ...

အရူးအမူးဖြစ်သွားကာ ဆရာဝန်ကြီး လက်နှစ်ဖက်ကို ဆုပ်ကိုင်လျက် "ကျိတ်ကာ ... ကျိတ်ကာ" ငိုရှိုက်ပြီး အကူအညီတောင်းလိုက်ပါတော့သည်။

ဆရာဝန်ကြီးက စိတ်မကောင်းစွာဖြင့် စတာလေးခေါင်းကလေးကို နှစ်သိမ့်သလိုကလေး ပွတ်သပ်ပေးပြီး အတိုးဆုံးအသံကလေးနှင့် ပြောလာခဲ့သည်။





"သမီး အန်တီကြီးအတွက် အချိန်က တစ်နာရီလောက်ပဲ ကျန်ပါတော့တယ်၊ သူ စိတ်ချမ်းသာသွားအောင် သူ ဖြစ်စေချင်တာကိုပဲ လုပ်ပေးလိုက်ပါလို့ ဆရာပြောချင်ပါတယ်ကွယ်"

"ဒါဆို အန်တီကြီး ... အန်တီကြီး ... အို"

ဆရာဝန်ကြီး စကားအဆုံးမှာတော့ မျှော်လင့်ချက်မဲ့စွာဖြင့် မျက်နှာကလေးကို လက်ဝါးကလေးနှင့်အုပ်ကာ အုလှိုက်အသည်းလှိုက် ငိုချလိုက်သည်။ စတာလေးကိုကြည့်ပြီး သူ့ရင်ထဲမှာ ဘာတစ်ခုမှ မကျန်တော့အောင် လှစ်ဟာ ဝမ်းနည်းသွားရသည်။

ဆရာဝန်ကြီးနှင့် ဆရာ ဆရာမတွေရှေ့မှာ သူ ဝမ်းနည်းလွန်းလို့ ခေါင်းကြီးငိုက်စိုက်ချလျက် မျက်ရည်များစီးကျလာခဲ့သည်။

အခုလို မထင်မှတ်ဘဲ အန်တီကြီး သူတို့နှင့် အဝေးဆုံး ထွက်ခွာသွားရမယ့်အဖြစ်ကြီးက စတာလေးနဲ့ သူ့ဘဝကို ဘဝပျက်လုမတတ် ဖျက်ဆီးသွားခဲ့ပြီဆိုတာကို သူ့နှလုံးသားက နာကျင်ကြေအက်စွာ သိရှိလိုက်ရပါတော့သည်။

စတာလေးကလည်း သူ့ကို ဘယ်လိုမှ ခွင့်လွှတ်နားလည်ပေးတော့မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အခုလို အန်တီကြီးရဲ့ တောင်းဆိုမှုကြောင့် စတာလေး မဖြစ်မနေ သူ့ကို လက်ထပ်ရမယ့်အဖြစ်ကြီးကို သူ့နှလုံးသားက လက်ခံလို့မရအောင် သူ့ဦးနှောက်တစ်ခုလုံး ထူထုံမှိုင်းမိုက်သွားရကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ကယောင်ချောက်ချားဖြစ်သွားရတော့သည်။

ပြီးတော့ ...

စတာလေးကိုကြည့်လိုက်တော့ သူ့ကို လက်ထပ်ရမှာကို ခါးခါးသီးသီးကြီး ငြင်းဆန်ခြင်းမရှိဘဲ အူလှိုက်သည်းလှိုက် အသည်းအူပြတ်ထွက်မတတ် ငိုကြွေးနေတာလေးကိုကြည့်ပြီး သူ့ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်တော့ချေ။

ဖြစ်နိုင်ရင် သူ ဒီအခန်းထဲက လွတ်မြောက်ထွက်ပြေးလိုက်ချင်ပါသည်။

သူ့စိတ်ထဲမှာ ဝေလွင့်ခြင်းတွေနှင့် စုစည်းမရဖြစ်နေတဲ့အချိန်မှာပဲ သူ့ဆရာဝန်ကြီးက သူ့ပခုံးကို နှစ်သိမ့်သလို ကလေး အုပ်ကိုင်ကာ ...

“မောင်တည်သာ အချိန်မရှိတော့ဘူး၊ မင်းတို့နှစ်ယောက် မင်း အန်တီကြီးကို စိတ်ချမ်းသာစေချင်တယ်ဆိုရင်တော့ လက်မှတ်ထိုးဖို့ စီစဉ်ကြတော့၊ သူ့အရှေ့မှာပဲ လက်မှတ်ထိုးပေးလိုက်ကြပါကွာ၊ လူကြီးမိဘကို နောက်ဆုံးအနေနဲ့ စိတ်ချမ်းသာစေခြင်းဟာ မင်္ဂလာတစ်ပါးပါပဲ သမီးလေးရယ်”





ဆရာဝန်ကြီး စကားအဆုံးမှာတော့ စတာလေးက ခေါင်းကလေးငုံ့ချပြီး အသက်ကလေးကို ပြင်းပြင်းရှူရှိုက်လိုက် ကာ ခံစားချက်တွေမွှဲနေသည့် မျက်လုံးကလေးက မျက်ရည်တွေနှင့် အန်တီကြီးမျက်နှာကြီးကို အကြာကြီးစိုက်ကြည့်နေတာလေးကို သူ သနားကြင်နာမဆုံး ဖြစ်သွားရတော့သည်။

ဒါပေမဲ့ ...

ဘာမှ မတတ်နိုင်ခဲ့ချေ။

ကံကြမ္မာက သူမလေးနှင့် လက်ထပ်ရတော့မယ့် အခွင့်အရေးကို ပေးအပ်လာခဲ့လေပြီဖြစ်သည်။

သူလည်းပဲ တိတ်ဆိတ်စွာ ကြေကွဲခံစားနေသည့် အချိန်မှာပဲ စတာလေးရဲ့ တိုးအက်အက်အသံကလေးကို ကြားလိုက်ရပါတော့သည်။

“အန်တီကြီး စတာလေး ဦးတည်ကို လက်ထပ်ပါ့မယ်၊ အန်တီကြီး စိတ်ချမ်းသာစေချင်သလို အန်တီကြီးရှေ့မှာပဲ လက်မှတ်ထိုးပေးပါ့မယ် အန်တီကြီးရယ်”

ငိုရှိုက်သံ ဗလုံးဗထွေးသံလေးနှင့် သူ့ကို လက်ထပ်ဖို့ကတိပေးလိုက်သည့် စတာလေး အသံကလေးကို အန်တီကြီး ကြားသိနားလည်သွားသည်ထင်သည်။

ဝမ်းသာမျက်ရည်များ ပါးပြင်ပေါ်သို့ တအိအိ စီးကျလာသည့် အန်တီကြီးကိုကြည့်ပြီး စတာလေး စိတ်မထိန်းနိုင်တော့ဘဲ အင့်ခနဲ ငိုချလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ဖြေလို့မရတော့ဘူး အန်တီကြီးရယ်။

စတာလေး ရင်ထဲမှာ ရှုးရပါပြီ။

တည်သာကတော့ ...

စတာလေးဆီက လက်ထပ်စကားလေးကို ကြားသိလိုက်ရသည်နှင့် တစ်ပြိုင်နက် စတာလေးကို နှစ်သိမ့်အားမပေးနိုင်တော့ဘဲ ဖုန်းတစ်လုံးနှင့် သူ့စီးပွားရေးကို အကျိုးဆောင်နေသည့် ရှေ့နေကြီးဆီ ဖုန်းဆက်လိုက်သည်။ အခုပဲ ဆေးရုံကြီးကို လိုက်လာဖို့ လက်ထပ်စာချုပ်နှစ်စောင်ပါ ယူလာဖို့ မှာကြားပြီး ဖုန်းပိတ်ကာ စတာလေးနှင့် ရင်မဆိုင်ရဲသလို စတာလေး မျက်နှာလေးကိုလည်း လုံးဝ လှည့်မကြည့်ဝံ့တော့ဘဲ စိတ်ဂနာမငြိမ်စွာဖြင့် အန်တီကြီးရဲ့မျက်နှာကြီးကို ငေးကြည့်နေရင်းမှ ဝမ်းနည်းမျက်ရည်များ စီးကျလာခဲ့သည်။

အခုလို အဖြစ်ဆိုးမျိုးနဲ့ အန်တီကြီးဘဝ သေဆုံးသွားခဲ့ရတဲ့အဖြစ်ကြီးကို သူ တစ်သက်လုံး နောင်တရသွားတော့မှာမို့ သူ့နှလုံးသားတစ်ခုလုံး ပွစာကြဲ ကြေအက်သွားရလေတော့သည်။

စတာလေးရယ် မင်း အမုန်းကို တစ်သက်လုံး ခါးစည်းခံစားသွားရမယ့် ကိုယ့်ဘဝကြီးကိုလည်း မုန်းတီးခံစားရပါတယ်။





ရင်ထဲမှာ ကြေကြေကွဲကွဲဆိုညည်းရင်း အန်တီကြီးမျက်နှာကြီးကို နှမြောတသစွာ ငေးကြည့်နေသည့်အချိန်မှာပဲ သူ့ရဲ့ အတွင်းရေးကို အားလုံးသိထားပြီးသားဖြစ်သည့် ရှေ့နေကြီး ဦးစောမင်းညိုနှင့် တပည့်နှစ်ယောက် ရောက်လာကြပြီး သူနှင့် စတာလေးတို့ လက်ထပ်ကြရမယ့် လက်ထပ်စာချုပ်နှစ်စောင်ကို အန်တီကြီးရှေ့ကို ယူပြလိုက်ပါတော့သည်။

"အန်တီကြီး ဒီမှာ လက်ထပ်စာချုပ်တွေ၊ အန်တီကြီးတူမလေးနဲ့တူ လက်ထပ်တော့မယ်"

အန်တီကြီးကို အသိပေးပြီး လက်ထပ်စာချုပ်ကို ပြလိုက်ပေမယ့် သတိရတစ်ချက်မရတစ်ချက်ဖြင့် တအင်းအင်း ညည်းသလို မပီမသပြောနေတဲ့ အန်တီကြီးအသံကြီးကို ကြားတစ်ချက်မကြားတစ်ချက်ဖြင့် ရင်ခုန်ပူလောင်စွာ သူ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးလိုက်ပါသည်။

ပြီးတော့ စတာလေး လက်မှတ်ထိုးမှာလေးကို စောင့်ပြီး ခပ်ငေးငေးကြီး စိုက်ကြည့်လိုက်သည့်အချိန်မှာ စတာလေးက အန်တီကြီးမျက်နှာကြီးကို မျက်ရည်တွေနှင့် ခပ်တွေတွေလေးစိုက်ကြည့်ပြီး နှုတ်ခမ်းသားလေးကို ပြတ်ထွက်မတတ် ဖိကိုက်ထားကာ စိတ်တွေကို တအားတင်းခံထားပုံလေးဖြင့် လည်ပင်းသားလေးတွေတောင် ဖောက်ဖောက် ဖောက်ဖောက် တုန်နေသည့် အဖြစ်ကလေးကို သူ ကြာကြာမကြည့်ရက်တော့ဘဲ ခေါင်းကြီးငိုက်စိုက်ချကာ အရှုးအမူး ကြေကွဲသွားခဲ့ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စတာလေး ဒီလိုအဖြစ်မျိုးနဲ့ သူ့ကို လက်ထပ်ရတဲ့ ဘဝကြီးကို သူ ရင်နာမိသည်။

စတာလေးမှာ ဘာနှလုံးသားမှ မရှိတော့ဘူးဆိုတာကိုလည်း သူ ရင်နာစွာ ခံစားသိရှိလိုက်ရသည်။

ပြီးတော့ သူမလေး သူ့ကို ဘယ်လိုမှ ခွင့်လွှတ်မှာမဟုတ်ဘူးဆိုတာကိုလည်း သူ့နှလုံးသားက နာကျင်စွာသိလိုက်ရပါတော့သည်။

"သမီးလေး ... ဒီမှာ လက်မှတ်ထိုးလိုက်ပါဦးကွယ်"

ဆိုတဲ့ ရှေ့နေကြီးဦးစောမင်းညိုရဲ့ အသံကို ကြားတော့မှ သူ ခေါင်းကြီးငုံ့ချ ကြေကွဲငိုရှိုက်နေရာမှ ခေါင်းကို ဖြည်းညင်းစွာ ထူမတ်လိုက်ပြီး စတာလေးကို ငေးခနဲစိုက်ကြည့်လိုက်တဲ့အချိန်မှာ စတာလေးက တဆတ်ဆတ်တုန်ယင်နေတဲ့ လက်ချောင်းကလေးတွေဖြင့် ရှေ့နေကြီး လက်ညှိုးထောက်ပြတဲ့ နေရာလေးမှာ လက်မှတ်ကလေးထိုးလိုက်ပြီး အင့်ခနဲ ရှိုက်ငိုလိုက်တဲ့ အသံကလေးကို ကြားသိလိုက်ရသည့် သူ့ရင်ထဲမှာ ဘယ်အရာနဲ့မှ နှိုင်းလို့မရအောင် ပူလောင်းခါးသက်စွာ ခံစားလိုက်ရသည်။

စတာလေး ရင်ထဲမှာလည်း ဘယ်လောက်အထိ ကြေကွဲခံစားလိုက်ရမလဲ။ မင်းလေး ခုလိုမျိုး လက်ထပ်လိုက်ရတော့ ကိုယ့် ရင်ထဲမှာ အမုန်းတီးဆုံးခံစားမှုတွေနဲ့ မုန်းတီးနေခဲ့မယ်ဆိုတာကို ကိုယ် ခံစားနားလည် ကိုယ်ချင်းစာပေးနိုင်ခဲ့ပေမယ့် ဘာမှ မတတ်သာတော့ဘူးကွာ။





မျက်ရည်စက်လက်ကျလျက် သူမလေး လက်မှတ်ထိုးပေးပြီးသွားတဲ့အချိန်မှာ ရှေ့နေကြီးနဲ့ သူ့အသိဆရာဝန်ကြီးက သက်သေနေရာမှာ လက်မှတ်ထိုးအပြီး ရှေ့နေကြီးက အန်တီကြီးအရှေ့သို့ လက်ထပ်စာချုပ်နှစ်စောင်ကို ယူပြကာ အန်တီကြီးကို အသိပေးလိုက်လေသည်။

"အန်တီကြီး ဒီမှာ အန်တီကြီး စိတ်ချမ်းသာစေချင်တာတွေ ဖြစ်သွားပြီ၊ အန်တီကြီးတူမလေး မောင်တည်သာကို လက်ထပ်လိုက်တဲ့ လက်ထပ်စာချုပ်၊ အန်တီကြီး ဝမ်းသာပါတော့ စိတ်ချမ်းသာပါတော့ဗျာ၊ ဘာမှ မပူပင်ပါတော့နဲ့ အန်တီကြီးရယ်"

ဆိုတဲ့ ရှေ့နေကြီး ဦးစောမင်းညိုရဲ့ စကားတွေကို အန်တီကြီး စောင့်ဆိုင်းအပြီးမှာတော့ ဇက်ကလေးငဲ့ပြီး တစ်ဖက်လှည့်သွားတာလေးကို ငေးကြည့်ရင်း သူတို့အားလုံး တိတ်ဆိတ်ငြိမ်သက်သွားတဲ့အချိန်မှာ ဆရာဝန်ကြီးက အန်တီကြီးကို စမ်းသပ်ရင်း စိတ်မကောင်းသောမျက်နှာကြီးဖြင့် သူနှင့် စတာလေးဘက်သို့ မျက်နှာမူပြီး ...

"ဝမ်းနည်းပါတယ်ဗျာ၊ လူနာ့ အသက်မရှိတော့ပါဘူး"

ဟု ဆိုလာတဲ့ ဆရာဝန်ကြီး စကားအဆုံးမှာပဲ သူ့အနားမှာ ခေါင်းလေးငုံ့ရပ်နေတဲ့ စတာလေးတစ်ယောက် သတိလက်လွှတ် သူ့ကိုယ်လုံးကြီးပေါ် ခွေခွေလေးလဲကျလာတဲ့အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေးကို သူက သတိကြီးစွာဖြင့် သူမကိုယ်လုံးလေးကို ဆွဲယူ၍ ချီထိန်းလိုက်ရပါတော့သည်။

လောလောဆယ် စတာလေးက အပူကင်းမဲ့စွာ မေ့မြောသွားခဲ့ပေမယ့် သူ့မှာတော့ အပူသောကတစ်လုံးကြီးဖြင့် အန်တီကြီးရဲ့အသက်မဲ့သေဆုံးသွားတဲ့ မျက်နှာကြီးကို ငေးငေးကြီး စိုက်ကြည့်ပြီး ရင်ထဲမှာ တမ်းတမ်းတတကြီး တောင်းပန်လိုက်မိပါတော့သည်။

"အန်တီကြီးရယ် ... အန်တီကြီး အခုလို အဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ရလိမ့်မယ်လို့ မထင်ခဲ့လို့ မှားခဲ့မိတဲ့ ကျွန်တော်တို့ရဲ့ အမှားတွေကို တမလွန်ကနေ ခွင့်လွှတ် နားလည်ပေးပါတော့ဗျာ"

❤ ✣ ❤





၁၇

အန်တီကြီးရယ် ... အန်တီကြီး အခုလို မထင်မှတ်ဘဲ ဖြစ်သွားခဲ့တာကြီးကို ကျွန်တော် ဘယ်လိုမှ ဖြေလို့မရတော့ဘူးဗျာ။

စတာလေးကလည်း အန်တီကြီး အခုလိုဖြစ်သွားတာတွေအတွက် ကျွန်တော့်ကို ခွင့်မလွှတ်နိုင်အောင် နာကြည်းမုန်းတီးတော့မယ်ဆိုတာ ကျွန်တော် မခံစားနိုင်တော့ဘူးဗျ ။

ကျွန်တော် ...

စတာလေးရဲ့အမုန်းတွေကို မကြားနိုင်လို့ ...

ရှုံးရပြီ အန်တီကြီးရယ်။

"ဘောစ် ... ဘောစ်မိန်းမ အိမ်မှာ ရှာမတွေ့တော့ဘူး၊ စောစောကမှ ကျွန်တော်လည်း ရေချိုးခန်းဝင်လိုက်မိတယ်၊ အခု သူ့ကို မတွေ့တော့ဘူး၊ ကျွန်တော့်ပေါ့လျော့မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အခုလိုဖြစ်ရတာ၊ ဘော့စ် အပြစ်ပေးမယ်ဆိုရင် ကျွန်တော် ခံယူဖို့အသင်းပါပဲ"

ဟင် ...

ကြားလိုက်ရတဲ့စကားတွေက ...

တာကယ့်ကို မယုံစရာ။

ဟင့်အင်း ... မယုံဘူး၊ ငါ မယုံဘူးကွာ။

မင်း ... မင်း အန်တီကြီး ရက်လည်ပြီးတဲ့အထိ ရှိနေတာပဲ။

ဒါ ... ဒါ ... မင်း ငါ့ကို မတွေ့ချင်လို့ မုန်းလို့ တစ်နေရာရာမှာ ပုန်းနေတာပါ။

မင်း ... မင်း ငါ့အရိပ် ငါ့ရင်ခွင်ကနေ အပြီးအပိုင် ရှောင်ထွက်သွားမှာတော့ မဟုတ်ပါဘူးနော်။

မင်း ငါ့အပေါ် အဲဒီလောက်အထိတော့ မရက်စက် ပါဘူးနော် ချစ်လေး။

"ဘော့စ်"

"......"

"ဘော့စ်"

"......"

"ဘော့စ် ဘာတွေတွေးနေတာလဲ၊ လုပ်ပါဦး ဘော့စ်မိန်းမ ဆီ ဖုန်းဆက်ချင်ဆက်၊ ဒါမှမဟုတ် ကျွန်တော်တို့ သူ





သွားတတ်တဲ့နေရာကို ကားနဲ့ လိုက်သွားကြတာပေါ့ ဘော့စ် ရယ်"

အား ...

ငါ ရှုံးပြီ။

"ဘော့စ်ရယ် ဘော့စ်မိန်းမ စိတ်ပြေလက်ပျောက် ထွက် သွားတာနေမှာပါ၊ အဲဒါ ကျွန်တော် တာဝန်ပေါ့လျော့လို့ ဘော့စ်ခံစားနေရတာ၊ ကျွန်တော့်ကိုသာ အပြစ်ပေးလိုက် ပါတော့ဗျာ"

"ဟင်း"

"ငါ့စိတ်တွေ အရမ်းပင်ပန်းနေတယ်ကွာ၊ လောကကြီးမှာ ငါ မနေချင်လောက်အောင် စိတ်ကုန်တယ်၊ သူ ... သူ အိမ်က အပြီးထွက်သွားရင် ငါ့ဘဝကြီးတော့ သွားပြီကွာ"

ဘယ်တုန်းကမှ စိတ်အားငယ်ခြင်းတွေ မရှိခဲ့ဖူးသည့် သူ့တစ်ဘဝလုံး မိန်းမတစ်ယောက်ကြောင့် ပျက်စီးဆုံးရှုံးရမယ့် အဖြစ်ကြီးကို ရဲရဲကြီး ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

စတာလေးရယ် ... မင်းသာ ငါ့ဘဝထဲ ပြန်ခိုမဝင် တော့ဘူးဆိုရင် ငါလည်းပဲ ဒီဘဝကြီးထဲက ရဲရဲကြီးထွက်သွားမှာ ပါ။

ငါ အဲဒီလောက်အထိ မင်းကိုချစ်တာ။

အာရုံအတွေးတွေထဲမှာ ...



www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ စတာလေး အိမ်ကထွက်သွားပြီဆိုသည့် စိုးရိမ်စိတ်တွေက အသည်းနှလုံးထဲ အေးခနဲစီးစိမ့်ဝင်သွားရကာ အရူးကြီးတစ်ယောက်လို သူ ချာခနဲ လှည့်ထွက်လိုက်ပြီး ကားသော့ကိုဆွဲကာ အောက်ထပ်ကို အပြေးဆင်းလာခဲ့မိတော့သည်။

အနောက်မှာ ဟိုကောင် ဘယ်လိုကျန်ခဲ့မယ်ဆိုတာကိုလည်း သူ ဂရုမစိုက်မိတော့။

သူ့ရင်ထဲမှာ သွေးစိမ်းရှင်ရှင် ဖြာကျနေရပြီဖြစ်သည်။

စတာလေးသာ အိမ်က အပြီးအပိုင်ထွက်သွားခဲ့ရင်ဆိုတဲ့ အတွေးတွေက သူ့နှလုံးသားကြီးကို ဆွဲအနုတ်ခံရသလို ရူးသွားစေတော့သည်။

"အား ... စတာလေးရယ်၊ မင်းသာ ငါ့ဘဝကြီးထဲက ထွက်သွားခဲ့မယ်ဆိုရင် ငါ ရူးပြီးသေသွားမှာပဲ၊ မင်း ပြန်လာပါတော့၊ မင်း ငါ့ဘဝထဲက အပြီးထွက်မသွားပါနဲ့ကွာ၊ ငါ တောင်းပန်ပါတယ် စတာလေးရယ်"

အား ...

ဟား ...

ငါ ရူးပြီ။

ရူးနေရပြီ ချစ်လေးရယ်။





မင်းလေး ဒီအချိန်မှာ မင်း ကောင်လေးဆီမှာ ရောက်ပြီလား။

"ဟာ"

အတွေးတွေက သူ့ကို ချောက်ချားတုန်လှုပ်စွာ သူ့စိတ်တွေ ဝေးခနဲ လွင့်မြောသွားရပြီး ကားကို လမ်းဘေးတစ်နေရာမှာ ပါကင်ယူလိုက်သည်။

ရင်ထဲမှာ ဒီအတွေးကြီးနှင့် ရူးနေရပြီ။

ချစ်လေးသာ သူ့ကောင်လေးဆီရောက်သွားရင် ...

ဟင့်အင်း ... မရောက်စေရဘူး။ လုံးဝ မရောက်စေရဘူး။

မတွေးထိုက်တဲ့အတွေးတွေကို ဦးနှောက်ထဲက ထုတ်ခနဲ မောင်းလွှတ်ပြီး ဟိုကောင်လေးဆီ ဖုန်းဆက်ဖို့ ဆုံးဖြတ်ချက်ဖြင့် Hand Phone လေးကို ခါးကြားထဲမှ ဆွဲထုတ်လိုက်သည်။

အင်း ... မင်းကို ငါ မေးရမှာလည်း ငါ့ကိုယ်ငါ စိမ်းမဲဖောက်သလိုများဖြစ်နေပြီလား။

အမောဆို့ပါတယ်ကွာ။

"ဟယ်လို"

ဟော ... ကောင်လေးအသံက သူ့နားထဲကို အပြေးပြေးစွာ ဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကောင်လေးကို ဘာစကားမှမမေးမိသေး
အသက်ကြီးအောင့်လျက် တွေဝေငေးမောသွားရသည်။

ဟား ...

ငါ ဒီစကားကြီးမေးရမှာလည်း ကိုယ့်ကိုယ်ကို
ရှက်ရွံ့သိမ်ငယ်ပါတယ်။

လက်ထပ်ပြီး ခုနစ်ရက်ကြာပြီးတဲ့အထိ အခု
ဇနီးမယားအဖြစ် မပေါင်းသင်းရသေးတဲ့ ဇနီးကလေးများ သူ့
သူလက်ဟောင်းကြီးဆီမှာ ရောက်နေပြီလားဆိုတဲ့ အတွေး
သူ့ကို တကယ်ရူးစေခဲ့သည်။

ဒီအရူးဟာ တဏှာရူး၊ ရာဂရူးတော့ မဖြစ်နိုင်
ကိုတော့ ကိုယ့်ကိုယ်ကိုယ် အသိဆုံး။

"ဟယ်လို ... ဘယ်သူလဲမသိဘူး၊ ညကြီးအချိန်မ
ဖုန်းဆက်ပြီး ဘာစကားမှမပြောဘူး"

"ခွဲ ... ခွဲလား"

သူ့အသံကြီးကို ကောင်လေးနားထဲ အလွယ်တ
လက်ခံနိုင်အောင် အချိုသာဆုံး နှိမ့်ပြီး ပြောလိုက်ရလေသည်

ရင်ထဲမှာတော့ မနာလိုစိတ်က ဖြောင်းဖြောင်း
နေရပြီ။

"ဟုတ်ပါတယ်၊ ဘယ်သူလဲဗျာ ညကြီးအချိန်မ
ဖုန်းဆက်ပြီး စကားမပြောဘဲ နှောင့်ယှက်သလိုနေတာ"





"ဟာ ... တောင်းပန်ပါတယ် ခွဲရယ်၊ ကိုယ် မင်းကို နှောင့်ယှက်တာမဟုတ်ပါဘူးဗျာ၊ မေးစရာလေးရှိလို့ပါကွာ၊ ဟို ... စတာလေးများ မင်းဆီ အခုရောက်လာသေးလားလို့ မေးချင်လို့ပါ"

"ဘာဗျ ... လင်းက ဘာကိစ္စ ကျုပ်ဆီရောက်မှာလဲ၊ ခင်ဗျား မိန်းမကို ကျုပ်က ဘာကိစ္စ ခေါ်ထားရမှာလဲ၊ ကျုပ်ကို ခင်ဗျားက အထင်သေးတယ်ပေါ့ ဟုတ်လား၊ မှတ်ထား ဦးနေစွမ်းတည်သာ၊ ကျုပ် သူ့ကို ဘယ်လောက် ချစ်ချစ် သူများမယားကိုတော့ ဘယ်တော့မှ ကြံမစိုဘူး၊ အလကား ကြောင်သူတော်ကြွက်ဘိုးတော်က ခင်ဗျား"

ဟား ... သူ့ရင်ထဲမှာ အခုမှပဲ အမောပြေသွားတော့တယ်။

ဒီကောင်လေး သူ့ကို ဘယ့်လောက်ပဲပြောပြော သူ ခံနိုင်ရည်ရှိသည်။

ချစ်မိန်းမကို မလုရင် သူ အရာရာကို ကျေနပ်သည်။

"အဟား ... ခင်ဗျားဗျာ ကျုပ်နဲ့မျက်ချင်းဆိုင်ဆို ခင်ဗျား အခွက်ပြုတ်ပြီ၊ ဒီမှာ ဦးနေစွမ်းတည်သာ၊ ကျုပ် ချစ်သူကို ခင်ဗျား လုယူလို့ ကျုပ် အသည်း ဖြန်းဖြန်းကွဲသွားရင် ကွဲသွားမယ်၊ ကျုပ် သူများမယား (ဒိတ်လွှန်)ကြီးကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဆောရီးပဲဗျာ၊ ဒီစကားမျိုး နောက် ခင်ဗျား လုံးဝမထွက်လာစေနဲ့၊ ကျုပ် နောက်ကို လုံးဝခွင့်မလွှတ်ဘူး ဦးနေစွမ်းတည်သာ”

ကောင်လေးက ...

သူ့ကို ဒေါကြီးမောကြီးပြောပြီး ဖုန်းပိတ်သွားလေပြီ။

အင်း ... ကောင်လေး ဒေါဖောင်းသွားခဲ့တာကို သူ လုံးဝ မနာမိဘဲ အခုမှပဲ ရင်ငြိမ်းသွားရတော့သည်။

ဒီလိုဆို စတာလေး စိတ်ချရတဲ့ သူမ သူငယ်ချင်းအိမ်မှာ ရှိနေခဲ့ပြီပေါ့။ ကိုယ့်ကို ရှောင်ပုန်းထွက်ပြေးသွားတာလား ချစ်ရယ်။

ကိုယ် ရင်ကွဲအောင် မင်း မနှိပ်စက်လိုက်ပါနဲ့နော်။

အခုလို ညဥ့်နက်နေတဲ့အချိန်လေးမှာ သူမလေး သူငယ်ချင်းအိမ်မှာ ရှိနေမှာပဲဟု ယုံကြည်ချက်ကြီးနှင့် ...

ရင်ထဲကအပူလုံးကြီး လျော့ခနဲ ပြုတ်ကျသွားတော့သည်။

ဒါပေမဲ့ စတာလေးရယ် ... ကိုယ် မင်းကို စိတ်မချနိုင်သေးပါဘူးကွာ။ ကိုယ့်ကို ဖုန်းကလေးနဲ့ တစ်ချက်ဖြစ်ဖြစ် ဆက်လိုက်စမ်းပါ။





ကိုယ့်နှလုံးသားနုနုကြီးကို မချိုးဖွဲ့ချင်စမ်းပါနဲ့ ချစ်ရယ်။

တောင်းပန်ပါတယ်ကွာ။

❤ ✢ ❤



www.burmeseclassic.com

www.burmeseclassic.com



"တူ ... တူ ... တူ"

"ဟာ"

နှလုံးသားတစ်ခုလုံး မောပန်းစွာဖြင့် အမှောင်ထုထဲမှာ တစ်ယောက်တည်း ကားကူရှင်ကြီးမှီချပြီး တိတ်ဆိတ်ကြေကွဲစွာငိုရှိုက်နေရင်းမှ မှေးခနဲဖြစ်သွားသည့်အချိန်မှာပဲ သူ့ခါးကြားထဲက Hand Phone ကလေးက တတူတူ မြည်လာခဲ့တာမို့ သူဝမ်းသာအားရ ဟာခနဲဖြစ်သွားကာ ဖုန်းကလေးကို တုန်တုန်ယင်ယင်ကြီး ကောက်ဖွင့် နားထောင်လိုက်ပါသည်။

ဒါ ... ဒါ စတာလေး ဆက်တာ။

"ဟယ်လို"

စိတ်လှုပ်ရှားလွန်းလို့ သူ့အသံမှာ တုန်ယင်ယင်ကြီးဖြစ်သွားရသည်။ ဟား ... ရင်ခုန်လိုက်တာ။ ရင်တွေခုန်လွန်းလို့ အသက်ထွက်တော့မယ်။

"အခု ဖုန်းကိုင်တာ လင်းရဲ့အမျိုးသားလား မသိဘူးရှင်"





"ဟာ ... ဟုတ် ... ဟုတ်ပါတယ်၊ စတာလေး အခု စတာလေး ညီမတို့ဆီမှာရောက်နေတာလားဟင်"

သူက ဣန္ဒြေမဆယ်နိုင်တော့ဘဲ လျှာလုတ်တိုက်တတ် အသက်မရှူတမ်းမေးလိုက်တော့ ကောင်မလေးက တအိ ...ယ်ပြီး ...

"ဦးနေစွမ်းတည်သာ လင်း ပြန်မလာလို့ အရမ်းစိုးရိမ်နေတယ်ထင်တယ်၊ ဒီမှာ လင်းက မာလာတို့ဆီရောက်နေတာ၊ လင်း အခု အိပ်ပျော်နေပြီ၊ ဦးနေစွမ်းတည်သာ စိုးရိမ်နေမှာစိုးလို့ မာလာ ဖုန်းဆက်လိုက်တာ"

"ဟာ ... ကျေးဇူးပါပဲ ညီမရယ်၊ ကိုယ် သူ့ကို အခုချက်ချင်းပဲ လာခေါ်လိုက်ပါ့မယ်၊ အခု ကိုယ် အိမ်မှာမဟုတ်ဘူး၊ သူ့အတွက် အရမ်းစိုးရိမ်ပြီး မြို့ထဲမှာ လိုက်ရှာနေတာ၊ အခုလို သူရောက်နေတာကို အကြောင်းကြားပေးတဲ့ ညီမကို ကိုယ် ဘယ်လိုကျေးဇူးတင်ရမှန်းမသိဘူးကွာ၊ ကိုယ့်ကို ညီမရဲ့လိပ်စာကလေးကို ပြောပြပေးပါဦးဗျာ"

"အင်း ... မာလာတို့အိမ်က ၃၇-လမ်း၊ အမှတ် (...)ပါ၊ အခု ချက်ချင်းလာမယ်ဆိုရင် မာလာ စောင့်နေပါ့မယ်"

"ကျေးဇူးပါပဲ"

"ကျေးဇူးပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို ကျေးဇူးတင်စကား ဘယ်နှ[…] ပြောမိမှန်းမသိအောင် ရင်ထဲမှာ လှိုက်ခွေးတုန်ယင်သွား[…] အခုမှပဲ သူ့ရဲ့အပူသည် မျက်နှာကြီးမှာ ကျေနပ်ပီတိဖြင့် ပြုံး[…] သွားရကာ ကားကို ၃၇-လမ်းဆီသို့ တန်းမောင်းထွက်လိုက်[…] တော့သည်။

သူ ကောင်မလေးအိမ်ကို ရောက်သွားတော့ ကောင်[…] လေးက သူ့ကို ဆီးကြိုပြီး စတာလေး အိပ်ပျော်နေတဲ့အခန်း[…] သို့ ခေါ်သွားခဲ့ပါသည်။

ရင်တထိတ်ထိတ်ဖြင့် စတာလေး အိပ်နေတဲ့ခု[…] လေးဆီရောက်သွားသည့်အချိန်မှာ ခုတင်လေးပေါ်မှာ ဘာအပူ[…] မှမရှိတော့သလို အိပ်မောကျနေသည့် စတာလေးရဲ့ ချောင်ကျ[…] သည့် မျက်နှာနုနုချောချောလေးကို ငေးကြည့်ရင်း သူသနား[…] နာစွာ တံတွေးကြီး ငုပ်ခနဲမျိုချလိုက်မိသည်။

မျက်ဝန်းကလေးတွေ မှေးမှိတ်ပြီး...

အပြစ်ကင်းစင်စွာ အိပ်မောကျနေတဲ့ ချစ်ဇနီးလေး[…] ရင်ထဲမှာ အပူသောကတွေနှင့် ဘယ်လောက်ပင်ပန်းလိုက်မလဲ[…]

ချစ်လေးရယ် ... မင်းရင်ထဲက နာကျင်မှုဒဏ်ရာ[…] ကို ပျောက်ကင်းလွင့်ပြယ်သွားမယ်ဆိုရင် ဘာလုပ်ပေးရ လုပ်ပေး[…] ကိုယ် လုပ်ပေးချင်ပါတယ်။





ကိုယ် မှားခဲ့တဲ့အမှားတွေကို တောင်းပန်ပါတယ်။ […]အညွတ် တောင်းပန်ပါတယ် အချစ်ရယ်။

"ဟို ... ဦးနေစွမ်းတည်သာ"

"ဟင်"

ချစ်ဇနီးလေးမျက်နှာနုနုချောချောလေးကို တစိမ့်စိမ့် […]ကြည့်ပြီး ရင်ထဲမှာ မချိတင်ကဲ တောင်းပန်နေသည့်အချိန်မှာ […]င်မလေးက သူ့ကို ခပ်တိုးတိုးခေါ်လိုက်တာမို့ သူ ရှက်သလို […]မော့ကြည့်လိုက်မိသည်။

"ဩော် ... ဩော် ... ဟို ... ကိုယ် သူ့ကို ဒီအတိုင်းပွေ့ ချီသွားရင် နိုးများသွားမလားလို့ စဉ်းစားနေတာ"

ကောင်မလေးက မျက်တောင် ပုတ်ခတ်ပုတ်ခတ် […]လုပ်ပြီး စဉ်းစားသလိုကလေးဖြင့် သူ့ကို မော့ကြည့်လာသည်။

"နိုးတော့မနိုးပါဘူး၊ ဟိုလေ ... ဦးနေစွမ်းတည်သာကို မာလာ ပြောချင်တာက လင်းကိုလေ စိတ်ချမ်းသာအောင် ထားပါလို့၊ လင်းလေ မာလာတို့အိမ်ရောက်လာပြီး အရမ်း စိတ်ဆင်းရဲတယ်ဆိုပြီးတော့လေ မာလာတို့သောက်တဲ့ အိပ်ဆေးတွေကို အများကြီးသောက်မလို့လုပ်တာ၊ သေသွားရင် အေးမှာပဲဆိုပြီးလုပ်တာ၊ မာလာတို့သူငယ်ချင်းနှစ်ယောက် အတင်းဝိုင်းဆွဲမှ ငိုယိုတောင်းပန်ပြီး ချော့ချော့မော့မော့ ပြောပြီး အိပ်ဆေးကလေးတိုက်ထားလို့ အိပ်ပျော်သွားတာပါ"

www.burmeseclassic.com



ကြားလိုက်ရသည့် စကားတွေက သူ့နားကိုရှ မယုံနိုင်အောင် မိုးကြိုးကြီးပစ်ချလိုက်သလို သူ့တစ်ကိုယ်လုံး ထွန့်ထွန့်လူးထုံကျင်သွားရကာ ခေါင်းကြီးတစ်ခုလုံး ရှေ့သို့မိုး ကျသွားတော့သည်။

"ဖြစ်မှဖြစ်ရလေ"

ဆိုသည့် သံစဉ်ကြီးကို ရင်ထဲမှာပဲ ဖွဖွကြီး ငိုညည်း လိုက်မိရင်း ယောက်ျားကြီးတန်ပေမယ့် မျက်ရည်တွေ စီးကျသွား ရသည်အထိ စိတ်ထဲမှာ မချိတင်ကဲကြီး ငိုရှိုက်လိုက်မိသည်။

ချစ်ရယ် ... မင်း အဲဒီလောက်အထိ မိုက်လိမ့်မယ် လို့ ကိုယ် ထင်မထားခဲ့မိဘူး။

မင်း ဒီလောက်ကြီး သေချင်လောက်တဲ့အထိ မိုက် ရူးရဲဆန်ရတာကို ကိုယ် မခံစားနိုင်တော့ဘူး ကလေးရယ်။

ကိုယ် မင်းကို ဘာလုပ်ပေးရမလဲ။

မင်းရဲ့စိတ်ဆင်းရဲသောကတွေကို ကိုယ်တစ်ယောက် တည်းပဲ ခါးစည်းခံပါရစေ။

ကိုယ်ပဲ ခါးစည်းခံပါရစေတော့ကွာ။

"ဦးနေစွမ်းတည်သာ ... ဦးနေစွမ်းတည်သာ"

တုန်ယင်ငေးမောစွာ သူ တိတ်ဆိတ်ကြေကွဲနေတာ ကို မာလာ သတိပေးလာတော့မှ မျက်ရည်တွေပြည့်နေတဲ့ မျက် ဝန်းအစုံဖြင့် ကောင်မလေးကိုကြည့်လိုက်ပြီး ခေါင်းတစ်ချက်ဆတ်





ကာ အိပ်ဆေးအရှိန်နဲ့ အိပ်ပျော်သွားတဲ့ ချစ်ဇနီးလေးကိုယ်လုံး လေးကို ဆတ်ခနဲပွေ့ချီလိုက်ပြီး အခန်းထဲမှ လှည့်ထွက်လာခဲ့ သည်။

အခန်းအပြင်ရောက်တာနှင့် တစ်ပြိုင်နက် ကောင်းမ လေးနှစ်ယောက်ကို ကျေးဇူးတင်စကားပြောလိုက်သည်။

"သူ့ကို အခုလို သူငယ်ချင်းကောင်းပီသစွာ ကူညီခဲ့တဲ့ မာလာတို့သူငယ်ချင်းနှစ်ယောက်ကို ကိုယ် လှိုက်လှိုက်လှဲလှဲ ကို ကျေးဇူးတင်ပါတယ်ကွာ၊ မင်းတို့နှစ်ယောက်စလုံး အလုပ်ကိစ္စနဲ့ အကူအညီလိုရင် အချိန်မရွေး ကိုယ် ကူညီ ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဦးနေစွမ်းတည်သာရယ်၊ လင်းကို တော့ အထူးဂရုစိုက်ကြင်နာပေးဖို့ တောင်းပန်ပါတယ်ရှင်၊ လင်းနှလုံးသားလေးက နုနုနယ်နယ်လေးပါရှင်၊ သူ့ကို ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ မပြောတော့ဘဲ မသိချင်ယောင် သာဆောင်ပေးလိုက်ပါရှင်"

"ကောင်းပါပြီဗျာ၊ ကိုယ်ဟာ သူ့အတွက် အမြဲတမ်း အကောင်းဆုံးဖြစ်လာခဲ့တာပါဗျာ၊ နောက်နောင် သူ ညီမ တို့ဆီရောက်လာခဲ့ရင်လည်း ကိုယ့်ကို အစ်ကိုကြီးတစ် ယောက်လို သဘောထားပြီး တိုင်တိုင်ပင်ပင်လေး ပြေး လာပေးပါလို့ ကိုယ် အနူးအညွတ်တောင်းဆိုပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ စိတ်ချပါ ဦးနေစွမ်းတည်သာ"

သူ မာလာတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး စတော လေးကို ပွေ့ချီပြီး ကားတံခါးဖွင့်ကာ ကားကူရှင်လေးမှာ မှီလှဲသိပ် ပေးလိုက်သည်။

ပြီးတော့ သူက တစ်ဖက်ကားတံခါးလေးကို ဆွဲဖွင့် ပြီး ကားကို ခပ်ဖြည်းဖြည်းမောင်းထွက်လာခဲ့တော့သည်။

ရင်ထဲမှာ ...

အပူမီးတွေနှင့် အိပ်ပျော်နေတဲ့ ချစ်ဇနီးလေးကို ကြည့်ပြီး ဖွဖွကြီး ငိုညည်းလိုက်မိသည်။

"မင်းရင်ထဲက ငိုချင်းတွေအတိုင်း ကိုယ်လည်း ထပ်တူခံစား ရပါတယ် ချစ်လေးရယ်"

❤ ✣ ❤





၁၈

"ဟင်"

အို ...

သူမ အိပ်နေတဲ့အိပ်ရာခုတင်ကြီးက နှစ်ယောက်အိပ် ခုတင်ကျယ်ကြီးဖြစ်နေသလို ရောက်နေသည့် အခန်းကြီးကလည်း မာလာတို့အိပ်ခန်းမဟုတ်သလို အခန်းကြီးက ကျယ်နေတာမို့ ဒီအခန်းကြီးဟာ မာလာတို့အခန်း မဟုတ်ဘူးဆိုတာကို သူမ ရင်ခုန်ထိတ်လန့်စွာသိလိုက်ရသည်။

ဒါ ... ဒါဆို ...

ဒီအခန်းကြီးက ဘယ်သူ့အခန်းလဲ ...။

ငါ ... ငါ ညက မာလာတို့အိမ်မှာအိပ်တာပဲ။

ပြီးတော့ ဒီမှာ ခေါင်းအုံးအပိုတစ်လုံးကရော ဒီခေါင်း အုံးက ဘယ်သူ့ခေါင်းအုံး ...။

www.burmeseclassic.com



"အို"

ဒါ ... ဒါ သူ့ခေါင်းအုံးကြီးပဲ။

ဦးတည်သာ အမြဲအုံးနေကျ ခေါင်းအုံးကြီးဖြစ်သည်ကို အခန်းအတွင်းကို ရင်ခုန်ထိတ်လန့်စွာ မျက်လုံးဝိုင်းကြီးဖြင့် စော ကြည့်လိုက်မိသည့်အချိန်မှာတော့ အခန်းထောင့်တစ်နေရာမှာ သူ ထိုင်ပြီး စာရင်းစစ်သည့်စားပွဲကြီးနှင့် တီဗီအကြီးကြီးက သူမရင် ကို ပျားပန်းခတ် မောပန်းနွမ်းကျသွားလေတော့သည်။

ချက်ချင်းဆိုသလို ငယ်ထိပ်ပေါ်သို့ ကြွတက်လာ သည့်ဒေါသတွေက သွေးဆူသွားရကာ သူမ ရှက်လွန်းပို့စွာ ခုတင်ပေါ်မှ ဆတ်ခနဲထရပ်ပစ်လိုက်သည်။

"ဒေါက်"

"ဟင်"

"ဝုန်း"ခနဲ သူမ ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည့် အချိန်မှာတော့ သူမ ကိုယ်လုံးလေးပေါ်မှ ဒေါက်ခနဲပြုတ်ကျသွား တဲ့ ပစ္စည်းလေးကို ကြည့်လိုက်တော့ ဦးတည်သာ ကိုင်နေကျ ဘောပင်ကလေး ဖြစ်နေတာမို့ သူမ ဦးခေါင်းကလေး ထုံခနဲ ကျင်မြသွားသည်အထိ မျက်လုံးတွေ ပြာဝေမှုးမိုက်သွားရကာ နှလုံးသားတစ်ခုလုံး ပြုတ်ထွက်မတတ် ဘာဒိန်းဒိန်း ဆောင့်ခုန် သွားရပါတော့သည်။

ဘုရား ... ဘုရား။





ဒါဆို သူမ ညက သူနဲ့အတူတူ အိပ်ခဲ့ရပြီပေါ့။

ဒီလိုဆို သူမ ... သူမ ...။

အား ... ရှက်လိုက်တာ။

သေပစ်ဖို့ပဲကောင်းတော့တယ်။

ဒီမျက်နှာကြီးကို ဒီလူကြီးရှေ့မှာ ဘယ်လို ရင်ဆိုင် ရပါ့မလဲ။

"အဟင့် ဟင့် ... သွား မုန်းတယ်၊ နိုင်တိုင်းကျင့်တဲ့ လူစုတ်ကြီးကို မုန်းတယ်၊ သတ်ပစ်ချင်တယ်၊ အဟီး ဟီး သေချင်းဆိုးကြီး၊ နိုင်တိုင်းကျင့်တာ မုန်းတယ်"

စတာလေးတစ်ယောက် ...

အရူးအမူးကို ပေါက်ကွဲသွားရပြီဖြစ်သည်။

"ဝုန်း"

"ဝုန်း"

"သွား ... သွားစမ်း"

အခန်းထဲက မြင်မြင်သမျှ သူ့ပစ္စည်းတွေကို စိတ် ရှိလက်ရှိ ပစ်ပေါက်ခွဲပစ်လိုက်သည်အထိ ရူးရူးနှမ်းနှမ်း ပေါက် ကွဲသွားပါတော့သည်။

အထူးသဖြင့် ...

သူမ ခေါင်းအုံးကလေးနှင့်ယှဉ်ရက် သူ့ခေါင်းအုံး ကြီးကို နံရံမှာ ပစ်ပေါက်လိုက်ပြီး ညက သူနဲ့အတူ အိပ်ခဲ့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝကြီးကို နာကြည်းမုန်းတီးစက်ဆုပ်သွားရကာ မျက်နှာအ
ကို လက်ဝါးနှစ်ဖက်နှင့် ဖိအုပ်ပြီး ရှိုက်ကြီးတငင်ငိုချလိုက်
တော့သည်။

"အင့် ... ဟင့် ... ဟင့် ... မုန်းတယ်၊ လူစုတ်ကြီး
မုန်းတယ်၊ ဟီး ဟီး ... အန်တီကြီးကိုသတ်တဲ့လူ၊ ရှင်
တစ်သက်မကျေဘူး၊ သတ်ပစ်ချင်တယ်၊ သတ်ပစ်ချင်တယ်
အီး ... ဟီး ... ဟီး"

စတာလေး ...

ကိုယ့်ပေါင်လေးကိုယ် ထုရိုက်ပြီး စိတ်ကြီးစွာအ
ရအောင်ငိုရှိုက်ပြီးမှ ကိုယ့်ကိုယ်ကိုယ် သတိရသွားကာ မျက်ရည်
တွေနှင့် ငုံ့အကြည့် ...

"အို"

အား ...

သေပြီ။

ကြည့်စမ်းပါဦး ...

သူမ ညကဝတ်ထားတဲ့ STEP အဖြူကလေးမဟုတ်
တော့သလို ဘောင်းဘီရှည်အဖြူလည်း မရှိတော့ဘဲ ပါတိတ်အ
နရောင်ဖမ်းဆက်ကလေး လဲပြီးဝတ်ပေးထားတာ သူကလွဲ
တခြားဘယ်သူမှ မဖြစ်နိုင်။

အို ... သေစမ်း ... သေလိုက်စမ်း မိစတာလေး





သူမ ရှက်လွန်းလို့ ဘာလုပ်လို့ဘာကိုင်ရမှန်း မသိ
အောင် ယောင်နနကြီးဖြစ်သွားကာ စိတ်ထဲက အရှက်သည်းသည့်
ခံစားမှုတွေနှင့်အတူ သူ လဲလှယ်ဝတ်ဆင်ပေးထားသည့် ပါတိတ်
အပြာနုရောင်အင်္ကျီလေးကို ကြယ်သီးတွေမဖြုတ်ဘဲ ဆွဲဖြုတ်ပစ်
လိုက်တော့သည်။

"ကျွီ"

"ဟာ ... ဟေ့"

"ဟင်"

ရုတ်တရက် တံခါးတွန်းဖွင့်သံနှင့်အတူ ဝင်လာသည့်
ဦးတည်သာမျက်လုံးတွေက သူမကိုယ်လုံးအပေါ်ပိုင်းဆီသို့ အဖြူး
အဖြူ စိုက်စင်းကျရောက်လာပြီး ပါးပစ်ကြီးဟောင်းလောင်းဖြစ်
သွားတာကြီးကို သူမ ရှက်လန့်တုန်လှုပ်စွာ စိုက်ကြည့်ရင်း ရင်
ထဲက ဒေါသတွေက ဒီမျက်ခွက်ကြီးကို မြင်လိုက်သည့်တစ်ခဏ
အတွင်းမှာပဲ လွတ်ထွက်သွားတော့သည်။

"သွား ထွက်သွား၊ ရှင့်မျက်ခွက်ကြီးကို မကြည့်ချင်ဘူး"

"အာ ... ဟော့ ... ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ဦး"

"မကြည့်ဘူး ... မကြည့်ဘူး၊ သူများမသိဘဲနဲ့ ယုတ်မာ
တာ ... အီး ... ဟီး ... ဟီး"

သူမ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့အရှေ့မှာ ငိုကြွေးခြင်းနှင့်အရှုံးပေးလိုက်ရပါတော့သည်။ သူကတော့ မျက်လုံးကြီးအပြူးသားဖြင့် စကားလေးရပ်နေသည့်နေရာကလေးဆီ အပြေးလျှောက်သွားလိုက်ပြီး ခေါင်းကြီးပေါက်ကွဲနေသည့် ချစ်ဇနီးလေးကိုယ်လုံးကလေးကို မိန့်မိန့်မူးမူးကြီး ပြေးဖက်လိုက်ရင်းက ဟခွဲဖြစ်သွားသည့် ပါတိတ်အင်္ကျီကြယ်သီးတွေကို ကတုန်ကယင်ကြီး ပြန်တပ်ပေးလိုက်ရသည်။

ပြီးတော့ ရင်ခွင်ထဲမှာ ထွန့်ထွန့်လူးရုန်းကန်နေသည့် ချစ်ဇနီးလေးကိုလည်းလွတ်ထွက်မည့်အလား ခပ်တင်းတင်းဖွေဖက်ထားရင်းက သူ့ကို ရန်တွေ့ဖို့ အော်ဟစ်ဆဲရေးဖို့ ပြင်ဆင်နေသည့် နှုတ်ခမ်းသားနုနုထွေးထွေးကလေးကို သူ ရင်ခုန်အသည်းယားစွာ အနမ်းနွေးနွေးကြီး ပေးအပ်လိုက်တော့သည်။

ကဲ ... ငါ့ကို အာခံချင်ဦး။

မင်း ငါ့ကို ရန်တွေ့ပြီးဆဲဦး။

"ချစ်တယ်ကွာ အချစ်ရယ် ... ချစ်မိန်းမရယ်"

"အား ... သေချင်းဆိုးကြီး"

"မဆဲနဲ့ကွာ"

"ဆဲတယ် ... ဆဲတယ် သေချင်းဆိုးကြီး ခွေးသားကြီး၊ ခွေးသူခိုးကြီး"





"ချစ်မိန်းမ ... မင်း မဆဲနဲ့ကွ"

"အား"

"အဟင့် ... ဟင့် ... ဟင့်"

အာခံလွန်းသည့် သူမလေးခမျာ သူ့ရဲ့အနမ်းကြမ်းကြမ်းတွေအောက်မှာ မျက်ရည်တွေနှင့် အရှုံးပေးလိုက်ရလေပြီ။

သူ့ရင်ထဲက ချစ်ခြင်းတွေကလည်း အကြွင်းအကျန်မရှိ ချစ်ဇနီးလေးအပေါ် ညှို့အားကောင်းစွာ လှူးလွန့်ပျော်ဝင်ဆစ်မူးသွားခဲ့ရပြီဖြစ်သည်။

ပြီးတော့ အသည်းနှင့်အောင် ချစ်ခဲ့ရသည့် သူမပါးပြင်နုနုအိအိကလေးကို သူ ဘယ်ပြန်ညာပြန် ခပ်ကြမ်းကြမ်းကြီးအနမ်းမိုးတွေရွာချရင်း ရင်ခုန်ကြည်မွေ့စွာ မျက်နှာချင်းပူးယှက်ပြီး ရှက်ပြုံးကြီးပြုံးလိုက်မိသည်။

"အဟွန်း ... ဘယ့်နှယ်လဲ အာခံဦးမလား"

"အဟင်း ... ဟင့် ... ဟင့်"

သူ့ကို ဘာစကားမှပြန်မပြောနိုင်တော့ဘဲ သူ့ရင်ခွင်ကြီးထဲမှာ ခေါင်းကလေးငုံ့ပြီး တဟင့်ဟင့် ငိုရှိုက်နေသည့် ချစ်ဇနီးလေးကိုကြည့်ရင်း ဘယ်လိုအသည်းယားသွားမှန်းမသိ ဖြစ်သွားကာ သူမကိုယ်လုံးလေးကို ခပ်တင်းတင်းကြီးဆွဲဖက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင့် ... ဟင့် ... မုန်းတယ် ... မုန်းတယ်"

"အင်း ... အဲဒီလို နောက်တစ်ခါ ကိုယ့်ကို အာခံဦး[...] စားရင်တော့ ကိုကိုက ဆုံးမပေးမှာပဲ၊ ဟော့ ... [...] ဆုံးမတဲ့နည်းဟန်လေးကို ချစ်လေး သိတယ်နော် ဟုတ်[...]

စကားလေးက ...

သူ့ကို ဘာစကားမှမပြောတော့ဘဲ နှုတ်ခမ်း[...] လေးတွေကို ခပ်တင်းတင်းလေး ဖိကိုက်ကာ ကျိတ်ငိုရှိုက်[...] သည်။

သူမလေးတစ်ယောက် သူ့ရဲ့အချစ်ကြမ်းကြမ်း[...] ရဲ့ ခံစားမှုတွေကို ကြောက်လန့်ရင်ခုန်သွားခဲ့ရပြီဖြစ်သည်။

အင်း ... ဟွန့် ... ဒီလိုလေးလိမ္မာမှပေါ့။

စိတ်ထဲက ပြောလိုက်ပေမယ့် တကယ်တမ်း [...] ဒီစကားကြီးကို ချစ်ဇနီးလေးအရှေ့မှာ ဖွင့်မပြောရက်ချေ။

အခုထိ သူ့မျက်နှာကြီးကို လုံးဝမော့မကြည့်[...] ဘဲ တအိအိကျိတ်ငိုကြွေးနေသည့် ချစ်ဇနီးလေးကိုကြည့်ပြီး [...] ရင်ခုန်အသည်းယားစွာ သူမလေးကို သိမ်းဖက်နမ်းရှိုက်ရင်း[...] ခပ်တိုးတိုးအသံကြီးဖြင့် ချော့မော့နှစ်သိမ့်လိုက်ပါသည်။

"ချစ်မိန်းမကလည်းကွာ တိတ် ... တိတ် ... ချစ်[...] အပြစ်လား ရှက်စရာလား၊ ရှက်လို့ငိုတာလား ကဲပြော[...]





သူက သူမလေး စိတ်မဆိုးဆိုးအောင် မျက်နှာအစ်[...]ကလေးကို လက်ဖဝါးနှစ်ဖက်နဲ့ ပင့်မော့ပြီး မျက်စချီ စ,လိုက်[...]တော့ သူမလေးက ဆတ်ဆတ်ခါ နာသွားပုံဖြင့် မျက်နှာလေးကို [...]ခနဲ လွှဲပစ်လိုက်လေသည်။

ဒါကို သူက ပိုပြီးအသည်းယားသွားကာ သူမကိုယ်[...]လေးကို ခပ်တင်းတင်းဆွဲဖက်လိုက်ပြန်တော့သည်။

"အဟင့် ... ဟင့် ... အသေသတ်လိုက်တော့ သေချင်တယ်၊ သေချင်တယ် အန်တီကြီးရေ"

"ဟာ ... ဘာ ... ဘာပြောတယ်"

"တိတ်ပါကွာ၊ ကိုကို ကုမ္ပဏီသွားရဦးမယ်၊ မင်းကိုလည်း မဖက်တော့ဘူး၊ နမ်းလည်း မနမ်းတော့ဘူး၊ ရင်ထဲကပဲ ချစ်တော့မယ်သိလား၊ ချစ်လေး အိမ်မှာပဲ နေရမယ်နော်၊ ကိုကိုမရှိတဲ့အချိန်မှာ အပြင်လုံးဝမထွက်ရဘူး သိလား၊ ကဲ ... ကိုကို Goပြီကွာ၊ ချစ်အနမ်းလေး တစ်ချက်လောက်"

ပြောပြောဆိုဆို ...

လှစ်ခနဲ သူ အခန်းထဲမှ ချာခနဲ လှည့်ထွက်လာခဲ့[...]သည်။

အင်း ... ကြာကြာနေရင် ...

သူ့နှလုံးသားတွေ ပြုတ်ထွက်သွားမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံကြမ်းကြမ်းတွေက သူ့ရင်ဘတ်အုံတစ်ခု လုံး မောက်ကြွ မောက်ကြွဖြစ်လာသည်အထိ ဗရမ်းဗတာ ခုန်မြည် နေခဲ့တာ။

အင်း ... တစ်သက်လုံး ပြုစုမျိုးထောင်ပြီး အနိုင် တကြည့်ကြည့်ချစ်ခဲ့ရသည့် ကောင်မလေးကို အခုမှပဲ အပိုင်ချုပ် ခွင့်ရခဲ့တာကြီးကို သူ ကျေနပ်ပြုံးပျော်သွားခဲ့ရသည်။

သူမလေး ဘာပြောပြော ဘာလုပ်လုပ် သူ့ ခေါင်းငုံ့သည်းခံမှာပဲ။

❤ ✣ ❤





၇

ရင်ထဲက ...

အမုန်းတွေက အခဲမကျေစွာဖြင့် သူငယ်ချင်းမဆီ သို့ ဦးတည်သွားခဲ့ရပြီဖြစ်သည်။

ဟိုလူကြီး ကုမ္ပဏီထွက်သွားပြီး သိပ်မကြာခင်မှာပဲ သူမ မာလာမဆီ ဖုန်းဆက်ဆဲပစ်လိုက်တော့သည်။

"ဟဲ့ ... မာလာမ ... အစုတ်အပြတ်မ ... နင်ဟာ သစ္စာ မရှိတဲ့သူငယ်ချင်းပဲ၊ နင့်ကို ငါ ယုံကြည်အားကိုးပြီးလာ ခဲ့တာ မှာသွားပြီ၊ ဘာလဲ နင်က ငါ့အတွက် အလုပ်ရှာပေး ရမှာ ဝန်တာကြီးပြီး ငါ မနေချင်တဲ့လူလက်ထဲ ပြန်ပြီး ထည့်ပေးလိုက်တာပေါ့ ဟုတ်လား၊ နင့်ရဲ့အကျင့်ယုတ် အကျင့်ပုပ်ကို စောစောသိရတာပေါ့"

ပြောရင်းနှင့် သူမ မျက်ရည်တွေစီးကျလာခဲ့သည်။

ဒီလူကြီးနဲ့သာ အတူတူနေရရင် သူမ သေသွားတာ မှ ပျော်စရာကောင်းဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူမဘာဝလေးက သူ့လက်ခုပ်ထဲကရေ ဖြစ်သွားရလေပြီ။

ဟွန့် ...

အခုထိ သူမ နှုတ်ခမ်းသားလေးတွေ နာနေခဲ့တာမို့ နှုတ်ခမ်းသားတွေကို ဖိမကိုက်နိုင်တော့ဘဲ ခပ်တင်းတင်းလေး စေ့ကြိတ်ထားရသည်။

"လင်း ... နင် ငါ့ကို စွပ်စွဲရက်တယ်ဟာ၊ နင် ငါ့ကို အထင်မှားနေတာ၊ ငါ ဖြစ်စေချင်တာက နင်နဲ့ဦးတည်သာ ကလည်း တခြားသူမဟုတ်ဘူး၊ နဂိုကတည်းက တစ်အိမ်တည်းအတူနေပြီး ဦးတည်သာ နင့်ကို ငုံထားမတတ် ချစ်ခဲ့တာလည်း ငါတို့အသိ"

"တော်စမ်းပါ နားခါးလိုက်တာ ... ဖွီ"

"လင်း ... နင် ကလေးမဆန်စမ်းနဲ့"

"သေနာမ ငါ့ကို ဆရာမလုပ်နဲ့၊ နင်နဲ့ငါက အခုကစပြီး သေခန်းပြတ်ပဲမှတ်၊ ဘာသူငယ်ချင်းမှမဟုတ်ဘူး"

"ခွပ်"

စတာလေး ရင်ထဲက ဒေါသတွေက ဘယ်လိုမှ အငြိမ်းမပြေနိုင်ဘဲ ဖုန်းကလေးကိုပိတ်ပြီး စားပွဲပေါ် ခွပ်ခနဲ ပိတ်ချလိုက်သည်။





အဲဒီနောက် စတာလေး ဘာကိုမှ စဉ်းစားမနေတော့ဘဲ အခန်းထဲကနေ လှစ်ခနဲ လှမ်းထွက်လာခဲ့သည်။

နှမ်းလျှလျှ မျက်နှာလေးပေါ်မှာ ဆံပင်ကလေးတွေကို ကမိုကရို ပျံ့ဝဲနေတာလေးကိုလည်း ဂရုမစိုက်တော့ဘဲ အောက်ဆီသို့ အပြေးဆင်းလာခဲ့မိတော့သည်။

စိတ်ထွက်ပေါက်အဖြစ် သူမ ရောက်ရာပေါက်ရာ ထွက်မည်။

"ဟိုး ... ဟိုး ... ဆရာ ... ဆရာကတော် ဘယ်သွားမလို့လဲခင်ဗျ"

"ဟင်"

ကြားလိုက်ရတဲ့ စကားကြီးက နားထဲမှာ ဆောင့်တန်းကြီးရိုက်ခတ်သွားသလို ...

ကျွတ် ... သေချင်းဆိုးလေး လူကိုများ ဘယ်လိုကြီးခေါ်လိုက်တာပါလိမ့်။

"ဘာဟဲ့"

သူမက မျက်လုံးစိမ်းတွေနှင့် ဒရိုင်ဘာကောင်လေးကို စိုက်ကြည့်လိုက်တော့ ကောင်လေးက အယောင်ယောင်အမှားမှားဖြစ်သွားကာ ...

"အာ ... ဟို ... ဘော့စ် ... ဘော့စ်က သူ့ဇနီး အပြင်ထွက်ရင် ကျွန်တော့်ကို ကားနဲ့လိုက်မောင်းပို့ပေးပါလို့ ပြောထားလို့ပါ ဆရာကတော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖွီ ... နားကလောလိုက်တာ၊ နင့်အပေါက်ကြီးပိတ်ထား ငါ့ကို နောက်နောင် ဆရာကတော်လို့ ဘယ်တော့မှ မသုံးနဲ့၊ ငါ လုံးဝမကြိုက်ဘူး၊ ဒီမှာ နင်တို့ဘော့စ်ကို နင်တို့ အထင်ကြီး လေးစားခဲ့ပေမယ့် ငါ လုံးဝ ဂရုမစိုက်ဘူး ဟေ့"

"ဟာ"

တကယ့်ကြိုဟ်ပဲ ...။

ပြဿနာတော့ဆိုက်ပြီ။

"အေး ... ငါ့ကိုလည်း သူ့စကားအတိုင်း အနောက်ကနေ တကောက်ကောက်လိုက်စောင့်ရှောက်ဖို့တော့ မပြင်နဲ့နော် အဟင်း ဟင်း ... ငါ့အကြောင်း ကောင်းကောင်းသိသွား စေရမယ်"

လင်းခန့်တစ်ယောက် ...

ဘော့စ်ဇနီးရဲ့ အာပေါင်အာရင်းကြီးကို ဖိန့်ဖိန့်တုန် ကြောက်လန့်သွားရကာ ကြက်သီးတွေတောင်ထသွားရသည်။

အမယ်လေး ကြောက်စရာကောင်းလိုက်တာ။

ဒီလိုမိန်းမစားမျိုးလေးကို ဘော့စ် ယူထားတာ ငါးပါးတင်မက ဆယ်ပါးပါ မှောက်ရချေပြီ။

သေချင်ပါတယ်။

ဒီသူဌေးမလေးကို သူ ဘယ်လိုစောင့်ရှောက်ရပါ့။





လင်းခန့် ဘာမှမပြောတော့ဘဲ မျက်လုံးပြူးကြီးနှင့် ငေးကြည့်နေစဉ်မှာပဲ သူဌေးမလေးက ဆောင့်ကြီးအောင့်ကြီးဖြင့် ဆါတီကိုရှေ့မှာရပ်ထားသည့် SURF ကားကြီးပေါ်တက်ထိုင်ပြီး တံခါးကို ခြထိပ်ဆီသို့ တစ်ရှိန်ထိုးမောင်းထွက်သွားပါတော့သည်။

"အား ... ဒုက္ခပဲ၊ သေချင်ပါတယ် ဘော့စ်ရယ်"

သူ စိတ်ပျက်ညစ်ညူးစွာ ညည်းတွားလိုက်တဲ့အချိန် မှာပဲ ခြံဝမှာ ခြံစောင့်ဦးလေးကြီး သူ့လိုပြဿနာဆိုက်ပြန်ပြီ။

"ဦးလေး ... ကျွန်မ အကြောင်းသိတယ်နော်၊ အခု ခြံ တံခါးဖွင့်ပေးမလား ဖွင့်မပေးဘူးလား၊ ကျွန်မ စကားကို နားမထောင်ရင် ကျွန်မက အခုချက်ချင်း အလုပ်ထုတ်ပစ် မှာ"

"အား ... မလုပ်လိုက်ပါနဲ့ တူမကြီးရယ်၊ ဦးလေး အနူး အညွတ်တောင်းပန်ပါတယ်၊ တူ ... တူမကြီး အမျိုးသားက ဦးလေးကို ခြံတံခါးဖွင့်မပေးဖို့ပြောထားလို့ပါကွယ်၊ တောင်း ပန်ပါတယ်"

ခြံစောင့်ဦးလေးကြီးက ခယယ တောင်းပန်ခဲ့ပေမယ့် သူဌေးမလေးက ခေါင်းမာစွာဖြင့် ခြံတံခါးဖွင့်မပေးရကောင်းလားဆိုပြီး ခြံသံပန်းတံခါးကြီးကို ဝုန်းခနဲ ကားနဲ့ဝင်တိုက်ပစ်လိုက် သဖြင့် သူ့မျက်လုံးတွေ ကျွတ်ထွက်မတတ် ပြူးကျယ်သွားရကာ ဘော့စ်ဇနီးကို အတော်ကြီးလန့်ဖျပ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမိန်းမစားလေးကို သူ့မှာ လခကောင်းကောင်းပေး ပြီး အနောက်ကနေ သူမလေးမသိအောင် လိုက်စောင့်ရှောက်တဲ့ တာဝန်ယူထားမိတာ သူ အမှားကြီးမှားသွားခဲ့လေပြီ။

ဘော့စ်ကတော့ သူ့မိန်းမရဲ့ဒဏ်ကို ဘယ်လောက် အထိခံရမည်မသိ။

သူကတော့ ဒီလောက်စိတ်ဓာတ်ကြမ်းတမ်းတဲ့မိန်းမ ကို အတော်ကြီးကို လန့်ပါသည်။

အား ...

သူ့မှာ ကြောက်အားလန့်အားဖြင့် အခုမှပဲ ဘော့စ် ဆီကို ဖုန်းဆက်ဖို့ သတိရလိုက်သည်။

ဖုန်းလိုင်းက တန်းဝင်သွားတာမို့ ...

"ဘော့စ် ... ဘော့စ် လုပ်ပါဦး၊ ဒီမှာ ဘော့စ်မိန်းမ ပွဲကြမ်းနေပြီ၊ ခြံစောင့်ဦးလေးကြီးက ဘော့စ်မှာထားတဲ့ အတိုင်း တံခါးဖွင့်မပေးလို့ဆိုပြီး ခြံတံခါးကို သူ့ကားကြီးနဲ့ အတင်းဝင်တိုက်နေတယ်၊ ဘော့စ် အခုချက်ချင်း ပြန်လာခဲ့ပါ ဗျာ၊ ပြဿနာကတက်မှာ၊ ကျွန်တော် ကြောက်တယ်"

"ဟာ ... ကွာ ... ကျွတ် ... ငါက ဒီမှာ အစည်းအဝေးတက် နေတာ၊ ဘယ်လိုမှထွက်လို့မရဘူး၊ ငါကွာ တကယ့်ညစ် တယ်၊ ဒီမိန်းကလေးကွာ ကောင်းပြီ မင်း သူ့ကို သွားပြီး ဖုန်းပေးလိုက်၊ ငါ သူနဲ့ စကားပြောကြည့်လိုက်ဦးမယ်"





"ဟာ ... မပေးရဲပါဘူး ဘော့စ်ရယ်၊ ကြောက်တယ်ဗျာ"

"သွားပေးလိုက်ဆိုရင်ကွာ"

လင်းခန့် ဘော့စ်ကို အာမခံရဲတော့ဘဲ အပြေးအလွှား ဘော့စ်ဇနီးဆီ ပြေးသွားလိုက်ရသည်။

"ဟဲ့ ... ကားရှေ့မှာ ဘာလာလုပ်တာလဲ၊ ကားအတိုက်ခံ ချင်ပြီနဲ့တူတယ်"

"ဟား ... မလုပ် ... မလုပ်လိုက်ပါနဲ့၊ သူဌေးမလေးရယ်၊ ကြောက်ကြောက်ပါတယ်၊ ဒီမှာ ... ဒီမှာခင်ဗျ၊ ဘော့စ် က သူဌေးမလေးနဲ့ စကားပြောမလို့တဲ့"

"ဘာတဲ့ ... ရာရာစစ အဖက်လုပ်ပြီး ငါ ဒီလူ့ကို မပြော ဘူး၊ အရှက်မရှိ ငါ့ကိုများ ဖုန်းဆက်ချင်သေး ... ထွီ"

"ဟာ"

လင်းခန့် ယောင်ယမ်းပြီး သူမတံတွေးတွေ ပါးပြင် ကို တက်စဉ်သွားသလားထင်ပြီး စမ်းသပ်မိကာ ကားကြီးအနောက် သို့ လှစ်ခနဲပြေးသွားလိုက်ရင်း ဘော့စ်ကို အကြောင်းပြန်လိုက် သည်။

"ဘော့စ် မရဘူးဗျ၊ ဘော့စ်ကို အရှက်မရှိ ငါ့ကိုများ ဖုန်း ဆက်ချင်သေး ... ထွီဆိုပြီး တံတွေးကြီးနဲ့ ပက်ခနဲတောင် ထွေးပြလိုက်သေးတယ်"

"ဗိုး ... စိတ်ပိန်လိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်းပဲ"

"ထားစမ်း မင်း အခုလောလောဆယ် တက္ကစီနဲ့ သူ့အနော

ကနေ နောက်ယောင်ခံပြီးလိုက်ပေတော့၊ အိမ်ကကားနဲ့

သူ သိချင်သိနေဦးမှာ၊ ဟင်း ... ငါ့ဒုက္ခကလည်း မသေး

ဘူးကွာ၊ အဆစ် မင်းပါဒုက္ခခံနေရပြီ၊ ကဲ ... ကဲ ... သူ့

ခြံတံခါးသာ ဖွင့်ပေးလိုက်ပါတော့ကွာ"

"ဟုတ်ကဲ့ ဘော့စ်"

လင်းခန့် ...

ဖုန်းကလေးပိတ်ပြီး ခြံစောင့်ကြီးကို ခြံတံခါး ပေးဖို့ပြောပြီးသည်နှင့် ခြံစောင့်ကြီးက ခြံတံခါးဖွင့်ပေးအပြီး သူဌေးမလေး ဘော့စ်ဇနီးက ကားကို တရကြမ်း မောင်းထွက်သွား တော့သည်။

အင်း ... ငါ သူဌေးဆိုပြီး ဘယ်သူ့ကိုမှ ဂရုမစိုက် သည့် စတိုင်ဖြင့် ဆက်ဆံသွားတဲ့ သူဌေးမလေးရဲ့ အမူအရာ ကို သူ နှာသာခံခက်ကြီးဖြစ်သွားခဲ့ရပေမယ့် တွေ့ရာတက္ကစီ တားပြီး သူဌေးအမိန့်အတိုင်း သူဌေးမလေးကားအနောက် မျက်ခြည်မပြတ်လိုက်ခဲ့ရပါတော့သည်။

ဗိုး ... စိတ်ပိန်ရမှာက ကျွန်တော်ပါ သူဌေးရယ်။

❤ ✣ ❤





၁၉

ကုမ္ပဏီအစည်းအဝေး ပြီးတာနှင့် သူ့တာပည့်ဖြစ်သူ ဆီ ဖုန်းဆက်လိုက်ပါသည်။

ဖုန်းသာဆက်လိုက်ရပေမယ့် ရင်ကတော့ အထိတ် သား။

"လင်းခန့် ... မင်း အခု ဘယ်မှာလဲ၊ ဟိုကောင်မလေး ရော မင်းအနားမှာရှိရဲ့လား"

တကယ်ရှက်ပါတယ်။

သူလို ကုမ္ပဏီပိုင်ရှင်သူဌေးကြီးက မိန်းမငယ်ငယ် လေးယူပြီး ကိုယ့်ဂုဏ်သိက္ခာနဲ့ကိုယ် အရှိန်အဝါကြီးကြီး မချုပ် ကိုင်ရဘဲ အနောက်ကနေ မိန်းမ မသိအောင် ပုန်းလျှိုးကွယ်လျှိုး ချုပ်ကိုင်နေရတဲ့ အဖြစ်ကြီးကို တကယ်ရှက်မိပါရဲ့။

အင်း ... ဒါလေးကို ဘယ်လိုချုပ်ကိုင်ရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘော့စ် ကျွန်တော် ဘော့စ်မိန်းမနဲ့ မလှမ်းမကမ်းမှာ ရှိနေတယ်၊ သူ နေ့လယ်စာကို မနေဖြူဒေါ်စောရီမှာစားနေတာ၊ မနက်က သူ ကားနဲ့ တစ်မြို့လုံးလိုလို လျှောက်မောင်းနေတာ၊ အဲ ... ဒါပေမဲ့ သူ ဆေးခန်းတစ်ခုကိုဝင်လိုက်သေးတယ် ဘော့စ်ရဲ့"

"ဆေးခန်း ... သူက ဆေးခန်း ဘာဝင်လုပ်တာလဲ၊ နေမကောင်းလို့လား၊ မင်းအနောက်ကနေလိုက်မသွားဘူးလား"

"လိုက်သွားတာပေါ့ ဘော့စ်ရယ် ... ဟဲ ဟဲ"

"ဟာ ... မင်းဘာဖြစ်နေတာလဲကွ"

"ကျွန်တော်က လူပျိုဗျ ရှက်တယ်"

"ဟင်"

တပည့်ဖြစ်သူ စကားကြီးက သူ့မျက်နှာကြီးကို ဖျန်းခနဲ နီမြန်းသွားသည့်အထိ ရှက်စွဲ့ထူထုံသွားရသည်။

တပည့်က လူပျိုဆိုတော့ ...

သူကတော့ ...

ဟား ... ဘာစကားကြီးပါလိမ့်။

"ဘော့စ် သိပြီလား ..."

အင်း ... ဒီကောင်မလေး မဟုတ်တရုတ်ဆေးတွေ သုံးပြီပေါ့။ သူ့သဘောနဲ့သူ ဒီလိုလုပ်တာကြီးကိုတော့ သူ လုံးဝ သည်းမခံနိုင်။





"ဘော့စ် သိပြီလား"

"အေး သိပြီကွ၊ သိပြီကွာ၊ အခု ငါ သူ့ဆီလာနေပြီ၊ မင်းတို့ရောက်နေတဲ့ နေရာကို ပြောဦးလေကွာ၊ ငါ အခု ချက်ချင်း လာခဲ့လိုက်မယ်"

"လာခဲ့ပါ ဘော့စ်ရယ်၊ ကျွန်တော်လည်း သူ့ကို မျက်ခြည်ပြတ်မှာစိုးလို့ စောင့်ကြည့်နေရတာ၊ ဘာမှမစားရသေးဘူး၊ ဗိုက်ဆာလိုက်တာ ဘော့စ်ရယ်၊ အခု သူရောက်နေတာက မြေနီကုန်း မဟာဗောဓိလမ်းက မနေဖြူဒေါ်စောရီဆိုင်မှာ"

"အေး ... အေး ... ငါ အခုပဲလာခဲ့မယ်"

တကယ်ပါပဲကွာ။

မင်း ဘာဖြစ်လို့ ငါ့အပေါ် ဒီလောက်အထိ ဆိုးချင်ရတာလဲကွာ။ မင်း ဒီပုံစံမျိုးတော့ မချိုးနဲ့၊ ငါ လုံးဝ လက်မခံနိုင်ဘူး။

မင်းကို ဒီကိစ္စနဲ့ပတ်သက်ပြီး အပြတ်ပြောရမှာပဲ။

အင်း ... စိတ်ထဲမှာ သူမလေး ဒီဆေးကို သုံးစွဲလိုက်တာကြီးကို တအုံနွေးနွေး အခံရခက်ကာ သူမလေးနှင့် အခုပဲ ပြဿနာဖြစ်ပစ်လိုက်ချင်သည်။

အိမ်ကျမှ တွေ့ကြသေးတာပေါ့ကွာ။

အခုလောလောဆယ်တော့ သူ့ရင်ထဲက ဒေါသတွေကို အလိမ္မာသတ်ပြီး သူမလေးရှိတဲ့ မနေဖြူဒေါ်စောရီဆိုင်ကို ကားမောင်းချလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



*သူ့ကားကြီး ဆိုင်ရှေ့မှာထိုးရပ်လိုက်တာနဲ့ တစ်ပြိုင်*
နက် သူ့အလာကို လည်ပင်းတရှည်ရှည်နှင့် ထွက်မျှော်နေသည့်
လင်းခန့်က သူ့ကားအရှေ့သို့ ဦးရားဖားရား ရောက်လာတော့သည်။

ပြီးတော့ ထမင်းဆာနေတာကို ဖွင့်မပြောရဲ
ဗိုက်ကို လက်နှင့်ပွတ်ကာ ညည်းညူသလိုကလေးလုပ်နေတာ
သူ လင်းခန့်ကို အားနာသွားရကာ သူ့ကားနဲ့ အိမ်ကိုပြန်ဖို့ပြော
လိုက်ရတော့သည်။

"ကဲ ... လင်းခန့် မင်းလည်း ထမင်းဆာနေပြီ၊ အိမ်က
ထမင်းစားတော့၊ ငါ့ကားကို မင်းမောင်းသွားတော့၊ ငါ
တော့ သူ့ကားနဲ့ပဲ ပြန်လာတော့မယ်၊ ဒါနဲ့ ဟိုကောင်မလေး
ဘယ်မှာထိုင်နေသလဲ၊ ငါ့ကို ပြခဲ့ပါဦးကွာ"

"ဟော ... ဟိုဘက် ထောင့်ကျကျစားပွဲလေးမှာ လမ်းဘက်
ကို ကျောခိုင်းထားတာတွေ့လား ... တွေ့လား ဆော

အင်း ...

တပည့်ဖြစ်သူ လက်ညှိုးညွှန်ပြတဲ့နေရာလေး
ကြည့်လိုက်တော့ ဂျင်းဘောင်းဘီအဖြူကလေးနှင့် စတက်ကော
လေးကို ဖားလျားချလျက် ထမင်းတွေကို မစားချင်စားချင်
နေတဲ့ ချစ်ဇနီးလေးကို တွေ့လိုက်ရသဖြင့် သူ့ရင်ထဲ လှပ်
လှုပ်ရှားသွားခဲ့လေသည်။

"အိုခေ ... ရပြီ ... ရပြီ၊ မင်း သွားတော့"





သူက တပည့်ဖြစ်သူကို လက်ကာပြီး Go တော့
လုပ်လိုက်တော့ တပည့်ဖြစ်သူက အနုမှ လွတ်ပြီကျွတ်ပြီဖြစ်သွား
ကာ မျက်နှာလေး ပြုံးပျော်ကျေနပ်သွားတာလေးကို ကြည့်ရင်း
သူ သက်ပြင်းမောကြီး ချလိုက်မိပြန်သည်။

ဒီကောင်လည်း တပည့်ပီသစွာဖြင့် တာဝန်ကြီးကို
မယူမဖြစ် ယူခဲ့ရဘာ စိတ်ထဲမှာ လွတ်လပ်မှာမဟုတ်။

အင်း ... ကိုယ်ချင်းစာပါတယ်ကွာ။

တပည့်ဖြစ်သူ သူ့ကားကြီးကို မောင်းထွက်သွားပြီးမှ
သူက ချစ်ဇနီးလေး စားပွဲဆီသို့ ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်
သွားလိုက်သည်။

သူမလေးက သူဝင်လာတာကို မမြင်ဘဲ ထမင်းစား
တာကို လက်စသတ်လိုက်သည်။

ကြည့်စမ်းပါဦး။

အိပ်ရေးပျက်တဲ့ ညပေါင်းများစွာဖြင့် စိတ်ဆင်းရဲ
သောကတွေကို အပြင်းထန်ဆုံး ခံစားနေရတော့ မျက်နှာချောချော
လေး ချောင်အုတ်ဖြစ်သွားသည့် ချစ်ဇနီးလေးရဲ့ မျက်နှာလေးကို
ကြင်နာမြတ်နိုးစွာ ငေးခနဲစိုက်ကြည့်ရင်း သူ စိတ်မကောင်း ဖြစ်
သွားရသည်။

အင်း ... ဇနီးလေးကတော့ သူ ဒီလိုလိုက်လာတာကို
ဒေါဖောင်းမှာပဲ။

မတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



အခုထိ သူ့ကို မမြင်သေးသည့် ဇနီးလေးရှေ့မှာ သူ မတ်တတ်ကြီး ရပ်လိုက်တော့မှ သူမလေးက သူ့ကိုတွေ့မြင်သွားပြီး မျက်လုံးအကြည့်တွေ စိမ်းတောက်သွားတာလေးကို သူ ရင်မချိစွာ စိုက်ကြည့်လိုက်မိသည်။

အင်း ... မင်း မကျေနပ်လို့ ရန်တွေ့မယ် ဆိုရင်လည်း တွေ့တော့ကွာ။

ငါက မင်းယောကျ်ား ဖြစ်နေတော့လည်း ငါ့မှာ မင်းအတွက် အမြဲစိတ်ပူသောကရောက်နေရတာပေါ့ကွာ။

"အဟွန်း"

ဘာကြောင့်မှန်းမသိ ကိုယ့်မိန်းမနဲ့ စကားပြောရမှာ ရင်အခုန်ကြီးခုန်ကာ ထိတ်လန့်နေခဲ့တာမို့ သူက စတာလေး မျက်လုံးလေးကို နွေးနွေးလေး စိုက်ကြည့်ပြီး ပြုံးပြလိုက်မိသည်။

အင် ...

ကြည့်စမ်းပါဦး။

နွေးထွေးသည့် သူ့အပြုံးတွေကို စတာလေးက လုံးဝ ဂရုမစိုက်ဘဲ မျက်နှာလေး ခပ်လွှဲလွှဲ မော့တင်းသွားခဲ့တာကြီးကို သူ ရင်ခုန်အသည်းယားသွားသလို ရှက်လည်း ရှက်သွားရသည်။

"မိန်းမ"

"... ... ..."





သူ့ကို လုံးဝအရေးလုပ်ပြီး မော့ကြည့်မလာတဲ့ စတာလေးကိုကြည့်ပြီး အသည်းယားသွားသလို ရှက်လည်း ရှက်သွားရကာ ဘေးဘီဝဲယာကို မျက်လုံးဝေ့ကြည့်ရင်း ဝိတ်တာလေးကို လက်ခုပ်တီးပြီး လှမ်းခေါ်လိုက်သည်။

ဝိတ်တာလေး ရောက်လာတော့ သူမ စားခဲ့တဲ့ ထမင်းဖိုးကို သူ ငွေပေးချေလိုက်ပြီး ဒေါသသွေးတွေ ဆူဝေနေသည့် သူမလေးမျက်နှာကို စိုက်ကြည့်ကာ သူမ လက်တစ်ဖက်ကို ဆွဲကိုင်ရင်း ထရပ်ပစ်လိုက်သည်။

"ထ ... အိမ်ပြန်ကြစို့"

သူ့အသံကြီးက တင်းမာသွားခဲ့သလို မျက်နှာကြီးပါ တင်းခနဲ ဖြစ်သွားပြီး သူမ မျက်နှာလေးကို လုံးဝမကြည့်တော့ဘဲ သူမ လက်ကလေးကို ဆွဲကိုင်ရင်း စားသောက်ခန်းထဲမှ ခြေလှမ်းကျဲတွေနှင့် လှမ်းထွက်လာခဲ့သည်။

အင်း ... သူ အခုလို ဇွတ်ကြီး သူမလက်ကလေးကိုဆွဲပြီး ထွက်လာခဲ့တာကို ဘာမှ တွန်းလှန်ရုန်းကန်ခြင်းမရှိဘဲ အေးအေးသက်သာကလေး လိုက်လာခဲ့တာ အံ့သြပါရဲ့။

လူတွေရှေ့မှာမို့ ရန်ဖြစ်ရမှာရှက်လို့ ထင်ပါတယ်။

ဒီလောက် စွာတေးလန်နေတဲ့ ဟာမလေးက ရောင့်တက်ပိတ် ဖြစ်နေတာ ရှက်လို့ထင်ပါရဲ့။

ထင်သည့်အတိုင်းပင် ...



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှေ့မှာ ရပ်ထားသည့် သူမကားကြီးပေါ် ရောက်သွားတော့မှ မျက်လုံးစိမ်းနဲ့ မိန်းကလေးက သူ့ကို အပြတ်ချဲ့ပါတော့သည်။

"ရှင် နည်းနည်းမှ အရှက်မရှိတဲ့လူပဲ"

ကားမောင်းတော့မဲ့ဆဲဆဲ သူ့လက်မောင်းကြီးကို တဘုန်းဘုန်း ထုရိုက်လာသည့် သူမလေး လက်ကလေးတွေကို ဖမ်းဆွဲထားလိုက်ပြီး ရင်ခွင်ထဲ ထွေးအပ်ကာ ...

"မိန်းမ ... မင်း စကားပြောတာ မမိုက်ရိုင်းနဲ့နော်၊ ငါက ဘာကိစ္စ ရှက်ရမှာလဲ"

"ဩော် ... ဟုတ်တာပေါ့၊ ရှင့်မှာ ဘယ်ရှက်မလဲ၊ မျက်နှာက ဆီဆွတ်ထားတာထက်ကို ပြောင်လွန်းနေတာကိုး၊ မိန်းမ တစ်ယောက်ကို အလိုမတူဘဲ သိမ်းပိုက်ထားတာ၊ ဒီလောက် ကတော့ မျက်နှာကြော ပြောင်တာပေါ့"

"ဟာကွာ ... ကျုတ်၊ မင်း ... မင်း ... ဒါ အိမ်မဟုတ်ဘူးနော်၊ အရှက်မရှိ ရန်ဖြစ်ဖို့ မကြိုးစားနဲ့၊ အေးအေးဆေးဆေး လိုက်ခဲ့"

"မလိုက်ဘူး၊ မလိုက်ဘူး၊ ရှင် ဆင်း၊ အခု ကျွန်မကားပေါ်ကဆင်း"

"ဟာကွာ ... သေချင်ပြီထင်တယ်"

"အား"





သူက မညှာမတာ သူမလက်ကလေးကို တအားဆွဲချစ်လိုက်တော့မှ သူမလေး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျတာ တရှုံ့ရှုံ့ငိုကြွေးပါတော့သည်။

ခက်ပြီ။ ဒါလေးကို ချော့နေရင်လည်း ပိုပြီးရောင့်တက်ဦးမည်။

မချော့တာပဲ ကောင်းတယ်။

ငိုစမ်း၊ ကြိုက်သလောက် ငိုစမ်း၊ ကိုယ်ကတော့ မချော့။

"အဟင့် ... ဟင့် ... လူယုတ်မာ၊ လူယုတ်မာ၊ လူကို အပိုင်သိမ်းတာ ... အဟင့် ... ဟင့်"

ကားမောင်းလာတဲ့သူ့ကို တစ်လမ်းလုံး ထုရိုက်နှိပ်စက်နေတာကို သူ ဒီအတိုင်းပဲ သည်းခံထားလိုက်သည်။

သူမလေး ဘယ်လောက်အထိ ဆိုးသလဲဆိုရင် သူ့ဆံပင်တွေကိုပါဆွဲပြီး ပခုံးသားတွေ အရမ်းနာကျင်လောက်အောင်ကို တအား အားနဲ့ထုနေခဲ့တာကို သူ ကြိတ်မှိတ်သည်းခံရင်းကားကို အိမ်ရောက်အောင် မောင်းလာခဲ့သည်။

အင်း ... အိမ်ကို ရောက်ပြီဆိုတော့ ပြဿနာကတော့ မိုးအထိ မြင့်ပြီပဲ။

ဘာပဲဖြစ်ဖြစ် သည်းခံမှ၊ သည်းခံမှ။

ကိုယ်က အမှားဆုံးအပြစ်ကို ကျူးလွန်ထားခဲ့ပြီးပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပင် အိမ်ထဲကို လှမ်းငင်လိုက်တာနှင့် တစ်ပြိုင်နက် သူမလေးက သူ့အရှေ့သို့ ခြေလှမ်းကျဲတွေနှင့် ရောက်လာပြီး ဒေါသမုန်တိုင်း တိုက်ခတ်လာပါတော့သည်။

"ကျွန်မဘဝကို ထက်ပိုင်းကျိုးသွားအောင် လုပ်ခဲ့တဲ့ ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ အန်တီကြီးကို သတ်တဲ့တရားခံ၊ အန်တီကြီး သေသွားရင် ဒီအမွေတွေကို ရှင်တစ်ယောက်တည်းပဲ သိမ်းကျုံးရမှာဆိုပြီး ကျွန်မကို အပိုင်သိမ်းပိုက်ခဲ့တာ"

ပြောစမ်း၊ ကြိုက်သလောက် ပြောစမ်း၊ ငါ ခေါင်းငုံ့သည်းခံမယ်။

"ဒီမှာ ... ရှင် ဘယ်တော့မှ ကျွန်မရဲ့အမွေပစ္စည်းကို မရစေရဘူးမှတ်၊ ကျွန်မ ရှင့်ကိုကွာမယ်၊ ရှင့်လို သက်ကြီးအို နွားအိုမြက်နုကြိုက်ကို လုံးဝမပေါင်းနိုင်ဘူး၊ ဆံဖြူသွားကျိုးကောင်ကြီး၊ ရှင့်ကို မုန်းတယ်၊ ကျွန်မတို့ တူဝရီးနှစ်ယောက်ဘဝကို ဖျက်ဆီးခဲ့တဲ့ ကြောင်သူတော် ကြွက်သူခိုးကြီး၊ ရှင့်ကိုကွာမယ်"

ရက်စက်လွန်းသည့် ...

စတာလေး စကားတွေကို သူ ခေါင်းငုံ့သည်းခံပြီး ဘာစကားမှ ပြန်ပြီးဖြေရှင်းချင်သည့် ဆန္ဒလည်း မရှိတော့။

ငုံ့စုံပစ်ကြီး ခေါင်းငုံ့သည်းခံလိုက်တာပဲ ကောင်းပါတယ်။





အဲဒီလို သူ ခေါင်းကြီးငုံ့ပြီး ဘာလုပ်လုပ် ကျေနပ်တယ်ဆိုပြီး သဘောထားပြန်တာကိုလည်း သူမလေးက ပိုပြီးမကျေမပွဲဖြစ်သွားကာ သူ့အင်္ကျီရင်ဘတ်ကြီးကို ဆွဲခါပြီး ...

"ဘာ အခုမှ ရှုးချင်ယောင် ဆောင်သွားတာလဲ၊ လိုချင်တာကို ရသွားလို့ ကျွန်မလုပ်တိုင်း ငြိမ်ခံတော့မယ်ပေါ့၊ ဟုတ်လား၊ အဟင်း ဟင်း၊ ရှင် မြဲမြဲမှတ်ထားလိုက်၊ ရှင်ကျွန်မ ကိုယ်ခန္ဓာကိုရော၊ ကျွန်မ ပိုင်ဆိုင်သမျှ သိန်းသောင်းချီပစ္စည်းတွေကိုပါ ဘာတစ်ခုမှ မပိုင်ဆိုင်စေရဘူး၊ ကျွန်မလုပ်ပြမယ်၊ ကြည့်နေ"

ဟား ... စိတ်ညစ်ပါတယ်ကွာ။

လောကကြီးမှာတောင် မနေချင်တော့ဘူး။

အန်တီကြီးနောက် လိုက်သွားရရင် သူ့ဘဝကြီး ဘယ်လောက် ငြိမ်းချမ်းလိုက်မလဲ။

အခုလိုကြီး မိန်းမက မဟုတ်မဟတ်တွေ စွပ်စွဲပြောဆို ရန်လုပ်ပြီးတော့ အသက်ကွာတာကြီးကိုနှိမ်၊ ထောက်ပြ၊ ကွာရှင်းခွင့်တောင်း၊ ဟား ... ဒီဒုက္ခတွေက ပုလောင်ပါတယ်။

အားလုံး အပူမီးတွေကြီးပဲ။

ငါ မခံစားနိုင်တော့ဘူးကွာ။

မခံစားချင်တော့ဘူး။

တာကယ်ပါဗျာ ...



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ ပိုက်ဆံမိုးပျံအောင် ဘယ်လောက် ချမ်းသာ ချမ်းသာ လူတိုင်း လူတိုင်းဟာ ကိုယ့်အပူနဲ့ကိုယ်ကြီး ပါပဲ။

"အမယ်လေးလေ ... သည်းခံတတ်လိုက်တာ ဦးနေစွမ်း တည်သာရယ်၊ ကျွန်မကို ရန်ဖက်မဖြစ်ရဲလောက်အောင် ကို ကွဲပေး ကွာပေးရမှာကို ကြောက်တယ်ပေါ့"

"တော်ပြီ စတာလေး၊ မင်း တော်ပြီ"

သူ ဘယ်လိုမှ မခံစားနိုင်တော့သည့်အဆုံး ဆက် သည်းမခံနိုင်တော့ဘဲ စတာလေးကို ခပ်ကြမ်းကြမ်း ဆွဲဖက်ပြီး ပွေ့ချီလိုက်ကာ အိပ်ခန်းဆီသို့ လျှောက်လာခဲ့တော့သည်။

မင်းကို သူစိမ်းတွေရှေ့မှာ ငါ မပေါက်ကွဲဘူး။

အခန်းထဲမှာ တံခါးလော့ခ်ချပြီးမှ ငါ မင်းကို မကြောက်တဲ့အကြောင်းအရာတွေကို ပြရတာပေါ့။

"ရှင် ... ရှင် ... ဒါ ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ"

"မင်းကို ဒဏ်ခတ်မလို့"

သူက သူမလေးမျက်နှာကို အချစ်တွေသီးနေသည့် မျက်လုံးတွေဖြင့် စိုက်ကြည့်ပြီး အသက်အောင့်ကာ အော်ပြော လိုက်သည်။

အင်း ... သူတို့နှစ်ယောက် ရန်ပွဲနွှဲနေကြတာကို အိမ်ကအလုပ်သမားတွေကလည်း ဘာတစ်ခွန်းမှ ဝင်မပြောရဲ





ဆွဲရဲဘဲ အခန်းကိုယ်စီမှာ ခပ်ကုပ်ကုပ် ငြိမ်နေကြလို့ သူမက သူ့ကို စိတ်ထင်တိုင်း ဆိုးနေခဲ့တာ။

ကဲ ... မင်း ငါ့အပေါ် ဘယ်လောက်အထိ ဆိုးနိုင် ဦးမလဲ၊ စောင့်ကြည့်လိုက်ဦး။

"ကျွိ"

သူက အခန်းတံခါးကို ရိုမုတ်ကွန်ထရိုးနဲ့ လှမ်းဖွင့် ပြီး ပြန်ပြီးလှမ်းပိတ်ရင်း တံခါးလော့ခ်ချကာ သူမကိုယ်လုံးကလေး ကို ပွေ့ချီရင်း ခုတင်ကြီးဆီသို့ ရင်ခုန်မောလျှစွာ လျှောက်လာခဲ့ သည်။

"အို ... ရှင် ... ရှင် ဘာလုပ်တာလဲ ဦးနေစွမ်းတည်သာ"

ခုတင်ကြီးရဲ့ တစ်ဖက်ခြမ်းပေါ်သို့ သူမကိုယ်လုံး သေးကို ပစ်ချပြီး သူ့မျက်နှာကြီး သူမမျက်နှာကလေးဆီ ပွေ့အပ်ပစ် လိုက်သည့် အချိန်မှာ သူမလေးက ဆတ်ဆတ်ခါ နာသွားပုံလေး ဖြင့် သူ့ရင်ခွင်ထဲမှ ဆောင့်တွန်း ရုန်းကန်ရင်း ကြောက်ရွံ့ထိတ် လန့်သည့် မျက်လုံးဝိုင်းကလေးတွေနှင့် သူ့ကို မော့ကြည့်ရင်း ခေါင်းလေးတယမ်းယမ်း ငြင်းဆန်လာတော့သည်။

"ဦးနေစွမ်းတည်သာ ... ဒါ ဘာလုပ်တာလဲ"

"စောင့်ကြည့်"

"အို ... ဟင့် ... ဟင့် ... လူယုတ်မာကြီး၊ ခွေးကျင့် ခွေးကြံ ကြံဦးမလို့လား၊ ကျွန်မ အော်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အော်လေ၊ အသားကုန် ဟစ်အော်လိုက်ဦး၊ မင်းကို ငါ့
လုပ်လုပ် ဘယ်သူမှ လာမကူဘူးကွ နားလည်လား
မိန်းကလေးရဲ့၊ မင်းဟာ ငါ့မိန်းမ၊ ငါ အသည်းဖျားအော
သိပ်ချစ်ခဲ့ရတဲ့မိန်းမ၊ မင်း ငါ့ရင်ခွင်ထဲကနေ တစ်သ
လုံး ဘယ်တော့မှ ထွက်ခွင့်မရှိဘူး၊ မှတ်ထား"

"အို ... ရှင် ... ရှင်"

"ကိုကို မင်းရဲ့ သိန်းသောင်းချီ ပစ္စည်းတွေကို မက်
ခဲ့လို့ ရယူခဲ့တာလည်း မဟုတ်ဘူး၊ ကိုယ့်မှာလည်း
ထက်များပြားတဲ့ စည်းစိမ်တွေ အပြည့်လေကွာ၊ ဒီမှာ
လောကကြီးမှာ အချစ်ကို ငွေကြေးနဲ့ တိုင်းထွာကြည့်
မရဘူး၊ အချစ်က အချစ်ပဲ သိလားကွ"

ကဲ ... မင်းလေး ရန်းစမ်း။ ရန်းထားစမ်း။
သွားတာပဲ အဖတ်တင်မယ်။

"အချစ်"ဆိုတာ ဘာလဲ ဆိုတာကို မင်း လက်
ကျကျ သိမြင်ခံစားစေရမယ်။

သူ့အသိစိတ်တွေ လွတ်ထွက်သွားရလေပြီ။

အချစ်ရူး ရူးစွာဖြင့် သူ ရင်ခုန်နွေးဖျစွာ သူမ
ရဲ့ ရန်တွေ့နိုင်လွန်းသည့် နှုတ်ခမ်းအိအိကလေးဆီသို့ သူ့
ခမ်း ထူလိပ်လိပ်ကြီး တွေးအပ်ပြီး အတန်ကြာမှ ရင်ခုန်
စွာ မိန့်မိန့်မူးမူး ချစ်ခွန်းတွေ ခြွေချလိုက်ပါတော့သည်။





"ဟောဒီက မင်းရဲ့နုဖပ်ချောမောနေတဲ့ မျက်နှာလေးကို
ကိုကို သိပ်ချစ်လို့၊ ရန်တွေ့ကောင်းလွန်းတဲ့ ဟောဒီနှုတ်
ခမ်းလုံးဖူးဖူးလေးကို မက်မောလို့၊ မင်းရဲ့ကိုယ်ခန္ဓာသွယ်
သွယ်ရှည်ရှည်လေးကို ချစ်လို့၊ ပိုင်ဆိုင်ချင်လို့ ချစ်တာ၊
သိလားကွ ... ဟင်"

ပြောရင်းနှင့် သူ့ရင်ထဲက ဆန်းသစ်နွေးမြသည့်
ချစ်တွေက အရှိန်မြင့်တက်သွားရကာ သူမလေးကို ရင်ခွင်ထဲ
နစ်မြုပ်အောင် ဖိအပ်ထားရင်းမှ မျက်နှာလေးကို ဆွဲမော့ပြီး
တိုင်းကျ အနမ်းမူးမူးတွေ ပေးအပ်လိုက်တော့သည်။

ဒီအချိန်မှာ သူ့ဂုဏ်သိက္ခာ ဣန္ဒြေတွေလည်း ဆယ်
မလိုတော့။

ပြီးတော့ အခန်းတံခါးကလည်း အလုံ၊ လော့ခ်ချ
သား။

ဒီတော့ သူ့ရင်ခွင်ထဲက အရက်တရားတွေလည်း
သိုလို ပျောက်ကွယ်သွားခဲ့ကာ ရင်ခွင်ထဲက ဇနီးချော လေးကို
တိုင်းကျ ချစ်တေးတွေ သီကျူးလိုက်ပါတော့သည်။

ဇနီးလေးခမျာမှာတော့ မျက်ရည်လေးတွေနှင့် ငိုသံ
ကလေးဖြင့်သာ အာခံနိုင်စွမ်းရှိပြီး ဘာမှမစွမ်းသာတော့ဘဲ
သက်တိတ်ဆိတ်သွားတော့သည်။

www.burmeseclassic.com



## ၂၀

စင်ကာပူကို အလုပ်ကိစ္စနှင့် မဖြစ်မနေ ခရီးထွက်ခဲ့ရပေမဲ့ သူ့ရင်ထဲမှာ မိန်းမအတွက် စိတ်မချ ဖြစ်ခဲ့ရသည်။

အင်း … သူမလေးကို စိတ်မချလို့ စင်ကာပူကို လိုက်ခဲ့ဖို့ ခေါ်ပြန်တော့လည်း ဘယ်လိုမှ ပြောစကား နားမထောင်ဘဲ အိမ်မှာပဲ ပေကပ်ပြီး ကျန်ခဲ့ကာ သူ့စကားဆို တစ်စက်မှ နားမထောင်တဲ့ ကောင်မလေး။

ဟွန်း … ဒီကောင်မလေး။

ဘာအကြံအစည်တွေနှင့် အိမ်မှာကျန်ခဲ့တယ်ဆိုတာကိုပဲ သူ ရင်တထိတ်ထိတ် ဖြစ်ခဲ့ရပြီး စင်ကာပူမှာ နှစ်ပတ်လောက် နေရမဲ့ အလုပ်ကိစ္စကို ခုနစ်ရက်နှင့် အပြတ်ရှင်းကာ အိမ်ကိုပြန်လာခဲ့သည်။

မခံချင်စိတ်ဖြင့် သူမလေး …





သူ မရှိတဲ့ အချိန်တွေမှာ အိမ်မှာ ဘာပြဿနာများ လုပ်ဦးမလဲ ဆိုတာကိုပဲ ရင်တထိတ်ထိတ်ဖြစ်ရင်း သူ အိမ်ထဲသို့ လှမ်းဝင်လိုက်သည့် အချိန်မှာပဲ ရောက်ရောက်ချင်း ဆော်ကြက်နဲ့ ထွင်းပင်။ သူ့အာရုံတွေကို ထွေပါးဝေဝါးသွားစေမည့် စကားသံတစ်ခုက သူ့ကို ဆီးကြိုလိုက်လေသည်။

“ဟား ဟား … လင်းကွာ၊ အရမ်းစကားတတ်တာပဲ၊ ဘယ်လိုဟာလေးမှန်းကို မသိဘူး”

“ဟင်”

ဒါ ယောကျ်ားတစ်ယောက်ရဲ့အသံပဲ။

ဒီအသံက ခွဲဆိုတဲ့ ကောင်လေးရဲ့ အသံတော့မဟုတ်။

အတော့်ကို တရင်းတနှီး။

ပြီးတော့ ရယ်ဟာဟာ စွက်နေတဲ့ အသံကြီးက …

ကျွတ် … ဒီကောင် ဘယ်ကကောင်လဲ။

သိချင်စိတ်ပြင်းစွာဖြင့် ဧည့်ခန်းထဲကို ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းဝင်လိုက်တော့ စတာလေးက အခုမှ သူ့ကိုတွေ့မြင်သွားပြီး မျက်နှာကလေး ကွက်ခနဲပျက်ကျသွားလေသည်။

ပြီးတော့ ကောင်လေးကိုလည်း မျက်လုံးဝိုင်းကလေးတွေနှင့် မော့ကြည့်လိုက်သေးသည်။

ကြည့်စမ်းပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကလည်း ခွဲလို ရည်ရည်မွန်မွန် သားသားနားနားလေး မဟုတ်။ စတက်ကော အဖြောင့်ဆွဲ ကုပ်ဝဲနှင့် မိုက်တိမိုက်ကန်း ရုပ်ကလေးက ဒီကောင်ဟာ လူကောင်းလူမွန် တစ်ယောက် မဟုတ်မှန်း မြင်တာနဲ့ အကဲခတ်လိုက်မိသည်။

ဒါပေမဲ့ ...

စတာလေးဘေးမှာ ကောင်မလေးနှစ်ယောက် ရှိနေခဲ့တာမို့ သူ့စိတ်အမော နည်းနည်းပြေသွားခဲ့ပေမဲ့ သူ နိုင်ငံခြားက ပြန်လာတာကိုတောင် နည်းနည်းမှ အရေးအရာလုပ်ပြီး ငဲ့ကြည့်ဖော်မရသည့် သူမရဲ့လုပ်ရပ်တွေကို ကြိတ်မနိုင်ခဲမရကြီး ဖြစ်သွားကာ စတာလေး မျက်လုံးတွေကို ဆုံအောင်စိုက်ကြည့်ပြီး ခပ်ထန်ထန်ကြီး ခေါ်လိုက်မိသည်။

"ပန်စတာလင်း"

ကြိတ်မနိုင်ခဲမရ ခေါ်လိုက်တဲ့ သူ့အသံကြီးကြောင့် ဧည့်သည်တွေက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ပခုံးကလေးတွေ တွန့်သွားကြသည်။

ကြောက်တယ်ပေါ့။

အင်း ... ဧည့်သည်တွေ လှုပ်ရှားသွားပေမဲ့ သူမလေးကတော့ နည်းနည်းလေးမှ အရေးမလုပ်ဘဲ ဆိုဖာကြီးမှာမှီ ရက်အတိုင်း နည်းနည်းလေးမှ မလှုပ်။





ဒီပုံစံလေးကိုကြည့်ပြီး သူ ပိုပြီးအသည်းယားသွားတာ ...

"ဟော့ ... ခေါ်နေတာ မကြားဘူးလားကွ"

ဝမ်းခေါင်းသံကြီးနဲ့ အော်လိုက်တော့မှ စတာလေး သူငယ်ချင်းတွေက ထိုင်နေရာမှ အလျှိုလျှို ထရပ်လိုက်ကြလေသည်။

"လင်း ... ငါတို့ ပြန်တော့မယ်"

ဆိုပြီး အသီးသီး ထပြန်သွားကြတာကို သူမက ခေါင်းကလေးညိတ်ပြီး ဆိုဖာကြီးမှာမှီပြီး ခပ်တည်တည်ပင် ဆက်ထိုင်နေခဲ့တာမို့ သူ့ရင်ထဲက ဒေါသတွေ အစွမ်းကုန် အုံကြွပေါက်ကွဲသွားရကာ သူမ ပခုံးနှစ်ဖက်ကို တအားဆုပ်ခါယမ်းပစ်လိုက်ပါတော့သည်။

"မင်း ... မင်းက ငါ့ကို မလေးမစား လုပ်တာလား၊ မင်းပုံစံက ဘာပုံစံလဲ၊ မင်း ဘာအချိုးတွေ ချိုးနေတာလဲ၊ ပြောစမ်း၊ လင်ယောကျ်ား နိုင်ငံခြားက ပြန်လာတာတောင် အရေးမစိုက်ရအောင် မင်းက ဘာတွေကို ဒီလောက် စိတ်အားထက်သန်နေတာလဲ"

"လင်ယောကျ်ား ... ဟား ဟား ... ရယ်စရာကောင်းလိုက်တဲ့ အသုံးအနှုန်းကြီးနော်၊ ဒီအသုံးအနှုန်းကြီးသုံးတာ ရှင်



www.burmeseclassic.com

www.burmeseclassic.com



မရှက်ဘူးလား၊ ရှက်တတ်ရင် လဲသေဖို့ ကောင်းပါတယ် ဦးနေစွမ်းတည်သာ”

“ဘာကွ”

သူ အသည်းအသန် ဒေါသကြီးနေတာကို တစ်ချက် ရှုန်းရှုန်းကလေးပဲကြည့်ကာ မျက်နှာလေး လွှဲသွားသည့် ကောင်မလေးကိုကြည့်ပြီး သူ့ရင်ထဲမှာ သံသယတွေ ကြီးထွားသွားရလေသည်။

ဒီမိန်းမ သူ့ကို မျက်လုံးချင်း ရဲရဲမဆုံရဲတာ အပြစ်တစ်ခုခုများ လုပ်ထားပြီလား။

သူ မရှိတုန်း ဘာတွေများလုပ်ထားပြီလဲ ...။

သူမလေး သူ့ကွယ်ရာမှာ ဖောက်ပြန်မှာတော့မဟုတ်လောက်ပါဘူး။ ဇနီးလေးမှာ ဒီလိုစိတ်မျိုးမရှိဘူးဆိုတာ တစ်သက်လုံးအတူနေလာသည့် သူက သိတာပေါ့။

မဟုတ်ပါဘူး။

ဒါပေမဲ့ တစ်ခုခုတော့ လျှို့ဝှက်ဖုံးကွယ်ထားသလိုပဲ။

“မိန်းမ ... မင်းမျက်လုံးတွေ ကိုကို့မျက်နှာကို တည့်တည့်ကြည့်ပြောစမ်း၊ မင်းမျက်လုံးတွေထဲမှာ ရိုးသားမှုမရှိဘူး။ မင်း တစ်ခုခုဖြစ်နေပြီ၊ မင်း ငါ ကွယ်သွားတာနဲ့ ဘာတွေလုပ်ထားလဲ ပြောစမ်း”





သူက အသည်းတုန်အူတုန်သံကြီးဖြင့် အော်ပြောလိုက်တော့ သူမလေးမျက်နှာ သိသိသာသာကြီးပျက်ကျသွားသလို အရမ်းကြီးထိတ်လန့်တုန်လှုပ်သွားတာလေးကို သူ အမိအရစိုက်ကြည့်ပြီး သူ တစ်ထစ်ချယုံကြည်လိုက်ပါသည်။

ဟုတ်ပါပြီ။

သူမလေး သူ မရှိတဲ့တစ်ပတ်အတွင်းမှာ သူ မသိအောင် တစ်ခုခုကို ခိုးကြောင်ခိုးဝှက်ကြီးလုပ်ထားပြီးပြီ။

ဟား ... မင်း ... မင်း ဘာတွေလျှောက်လုပ်နေပြီလဲ။

“ရှင် ... ရှင် ... ဘာတွေလျှောက်စွပ်စွဲနေတာလဲ ဦးတည်သာ၊ သွားပါ ရှင့်အခန်း ရှင်သွားပါတော့၊ ရှင်နဲ့ ရန်မဖြစ်ချင်ဘူး၊ လောကကြီးကို ငြီးငွေ့လှပါပြီ”

သူမက သူ့မျက်လုံးတွေကို လုံးဝ ရင်မဆိုင်ရဲသလို မျက်နှာကလေးလွှဲပြီး ခေါင်းကလေးငုံ့ချသွားသဖြင့် သူ ဇနီးလေးကို မယုံနိုင်သလို မျက်လုံးပြူးပြီးဖြင့် စိုက်ကြည့်ကာ ခေါင်းနပန်းကြီးသွားရတော့သည်။

ဟား ...

စောစောက ဟိုကြွက်သိုးကောင် ပြောခဲ့တဲ့ စကားတွေကလည်း လုံးဝ ရိုးသားတာမဟုတ်။

ရှိသဲ့သဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် ... ဒါဆိုရင် ...

"မင်း ... မင်း ဘာဖြစ်နေတာလဲ ပြောစမ်း စတာလေး"

"ကျွန်မကို ဘာမှလာမပြောပါနဲ့၊ ကျွန်မ ငြီးငွေ့လှပြီ၊ ဒီအသံတွေကိုလည်း မကြားချင်ဘူး"

"ဟင် ... မင်း ငြီးငွေ့တာက ငါ့ကိုမဟုတ်ဘူး၊ ဟင် ... မင်းဖောက်ပြန်တော့မှာလား၊ ဖောက်ပြန်ဖို့ ကြံရွယ်နေပြီလား၊ ငါ့ကို မင်း ဘယ်တော့မှ လိမ်လို့မရဘူး၊ မင်းဖောက်ပြန်ဖို့ကြံရင်တော့ ဟင်း ... ဟင်း ... ငါ့လက်နဲ့ကို မင်းလည်ပင်းကို ညှစ်သတ်ပစ်မယ်မှတ်"

"အား ... ရှင် ရှူးရှူးနမ်းနမ်း လျှောက်မပြောနဲ့"

"ပြောမယ် ... ပြောမယ်၊ လင်ယောကျ်ားကွယ်ရာမှ သူစိမ်းယောကျ်ားနဲ့ ရယ်ရယ်မောမော ပြောဆိုခြင်းဟာလည်း မြူဆွယ်ခြင်းတစ်မျိုး ဖောက်ပြန်ခြင်းတစ်မျိုးပဲ"

"ရှင် ... ရှင် မတရားမပြောနဲ့နော် ဦးနေစွမ်းတည်သာ၊ အဲဒီလူက ရှင့်ထက် စိတ်ဓာတ်မြင့်တယ်၊ ဖြူစင်တယ်၊ ရှင်လို မိန်းမတစ်ယောက်က အလိုမတူတာတောင် အဓမ္မစနစ်ကြီးနဲ့ ငမ်းငမ်းတက်ပေါင်းသင်းနေတဲ့ နွားသအိုးမဟုတ်ဘူး"

စတာလေး စကားတွေက ...





သူ့ဂုဏ်သိက္ခာကို ထိပါးရိုက်ပုတ်စော်ကားလိုက်တာမို့ သူ့မျက်လုံးတွေ ပြာဝေသွားသည်အထိ ဒေါသမီးပွင့်ထွက်သွားရကာ သူမကိုယ်လုံးကလေးကို ကျိုးကြေမတတ် ဖျစ်ညှစ်ဆုပ်ကိုင် ခါယမ်းလိုက်ပါတော့သည်။

"အား"

"မင်း ... မင်း"

"အား ... လွှတ်သရမ်းကြီး လွှတ်"

"တောက် ... မင်းက သူများမယားခိုးမယ့် ရုပ်မျိုးကို အထင်ကြီးနေတယ်ပေါ့ ဟုတ်လား၊ ဒီမှာ ငါက သူများမယားကို ပရော်ပရီ မြူဆွယ်တဲ့စကားမျိုးလည်းမပြောဘူး၊ အမြူအကြည့်လည်း မကြည့်ဘူး၊ ငါ တရားဝင်လူကြီးစုံရာနဲ့ လက်ထပ်ထားတဲ့ မယားကို ငါ ပိုင်ဆိုင်လို့ ငါပေါင်းတာ၊ ဒါကို မင်းက ဆတ်ဆတ်ခါနာပြီး ထောက်ပြနေရအောင် အဲဒီကောင်က မင်းလင်ငယ်မို့လို့လား"

"ရှင် ... ရှင် မိုက်ရိုင်းလိုက်တာ ဦးနေစွမ်းတည်သာ"

ဝဲခနဲ ပျံတက်သွားတဲ့ စတာလေးလက်ကလေးတွေက သူ့ပါးပြင်ကြီးကို ဖြောင်းခနဲမရောက်တော့ဘဲ သူ့လက်ထဲမှာပဲ နှစ်မြုပ်သွားရတော့သည်။

ကြည့်စမ်းပါဦး။ ၁၉၄



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် သောင်းကျန်းလိုက်တဲ့ ဟာမလေးလဲ လို့။

သူ့ကို ပါးရိုက်ခွင့်မရလို့ အာခေါင်ခြစ်အော်ပြီး ခေါင်းကလေးကို ပြုတ်ထွက်မတတ် တယမ်းယမ်း ခါယမ်းနေလိုက်တာ။

တောက် ...

စိတ်မထင်တိုင်းသာ ရိုက်ပစ်ရရင် ဒီထက်နာဦးမည်။

ရင်ထဲမှာ လိပ်ခဲတည်းတည်းကြီးဖြစ်ကာ သူမလေးကို အခဲမကျေစွာ အိပ်ခန်းထဲသို့ ဒရွတ်တိုက်ဆွဲခေါ်လာခဲ့မိတော့သည်။

ဟင်း ...

သူ့အဖြစ်က အင်မတန်လည်း ရှက်ဖို့ကောင်းသည်။

မိန်းမက မကြည်ဖြူလို့ အိမ်ထောင်သက် သုံးလကျော်ကြီး ဖြတ်သန်းလာခဲ့တာ တစ်နေ့မှ နားအေးပါးအေး စိတ်ချမ်းသာခွင့်မရခဲ့။

အိမ်က အလုပ်သမားတွေကအစ သူနှင့် စတာလေးမျက်နှာချင်း ဆိုင်ပြီဆိုရင် ရန်ဖြစ်ကြပြီမို့ ဓာတ်သိစွာဖြင့် ရှောင်ထွက်သွားကြလေပြီ။

ယုဒး ...





သူ့အဖြစ်ကလည်း အခုမှ မယားတရူးလို ဖြစ်ခဲ့ရလေပြီ။

ကိုယ့်ထက် အသက်အများကြီးငယ်တဲ့ မိန်းမကိုယူပြီး အမြဲတမ်း အစာနင်နေရသည့် ဘဝကြီးကို မုန်းမိခဲ့ပေမယ့် မိန်းမကိုချစ်သည့် အချစ်တွေကို နမ်းတစ်စေ့မျှ ရှေ့ကျမသွားဘဲ နှလုံးသားထဲက ချစ်ခြင်းတွေဖြင့် ရင်ခုန်ပျော်ဝင်နေရသည့်ဘဝတစ်ခုကို ကျေနပ်နေမိတော့လည်း ...။

❤ ✣ ❤



www.burmeseclassic.com

www.burmeseclassic.com



အခုရက်ပိုင်းမှာ စတာလေးတစ်ယောက် သူ့ကို သူခိုးချောင်းချောင်းနေတာမို့ သူ့မှာ စတာလေး တစ်ခုခုလုပ်ထားပြီဆိုတာကို သိလိုက်ရလေသည်။

ဘာအကြောင်းကြောင့် ဆိုတာသာ သူ သိမထားခဲ့သေးပေမယ့် ရင်ထဲမှာတော့ ပူနေရပြီဖြစ်သည်။

မဟုတ်မှလွဲရော ဟိုကောင်နဲ့များ ...

ဟာ ... မဖြစ်နိုင်ပါဘူး။

သူမက ဒီလိုမိန်းမစားမဟုတ်မှန်း သူ ယုံသည်။

ဘာပဲဖြစ်ဖြစ် စတာလေးမှာ သူ မသိအောင် ဖုံးကွယ်ပြီး တစ်ခုခုလုပ်ထားပြီဆိုတာကို သူ သိလိုက်ရပါသည်။

အခုလည်းကြည့် ...

သူ အိပ်ခန်းထဲကို အလုပ်စားပွဲ ချိန်းလိုက်တော့ စတာလေးက မကျေမနပ်ဖြင့် ရန်ရှာလာတော့သည်။





"ကျွန်မ အိပ်မလို့ ရှင် အလုပ်ခန်းမှာပဲ အလုပ်လုပ်၊ ဒီမှာ မီးရောင်မြင်ရင် ကျွန်မ အိပ်လို့မရဘူး"

"ဒါ အိပ်ချိန်မှမဟုတ်သေးတာ"

သူက စတာလေးမျက်နှာလေးကို အကဲခတ်သလို စိုက်ကြည့်ပြီးပြောလိုက်တော့ သူမ မျက်နှာကလေး ရဲခနဲနီမြန်းသွားလေသည်။

ပြီးတော့ ဒေါကြီးမောကြီး ရှူးရှူးဒိုင်းဒိုင်းဖြစ်သွားကာ အိပ်နေရာမှ ဝုန်းခနဲထထိုင်ပြီး သူ့ကို ကြီးကြီးမားမား ရန်ဖြစ်ဖို့ တာစူလာတော့သည်။

"အိပ်ချိန်မဟုတ်လည်း ရှင် အပြင်ထွက်၊ ကျွန်မ အေးအေးဆေးဆေးနေချင်တယ်"

"အေးအေးဆေးဆေး မနေရလို့ မင်းကို ကိုယ်က ဘာလုပ်နေလို့လဲ"

"ရှင် ... ရှင် စကားကိုကပ်မပြောနဲ့၊ ကျွန်မ အိပ်မလို့ အပြင်ထွက်၊ ရှင် တစ်ညလုံး စာရင်းစစ်တာကို ကျွန်မက မျက်စိအနှောင့်အယှက်ခံ နေရမှာလား"

အင်း ... အိပ်ခန်းထဲက အတင်းထွက်ခိုင်းပုံထောက်တစ်ခုခုတော့ တစ်ခုခုပါပဲ။

သူမမှာ သူ မသိအောင် ခိုးလုပ်ထားတဲ့ကိစ္စတော့ ရှိပြီ။

အား ...



www.burmeseclassic.com

www.burmeseclassic.com



သူ ငွေကို လောဘတကြီးရှာဖွေနေမှန်းသိလို့ သူမက ငွေကို ရေလိုသုံးပစ်ခဲ့ပြီလား။

ဖြစ်နိုင်ချေရှိသည်။

အခုရက်ပိုင်းမှာ အိပ်ခန်းထဲမှာ တလည်လည်နှင့် သူ့အဝတ်ဗီရိုနှင့် သူ ပိုက်ဆံအလွယ်တကူထားတဲ့ အံဆွဲတွေကို သူ လစ်ပြီထင်ပြီး အသည်းအသန်လျှောက်ရှာဖွေနေတာကို မနေ့က တည့်တည့်ကြီးတိုးလို့ သူမလေး မျက်နှာပျက်ပျက်နှင့် အခန်းထဲက လှည့်ထွက်သွားတာကြီးကို သူ့စိတ်ထဲမှာ တထင့်ထင့်ကြီး ဘဝင်မကျဖြစ်ခဲ့ရသည်။

အခု ညရောက်ပြန်တော့လည်း သူမတစ်ယောက် ဂနာမငြိမ် ယောက်ယက်ခတ်ပြီး အစောကြီးအိပ်ရာဝင်ခဲ့တာ အတော်အံ့သြစရာကောင်းသည်။

လက်ထပ်ပြီးတာ လေးလနီးနီးဖြစ်သွားတဲ့အချိန်အထိ သူမလေး အိပ်ရာအစောကြီးဝင်ရမှာကို သေရမှာလောက် ကြောက်တာ သူ အသိဆုံး။

အခုတော့ ဘာအကြံတွေများရှိလို့ အစောကြီးအိပ်ရာဝင်ရတာလဲ မသိ။

သူကလည်း စီးပွားရေးကို နောကြေနေသူပီပီ စတာလေး စိတ်ထဲ နောက်ကျိရှုပ်ထွေးသွားစေမယ့် စကားလုံးဖြင့် ပြန်ရီလိုက်သည်။





"မိန်းမ ... မင်း ဒီနေ့ တော်တော် ထူးခြားနေပါလား။ ငါ စင်ကာပူက ပြန်လာကတည်းက ထူးခြားနေတာ၊ အိပ်ရာ အစောကြီးဝင်ရမှာ သေမတတ်ကြောက်တဲ့ မင်းက အခုတော့ အိပ်ရာတွေဘာတွေ စောစောဝင်လို့ပါလား"

"ရှင် ဘာစကားပြောတယ်"

သူ ပြောတာကြီးကို တအားရှက်သွားပြီး မျက်လုံးကြီးပေါက်ထွက်မတတ် ဒေါသကြီးသွားကာ နှုတ်ခမ်းသားလေးတွေဆောင် တဆတ်ဆတ်တုန်ခါသွားတာလေးကို သူကြည့်ရင်း ရင်နင့်အသည်းယားသွားရသည်။

အခုထိ အပျိုစင်လေးလို ရှက်သွေးကြွယ်နေသေးသည့် သူမ မျက်နှာလေးကို သူ ချစ်လို့မဝအောင် စိုက်ကြည့်ပြီး တစ်ယောက်တည်း သဘောကျသလိုကြီး ရယ်လိုက်မိသည်။

"အဟက် ... ဟား ဟား"

"ရှင် ... ရှင် ဒါ တမင် ကျွန်မကို လှောင်တာပေါ့ ဟုတ်လား"

"ဟာ ... ဘာလှောင်လို့လဲ၊ မင်းကလည်း ဘာဖြစ်နေမှန်းကို မသိဘူး၊ မလုံကြောနာလိုက်တာ"

"ရှင် ... ရှင် ဒါတမင် ကျွန်မကို ... ကျွန်မကို ..."

"အဟင့် ဟင့် ..."



www.burmeseclassic.com

www.burmeseclassic.com



စတာလေးက သူ့ကို မနိုင်တော့သည့်အဆုံး မျက်နှာလေးကို လက်ဝါးနှင့်အုပ်ပြီး ရှိုက်ငိုကြွေးလိုက်ပါတော့သည်။

ဟူး ... ဒါလေးကလည်း ဒေါသထွက်ပေါက်ကွဲ ရှုံးရင်ငို ဒါပဲတတ်တယ်။

သူ့ရင်ထဲမှာတော့ သူမလေး ငိုနေတာလေးကိုကြည့်ပြီး ချော့ချင်စိတ်လည်းမရှိတော့။

သူမလေး ဒီလိုငိုနေတာလေးက သူ့ကို မာယာများပေးနေတာလား။ အင်း... ဒီကောင်မလေးက မာယာက ခပ်များများ

ဒါပေမဲ့ ...

သူမလေးမာယာထက်ပြင်းတဲ့ မာယာတွေ သူ့မှာ အပြည့်ရှိတယ် ဆိုတာကို သူမလေး သိစေရမည်။

အခုထိ တအိအိငိုနေသေးသည့် ခနီးလေးကို စိတ်မသက်သာသလိုကြီး စိုက်ကြည့်ပြီး သူမလေး ပခုံးလေး ဖွဖွကလေးပုတ်ကာ စာရင်းဖိုင်တွဲကိုကိုင်ရင်း လှည့်ထွက်ဖို့ ပြင်ဆင်လိုက်ရတော့သည်။

"ကဲ ... ကဲ ... အိပ်ချင်တာကိုတော့ ငိုတော့မငိုလိုက်နဲ့ကွာ၊ အိပ်ပါတော့၊ မီးရောင်ကြောင့်လည်း စိတ်အနှောင့်အယှက်မဖြစ်တော့နဲ့ အေးအေးဆေးဆေးသာ အိပ်တော့ ကိုယ်က ကုမ္ပဏီစာရင်းကို တစ်ညလုံးစစ်ရမှာဆိုတော့ ညလုံးပေါက်မှာပဲ၊ ကိုကို အလုပ်ခန်းမှာပဲ အိပ်လိုက်တော့



မယ်နော် ချစ်၊ ကဲ ... ကဲ ... အိပ်တော့၊ ကိုကို စောင်ခြုံပေးခဲ့မယ်နော်"

"ဟင့်အင်း ... မခြုံပါနဲ့ ရတယ်"။

သူက စတာလေးကို အချဉ်ပြုံးကလေးနှင့် စိုက်ကြည့်ပြီး အခန်းထဲက လှည့်ထွက်လာခဲ့သည်။

အဟွန့် ... အ,အမလေး။

သူ ယုံကြည်ချက်ပေးလိုက်တာကို တကယ်ယုံကြည်သွားလေပြီ။

သူ့ကို ဘာမှ အထွန့်မတက်တော့ဘဲ မျက်စောင်းနက်ကလေးခဲ့ပြီး တစ်ဖက်ကို မျက်နှာလေးလှည့်အိပ်သွားသော ချစ်ခနီးလေးကိုကြည့်ပြီး သူ လျှို့ဝှက်စွာပြုံးလိုက်မိသည်။

ကဲ ... မင်း အခန်းထဲမှာ ဘာလုပ်မလဲဆိုတာကို ကိုယ် အခုကစပြီး ချောင်းကြည့်ရပြီပေါ့ စတာလေး။

အလုပ်ခန်းနဲ့ အိပ်ခန်းက ကပ်ရပ်ဖြစ်သလို အခန်းက အလုပ်ခန်းမှ တိတ်တိတ်ကလေးဖွင့်ဝင်လျှင် အိပ်ခန်းထဲကို ရောက်တာမို့ သူ အသာကလေးပဲ အိပ်ခန်းတံခါးကနေ လှည့်ထွက် အလုပ်ခန်းထဲကို လှမ်းဝင်လိုက်ပါတော့သည်။

ခနီးလေးကတော့ သူ့စကားကို တကယ်ယုံကြည်သွားပုံပင်။

❤ ✣ ❤

www.burmeseclassic.com

www.burmeseclassic.com



## ၂၂

"ကိုကို"ဟု သူ့ကိုယ်သူ ကင်ပွန်းတပ်ထားသည့် လူကြီး အိပ်ခန်းထဲမှ ထထွက်သွားတော့မှ သူမ အသက်ဝ နိုင်သွားတော့သည်။

ဟူး ... တော်ပါသေးရဲ့။

ဆယ်နာရီမထိုးခင် ဟိုလူကြီးကို အခန်းထဲ ထွက်ရအောင် မနည်းဂျိုကျောင်ပေးလိုက်လို့ ...။

နင့်မို့ဆိုရင် မလွယ်။

သူ့ကို အရွဲ့တိုက်ချင်စိတ်ဖြင့် သူမ အမှားဆုံးအ တစ်ခုကို သူငယ်ချင်းတွေ မြှောက်ပင့်ပေးတာနဲ့ မိုက်ရူးရဲဆန် ရူးသွပ်ခဲ့မိသွားလေပြီ။

သိန်းငါးရာဆိုတဲ့ ငွေကြေးအင်အားကြီးကို တစ် တည်းနှင့် ဖြန်းတီးခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ်လည်း နောင်တ မိသည်။





ငွေကို အသက်လိုချစ်သည့် ဒီလူကြီးသာ သူမ အခုလို ပေါကာခေါင်းလို့ရှုံးခဲ့သည့် အကြွေးသိန်းငါးရာကြီးကို ဆပ်ရမယ်ဆိုတာသာသိရင် သူမကို အခုချက်ချင်းများ လည်ပင်း ထညှစ်ပြီးသတ်ပစ်မလားမသိ။

အစတုန်းကတော့ သူ စင်ကာပူက ပြန်လာချိန်ကို ခွင်စောင့်ပြီး ဒီပိုက်ဆံငွေကြေး ဂဏန်းကြီးကြီးကို သူ့မျက်နှာကြီး အရသာရှိရှိ စိုက်ကြည့်ပြီး တောင်းပစ်ဖို့ သူ ပေါက်ကွဲသွေးဆူ သွားတာကို မြင်ချင်လို့။

အခုတော့ အဲဒီသတ္တိတွေလည်း မရှိတော့။

သူ့ကို အလိုလိုကြောက်ရွံ့ကာ ကိုယ့်ဘာသာကိုယ် အခန်းထဲမှာပဲ ငြိမ်ငြိမ်ကုပ်ကုပ်ကလေးနေပြီး သူ သိမ်းထားသည့် မီးခံသေတ္တာသော့ကို သူ့အလစ်မှာ ခိုးခိုးရှာနေရကာ သူခိုးတစ် ယောက်လို စိတ်ဂနာမငြိမ် ဖြစ်နေခဲ့ရသည့် သူမကိုယ်သူမလည်း စိတ်မလုံမိတော့။

ရှက်လည်းရှက် ဝမ်းလည်းဝမ်းနည်းပါသည်။

အင်း ... စိတ်ရှုပ်ရှုပ်နဲ့ ခေါင်းကဆံပင်တွေကို တဖွဖွ ကုတ်ပစ်ပြီး နာရီကလေးမော့ကြည့်လိုက်တော့ ဆယ်နာရီထိုးဖို့ ငါးမိနစ်ပဲ ိရှိတော့တာမို့ သူမ ဟိန်းဆီ ဖုန်းအရင်ဆက်ဖို့ ဆုံး ဖြတ်လိုက်သည်။

ဟိန်းဆက်ရင် ဖုန်းမြည်သံကြားလို့ သူ လာခဲ့ရင် ဒုက္ခရောက်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ထောက်"

ဖျတ်ခနဲဆိုသလို အတွေးတွေကို အကောင်အထည်ဖော်ပစ်ပြီး မီးထပိတ်ပစ်လိုက်သည်။ တစ်ခန်းလုံး မှောင်မည်းတိတ်ဆိတ်သွားချိန်မှာ သူမက အလွတ်ရနေသည့် ဟိန်းဖုန်းနံပါတ်ကလေးကို နှိပ်ချလိုက်ပြီး ခုတင်ကလေးကိုမှီရင်း ဟိန်းရဲ့အသံကလေးကို နားစွင့်ထားလိုက်သည်။

"ဟယ်လို ... လင်းလား"

ဆိုတဲ့ ဟိန်းအသံကို ကြားလိုက်တာနှင့် တစ်ပြိုင်နက် သူမက ရင်ကလေးတွေ တထိတ်ထိတ်ခုန်လှုပ်သွားကာ စိတ်ထဲမှာ အလိုလို ဝမ်းနည်းလာရသည်။

ပြီးတော့ အသံကလေးကလည်း အလိုလို တိုးတိတ်သွားရကာ ...

"အင်း ... ဟိန်း ငါပါ ဟိန်းရယ်၊ ငါ့ကို နောက်ထပ်ဆယ့်ငါးရက်လောက် အချိန်ပေးပါ သူငယ်ချင်းရယ်၊ နင်ချိန်းတာ ငါးရက်ပဲ လိုတော့တယ်၊ ဒီငါးရက်အတွင်းမှာ ငါ ဘယ်လိုမှ ငွေရှာလို့ရမှာမဟုတ်ဘူး၊ ငါ မီးခံသေတ္တာသော့ကိုရှာတာ ဘယ်လိုမှ ရှာမတွေ့သေးဘူး၊ ဟိုလူကြီး အလစ်ကို ရှာနေရတာမို့လို့ နောက်ထပ်ဆယ့်ငါးရက်လောက်တော့ အချိန်ပေးပါဟာ နော် သူငယ်ချင်း"





"ဟာကွာ ... လင်းကလည်း ကိုယ်ပိုင်ကုမ္ပဏီကြီးပိုင်ဆိုင်ထားတဲ့ သူဌေးမကြီးဖြစ်ပြီ၊ ပိုက်ဆံကို ခိုးကြောင်ခိုးဝှက်ရှာဖွေနေရတာ ဘယ်ကောင်းမလဲ၊ မင်း မီးခံသေတ္တာသော့က မင်းယောက်ျားကိုမေးမှပေါ့၊ သူက ဆရာကြီးပဲ၊ သူသိမ်းထားတာကို ပြောင်ပဲဖွင့်မေးလိုက်ပေါ့ကွာ၊ လင်းအတွက် ဒီသိန်းငါးရာက ဒွေးချေးပါကွာ၊ ယောက်ျားကလည်း စင်ကာပူမှာ ကုမ္ပဏီတစ်ခု မြန်မာနိုင်ငံမှာ ကုမ္ပဏီတစ်ခု၊ မင်းပိုင်ကုမ္ပဏီတစ်ခု သုံးခုကြီးတောင်ကွာ၊ မင်းအတွက် တစ်လဝင်ငွေက အလောဖောလောပါ၊ ဒီငွေကြေးလောက်ကတော့ မင်းယောက်ျားက မမှုပါဘူးကွာ"

"ဟာ ... ဒီသိန်းငါးရာသာကြားရင် ငါ့ကိုသတ်ပစ်မှာအရှင်ထားမှာမဟုတ်ဘူး၊ ပြီးတော့ သူက ဦးကပ်စီးကြီး၊ ငါနှင့်ဆီမှာတင်တဲ့အကြွေးကလည်း ဖဲကြွေးဆိုတော့ သူ ငါ တောင်းမှာကို ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး၊ ငါ သူ့ကိုကြောက်တယ် ဟိန်း၊ ငါ သူ့ကို ပြောင်ဖွင့်မပြောရဲလို့ ငါ့ကို သူ စာမေးပွဲအောင်တုန်းက ဆုချထားတဲ့ စိန်လက်စွပ်ကလေးကိုလည်း ငါ ရှာနေတယ်၊ တွေ့မှာပါ၊ အဲဒီလက်စွပ်ကလေးက နှစ်ရာတန်တယ်၊ ကျန်တဲ့သိန်းငါးဆယ် ကတော့ ငါ့အသိဆီက ဆွဲပေးလိုက်ရင်ရမါတယ်၊ ကျန်တဲ့ သိန်းနှစ်ရာငါးဆယ်ကတော့ လပိုင်းလောက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ဆိုင်းထားပါလို့ တောင်းပန်ပါတယ် ဟိန်းရယ်နော်”

စတာလေး ...

ဟိန်းကို တောင်းတောင်းပန်ပန်ပြောရင်း ဝမ်းနည်းအားငယ်စွာဖြင့် မျက်ရည်များစီးကျလာခဲ့သည်။

တစ်သက်နဲ့တစ်ကိုယ် ဘယ်သူ့ကိုမှ အောက်ကျနောက်ကျ မပြောခဲ့ဖူးတဲ့ သူမ အခုတော့ ကိုယ့်မိုက်ပြစ်နဲ့ကိုယ် ချောင်ပိတ်မိပြီး ဒုက္ခရောက်ခဲ့ရတာကို ဟိုလူကြီးသာသိသွားခဲ့ရင် ...။

အို ...

အတွေးထဲမှာတောင် သူမနှလုံးသားတွေ ရပ်တန့်မတတ် ကျင်ခဲအေးစိမ့်သွားတော့သည်။

ဒီအကြောင်းတွေသာ သိလိုက်ရင် ဟိုလူကြီးက မျက်လုံးစိမ်းကြီးနှင့် သူမကို ပါးတွေနားတွေများ ဆွဲရိုက်မလား၊ ဒါမှမဟုတ် လည်ပင်းထညှစ်ပြီး ဆေးရုံကိုပဲ ပို့လိုက်လေမလား။

တစ်ခုခုလုပ်မှာတော့ သေချာသည်။

အို ... ဟင့်အင်း ... ဟင့်အင်း ... ဒီကိစ္စကို သူသိလို့မဖြစ်။ သူသိရင် သူမကို တစ်ခုခုလုပ်မှာ။

“ကျွတ် ... လင်း ... မင်းဟာကလည်း ဘာမှ မကျိန်းသေလိုက်တာ၊ ဝေ့လည်ကြောင်ပတ်ကြီး၊ လင်း ... မင်း





ငါ့ကို မဝေ့နဲ့နော်၊ ငါ လုံးဝ လက်ခံမှာမဟုတ်ဘူး၊ သူငယ်ချင်း အချင်းချင်းမှာ ငွေကြေးမခင်ဘူးနော်၊ ဒီမှာ လင်း ငါ ပြောတာ အသေအချာနားထောင်၊ နင့်မှာ ကား ရှိတယ်မဟုတ်လား၊ အဲဒီကားကို စီးထွက်လာပြီး ငါ့ကို လွှဲပေးလိုက်ရုံပဲ၊ ဘာပြဿနာရှိလဲ၊ ငါ နောက်သုံးရက်ပဲ စောင့်နိုင်တော့မယ် လင်း”

ကြည့်စမ်း ...

ဟို လွှန်ခဲ့တဲ့ ဆယ်ရက်ကျော်ကျော်တုန်းကတော့ ရပါတယ် လင်းရယ် နောက်မှပေး၊ နင်က သူဌေးပဲ၊ သူဌေးကတော်ပဲဆိုပြီး ချိုချိုကလေးနဲ့ သူမ ပိုက်ဆံတွေကို ရေနှုးယူသွားခဲ့တာ။

အခုတော့ ...

အို ... သူမ အသုံးမကျလို့ အခုလိုဖြစ်ရတာ။

ဒီအကြောင်းတွေကို သူ သိသွားခဲ့ရင် ပြဿနာအကြီးအကျယ်တက်သွားတော့မှာ။ အဲဒီပြဿနာကြီးကို သူမ တုန်လှုပ်စွာ ရင်မဆိုင်ဝံ့ချေ။

ဟိန်းကိုပဲ နားလည်အောင် အမျိုးမျိုးတောင်းပန်ထားမှ။

သူမ ရင်ထဲက မာနကလေးတွေကို နှိမ်ချပစ်လိုက်ကာ ဟိန်းကို အသံကလေးတိုးတိုးနဲ့ပဲ တောင်းပန်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိန်းရယ် ငါ တောင်းပန်ပါတယ်၊ နောက်ထပ် ဆယ့်ငါးရက်လောက်တော့ ငါ့ကို စောင့်ပါ၊ ဆယ်ငါးရက်ဆို အားလုံးလျှော့ခနဲ အေးဆေးအဆင်ပြေသွားမှာ၊ ငါ့ကားက တစ်ထောင်လေ၊ နင့်ကို ဘယ်ပေးလို့ ဖြစ်မလဲ၊ နင်က ကျန်တဲ့ငွေကို ပြန်အမ်းနိုင်မှာမို့လို့လား၊ ငါ့ကို စိတ်ချစမ်းပါ၊ ငါ့မှာ ကိုယ်ပိုင်စိန်တွေ အများကြီးရှိတယ်၊ အဲဒါ မီးခံသေတ္တာသော့ရရင် အိုကေပြီ"

"နေပါဦး နင်က နင့်ယောက်ျားကိုတော့ ကြောက်ပြီး သူစိမ်းဖြစ်တဲ့ ငါ့ကိုရော ကြောက်ဖို့စိတ်မမွေးမွောဘူးလား၊ ငါက ပိုက်ဆံကိုချိန်းထားတဲ့ရက် ရမှနော် လင်း"

"ဘာ ... ဟိန်း၊ နင် ဘာစကား ပြောတယ်"

"အဟား ... ယောက်ျားကြောက်တဲ့စိတ်ကလေးကို လျှော့ဖို့ပြောတာပါ၊ ဘာဖြစ်လဲ နင့်ယောက်ျားကို ပြောင်ဖွင့်ပြောပြီး နင့်ငွေ နင်တောင်းပေါ့၊ နင့်မှာရှိတဲ့ ပစ္စည်းက နင့်ပစ္စည်းပဲ၊ သူ့ပစ္စည်းမှမဟုတ်တာ၊ ဒီလောက်တောင် ယောက်ျားကြောက်ရတယ်လို့ လင်းရယ်"

"ငါ့ဘက်က အမှားလုပ်ထားလို့ ယောက်ျားကို ကြောက်တာ ဘာဖြစ်လဲ၊ ငါ့ကိုကမှားတာပါ၊ မြှောက်ထိုးပင့်ကော်သူငယ်ချင်းမပီသတဲ့ လူတွေရဲ့စကားကို နားယောင်သွား





တာ၊ ငါ သိပ်မှားသွားပြီ၊ နောက်နောင် နင်တို့နဲ့လည်း လုံးဝမပတ်သက်စေရတော့ဘူး၊ ဒီမှာ ဟိန်း ... နင့်ပိုက်ဆံကို တစ်ပတ်အတွင်း ရစေရမယ်၊ ဒီကြားထဲမှာ နင် ငါ့ကို လုံးဝ မဆက်သွယ်ပါနဲ့၊ ငါ့ယောက်ျားကိုလည်း လုံးဝ မသိစေနဲ့၊ ငါ့ဘာသာ ဖြေရှင်းပေးမှာပဲ"

"အိုခေ ... ကြိုက်သွားပြီ ... ဟား ဟား"

ဟိန်းက လိုချင်တာရသွားတဲ့ ကလေးတစ်ယောက်လို အူမြူးရယ်မောလိုက်ပေမယ့် သူမကတော့ နှုတ်ခမ်းသားလေးကို ဖိကိုက်ပြီး ဝမ်းနည်းလွန်းလို့ မျက်ရည်တွေစီးကျလာခဲ့သည်။

ကျွန်မ သိပ်မှားသွားခဲ့ပြီ ဦးနေစွမ်းတည်သာရယ်။ ရှင့်ကို အရွဲ့တိုက်ချင်စိတ်နဲ့ ကျွန်မ ပိုက်ဆံကို တစ်ထိုင်တည်းနဲ့ တစ်ပုံတည်း ဖြုန်းပစ်ခဲ့တာ၊ ကျွန်မလောက်မိုက်တဲ့မိန်းမ မရှိတော့ဘူး၊ ကျွန်မကို ခွင့်မလွှတ်ပါနဲ့ ခွင့်မလွှတ်ပါနဲ့ရှင်။

စတာလေး ရင်ထဲက ...

အပူသောကတွေကို စတာလေးတစ်ယောက်တည်း ကြိတ်မှိတ်ခံစားရင်း ဖုန်းကလေးကို ဖျတ်ခနဲ ပိတ်ပစ်လိုက်ပြီး တစ်ယောက်တည်း အံကြိတ်ကာ ရှိုက်ငိုကြွေးလိုက်ပါတော့သည်။

သူမလောက်မိုက်တဲ့သူ ဒီကမ္ဘာလောကကြီးမှာ ရှိမှာမဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူမလေး ငိုရှိုက်သံလေးတွေကို အမှောင်ထဲက ကြားနေရသည့် နေ့စွမ်းတည်သာကတော့ ဖြေမဆည်နိုင်အောင် ဝမ်းနည်းကြေကွဲသွားပါတော့သည်။

စတာလေးရယ် ... မင်း ... မင်း မိုက်လိုက်တာကွာ။ မင်း ဒီလောက်အထိ မိုက်လိမ့်မယ်လို့ ကိုယ် ထင်မထားခဲ့ဘူး။ ဒီသိန်းငါးရာဆိုတဲ့ တန်ဖိုးကြီးကို မင်းတစ်ပုံတည်းထိုင်ဖြုန်းပစ်ခဲ့တာ ငါ ရင်နာတယ်။ ရင်နာတယ်ကွာ။

အန်တီကြီးရယ် ... အန်တီကြီးတူမ အမိုက်မရဲ့ လုပ်ရပ်တွေကို ထကြည့်စမ်းပါဦးဗျာ။

သူ့ရင်ထဲမှာ ...

ဘယ်လိုကြီးခံစားလိုက်ရမှန်း မသိတော့ဘဲ အရုပ်ကြိုးပြတ်ကြီး စတာလေး ခုတင်ဘေးမှာ ဒူးကြီးထောက်ထိုင်ချရင်း မျက်ရည်တွေ စီးကျလာသည်အထိ ကြေကွဲဆို့နင့်သွားတော့သည်။ ဦးခေါင်းကြီးတစ်ခုလုံးလည်း ချာလည်လည်သွားသလို မူးနောက်နောက်အသိကြီးကို ခံစားရပြီးနောက် စတာလေး နာမည်လေးကို အော်ခေါ်လိုက်တာကိုပဲ နောက်ဆုံး သိလိုက်ရတော့သည်။

လောကကြီးတစ်ခုလုံး မှောင်မိုက်တိတ်ဆိတ်သွားခဲ့ရလေပြီ။

❤ ✣ ❤





အို ... ဦးတည်ရယ်။

ကျွန်မ ... ကျွန်မကြောင့် ရှင် အခုလိုဖြစ်ရတာ။

ကျွန်မ ဘယ်လိုမှ ဖြေလို့မရတော့ဘူး။

ရှင်သာ အန်တီကြီးလို ဖြစ်သွားခဲ့ရင် ...

အို ... ကျွန်မ ရှူးမှာ၊ ရှူးမှာ သိလား။

"အဟင့် ... ဟင့် ... ဟင့် ... ဦးတည် ... ဦးတည် သတိရပါတော့ရှင်"

ခုတင်ကြီးပေါ်မှာ ပက်လက်ကြီး သတိလစ်နေသည့် ဦးတည်ကိုကြည့်ပြီး သူမ စိတ်မထိန်းနိုင်တော့ဘဲ ငိုချလိုက်တော့ ဦးတည် သူငယ်ချင်း ဆရာဝန်က ဘာကိုသဘောကျသွားသည်မသိ တဟားဟား ရယ်ချလိုက်ပါတော့သည်။

"ဟား ဟား ဟား ..."

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်းပါဦးဗျာ၊ ယောက်ျားကိုချစ်တတ်လိုက်တာ တကယ်လက်တွေ့ကျ သိပ်ချစ်သွားပြီ သိပ်စိုးရိမ်သွားပြီ ပေါ့ ဟုတ်လား"

"ဟင် ... ဟို ... သူ့အခြေအနေ ဘယ့်နှယ်လဲဟင်"

"ဘာမှ မဖြစ်ပါဘူး၊ အလုပ်တွေ နေ့မနားညမနားလုပ်ပြီး ဇနီးလေးကို Billionarier ကြီးဖြစ်အောင် လောဘကြီးလွန်း လို့ သွေးပေါင်ကျပြီး သတိလစ်သွားတာပါ၊ ဘာမှ မစိုး ရိမ်ပါနဲ့၊ သိပ်မကြာခင် ပြန်သတိရလာမှာပါဗျာ"

ဦးတည် သူငယ်ချင်းက အပြုံးစွွန်းနေတဲ့ မျက်နှာ ကြီးနဲ့ပြောလာခဲ့ပေမယ့် စတာလေး ရင်ထဲမှာ ဦးတည်အတွက် စိုးရိမ်သွားသည့်ခံစားမှုတွေက ပျောက်မသွားခဲ့သေးချေ။

တကယ်ပင် ဦးတည်မှာ ဘာနှလုံးရောဂါမှမရှိဘူး ဆိုတာ သိလိုက်ရလို့ ရင်ထဲပေါ့ကျသွားတာလေးပဲရှိသည်။

အို ... ငါ ဘာဖြစ်လို့ ဦးတည်အတွက် ဒီလောက် အစိုးရိမ်လွန်သွားခဲ့ရတာလဲ။ ဦးတည်ဟာ ငါ့ရဲ့အခဲမကျေဆုံးသော ရန်သူ။ ငါ သူ့အတွက် ဘာမှ စိုးရိမ်ခံစားပေးစရာမလိုဘူးလေ။

ဒါပေမဲ့ ...

သူမ နှလုံးသားထဲကနေ ဦးတည်ကို အနွေးထွေးဆုံး အနက်ရှိုင်းဆုံးစိုးရိမ်သွားခဲ့တာကြီးက ဦးတည်အတွက် ကံအကောင်း ဆုံး မျှော်လင့်ချက်ကြီးရသွားသလိုများ ဖြစ်သွားခဲ့ပြီလား။





ငယ်ငယ်ကတည်းက သံယောဇဉ်တွယ်တာလာရတဲ့ လူတစ်ယောက်ကို ဆုံးရှုံးသွားရင်ဆိုတဲ့ စိုးရိမ်စိတ်တွေက သူမ နှလုံးသားထဲကို နှသက်စွာ စီးဝင်သွားခဲ့လေတော့သည်။

ပြီးတော့ ဦးတည် အခုလိုဖြစ်ရတာ သူမနှင့် ဟိန်း တို့ပြောနေတဲ့ စကားတွေကို ကြားပြီးဖြစ်ခဲ့ရတာမို့ သူမ ဦးတည် ကို သနားကြင်နာသွားခဲ့ရတာ မျက်ရည်တွေ အတောမသတ် ကျနေခဲ့တာဖြစ်သည်။

"ဟာ ... ဒုက္ခပါပဲဗျာ၊ ညည်းယောက်ျား ဘာမှ မဖြစ်ဘူး၊ တော်ကြာ သတိရလာမှာပါ၊ ကလူးကို့စ်ကို လက်နှစ်ဖက် စလုံး ချိတ်ပေးလိုက်မယ်၊ အဲ အဲ ... ပြောရင်းဆိုရင်း ညည်း ကိုကိုတော်ကြီး သတိရလာပါပြီဗျာ"

"ဟင်"

စတာလေးက မျက်ရည်တွေစီးကျနေတာလေးကို လက်ကလေးဖြင့် ဖိသုတ်ပြီး ဦးတည်မျက်နှာကြီးကို စိုးရိမ်တကြီး လှည့်ကြည့်လိုက်မိသည်။

အို ...

ဦးတည်ရဲ့အကြည့်တွေက သူမ နှလုံးသားလေးကို ဖိန့်ဖိန့်တုန်ကျောချမ်းသွားရလောက်အောင် စူးရှနက်ရှိုင်းလွန်းတာ မို့ သူမ ဘာစကားမှ မပြောမိတော့ဘဲ မျက်လွှာလေးချ ငြိမ်သက် သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ စိုးရွံ့စွာ ဦးတည်ရဲ့အကြည့်ကြီးကို အလန့်ကြီးလန့်ပြီး ငြိမ်သက်ငေးမောနေတာကို သူ့သူငယ်ချင်းက တစ်ချက်မြင်သွားပြီး အာမြဲကြီးနှင့် အော်လာပြန်သည်။

"အမယ်လေး ... ခဏလေးသတိလစ်သွားတာပါကွာ ဒီလောက်လည်း မိန်းမကို လွမ်းပြမနေပါနဲ့၊ အဟားဟား ... ဒီနှစ်ယောက်ကတော့ ချစ်တာစံပဲ၊ တစ်ယောက်ကလည်း သွေးအားနည်းပြီး သတိလစ်သွားတဲ့ယောက်ျားကို အစိုးရိမ်လွန်ပြီး ငိုလိုက်တာဗျာ၊ မျက်ရည်တွေ ဂဏန်းကို့စ်တစ်ပုလင်းလောက်ရတယ်"

ဦးတည် သူငယ်ချင်းက ဦးတည် သူမကို ကြည့်တဲ့အကြည့်တွေကို ဘာမှမသိဘဲ ပြောချလိုက်တာဖြစ်ပေမယ့် စတာလေးမျက်နှာလေး ရွှေးခနဲ ပူသွားသည်အထိ စိတ်ထဲမှာ ရှက်ရွံ့ရင်ဖိုသွားခဲ့သည်။

ပြီးတော့ ...

ဦးတည် မျက်နှာကြီးကို ရဲရဲရင်ဆိုင်မကြည့်ရဲတော့ဘဲ ခေါင်းကလေးကို ငုံ့ချလိုက်ကာ အပြစ်ရှိသူပီပီ ရေငုံနှုတ်ပိတ်ဘာကစားမှမပြောတော့ဘဲ အခန်းထဲက စားပွဲဆီသို့ တိတ်တိတ်လေးလျှောက်သွားပြီး ဆိုဖာကြီးမှာ ခပ်ငြိမ်ငြိမ်ကလေး ထိုင်နေလိုက်သည်။





သူနှင့် သူ့သူငယ်ချင်း စကားပြောသံတွေကိုလည်း စတာလေး အာရုံထဲမှာ မဝင်တော့။

သူ့ရဲ့ မကြည်လင်သည့် မျက်လုံးအကြည့်ကြီးကို ကြောက်ရွံ့ရင်ခုန်စွာဖြင့် သူနှင့် ရင်ဆိုင်ရမယ့် အချိန်ကိုပဲတွေးပြီး ရင်တထိတ်ထိတ်ဖြင့် မွန်းကျပ်နေခဲ့သည်။

စတာလေး ...

ဦးတည်ကို ရင်ဆိုင်ရမှာ အလန့်ကြီးလန့်နေခဲ့ပေမယ့် သိပ်မကြာသည့်အချိန်မှာပဲ ဆရာဝန် ပြန်သွားပြီးသည်နှင့် ရင်ဆိုင်ရမယ့်အခြေသို့ ရောက်လာရပါတော့သည်။

ဆရာဝန် ပြန်သွားပြီးသည်နှင့် စိတ်ကြီးလျှော့ချသွားပုံဖြင့် မျက်လုံးကြီးတွေ ခပ်တင်းတင်း မှိတ်ချသွားသည့် ဦးတည် မျက်နှာချောချောကြီးကို ရင်တထိတ်ထိတ်ဖြင့် ငေးကြည့်ရင်း ကိုယ့်အဖြစ်ကိုယ် ဝန်ခံဖို့ သူအိပ်နေတဲ့ ခုတင်ကြီးဆီသို့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့မိသည်။

အို ...

စတာလေး သူ့ကို မှားတဲ့အမှားတွေကို ဝန်ခံတောင်းပန်တော့မည်။

သူ့ရဲ့အပြစ်တင်ငြူစူကြိမ်းမောင်းမှုကို မျက်ရည်လည်ရွှဲ ခေါင်းငုံ့ခံရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး … ဦးတည် စတာလေးကို ဘယ်လောက်အထိ စိတ်နာသည်မသိ။

သူ အိပ်နေသည့် ခုတင်ကြီးပေါ်မှာ စတာလေး တင်ပါးလွှဲလေးထိုင်ချလိုက်တာကို လုံးဝ အရေးစိုက်မော့မကြည့်လာသည့် ဦးတည်ရဲ့ လျစ်လျူပြုနိုင်ပုံကြီးကိုကြည့်ပြီး စတာလေး ရင်ထဲ ဘယ်လိုဝမ်းနည်းသွားမှန်းမသိအောင် ဆို့နင့်ကြေကွဲသွားပါသည်။

ဒါပေမဲ့ စတာလေး သူ့ကို ခခယယ အသံကလေး ဖြင့် ခပ်တိုးတိုးလေး ခေါ်လိုက်မိသည်။

"ဦးတည်"

စတာလေး ခေါ်နေတာကို လုံးဝပြန်မထူးဘဲ မျက်မှောင်ကြီးကြုတ်ကာ ငြိမ်သက်နေသည့် ဦးတည်မျက်နှာချောချောကြီးကို ငေးကြည့်ပြီး စတာလေး စိတ်မထိန်းနိုင်တော့ဘဲ အင့်ခနဲ ရှိုက်ငင်ငိုကြွေးလိုက်ပါတော့သည်။

စိတ်ထဲမှာလည်း နောက်ကျိရှုပ်ထွေးသွားကာ ရှုံးမှုံးရှုံးသွားရင် ကောင်းမှာပဲလို့ ရှုံးရှုံးမိုက်မိုက် တွေးလိုက်မိသေးသည်။

တကယ်ပင် ဦးတည် သူမကို စိတ်နာသွားခဲ့ပြီဖြစ်သည်။

"ဦးတည်"

"……"





"ခေါ်နေတာကို ဦးတည် … အဟင့် … ဟင့် … ဟီး"

စတာလေး …

ရှက်လည်းရှက်မနေနိုင်တော့ဘဲ ဦးတည်မျက်နှာကြီးကို ဆွဲခါယမ်းပစ်လိုက်ပြီး သူမ မျက်နှာလေးကို ငုံ့ချပစ်လိုက်ကာ သူ့ရင်ခွင်ကျယ်ကြီးထဲမှာ မျက်နှာကလေးအပ်လျက် ကြေကွဲဆို့နင့်စွာ ဝမ်းနည်းပက်လက် ငိုချလိုက်မိပါတော့သည်။

"ဟာ … ဒါ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲကွ"

"ဦးတည်"

"ငါ့ရင်ခွင်ထဲက အခုထွက်စမ်း"

ဦးတည်က …

အကြမ်းပတမ်းကြီးပင် သူ့ရင်ခွင်ထဲမှာ တိုးဝင်ငိုရှိုက်နေသည့် သူမ မျက်နှာလေးကို ဆွဲခါယမ်းပင့်ထုတ်လိုက်လျှင် သူမက မရှက်နိုင် မကြောက်နိုင်တော့ဘဲ သူ့ကိုယ်လုံးကြီးကို ကျစ်ကျစ်ပါအောင် ဆွဲဖက်ထားလိုက်ပြီး အသည်းအသန် ငိုချလိုက်ပါတော့သည်။

မှားခဲ့မိသည့်အမှားကြီးအတွက် ဦးတည် ခွင့်လွှတ်ကျေနပ်တဲ့အထိ သူမ တောင်းပန်ရမည်ဖြစ်သည်။

သူ ရိုက်ရိုက် ပုတ်ပုတ် သူမကတော့ အောက်ကျနောက်ကျတောင်းပန်မှာပဲ။

"ဟာ … ထ … ထစမ်းပါ၊ ငါ တယ် …"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဦးတည်နော် စတာလေးကို"

"ထစမ်းပါဗျာ၊ ကျုပ် မင်းကို လုံးဝစကားပြောချင်စိတ် မရှိတော့ဘူး စိတ်ကုန်တယ်၊ စိတ်အရမ်းကုန်တယ်၊ သွား သွား ... မင်းအခန်း မင်းပြန်အိပ်တော့၊ ငါ သိပ်စိတ်ရှုပ်မခံ နိုင်ဘူး၊ ငါ့ကို ဒီလောက်နှိပ်စက်ရရင် မင်း ကျေနပ်ပါတော့"

ဦးတည်က အသံတုန်တုန်ကြီးဖြင့်ပြောပြီး မျက်နှာ ကြီးကို တစ်ဖက်သို့ လွှဲသွားလိုက်သဖြင့် သူမ ဦးတည် ကိုယ် ခန္ဓာကြီးကို ပွေ့ဖက်ထားရာမှ ဦးတည် လက်မောင်းအိုးကြီးကို ဆုပ်ကိုင်ရင်း မျက်ရည်လေးတွေ စီးကျလာခဲ့သည်။

သူမ မျက်ရည်လေးတွေ စီးကျပြီး ငိုကြွေးနေခဲ့တာ ကို လုံးဝ လျစ်လျူပြုကျောခိုင်းထားသည့် ဦးတည် မျက်နှာကြီး ကိုလည်း တစိမ့်စိမ့်ငေးကြည့်ရင်း စတာလေးမှားခဲ့သည့် အမှားတွေ ကို ရှိုက်ရှိုက်ကြီးကြီး၊ ဒူးဖက်တောင်းပန်လိုက်မိပါတော့သည်။

"မဟုတ်ဘူး၊ ဦးတည် စတာလေးကို အထင်လွဲနေတာ၊ ဦးတည်ကို စတာလေး အခုချိန်မှာ ဘာမှ မနှိပ်စက်ရက် တော့ပါဘူး၊ စတာလေး ... စတာလေးကြောင့် ဦးတည် စိတ်ဆင်းရဲရမယ့် အဖြစ်တွေကိုလည်း မလိုလားတော့ပါဘူး ဦးတည်ရယ်။ စတာလေးကို ခွင့်လွှတ်ပေးပါနော်၊ တစ်ကြိမ် တစ်ခါမှားခဲ့မိတဲ့ စတာလေးအမှားတွေကို ခွင့်လွှတ်ပေးပါ လို့ နော်"





"ဩော ... အခုချိန်မှ မနှိပ်စက်တော့ဘူး ဟုတ်လား၊ နှိပ် စက်လို့ အားရပြီးမှကိုးကွ၊ မင်း ... မင်း တော်ပြီကွာ၊ ငါ ထပ်ပြီး ရောဂါအဖြစ်မခံနိုင်ဘူး"

"အဟင့် ... ဟင့် ... ဟင့်"

"တော်ပြီကွာ"

"ဟင့်အင်း ... စတာလေး ဦးတည်အပေါ် မှားခဲ့တဲ့ အမှား တွေကို ရှိခိုးတောင်းပန်ပါတယ်၊ စတာလေး မိုက်ခဲ့တဲ့အဖြစ် တွေကို ခွင့်လွှတ်ပေးပါနော်၊ စတာလေး နောက်တစ်ခါ ဒီလို လောင်းကစားမျိုးကို ဘယ်တော့မှ မလုပ်တော့ပါ ဘူးလို့ ကတိပေးပါတယ် ...

စတာလေးဆိုးခဲ့လို့ အန်တီကြီး တစ်ယောက်လုံး အသက်သေဆုံးပြီးပါပြီ၊ အခု ဦးတည် စတာလေးကြောင့် ဒုက္ခရောက်မယ့်အဖြစ်ကြီးကို စတာလေး တွေးတောင်မတွေး ဝံ့ဘူး၊ ဦးတည်ကို စတာလေး အဆုံးရှုံး မခံနိုင်တော့ဘူး၊ စတာလေးမှာ အားကိုးစရာဆိုလို့ ဦးတည် တစ်ယောက် တည်းပဲ ရှိတော့တာပါ ဦးတည်ရယ်"

ဟင် ... ပြောတတ်လိုက်တဲ့ ဟာမလေး။

အသည်းနှလုံးကြီး အင်မတန်နုနယ်လှန်းသည့် သူ့ အဖို့ "ဦးတည်ကို စတာလေး အဆုံးရှုံးမခံနိုင်တော့ဘူး"ဆိုတဲ့ စကားလုံးသစ်ကလေးနဲ့တင် မိန့်မိန့်မူးမူးကြီး ခံစားလိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက သူမလေးအပေါ် ငြိငြင်ဒေါသတွေလည်း ဝေါခနဲ ပြန်ကျသွားရလေတော့သည်။

အဲဒီလောက်အထိ စတာလေးကို သူ အသည်းစားချစ်ခဲ့ရတာ။

အသည်းကလေး ...

အမိုက်မလေး ...

သူ့ကို အရွဲ့တိုက်ချင်စိတ်ဖြင့် လောင်းကစားလုပ်ပြီး အရှုံးခံလိုက်တာ သိန်းငါးရာဆိုတဲ့ဂဏန်းကြီးအထိ မိုက်မိုက်ကန်းကန်း အရှုံးခံလိုက်တဲ့ကောင်မလေးကို သူ ချစ်လွန်းလို့သာ တစ်ကြိမ်တစ်ခါ ဖွတ်မိုတ်ပြီး လက်မြှောက်အရှုံးပေးရမှာ။

အန်တီကြီးသာ သူ့တူမ မိဆိုးလေးအကြောင်း သိလိုက်ရရင် ဘယ်လောက် ရင်ကွဲပက်လက်ဖြစ်လိုက်မလဲ။

သူမလေးနဲ့ သူ့ရဲ့ ပယောဂကြောင့် အန်တီကြီး ရုတ်တရက် ဆုံးပါးသွားခဲ့တာကြီးကို သူ သတိရသွားကာ မျက်ရည်တွေ ပါးပြင်ပေါ်မှ တစ်လိမ့်ချင်းစီးကျလာခဲ့တော့သည်။

သင်းလေးကြောင့် အန်တီကြီး အခုလိုဖြစ်ရတာ။

အပြစ်ပုံချမယ်ဆိုရင် သူမလေးက အဓိကတရားခံအစစ်။ အခုလိုအပြစ်တွေဖြစ်ခဲ့တာကြီးကို လုံးဝ ခွင့်လွှတ်ချင်စိတ်မရှိခဲ့ပေမယ့် သူ့ကို ရှိုရှိုကျိုးကျိုးကလေး ခုတင်အောက်မှာ ရှိုးတောင်းပန်နေသည့် ချစ်မိန်းမကို မြင်ရပြန်တော့လည်း ခွင့်မလွှတ်





ချင်လို့ ဆွဲမထုတ်ဘဲ လျစ်လျူပြုထားသည့် ရင်ထဲက အတ္တတွေ ကွာကျသွားခဲ့ရလေပြီ။

သူ ဘယ်လိုမှ မနေသာတော့ဘဲ သူမလေးလက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲပြီး ရင်ခွင်ထဲ အားအင်ကြီးကြီး ဆွဲသွင်းပွေ့အပ်ပစ်လိုက်ရင်းက ရင်ထဲက နာကျင်ကြေကွဲသံကြီးဖြင့် ဆိုလိုက်မိသည်။

"ဟင် ... မင်းလုပ်သမျှ အမှားတွေအတွက် အခုမှ ထိုင်ရှိခိုးမနေနဲ့ အလကားပဲ၊ မင်းလုပ်ခဲ့တဲ့ အရာတိုင်းဟာ အမှားတွေချည်းပဲ၊ ခွင့်လွှတ်လို့မရတဲ့ အမှားတွေချည်းပဲ၊ မင်းလုပ်ရပ်ကြောင့် အန်တီကြီး ခံစားပြီးသေစေခဲ့သလို ငါ့ကို နောက်ထပ်,ထပ်ပြီး သေစေချင်သေးလို့လား ဟင်"

"အို"

သူမ မျက်နှာကလေး သွေးဆုတ်ဖြူလျော်သွားသည်အထိ ကြေကွဲရိပ်တွေ ဖုံးလွှမ်းသွားလေသည်။

မပြောရက်ပါ။ တကယ်ဆိုရင် ဒီစကားတွေကို အခုလိုကြီး ဖွင့်ပြောလောက်တဲ့အထိ မပြောရက်ပါ။

ဒါပေမဲ့ ...

သူမ ဆိုးသွမ်းခဲ့လို့ အန်တီကြီး အခုလိုဖြစ်သွားခဲ့သလို သူလည်းပဲ ကံကောင်းထောက်မစွာဖြင့် သွေးတိုးမရှိဘဲ မူးလဲကျသွားလို့ အသက်မသေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



သွေးတိုးသာရှိမယ်ဆိုရင် အခုလောက်ဆိုရင် သူမရင်ခွင်ထဲကနေ ထွက်ပြေးတိမ်းရှောင်ပေးရတော့မယ့်အဖြစ်။

"အဲဒီလိုကြီးတော့ မစွပ်စွဲလိုက်ပါနဲ့ ဦးတည်ရယ်၊ လောကကြီးမှာ ရပ်တည်နေကြတဲ့ လူသားတိုင်းဟာ ဖြစ်ချိန်တန်လို့ ဖြစ်ကြတဲ့လူတွေနဲ့ ပျက်ချိန်တန်လို့ ပျက်ကြတဲ့လူတွေ ဒီနှစ်မျိုးနှစ်စားပဲရှိကြတာပါ"

"ဒါပေမဲ့ အဲဒါကို ဖန်တီးတွန်းအားပေးတာက ကံပါပဲ၊ ဟုတ်တယ် ချစ်ရယ် ကိုကိုလည်း မင်း ဘာလုပ်လုပ် ဘယ်လောက်ဆိုးဆိုး ခွင့်လွှတ်သည်းခံပြီး ချစ်နေခဲ့ရတာ ဝဋ်ကြွေးရှိလို့ပဲ"

"အို ... ဒီအသုံးအနှုန်းတွေ မသုံးစမ်းပါနဲ့ ဦးတည်ရယ်။ ကျွန်မ စိတ်သောကရောက်လွန်းလို့ပါ၊ အန်တီကြီးကိုလည်း သိပ်သတိရတယ်၊ လောကကြီးမှာ ကျွန်မမှာ သွေးသားရင်းချာမရှိတော့ဘူးဆိုတဲ့ အားငယ်မှုကြီးက ကျွန်မကို ... အို ... အရမ်းခံစားရတယ် သိလား"

ငိုသံစွက်စွက်ကလေးဖြင့် သူ့ရင်ခွင်ကျယ်ကြီးထဲမှာ ခေါင်းကလေးမှေးမှီပြီး ငိုချပစ်လိုက်သည့် ချစ်ဇနီးလေးကို သူ ဘယ်လိုသနားကြင်နာသွားမှန်း မသိအောင် ချစ်ကြင်မြတ်နိုးသွားရကာ ဇနီးကလေးရဲ့မျက်နှာနုနုချောချောလေးထက် ချော့အနမ်းတွေ ခြွေချရင်း ရင်ခုန်သံနွေးနွေးတွေကို မိန့်မိန့်မူးမူးကြီး ယစ်မူးသွားရပါတော့သည်။





"သွေးသားရင်းချာ ... ဟုတ်တယ် ချစ်ရယ်၊ ကိုကိုလည်းလေ ကိုကို့ရဲ့သွေးလေးကို လောကကြီးမှာ ရပ်တည်စေချင်တယ်၊ ချစ် ကိုကိုတို့ စိတ်မကောင်းစရာတွေ မပြောပါတော့နဲ့ကွာ၊ အန်တီကြီးက ကိုကိုတို့ အခုလိုဘဝမျိုးကို ကောင်းကင်ဘုံကနေ ကျေနပ်နေမှာပါကွာ နော်၊ ချစ်ဘဝမှာလည်း သွေးသားရင်းချာမရှိတော့သလို ကိုကို့ဘဝမှာလည်း သွေးသားရင်းချာမရှိခဲ့ဘူး၊ ကိုကိုလေ ကိုကို့ရဲ့သွေးလေးကို မြင်ချင်ပြီကွာ"

သူက ကြင်နာသံတိုးဖွဖွကြီးဖြင့် ပူဆာလိုက်သလိုကြီး ဆိုလိုက်တာကို သူမလေးက ရှက်သွေးလေးစို့နေသည့် မျက်ဝန်းလက်လက်ကလေးဖြင့် စိုက်ကြည့်ပြီး သူ့ရဲ့ အကြင်နာမျက်ဝန်းတွေကို ခေါင်းကလေးငုံ့ကာ မျက်လွှာလေးချငြိမ်သက်လျက် သူ့ရင်ခွင်ကျယ်ကြီးထဲမှာ မျက်နှာလေး ပွေ့အပ်လိုက်လေသည်။

တစ်ခဏအကြာမှာ သူမက ရင်ထဲက နွေးမြလျက် တုန်ယင်သံကလေးဖြင့် ...

"ကိုကို"

"အား"

"ဟင် ... ဘာဖြစ်တာလဲ"

"ရင်ထဲမှာ လျှပ်စီးလိုင်း ရိုက်ခတ်သွားသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပူလောင်တယ်လား ကိုကို"

"ဟော့အေး ... ရူတတကြီး"

"ဟွန့် ... ကိုကိုနော် ဘာမှန်းလဲ မသိဘူး"

သူမက ခပ်နော့နော့အသံကလေးဖြင့် နှုတ်ခမ်းလေး စူပြီးပြောလိုက်လျှင် သူမလေးရဲ့ ထိုအမူအရာလေးကို ရင်ခုန် အသည်းယားသွားရကာ နုနုအိနှင်းဆီဖူးလေးကို သူ အနမ်းနွေး နွေးမြမြကြီးပေးအပ်ပစ်လိုက်သည်။

ချစ်တယ် မိန်းမရယ် ...။

မင်းကို ချစ်ခဲ့ရတဲ့အချစ်တွေက ဆယ်ဘဝကူးသွား တောင် မေ့နိုင်မှာမဟုတ်တော့ဘူးကွာ။

"အား"

သူ့ရဲ့အချစ်အနမ်းတွေက သူမလေးရဲ့ နွေးမြသည့် နှုတ်ခမ်းလေးဆီမှာ အချိန် ဘယ်လောက် ကြာမြင့်သွားသည် မသိ။

စူးခနဲ လက်မောင်းက နာကျင်သည့်အသိကြီးကြောင့် သူ မက်မောကြာရှည်စွာနမ်းခဲ့သည့် အနမ်းတွေ ယိမ်းယိုင်သွား တော့သည်။

"ဟာ ... အာကွာ ... ကိုယ့်ကို လိမ်ဆွဲတယ်"

"လိမ်ဆွဲမှာပေါ့လို့၊ ဒါပဲ သတိရနေတာ မုန်းတယ်"

"အဟွန်း ... ဟွန်း ... အသံလေးက နော့တယ်ကွာ"





သူက အချစ်ရည်များပြည့်နေသည့် မျက်လုံးအစုံ ဖြင့် ချစ်ဇနီးလေးကို ရှည်ကြာစွာညို့ရီစိုက်ကြည့်ပြီး ရင်ခွင်ထဲမှ ချစ်ဇနီးလေး စိတ်ခံစားချက်ကလေးကို ဖြည့်ဆည်းပေးချင်သည့် ဆန္ဒကလေးတွေဖြင့် မနေ့ကမက်သည့် အိပ်မက်ကြီးကို ဖွင့်ပြော လိုက်မိတော့သည်။

"ချစ် ... ညက ကိုကို အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ လေ အန်တီကြီးက ကိုကိုနဲ့ ချစ်တို့ဆီမှာ အတူနေချင်လို့ တဲ့ ပြောလာတယ်"

"ဟင် ... တကယ်၊ တကယ်ပြောတာလား ကိုကို"

"ရော် ... ကိုကိုက လိမ်ပြောပါ့မလားကွာ၊ ကိုယ်တို့ချစ် ခြင်းအတွက် ရင်သွေးလေးကို မွေးပေးပါလို့ တောင်းဆို ချင်ပါတယ် ချစ်လေးရယ်၊ ဒီရင်သွေးလေးဟာလည်း တခြားသူမဟုတ်ဘဲ အန်တီကြီးဖြစ်မယ်လို့ ကိုယ်ယုံတယ်"

"အဲဒါဆိုရင် ကိုကို ကျွန်မကို နားလည်ပေးမှာလားဟင်"

"အချစ်ရယ် ... ကိုကိုက မင်းဆန္ဒကို အမြဲလိုက်လျောပေးနေ ခဲ့ရတာပါပဲကွာ၊ ချစ်လေး ဘာလုပ်လုပ် ကိုကို ကျေနပ် တယ်၊ ဒါပေမဲ့ ဟိုကိစ္စမျိုးကိုတော့ ကိုကို ခွင့်မလွှတ်ဘူး နော်၊ ဒီတစ်ကြိမ်ပဲ၊ ဒါတောင် အသည်းလေးကို သိပ်ချစ် လွန်းလို့ ခွင့်လွှတ်လိုက်တာနော်၊ ချစ်ဆန္ဒကို ကိုကို

www.burmeseclassic.com



လိုက်လျှောပေးသလို ကိုကို့ဆန္ဒကိုလည်း လိုက်လျှောပေးရမယ်၊ ကိုကို့ကို သားသားလေးဖြစ်ဖြစ် ...”

“ဟင့်အင်း ... ကိုကိုရယ်၊ ကျွန်မ ... ကျွန်မ နားရှက်တယ်”

“မရှက်ရဘူးလေ၊ ဒါ အိမ်ထောင်သည်တိုင်းရဲ့ နွေးထွေးတဲ့ စကားသစ်ကလေးပဲလေ၊ ချစ် ကိုယ့်ကို တကယ်ချစ်တယ်ဆိုရင်တော့ ကိုကို့ရဲ့ရင်သွေးလေးကို လူ့လောကထဲရောက်အောင် မွေးဖွားပေးပါလို့ တောင်းဆိုချင်ပါတယ်ကွာ”

ချော့မြှူသလိုကြီးတောင်းဆိုလိုက်သည့် သူ့ကိုယ်သူ နည်းနည်းရှက်သွားမိပေမယ့် ရင်ခွင်ထဲက နွေးနွေးလေးဖက်ထားသည့် ချစ်ဇနီးလေးရဲ့စကားသံချိုချိုလေးကို တောင့်တစွာဖြင့် မက်မက်မောမောကြီးစိုက်ကြည့်နေခဲ့မိသည်။

ဟွန်း ... ချစ်ဇနီးလေးကလည်း အိုက်တင်ပေးလိုက်တာ။

သူမလေးရဲ့ စကားသံလေးတွေကို နားစွင့်ထားရင်း သူ့ရင်တွေ ပြုတ်ထွက်မတတ် အခုန်ကြမ်းခဲ့တာ ကြောက်ခမန်းလိလိ။

တကယ်ပါကွာ။

မင်း ကိုကို့ကို မညှဉ်းစမ်းပါနဲ့။

ပြောပါတော့။





ကိုကို အကြားချင်ဆုံး ရင်အခုန်ရဆုံးစကားလေးတွေကို နွေးနွေးလေးပြောလိုက်ပါတော့ကွာ။

“ကိုကို”

အွန်း ... အိုက်တင်အကြာကြီးပေးပြီးမှ တိုးဖွဖွ အက်ရှရှအသံကလေးနှင့် ခေါ်လိုက်တဲ့အသံလေးက သူ့နှလုံးသားထဲကို တစ်ရှိန်ထိုး ထိုးထွင်းဝင်ရောက်သွားသလို သူ့တစ်ကိုယ်လုံး ကျင်ခနဲတုန်မြသွားသည်အထိ စိတ်လှုပ်ရှားသွားရသည်။

“ပြော ချစ်”

“ဟိုလေ ... ကျွန်မ ရင်ထဲက ချစ်ခြင်းတွေနဲ့ အနံတီကြီးကို အသစ်တစ်ဖန်ပြန်ပြီး မွေးဖွားပေးမယ်ဆိုရင် ကိုကို ကျေနပ်မယ်ဟုတ်လားဟင်”

အင်း ... ကျေနပ်တာပေါ့ ချစ်ရယ်။

ကိုကိုလိုချင်တာ ချစ်ရင်ထဲက ချစ်ခြင်းတွေနဲ့ အသန့်စင်ဆုံးဖြစ်တည်လာတဲ့ ကိုကိုတို့ရဲ့ မိသားစုဘဝလေးကိုပါပဲကွာ။

ရင်ထဲက စကားတွေကို ချစ်ဇနီးလေး မကြားနိုင်ခဲ့ပေမယ့် ...

ရင်ထဲက အချစ်တွေကိုတော့ ...

မကြားမမြင်လို့မရတော့။

တကယ်ဆိုရင် ...



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာနွေးထွေးသည့် သူ့ရဲ့ချစ်အနမ်းတွေကို ချစ်ဇနီးလေးကလည်း ကျေနပ်ကြည်နူးစွာ မိန့်မိန့်မူးမူးလေးခံယူရင်း ရင်ခုန်သံနွေးနွေးလေးတွေက နှလုံးသားချင်း အရင်းနှီးဆုံး ပွေ့အပ်သွားပါတော့သည်။

ပရိသတ်အတွက်
အမြဲတမ်း

ရှင်မိထယ်



www.burmeseclassic.com